www.burmeseclassic.com

# မိုင်းကာလေး

## ဆွေးမြည့်ကောင်းကင်



DESIGN THEIN SHWE KYI

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မိန်းကလေး

ဆွေးမြည့်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ပန်ပန် ဆယ်တန်းအောင်ပြီ၊ အဟင့်"

ဝံ့ဝံ့ကြွကြွ ကိုယ်ဟန်မြှောက်တက်လှုမတတ် ပန်ပန် လက်မထောင် ဟစ်ကြွေးမိသွားသည်။

ဆယ်တန်းအောင်ခြင်းက ပန်ပန် လျှောက်ချင်တဲ့လမ်းမှာ ဆီးကာထားတဲ့ တံခါးချပ်ကြီး ပွင့်သွားသည်နှင့် မခြားပေ။

ဆယ်တန်းအောင်မယ့်နေ့ကို ပန်ပန် ရင်တခုန်ခုန်နဲ့ စောင့်နေခဲ့တာ စာမေးပွဲဖြေပြီးကတည်းက။

ပန်ပန်ကတော့ ခုဖြေ ခုအောင်စာရင်းထွက်လိုက်ချင်တဲ့ ဆန္ဒတွေ စောနေသည်။ မဖြစ်နိုင်လို့သာ အောင်စာရင်းထွက်မယ့်အချိန်ကို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စောင့်ဆိုင်းနေရတာ ရင်မှာ မောနေခဲ့သည်။

အောင်စာရင်းရေ မြန်မြန်ထွက်ပါတော့လို့ တောင်းဆိုခဲ့ရတာ ရေကုန်ရေခန်း။

ဟော ခုတော့ ထွက်ပြီလေ။ အောင်ရုံတင်မက ဂုဏ်ထူးတောင်ပါလိုက်သေးတယ်။ သုံးခုတောင်။

"ဟယ် ပန်ပန် ဂုဏ်ထူးသုံးခုတောင် ပါတာဟ့"

ဆွေယမင်း တအံ့တသြပြောပြီး ပန်ပန့်ကို အားကျစိတ်နဲ့ လှမ်းကြည့်သည်။ ဆွေယမင်း လှမ်းအကြည့်မှာ ပန်ပန် မျက်နှာလေး မော့ကာ ပြုံးလိုက်၏။

သူငယ်ချင်းဖြစ်ပေမယ့် ပန်ပန့်ကို အမြဲတမ်း အထင်သေးလေ့ရှိတဲ့ မိန်းကလေး။

"ဟုတ်တယ်နော်၊ သုံးခုတောင်ထွက်တာ အံ့သြစရာကြီး"

သခွပ်နီကလည်း မယုံသလိုလိုနဲ့ အောင်စာရင်းစာရွက်ပေါ်က ပန်ပန့်နာမည်ကို ကြည့်ပြီးပြောပြန်သည်။

ကျောင်းသွားဖော်တွေ အံ့သြမယ်ဆိုလည်း အံ့သြလောက်ပေတယ်။

ပန်ပန်က ဆွေယမင်းနဲ့ သခွပ်နီလို အထူးဘော်ဒါဆောင်နေခွင့်ရသူလေး မဟုတ်ပါ။ ဆယ်သိန်းဂဏန်းပေးရတဲ့ ဘော်ဒါဆောင်နေခွင့်ရဖို့ မပြောနဲ့၊ ထောင်ဂဏန်း သောင်းဂဏန်းလောက်တောင် အကုန်အကျခံပြီး မနေနိုင်ပါ။





ကျောင်းကသင်တာပဲ ဂရုစိုက် ကျက်မှတ်၏။ အားလုံးထက်သာပြီး အောင်စေရမယ်လို့ ကြိုးဝါးကာ နေ့မနား ညမနား ကြိုးစားခဲ့ခြင်းဖြစ်သည်။

အထူးဘော်ဒါဆောင်နေကြတဲ့ ဆွေယမင်းက ဂုဏ်ထူး တစ်ခု၊ သခွပ်နီက ရိုးရိုးသာအောင်၏။

"ပန်ပန် ဂုဏ်ထူးသုံးခုပါတာ ချီးကျူးရမယ်လေ"

ဒီတစ်လုံးသာပါသည့် အနေတော်က ပန်ပန့်အောင်မြင်မှုအတွက် ဂုဏ်ယူပြီး ဝင်ပြောသည်။

"ချီးကျူးပါတယ် ဟယ်၊ ဒါပေမဲ့ အံ့သြတာတော့ အံ့သြတာပဲ"

"ဟုတ်ပ့ါ ယမင်းရယ်၊ သခွပ်လည်း အံ့သြတာပါ၊ ရှင့်ပန်ပန်ကျိတ်ပြီးကြိုးစားတာ ခုမှ ပေါ်တော့တယ်လေ အနေရဲ့"

သခွပ်နီက ယမင်းကိုပြောရင်း အနေတော်ဘက်လှည့်ပြီး တစ်ဆက်တည်းပြောသည်။ အနေတော်က သခွပ်နီပြောတဲ့ ရှင့်ပန်ပန် ဆိုတဲ့ စကားကို အကြိုက်တွေ့သွားသည်။

အနေတော် ပခုံးပင့်ကာ ပြုံး၏။

"သိပြီမဟုတ်လား၊ ငါ့ပန်ပန်က အဲလို ဇ,ကောင်းတာဟ၊ နင်တို့ မနာလိုမဖြစ်ကြနဲ့"

"အံမယ်၊ မနာလိုစရာ မရှိပေါင်နော်"

"မရှိရင်လည်း ပြီးရောကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဆွေယမင်း၊ သခွပ်နီနဲ့ အနေတော် ပြောနေဆိုနေတာတွေကို ပန်ပန် နားမဆင်တော့ပါ။

အောင်စာရင်းတိုးကြည့်နေတဲ့ သူငယ်ချင်းအုပ်ကြားထဲမှ ရင်ကော့ပြီး ထွက်ခဲ့လေသည်။ ထိုအခါ –

"ပန်ပန် နေဦးလေ"

အနေတော် ဟန့်တားသံကြားရသည်။ အသံနဲ့အတူ ခြေသံပါ ပါလာသည်။ ဆွေယမင်းနဲ့သခွပ်နီ၊ အနေတော်ကို ပြိုင်တူကြည့်ရင်း

"ဟွန်း၊ အနေက ပန်ပန်မှ ပန်ပန်ဖြစ်နေတာ၊ ပန်ပန်က အနေ့ကို စိတ်ဝင်စားစရာကောင်းရမှန်း သိတာမဟုတ်ဘူး။ ခုလို ဒီသုံးလုံးပါတော့ ပိုဆိုးသွားပြီလေ၊ ကြည့်ပါလား၊ ခေါင်းမော့ပြီး တစ်ကိုယ်လုံးခါမတတ် လှည့်ထွက်သွားတာ"

"ဟုတ်ပါ့"

တင်ပါးအောက်ရောက်မတတ်ရှည်သော ကျစ်ဆံမြီးလုလုကြီး ကျောပေါ်နွဲ့ယမ်းသွားအောင် ကျောခိုင်းသွားတဲ့ ပန်ပန်။

သခွပ်နီတို့ ငေးကြည့်ရင်း ပြောကြဆိုကြလေသည်။

ဘယ်သူဘယ်လိုပြောပြော အနေတော် လှည့်မကြည့်တော့ပါ။

"ပန်ပန်"

အော်ခေါ်ရင်း ပန်ပန့်နောက် အမိလိုက်ခဲ့သည်သာ။

ပန်ပန်လှည့်မကြည့်ပေမယ့် ခြေလှမ်းနှေးချပိုက်သည်။ အနေ





တော် လိုက်မီကာ ပန်ပန်နဲ့ ယှဉ်လျှောက်ရင်း –

"နင် သိပ်တော်တာပဲနော်၊ ပန်ပန်၊ နင့်ကို အားလုံး အံ့သြကုန်ကြပြီ"

"အဟင့်၊ ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ပန်းတော်ဦးပဲလေ"

ဂုဏ်ယူဝံ့ကြွားစွာပြောနေတဲ့ ပန်ပန့်မျက်နှာပေါ်မှာ မာနရိပ်ကလေး လက်သွား၏။

ထိုမာနရိပ်ကိုတော့ အနေတော် သိပ်သဘောမကျချင်ပါ။

ပန်ပန်ဟာ သာမန်မိန်းကလေးတွေနဲ့ မတူ။

ဂုဏ်ယူဝမ်းသာစရာအပေါ်မှာ မာနရိပ်လက်သွားတာက အားလုံး ဒီထက်အံ့သြသွားအောင် တစ်ခုခု လုပ်ပြတော့မယ့်သဘောဆိုတာ အနေတော် ခန့်မှန်းမိလေသည်။

အနေတော် မသိမသာ သက်မ,ချ၍ –

"ဒါနဲ့ ပန်ပန်၊ ရှေ့ဆက် ဘယ်လိုစိတ်ကူးထားလဲ"

ပန်ပန် လက်နှစ်ဖက်ကို မာန်ပါပါ လွှဲလျှောက်လေပြီး –

"စောင့်ကြည့်လေ"

လို့ လျှို့ဝှက်သောအပြုံးလေးနဲ့ ဆိုသည်။

"ကလင် ကလင်"

စက်ဘီးခေါင်းလောင်းသံကြားလို့ အနေတော် စကားဆက်မပြောတော့ပါ။ ပန်ပန့်လက်ကို ဆွဲကာ လမ်းဘေးဆင်းလျှောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန်က အနေတော်လက်ကို ပုတ်ချရင်း လမ်းဘေးဆင်း၏။

ရှေ့ဆင့်နောက်ဆင့် ကျော်တက်သွားသည့် စက်ဘီးနှစ်စီးမှ ဆွေယမင်းနဲ့ သခွပ်နီ နှုတ်ခမ်းမဲ့ကာ လှည့်ကြည့်သွား၏။

ဘာကြောင့် နှုတ်ခမ်းမဲ့ကြည့်သွားလဲဆိုတာ အနေတော် သိသည်။

ငယ်ငယ်ကတည်းက လက်တွဲပြီး၊ လက်ဆွဲပြီး ကြီးလာကြတဲ့ ငယ်သူငယ်ချင်း ကစားဖော်တွေ မဟုတ်လား။ လက်ဆွဲတာ ရိုးနေပါပြီ။

ခုမှ အနေ လက်ဆွဲပြီး လမ်းဘေးဆင်းလျှောက်တာကို ပန်ပန် ပုတ်ချလိုက်တော့ ဆွေယမင်းတို့ မကြည်လင်တော့ပါ။

ဒီသုံးလုံးပါတဲ့ပန်ပန် ချက်ချင်း သွေးနားထင်ရောက်အောင် မာနကြီးသွားပြီးလို့ ယူဆပြီး မဲ့ကြည့်သွားခြင်း။

ဆွေယမင်းတို့ မဲ့ကြည့်သွားသလို အနေတော်လည်း ခံစားရ၏။

ပန်ပန် မာနကြီး တကယ်ဝင်လေပြီ။ ထိုအသိကြောင့် အနေတော် ကိုယ်ရှိန်သတ်ကာ –

"ဆောရီး ပန်ပန်"

ဟု တောင်းပန်စကားဆိုလိုက်သည်။

"ရပါတယ်"

ပန်ပန် မမှုသလို ပြန်ပြောသည်။ အနေတော် ဣန္ဒြေမပျက်အောင် ပြုံးလိုက်လျှင် –





"ဘာလဲ၊ နင် ပန့်နောက်လိုက်လာတာ"

"ပြောစရာရှိလို့"

"အေး၊ ပန်လည်း အနေ့ကို ပြောစရာရှိတယ်၊ ညနေကျရင် ဆုံကြတာပေါ့၊ ဟုတ်လား"

"အင်း"

အနေတော် ကျေကျေနပ်နပ် လက်ခံခေါင်းညိတ်လိုက်၏။

"ဒါဆို ပန် သွားတော့မယ်"

"ငါ လိုက်ပို့မယ်လေ"

"ရပါတယ် နင်ကလည်း၊ သွားပြီ"

ပန်ပန် လက်ပြကာ ခရေပင်တန်းတွေခြံရံထားတဲ့ ရွာမြောက်ဘက်လမ်းဆီ ချိုးကွေ့သွားလေသည်။

အနေတော် ငေးကြည့်ရင်း ကြည်နူးစွာ သက်မ,ချမိသလို ရင်ပူစွာလည်း လေပူတချို့ မှုတ်ထုတ်မိ၏။

မင်းလေးဟာ ငါ့အတွက် ပဟေဠိနတ်သမီးလေးအလားပဲ။ တကယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ပန်ပန့်သတင်းက တစ်ရွာလုံး မွှေးနေတာပဲအေ့"

"ဟုတ်ပ့ါတော်၊ ဒီဆိုလားၢ ဘီဆိုလား သုံးလုံးတောင်ပါတယ် တဲ့"

"ဂုဏ်ထူးပါတာဟဲ့ ခက်ခက်စိန်ရဲ့"

ခြံဝိုင်းထဲ လှမ်းဝင်တာနဲ့ ဒေါ်လေးခက်ခက်စိန်နဲ့ အနေတော့် အမေ ဒေါ်မြရှင် အပြန်အလှန်ပြောနေခြင်းဖြစ်သည်။

ပြောသံထဲမှာ ဂုဏ်ယူတာတွေပါနေသလို 'အမေ'က ပိုလို့ တောင် ဝမ်းပန်းတသာ ဖြစ်လျက်ရှိသည်။

"တော်လိုက်တာဟယ်၊ ပန်ပန်လေးတော့ ရှေ့ဆက်ထူးခြား





လာဦးမှာနော် ဒေါ်မြ"

"ထူးခြားရမှာပေါ့ပဲဟယ်၊ ပန်ပန်ပဲဥစ္စာ၊ ပြီးတော့ ပန်ပန်က သိတယ်မဟုတ်လား၊ သား 'အနေ' နဲ့ပတ်သက်ရင် မြရဲ့ ချွေးမအလိမ္မာလေး ဖြစ်လာဦးမှာ"

ဂုဏ်ယူသံအနောက်မှာ အမေ့အသံက ရွှင်မြကြည်နူးနေပါသည်။

အမေနဲ့ဒေါ်လေးခက်တို့ရဲ့ စကားတွေကြား အနေတော့်နာမည် ပါလာပြန်သည်။ အမေပြောသလို ပန်ပန်ဟာ အနေနဲ့ပတ်သက်ပြီး အမေ့ရဲ့ ချွေးမအလိမ္မာလို့ တစ်ရွာလုံးက သတ်မှတ်ပြီးသား။

အနေတော့်အနေနဲ့လည်း ထိုသို့လက်ခံပြီးသား ဖြစ်သည်။

ပန်ပန်ကရော။

ပန်ပန့်စိတ်က ခန့်မှန်းရခက်လှပေသည်။ တကယ်လည်း ခက်နေခဲ့တယ် မဟုတ်လား။

ဘာပဲဖြစ်ဖြစ် လောလောဆယ် အမေနဲ့ဒေါ်လေးခက်ရဲ့ စကားဝိုင်းကို အနေတော် အနှောင့်အယှက်မပေးချင်ပါ။

အိမ်ပေါ်တက်မသွားဘဲ အိမ်ဘေးဘက်တန်းကနေ ပတ်ရှောင်ပြီး အခန်းထဲ တိတ်တိတ်ဆိတ်ဆိတ် ဝင်နေမိပြီ။

အမေနဲ့ဒေါ်လေးခက် အားပါးတရ ပြောလို့အားမရသေးပါ။

တစ်ဖက်လမ်းကူးသွားပြီး ဒေါ်သိန်းနုတို့ ဒေါ်တရုတ်မဝိုနဲ့ အပြန်အလှန် ပြောနေကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တစ်နေ့လုံး တစ်ရွာလုံးရှိလူတွေ ပန်ပန့်အကြောင်း တဖွဖွ ပြောနေကြမှာ သေချာပေပြီး။

ပြောမယ်ဆို ပြောလောက်တဲ့အနေအထားမျိုး မဟုတ်လား။

ပန်ပန်ဟာ ဒီရွာမှာ လူဖြစ်လာကတည်းက ထူးခြားနေခဲ့တဲ့ အဖြစ်ဆိုလည်း မမှားပေ။

ဟုတ်တယ်။ ပန်ပန်ဟာ ထူးခြားတဲ့ မိန်းကလေး။

ပန်ပန်ရဲ့ဘဝအစက –

✿

ကျောက်ပန်းခက် ...။

ကျောက်ပန်းခက်ဆိုတဲ့ရွာလေးက ရွှေမြင့်မိုရ်တောင်ရဲ့အနောက်ဘက်မှာရှိတဲ့ တောင်ခြေရင်းက ရွာကလေးပါ။

ရွာကလေးက မြို့နဲ့အလှမ်းဝေးတယ်ဆိုပေမယ့် တခြားရွာတွေထက်စာရင် စည်ကားသလို ခရီးသွားတွေလည်း မပြတ်တမ်း ဝင်ထွက်သွားလာနေကြတဲ့ အပန်းဖြေစခန်းတစ်ခုသဖွယ် ဖြစ်လေသည်။

အထူးသဖြင့် မိုးတွင်းနဲ့ဆောင်းတွင်းဆို အပန်းဖြေဧည့်သည်တို့နဲ့ အတော်စည်ကားသလို နွေဆိုလည်း ခရီးသွားတွေနဲ့ စည်ပင်နေပါသည်။





စည်တာကလည်း အကြောင်းမဲ့မဟုတ်ပါ။ ကျောက်ပန်းခက်တောင်ပေါ်ရှိ အတုလဘုရားက တန်ခိုးကြီးတယ်လို့ နာမည်ကြီးသောကြောင့် ဖြစ်သည်။ လိုရာဆုတောင်းရင် တကယ်ပြည့်တယ်ဆိုတဲ့ တစ်ဆင့်စကား တစ်ဆင့်ကြားပြီး စည်ကားလာခြင်းဖြစ်သည်။

မိုးနဲ့ဆောင်းဆိုရင် ကျောက်ပန်းခက်ရေတံခွန်ကြီးက ရင်သပ်ရှုမောဖွယ်ကောင်းတာကြောင့် ရေတံခွန်မှာ ရေလာချိုးကြ၊ ပျော်ပွဲစားထွက်ကြနဲ့ စည်ကားနေခြင်းဖြစ်သည်။

ရေတံခွန်အောက်မှာ ရှည်လျားသောစမ်းချောင်းကြီးလည်း ဖြစ်ထွန်းနေသည်။ စမ်းချောင်းတစ်လျှောက် ပတ်လည်မှာ စိမ်းမြတဲ့ မြက်ခင်းကျယ်ကြီးတွေ ရှိသလို၊ တောတန်းတွေ ပတ်ဝိုင်းထားတဲ့ ရေကန်ကြီးလည်း ရှိသေးသည်။

အတုလဆရာတော်ဘုရားကလည်း ရေကန်ကြီးအထက်တောင်စောင်းနံရံမှာ ကြီးစွာသော ဗုဒ္ဓရုပ်ပွားတော်ကြီးကို ထုလုပ်ပူဇော်ထားၐ်။

ထိုရုပ်ပွားတော်ရဲ့အတွင်းမှာ ငါးရာ့ငါးဆယ်ဇာတ်တော်ကို ထုထွင်းပုံသွန်းထားသဖြင့် ထူးခြားမှုရှိနေပါသည်။ မျောက်၊ သမင်တို့လို တိရစ္ဆာန်တွေကို သဘာဝအတိုင်းလည်း တွေ့ရတတ်သေးသည်။ ငှက်မျိုးပေါင်းလည်းစုံတဲ့ သဘာဝတိရစ္ဆာန်ဥယျာဉ်နဲ့လည်း တူချေသည်။ တောင်ခြေတစ်လျှောက်မှာလည်း ရဟန္တာပုံတွေနဲ့ ခြံရံထားသေးသည်။

ကျောက်ပန်းခက်တောင်က ဘုရားနယ်မြေက အတော်လေး



www.burmeseclassic.com

www.burmeseclassic.com



ကျယ်သလို ဘုရားဖူးတွေ နှလုံးမွေ့လျော်စေတယ်ဆိုလည်း မမှားပေ။

ဒါကြောင့် ရွှေမိုးဆောင်း ခရီးသွားဘုရားဖူးတွေ မပြတ်သလို လူငယ်လူရွယ်တွေ အုပ်စုဖွဲ့ ပျော်ပွဲစားထွက်ရာနေရာလည်း ဖြစ်သည်။

မိသားစုတွေအတွက် အပန်းဖြေစခန်းဆိုလည်း ဟုတ်နေ၏။

✿

ပန်ပန့်အမေ ပန်းအလှက ကျောက်ပန်းခက်ရွာသူစစ်စစ်ပါ။ ပန်ပန့်ဖေဖေက မြို့ကြီးသား။ ပန်ပန့်အဖေ ကျောက်ပန်းခက်ရွာကို ရောက်လာပုံက သူများနဲ့မတူပေ။

သူများတွေက ဘုရားဖူးဖို့ ဒါမှမဟုတ် ပျော်ပွဲစားထွက်ဖို့ ရောက်လာကြခြင်းဖြစ်သည်။ ပန်ပန့်အဖေက ထိုသို့မဟုတ်ပါ။

ကျောက်ပန်းခက်တောင်ကို သုတေသနပြုဖို့ ရောက်လာတဲ့ ဘူမိဗေဒပညာရှင်အဖွဲ့ထဲက။

တောင်နဲ့ကျောက်ဖျာကြီးတွေကို လေ့လာကြတာဆိုတော့ တစ်ရွာလုံးက အံ့ဩနေကြသည်။ လေ့လာပြီး ဘာလုပ်ဖို့လဲ၊ ဘာလဲပေါ့။

အသိပညာအားနည်းတော့ ဘာလုပ်တာလဲ၊ ဘာလဲ ထိုမျှလောက်ပဲ လက်တို့မေးကြ၊ စပ်စုကြည့်ရုံသာ တတ်နိုင်သည်။

သူတို့အဖွဲ့ကတော့ တောင်ပေါ်မှာ တူးလိုက်ဆွလိုက်၊ ကိရိယာ





တွေနဲ့ တိုင်းလိုက်တာလိုက်နဲ့ အားကြိုးမာန်တက် ဖြစ်နေကြသည်။

ပန်ပန့်အမေက တောင်ခြေမှာ ဆိုင်ခင်းပြီး စားသောက်စရာ ရောင်းတဲ့ ထမင်းသည်မလေးပါ။ ထိုအဖွဲ့က ပန်ပန့်အမေဆီမှာ ထမင်းအော်ဒါမှာစားကြသည်။

ဒီလိုနဲ့ ပန်ပန့်ဖေဖေ ဦးမျိုးရာဇာနဲ့ ပန်ပန့်အမေ ပန်းအလှတို့ နှလုံးသားဇာတ်လမ်းဖြစ်ကြတာ။

ဦးမျိုးရာဇာက ပန်းအလှထက် ဆယ်နှစ်မက ကြီးသည်။ ထိတ်ထိတ်ကြဲချမ်းသာတဲ့ အသိုင်းအဝိုင်းထဲက ပညာတတ် လူချောလူလှ။

ရေးတတ်ဖတ်တတ်ရုံသာ စာတတ်တဲ့ တောသူမလေး ပန်းအလှကိုမှ မျိုးရာဇာ ကြိုက်တယ်ဆိုတော့ တစ်ရွာလုံး မအံ့ဩဘဲမနေနိုင်။

မုဆိုးမသမီး ပန်းအလှအတွက်လည်း ဝမ်းသာအားရ ဖြစ်ကြလေသည်။ နှစ်ဦးသဘောတူ လက်ထပ်ဖြစ်တယ်ဆိုပေမယ့် ပန်းအလှဘက်က တစ်ရွာလုံး သဘောတူကြသည်။

မျိုးရာဇာဘက်က သူတို့လုပ်ဖော်ကိုင်ဖက်တွေ တစ်ယောက်မှ သဘောမတူပေ။ ထိုအဖွဲ့ ပြန်သွားတော့ မျိုးရာဇာက မပြန်ပါ။

ဆက်လက်လေ့လာစရာ ရှိသေးတာရယ်၊ ချစ်သူကို မခွဲနိုင်တာရယ်နဲ့ ပေါင်းပြီး ကျောက်ပန်းခက်ရွာမှာ နေရစ်ခဲ့သည်။

မျိုးရာဇာ မပြန်ဘဲနေရစ်ခဲ့တော့ ရက်ပင်မခြားပါ။ မျိုးရာဇာ မိဘနဲ့ အစ်မတွေ ရောက်လာပြီး မျိုးရာဇာကို ပြန်ခေါ်ကြသည်။ ပန်းအလှနဲ့ကိစ္စ လုံးဝ အသိအမှတ်မပြုဘူးလို့လည်း ဟစ်ကြွေး၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားကို အညတြရွာသူက မျှားယူလေခြင်း၊ အားပေးအားမြှောက်ပြုလေခြင်းဆိုပြီး တစ်ရွာလုံးကို နင်ပဲခေဆ ပြောသည်။

ငွေရှိန် ဂုဏ်ရှိန်မောက်တဲ့ စကားလုံးတွေနဲ့ ခြိမ်းလားခြောက်လားပြုလာတော့ အရိုးခံစိတ်သာရှိတဲ့ တစ်ရွာလုံး ကြောက်ရွံ့သလိုလိုဖြစ်လျက်။

ဒါပေမဲ့ မျိုးရာဇာက ကြောက်ရွံ့ခြင်း အလျဉ်းမရှိသလို မိဘနဲ့အစ်မကို ရဲရဲကြီး ရင်ဆိုင်လေသည်။

"မာမီတို့နဲ့ ကျွန်တော် ပြန်မလိုက်နိုင်ဘူး၊ မာမီတို့ ကြိုက်သလိုဆုံးဖြတ်ပါ၊ ကျွန်တော့်မှာ လေ့လာစရာတွေ ရှိသေးသလို ကျွန်တော့်ဇနီးနဲ့လည်း ကျွန်တော် မခွဲနိုင်ဘူး၊ ပန်းအလှကို ကျွန်တော် တရားဝင်လက်ထပ်ထားတာပါ မာမီ၊ ပြီးတော့ ပန်းအလှမှာ ကျွန်တော့်ရင်သွေးရှိနေပြီ၊ ကျွန်တော် ဘယ်တုန်းကမှ ပန်းအလှကို ပစ်သွားဖို့ စိတ်မကူးခဲ့ဘူး မာမီ"

"ဟင်"

မျိုးရာဇာ ပြတ်ပြတ်သားသားပြောလိုက်တော့ တစ်ရွာလုံးတင်မက မာမီနဲ့အမျိုးတွေ ဟင်ခနဲ ဖြစ်ကုန်သည်။

"ဟင်၊ သား သားက ဒီလိုအညတြမိန်းမအတွက် မာမီတို့ရင်ခွင်ထဲက ခုန်ထွက်မယ်ပေါ့၊ ခုန်ထွက်ပြီပေါ့၊ အောင်မယ်လေး ရှက်စရာကောင်းလိုက်တာ၊ ဘုရား ဘုရား၊ ကယ်တော်မူကြပါ၊ ဂုဏ်မရှိရုံမက စာမတတ် ပေမတတ် ထမင်းသည်မနဲ့ သွေးရောတာ မာမီတို့အမျိုး





နစ်နာရုံတင်မက အမျိုးပျက်တယ်ဟေ့၊ အေး သားက အမျိုးပျက်အောင်လုပ်ရဲမှတော့ မာမီတို့ကလည်း မကောင်းတဲ့သွေး ဖောက်ထုတ်ပစ်ဖို့ဝန်မလေးဘူး မျိုးရာဇာ၊ မင်းကို ဒီအချိန်ကစပြီး သေစာရင်းမှတ်လိုက်ပြီ၊ ဘယ်တော့မှ မာမီဆိုပြီး မဆက်သွယ်နဲ့တော့၊ မင်းကို မာမီတို့မျိုးရိုးထဲက ဖယ်ထုတ်လိုက်ပြီ၊ ဒါပဲ"

ဒေါ်စိန်ရတနာ ပြတ်သားသလို အစ်မဖြစ်သူကလည်း ချော့မော့ဖျောင်းဖျ၏။ မျိုးရာဇာ လက်မခံတဲ့အဆုံးမှာ ဒေါ်စိန်ရတနာနဲ့တစ်ထပ်တည်းကျကာ ပြောဆိုပြီးလှည့်ထွက်ကြတာ တကယ့်ကို ပြောတဲ့အတိုင်းဖြစ်သည်။

မျိုးရာဇာကတော့ သူ့ဆုံးဖြတ်ချက်နဲ့သူ ကျေနပ်နေသည်။ တစ်ရွာလုံးကလည်း ပန်းအလှအပေါ်ထားတဲ့ မျိုးရာဇာရဲ့ချစ်ခြင်းမေတ္တာကို ဂုဏ်ယူစရာတစ်ခုလို ထုတ်ပြောကြ၊ ချီးကျူးကြနှင့် ဖြစ်ကုန်သည်။

ဒီလိုနဲ့ ဆက်လက်ပေါင်းသင်းခဲ့ရာ တိတိကျကျပြောရလျှင် ပန်တော်ဦးကိုမွေးပြီး သုံးလတင်းတင်းပြည့်တဲ့နေ့ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ညကိုးနာရီ ထိုးနေပါပြီ။ ထိုအချိန်ထိ မျိုးရာဇာ ပြန်မရောက်သေးပါ။ ခါတိုင်း ရှစ်နာရီကျော်ရင် ပြန်ရောက်လာနေကျ။

ခုချိန်ထိ ပြန်မရောက်သေးတော့ ပန်းအလှ လည်တဆန့်ဆန့် ဖြစ်နေပါသည်။

ပန်းအလှက မျိုးရာဇာရဲ့ သုတေသနလုပ်ငန်းအကြောင်း ဘာမှမသိပါ။ ခင်ပွန်းသည် သူ့အလုပ်သူ ဆက်လက်လေ့လာနေတာကို ကြည်ဖြူစွာ ခွင့်ပြုထားသည်။

တစ်နေ့လုံး ကျောက်ပန်းခက်တောင်ပေါ်တစ်လွှားမှာ စူးစမ်းလေ့လာရင်း အချိန်ကုန်ပေမယ့် မငြိုငြင်ပါ။





လေ့လာမှုလုပ်ငန်း မပြီးဆုံးသေးသလို သူတို့အဖွဲ့နဲ့လည်း အဆက်အသွယ် မဖြတ်ပါ။

ထိုအဖွဲ့အပြင် နောက်ထပ် လေ့လာရေးအဖွဲ့နှစ်ဖွဲ့ ရောက်လာပြီး သူနဲ့ဆွေးနွေးကြ၊ ဆက်လက်ရှာဖွေကြနဲ့ အလုပ်ပိုရှုပ်လာသည်။ ကျောက်သားနမူနာ အပိုင်းအစတွေ ထုတ်ပြရင်း ပြောကြဆိုကြနှင့်။

ပန်းအလှက ဘာမှနားမလည်။ တစ်ရွာလုံးလည်း ဘာမှ နားမလည်၊ တအံ့တသြပဲ ကြည့်ရှုနေရုံသာ။

"ကိုကိုတို့ လေ့လာရေးပြီးတော့မယ်ကွ၊ ကိုကိုတို့ လေ့လာတွေ့ရှိချက်နဲ့ တခြားလေ့လာတွေ့ရှိချက်တွေကို နှိုင်းယှဉ်ဆန်းစစ်ပြီး အကျိုးသက်ရောက်နိုင်မယ့် အတိုင်းအဆကို ခန့်မှန်းနေတာ၊ ကိုကို့ရဲ့ ခန့်မှန်းချက်တွေ ဘယ်လောက်အသုံးဝင်သလဲဆိုတာ ဘူမိပညာရှင်တွေ ပြန်ဆန်းစစ်မယ်လေ၊ ဒါကြောင့် ကိုကို သေသေချာချာလုပ်နေတာ ပန်းရဲ့၊

ကိုကို့ရဲ့သုတေသနပြုချက်နဲ့ ခန့်မှန်းချက်ကို ထုတ်ပြလိုက်ရင် ပညာရှင်တွေ အံ့သြသွားစေရမယ်လေ၊ သူတို့မထင်မှတ်တဲ့ အချက်အလက်အများကြီး ကိုကိုရှာတွေ့ထားတာ၊ အို ဒါတွေ ပန်း နားမလည်ပါဘူး၊ ပန်း နားလည်ရမှာက ကိုကို သုတေသနလုပ်ငန်းပြီးရင် ပန်းကို ကိုကို သူများထက် မသာရင်တောင် တန်းတူထားနိုင်ဖို့ ကိုကိုကြိုးစားမယ်"

ခွန်အားအပြည့်နဲ့ ပြောနေရှာတဲ့ မျိုးရာဇာကို ပန်းအလှ ယုံကြည်စွာ ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျိုးရာဇာကမူ ပန်းအလှ နားလည်လွယ်အောင် ဆက်ပြောနေခဲ့၏။

"ကိုကို့ကို ထိုင်းက ဘူမိဗေဒပညာရှင်တစ်ဖွဲ့က သူတို့နဲ့ လက်တွဲဖို့ ကမ်းလှမ်းထားတယ်၊ ဒီလေ့လာချက် လက်စသတ်ပြီးရင် ကိုကို သူတို့နဲ့လက်တွဲဖို့ အကြောင်းပြန်ပြီးသား၊ လစာကောင်းတယ်လေ၊ ဒေါ်လာနဲ့ရမှာ ပန်းရဲ့၊ အဲဒီတော့ ပန်းတို့သားအမိ တင့်တင့်တယ်တယ် နေရပြီပေါ့ မိန်းမရဲ့၊ အခုလောလောဆယ် သည်းခံနေပေးပါနော် ပန်း၊ ကိုကို အသက်ရှင်နေသမျှ ပန်းနဲ့သမီးအတွက် မားမားမတ်မတ် ရပ်တည်သွားပါ့မယ်ကွယ်၊ ကဲ ကိုကို သွားဦးမယ်၊ နောက်ကျနေရင် စိတ်ပူမနေနဲ့ဦး"

နေ့လယ်ကတည်းက ပြောဆိုပြီး တောင်ပေါ်တက်သွားတဲ့ ကိုကို။ နေ့တိုင်းသွားနေကျဖြစ်ပေမယ့် ဒီနေ့မှ ပန်းအလှရင်မှာ တစ်မျိုးဖြစ်လို့နေသည်။

ကိုကိုပြောသမျှ ဆိုသမျှက ပန်းနဲ့ သမီးအတွက်ချည်းသာ။ ဒါကြောင့် ကိုကို့ကို ပန်းအလှ ယုံကြည်သည်။ လေးစားတန်ဖိုးထားခဲ့သည်။

ကိုကိုက ပြောတဲ့အတိုင်း တကယ်လက်တွေ့လုပ်ပြမယ့်သူ ဖြစ်မှန်း ပန်းအလှလိုပဲ တစ်ရွာလုံးက လက်ခံကြသည်။

တစ်ချိန်မှာ ပန်းအလှတို့မိသားစုဟာ ကျောက်ပန်းခက်ရွာမှာ ပြီးပြည့်စုံတဲ့မိသားစု ဖြစ်လာမှာ မလွဲဘူးလို့ အားလုံးထင်မှတ်ကာ ဝမ်း





မြောက်ဝမ်းသာ ရှိလှသည်။

သို့သော် ...

တစ်ခါတစ်ရံ ထင်မှတ်ထားသမျှ တဈက်တက်စင်စင် လွဲချော်တတ်သည်ကို ဘယ်သူကမှ သတိမထားမိကြပေ။

✿

ညကိုးနာရီထိုးသည်အထိ မျိုးရာဇာ ပြန်မရောက်တော့ တစ်ရွာလုံး မျက်ခုံးလှုပ်လှုပ်ဖြစ်နေကြသည်။

"ခါတိုင်း ဒီထက်နောက်မကျပါဘူး၊ ဘာလို့ နောက်ကျနေပါလိမ့်"

လို့ ပြောဆိုရင်း လာရာလမ်းကို မှန်းမျှော်နေကြသည်။

ထိုသို့မျှော်နေရုံနဲ့ ပန်းအလှ ရတက်မအေးနိုင်ပါ။

"ကိုကို့ကို တောင်ပေါ်မှာ လိုက်ရှာကြည့်ချင်တယ်"

"ကြည့်မယ်ဆိုလည်း လိုက်ကြည့်ပေါ့အေ၊ ညည်းယောက်ျားက ကျောက်တွေမြင်ရင် ထမင်းမေ့ဟင်းမေ့ရုံမက အိမ်ပြန်ဖို့ပါ မေ့နေပြီထင်တယ်၊ လာကြအေ သွားကြည့်ကြစို့၊ သာမောင်တို့ အောင်စိန်တို့"

ပန်းအလှအပူကို ဒေါ်ကြီးစိုး ဦးဆောင်လေပြီး ရွာသားတွေအဖွဲ့လေးဖွဲ့ခွဲ၊ မီးတုတ်တွေကိုင်ကာ တောင်ပေါ်တက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းအလှ အိမ်မှာ မနေရစ်ခဲ့ပါ။

သမီးလေး နို့ဝလို့ အိပ်ပျော်နေပြီမို့ မိခင်ဒေါ်အုံးလက်ထဲ စိတ်ချလက်ချ ထားရစ်ခဲ့သည်။

ဦးအောင်စိန်တို့အုပ်စုနဲ့အတူ ပန်းအလှလည်း တောင်ပေါ်တက်ခဲ့လေသည်။ ရင်ထဲမှာ ကိုကိုရေလို့ တသသခေါ်ရင်းပေါ့။

✿

ကျောက်ပန်းခက်တောင်ကြီးက ပေရှစ်ထောင်မက မြင့်သည်။ မတ်စောက်ကာ တောင်စွယ်တောင်တန်းနဲ့ ချောက်ကမ်းပါးတွေလည်း ပေါသည်။ မြေပြန့်တောင်တန်းတွေကိုလည်း တချို့နေရာမှာ တွေ့နိုင်ပါသည်။

ကိုကိုလေ့လာရေးလုပ်နေတာက တောင်မကြီးတစ်လျှောက် ဖြစ်သည်။ တောင်ထွဋ်တွေလည်း ပါသလို၊ ချောက်ကမ်းပါးတွေလည်း မကျန်ပါ။

ဘယ်နေရာမှာ ရှိနေမလဲဆိုပြီး လေးဘက်လေးတန်က ပတ်ဝိုင်းပြီး ရှာဖွေကြသည်။

ညဆိုတော့ တောက ပိန်းမှောင်နေ၏။ လကလည်း ကွယ်နေသည်။ ကြယ်ရောင်တွေတော့ ရှိပါရဲ့၊ မီးတုတ်အားကိုးနဲ့ ရှာရပေပြီ။





တစ်ဖွဲ့ဖွဲ့ကတွေ့လျှင် အော်သံပေးပြီး အချက်ပေးမယ်ပေါ့။ ဟေးခနဲ အော်လိုက်လျှင် တောင်နံရံတွေနဲ့ ပဲ့တင်ထပ်ပြီး သံရှည်ချင်းပေါ်ထွက်လာပေမည်။ အချက်ပေးအော်သံကြားရင် ကိုကို့ကို တွေ့ရပြီပေါ့။

ဘယ်အချိန်မှာ အချက်ပေးတဲ့အသံ ကြားရမလဲ။ ပန်းအလှ ရင်ခုန်စွာနားစွင့်ရင်း ရှာဖွေနေကြတာ အတော်ကြာနေပါပြီ။

ကိုကို့ကို မတွေ့ရသေးပါ။

ပန်းအလှတို့က တောင်ရဲ့ နောက်ဘက်တစ်လွှား ချောက်တွေဘာတွေပါ မကျန်။

ညဉ့်ကလည်း နက်လှပြီ။ ညဉ့်နက်လေ ကျောက်ပန်းခက်တောင်ကြီးက ပိုပြီးမာယာများလေ။

တောင်စောင်းဘက် ပတ်သွားလျှင် တောင်စောင်းကို မရောက်။ တောင်ကမူပေါ် ရောက်လိုရောက်၊ ချောက်ကမ်းပါးထဲ ဦးတည်လို ဦးတည်နဲ့။

ရှာဖွေနေကြတဲ့ ရွာသားအုပ်စုတွေပင် ညဉ့်နက်လေ စိုးရိမ်စိတ်တို့ ဝင်လာနေလေနဲ့။

ဒါပေမဲ့ ဘယ်သူမှ ဇွဲမလျှော့ကြပါ။ မျိုးရာဇာကို တစ်ရွာလုံးက မေတ္တာထားကြတယ် မဟုတ်လား။ မတွေ့မချင်း မပြန်ကြဖို့ အားလုံး အဓိဋ္ဌာန်ထားသည့်နှယ် စိတ်အားထက်သန်စွာ ဆက်လက်ရှာဖွေကြလေသည်။ ထိုစဉ်-

"ဟေး ဟေ့ ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



တောင်နံရံမှ ပဲ့တင်ထပ်ကြားရတဲ့ အချက်ပေးအော်သံ၊ တောင်ရဲ့အရှေ့ဘက်ခြမ်းဆီမှ လွင့်လာလေသည်။

ထိုအသံကြောင့် ပန်းအလှမျက်ဝန်းက မျှော်လင့်ချက်ဖြင့် တောက်ပကာ ကိုကို့ကို ပြန်တွေ့ပြီပေါ့။

ထိုအသိကြောင့် တစ်ဖွဲ့လုံး အချက်ပေးအသံကြားရာ တောင်ထွဋ်ရဲ့ အရှေ့ဘက်ဆီ အားသွန်ခွန်စိုက် ပြေးသွားကြသည်။

ကျန်အဖွဲ့တွေလည်း အားရဝမ်းသာပြေးသွားကြတဲ့ ခြေသံတွေ တစ်တောလုံး ပဲ့တင်ထပ်သွားသည်။

ကိုကို့ကိုတွေ့ရင် နောက်တစ်ခါ အချိန်လွန်တဲ့အထိ မနေရဘူး။ နေမဝင်ခင် ရွာအိမ်အရောက် လာရမယ်၊ ဒါပဲလို့ အမိန့်ထုတ်ရတော့မယ်ဟု စိတ်ထဲ ကြိုတင်စကားစီထားသည်။

ပန်းအလှ ကိုကို့ကို ပြောဖို့စကားလုံးတွေစီကာ တောင်ကြားလမ်းတစ်လျှောက် ပြေးလျက်။

ခုချိန်မှာ ကျောက်ပန်းခက်တောင်ကြီးက နေ့အလား ထင်မှတ်ရအောင် လင်းချင်းသလို တောင်ကြားလမ်းကလည်း ဥယျာဉ်လမ်းလို သာသာယာယာ။

ပန်းအလှစိတ်ထဲမှာ ထိုသို့ခံစားနေရတာပါ။ တကယ်တော့ ညဉ့်နက်လေ ကျောက်ပန်းခက်တောင်ကြီးက မည်းမှောင်ကာ မတ်စောက်သလို ရှိလှ၏။ တောင်ကြားလမ်းတွေကလည်း ချုံနွယ်တွေနှင့် ပိတ်တဲ့ နေရာပိတ်မိသလို ဆူးချုံတွေနဲ့ ငြိတဲ့အခါလည်း ရှိသည်။





ဒါပေမဲ့ ဘယ်သူမှ မမှုကြပါ။ ကိုကို့ကို တွေ့လေပြီဆိုတဲ့အသိနဲ့ ခြေလှမ်းတွေ အရှိန်မြှင့်၍ပြေးနေဆဲ ဖြစ်သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အလို"

ကျောက်ပန်းခက်တောင်လို့ ကမ္ဘည်းတွင်တဲ့ ထိုနေရာက အရွက်အားလုံး ကြွေကုန်တဲ့ နွေသစ်ပင်ကြီးတွေလို အကိုင်းအခက် အလက်အတက်တွေ ထိုးထိုးထောင်ထောင်ထနေတဲ့နေရာ။

ကျောက်နံရံတွေ မတ်စောက်သလို လျှောစောက်တွေနဲ့ ဝိုင်းရံ ပတ်ခွေနေတဲ့ ကျောက်ဖျာအစွန်းမှာ ခွေခေါက်ကာ ပုံလျက်သားကျနေရှာ တဲ့သူ။

မီးတုတ်အလင်းရောင်အောက်မှာ ငြိမ်သက်နေလေပြီ။

ကျောက်ပန်းခက်တွေရဲ့ သဘောသဘာဝနဲ့ ကျောက်ပန်းခက်





တွေရဲ့ အခြေက ကျောက်ဒိုင်ကျောက်သားတွေရဲ့ ဘူမိလက္ခဏာ ကျောက် ဖြာအောက်မှာ ဘယ်လိုတွင်းကျောက်အမျိုးအစားတွေ ရှိနေမလဲ စသည် ဖြင့် စူးစမ်းရှာဖွေရင်း မတော်တဆ ခြေချော်ကျရာမှ ကျောက်ခက်တွေနဲ့ ငြိလိုက်၊ ငြိတဲ့အရှိန်နဲ့ ကျောက်ခက်တွေပါ ကြိုးပဲ့ကာ ထပ်ဆင့်လိမ့်ကျရာ မှ ကျောက်ဖြာပေါ် တွယ်ရာမဲ့လွင့်ကျသွားတဲ့ မျိုးရာဇာအဖြစ်။

ဘယ်အချိန်ကတည်းက ကျနေသည် မသိပါ။ ကိုယ်နဲ့ခေါင်း မှာ ကျောက်ခက်တွေ ထိုးမိ ချိတ်မိတဲ့အရှိန်ကြောင့် ထွက်လာတဲ့သွေး တွေပင် ခြောက်သွေ့ညို့ကပ်နေလေပြီ။

ကျောက်ကမူလေးထက် ပြေးတက်လာရင်း မျှော်လင့်ချက်ကြီး စွာ ငုံ့ကြည့်မိတဲ့ ပန်းအလှ ရုတ်တရက် ဆွံ့အသွားလေသည်။

နောက်မှ အသိဝင်လာကာ ကိုကိုလို့ အသည်းကွဲ ရင်ကွဲခေါ် ရင်း ငြိမ်သက်နေရှာတဲ့ မျိုးရာဇာဆီ ဖွတ်တရွတ်ပြေးသွားလေသည်။

"ဟဲ့ ပန်း"

"ပန်းအလှ နေဦး"

"ဖွတ်တရွတ် မပြေးနဲ့လေ"

ရွာသားအားလုံး အထိတ်တလန့် အော်ဟစ်ကာ တားမြစ်ကြ၏။ လိုက်ဆွဲပေမယ့် မရတော့ပါ။

ပန်းအလှမျက်လုံးထဲမှာ ကိုကို့ကိုပဲ မြင်သည်။ ချောက်တွေ လည်း မရှိ မက်စောက်တဲ့ ကျောက်နံရံတွေလည်း မမြင်။ ကျောက်ခက် တွေကြားမှ ထိုးဖောက်ပြေးလွှားလျှင် –



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မျက်လုံးတွေ မဖွင့်ရဲတော့ပါ။ ယောက်ျားဖေနဲ့ အန္တရာယ်လမ်းကိုပင် မမြင်တော့တဲ့ ပန်းအလှနယ် ကျောက်ပန်းခက်တွေနဲ့ တိုက်မိရိုက်မိတဲ့အရှိန်နဲ့ ကျောက်ဖြာပေါ် လွင့်ကျသွားတော့၏။

"အား"

ငယ်သံပါအောင် အော်သံကြီးက တောင်အနှံ့ လွင့်ပျံ့သွားလေသည်။

"ပန်း"

"ပန်းအလှ"

ထိုအသံတွေကို ပန်းအလှမကြားနိုင်တော့ပါ။ ကျောက်ဖြာနဲ့ ရိုက်မိတဲ့အရှိန်က ပြင်း၏။ ခေါင်းနဲ့မျက်နှာ အစိတ်အပိုင်းအသီးသီးမှ သွေးတွေ တရဟော ထွက်ကျလျက်။

ပန်းအလှ ဘာကိုမှ မသိတော့ပါ။

ပန်းအလှသိတာ ကိုကိုပဲ။ ဟုတ်တယ်။

ကိုကိုရေ –

လူးလွန့်နေတဲ့ကိုယ်ကို လေးဘက်တွားသွားရင်း အေးစက်နေတဲ့ ကိုကို့ကိုယ်ကို စမ်းမိသွား၏။

ထို့နောက် ပန်းအလှ တစ်ကိုယ်လုံး မျိုးရာဇာကျောပေါ် ပြိုကျငြိမ်သက်ရာလေပြီ။

✿





ထိုအဖြစ်က ကျောက်ပန်းခက်တစ်ရွာလုံး ရင်ထဲမှာ ဖြေသိမ့်မနိုင်တော့။

တသိမ့်သိမ့်နဲ့ ဝမ်းနည်းရသည်။ ယူကျုံးမရဖြစ်ကြသလို အဖြစ်ဆိုးရှာတဲ့ မျိုးရာဇာနဲ့ ပန်းအလှတို့ ဘဝအဆုံးသတ်အတွက် မခံစားနိုင်အောင် ထိခိုက်ကြေကွဲကြ၏။

အထူးသဖြင့် သုံးလအရွယ်သာရှိသေးတဲ့ 'ပန်တော်ဦး' အတွက်ပေါ့။

တစ်ချိန်ချိန်မှာ မျိုးရာဇာ၊ ပန်းအလှနဲ့ သမီးလေးပန်တော်ဦးတို့ဘဝ ပြည့်စုံကြီးပွားနေမယ်လို့ မှတ်ယူထားတဲ့ တစ်ရွာလုံး။ ခုတော့ စိတ်ထောင်းကိုယ်ကြေဖြစ်ကာ ပန်တော်ဦးအပေါ် ကရုဏာနှင်းပွင့်လေးများ ဖွေ့ခဲ့ရလေပြီ။

ပန်တော်ဦးကို ဘွားအေက ကြည့်ရှုစောင့်ရှောက်တာ ဖြစ်ပေမယ့် အနေတော့်အမေ ဒေါ်မြရှင်ကသာ အစစအရာရာ တာဝန်ယူခြင်း ဖြစ်သည်။

ပန်ပန် သုံးလသားအရွယ်မှာ 'အနေ' က ရှစ်လသား ကျော်နေပါပြီ။ ပန်ပန့်အဘွားက –

"မြမြရယ် ငါ့မြေးမလေးကို ညည်းနို့တိုက်ပါကွယ်"

လို့ တောင်းဆိုတဲ့အခါ –



www.burmeseclassic.com

www.burmeseclassic.com



"မတိုက်ပါရစေနဲ့ ဒေါ်ဒေါ်ရယ်"

"အလို ညည်းက ငါ့မြေးအပေါ် စေတနာမရှိတာလားအေ့"

"အိုအေ ဒေါ်ဒေါ်ကလည်း စေတနာရှိလို့ ပြောနေတာပေါ့၊ ပန်ပန့်ကို မြမြနို့တိုက်လိုက်ရင် သားအနေနဲ့ မောင်နှမတော်သွားမှာပေါ့"

"မောင်နှမတော်သွားတော့ မကောင်းဘူးလားအေ့"

"မကောင်းပါဘူး"

"ဘာဖြစ်လို့လဲ မြမြရယ်၊ ညည်းစကားတွေက ရှုပ်နေပါလားတော့"

"မရှုပ်ပါဘူး ဒေါ်ဒေါ်ရဲ့၊ ပန်ပန်လေးကို မြက တစ်သက်လုံးအတွက် သမီးချွေးမတော်ချင်တာ၊ ဒါ့ကြောင့် မြနို့ မတိုက်ဘူး၊ ပန်ပန်လေးအတွက် လိုအပ်တဲ့ အကောင်းစားနို့မှုန့် မြဝယ်တိုက်ပါ့မယ်၊ အဲဒီအတွက် ဒေါ်ဒေါ်မပူပါနဲ့၊ ပန်ပန့်ကို မြပဲ ထိန်းမယ်၊ မြပဲ တာဝန်ယူပြုစုမယ်လေ"

ဒီတော့မှ ဒေါ်အုံး သဘောပေါက်ကာ ကြည်နူးပြုံးပျော်သွားသည်။ ပန်ပန့်ကို ဒေါ်မြရှင် တာဝန်ယူတာကို တစ်ရွာလုံးကလည်း သဘောကျသည်။

ဘာဖြစ်လို့လဲဆိုတော့ တစ်ရွာလုံးမှာ ဒေါ်မြရှင်ကပဲ ကလေးကို ကိုယ်ဖိရင်ဖိ ပြုစုနိုင်မှာ သေချာသည်။ တခြားကလေးအမေတွေက ခြံအလုပ်တွေနဲ့ မဟုတ်လား။

ဒေါ်မြရှင်က ချမ်းသာတာမဟုတ်ပေမယ့် သူ့မယောက်ျား ဦးငွေ





ခဲက စပါးပွဲစားဆိုတော့ ငွေရှင်တယ်လေ။ ကိုယ်တိုင်လည်း အလုပ်လုပ်စရာမလို၊ သားကိုပဲ မွေးပြီးထိန်းရတဲ့တာဝန်သာ ရှိတယ်။

ဒါကြောင့် ပန်ပန်လေးအတွက် နို့မှုန့်လည်း ဝယ်တိုက်နိုင်၊ ပြုစုထိန်းသိမ်းဖို့လည်း အချိန်ရ၊ သမီးလေးလို တစ်သက်လုံးချစ်သွားမယ်ဆိုတော့ ဒေါ်မြရှင်လက်ထဲ ပန်တော်ဦးလေး ရောက်သွားခြင်း ဖြစ်သည်။

ကျောင်းနေတဲ့အရွယ်ရောက်လာတော့ အနေနဲ့အတူ ကျောင်းသွား၏။ ကြီးလာတော့ ပန်ပန်က ဘွားအေဖွင့်ထားတဲ့ ထမင်းဆိုင်မှာ ကူလုပ်ပေးရင်း ပညာကိုကြိုးစားသင်ယူရှာသည်။

ဒါပေမဲ့ အရွယ်ရလာလေ ပန်ပန့်အတွေးက သူများနဲ့မတူလေ။

သူများစာမေးပွဲ နှစ်ချင်းပေါက်အောင်ဖို့ ကျူရှင်အထောက်အကူယူပေမယ့် ပန်ပန်ကမယူ။

"မဟုတ်တာဘဲ ပန်လေးရယ်၊ ဆယ်တန်းဆိုတာ ကျူရှင်ယူမှပေါ့ သမီးရဲ့"

အမေ ချော့မော့ဖျောင်းဖျသော်လည်း ပန်ပန် ခေါင်းခါပြီး

"ပန် အောင်စေရမယ် ဒေါ်ဒေါ်မြရယ်၊ စိတ်မပူပါနဲ့"

လို့ ခေါင်းမာစွာပဲ ပြောသည်။

အမေပြောမရတော့ အနေ့ကို စည်းရုံးခိုင်းသည်။ အနေ စည်းရုံးခါမှ ပိုဆိုးလေသည်။

"အနေရယ် ကြိုးစားရင် အောင်မှာပဲ၊ မကြိုးစားချင်လို့ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားဖို့ အားအပြည့်မမွေးနိုင်သူတွေက ကျူရှင်ဆိုတာနဲ့ အထောက်အကူယူကြတာလေ။ နင် ယူချင်ယူပေါ့၊ ပန်ကတော့ လုံးဝမယူဘူး''

ပန်ပန် ထိုသို့ပြောတော့ အနေတောင် ဘာမှမတတ်နိုင်ပါ။ သူငယ်ချင်းတွေကတော့ ဘော်ဒါဆောင်နေသူ၊ ကျူရှင်ကောင်းယူသူချည်းသာဆိုတော့ ကွယ်ရာမှာ ပန်ပန့်ကို ဘာညာပြောကြ ဝေဖန်ကြနှင့်

ဘယ်သူဘယ်လိုပြောပြော ပန်ပန်က မျက်နှာပြောင်ပြောင်နှင့် ခေါင်းမော့နေသည်။

ဒီကြားထဲ ပန်ပန် ဆယ်တန်းစဖြေတဲ့ရက် အဘွားဖြစ်သူ ဒေါ်အုံး လူကြီးရောဂါနဲ့ ဆုံးလေသည်။

ဘွားအေဆုံးတဲ့အတွက် ပန်ပန်လေး စိတ်ထိခိုက်ရှာပြီး စာမေးပွဲမဖြေနိုင်မှာ တစ်ရွာလုံး စိုးရိမ်ကြသည်။

အမေနဲ့ အနေတော်က ပိုပြီးစိုးရိမ်တာပေါ့။ ဒါပေမဲ့ ပန်ပန်က စိတ်မာတယ်လို့ ပြောရမလား၊ စိတ်ခိုင်တယ်လို့ပဲ ဆိုရမလား မသိပါ။ ရင်ထဲမှာ ကျိတ်ခံစားရင်း အားတင်းကာ စာမေးပွဲဝင်ဖြေခဲ့ခြင်း ဖြစ်သည်။

အောင်စာရင်းထွက်တော့ ရိုးရိုးအောင်တာ မဟုတ်။ ဂုဏ်ထူးသုံးခုတောင် ပါ၏။

ပန်ပန့်ဘဝနဲ့ ပန်ပန့်အတွေးက တစ်ရွာလုံးနဲ့ မတူ။ ထိုမတူတာတွေက ထူးခြားနေသည် မဟုတ်လား။

''ပန်ပန်က သူ့အဖေလို ပညာရှင်ကြီးဖြစ်မယ့်ကလေး၊ မျိုးရာဇာသာရှိနေရင် ပန်ပန့်အတွေးက ပိုပြီးသစ်လွင်နေမှာပဲ၊ ခုလည်း





စောင့်ကြည့် ပန်ပန် ရှေ့ဆက် ဘယ်လိုလျှောက်လှမ်းမလဲဆိုတာ၊ ထူးခြားလာဦးမယ်လေ၊ ဟင့် ဟင့် ဟင့်''

အမေ ဂုဏ်ယူစွာ ပြောလိုက်တဲ့အသံက ကျောက်ပန်းခက် တစ်ရွာလုံး နှံ့လေပြီ။

တကယ်လည်း ထူးခြားလာမယ့်အရိပ်တွေကို အနေတော် မြင်နေရပါပြီ။ ပန်ပန်ရဲ့ မာနသွေးခဲ ရဲမှည့်နေတာ မြင်ရလျှင် အနေတော် ရင်မှာမပူဘဲ မနေနိုင်တော့ပါ။

ရင်ထိတ်လှတယ် ပန်ပန်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"သား နေနေ"

"ဗျာ အမေ"

"ဘာလုပ်နေလဲ သားရဲ့"

ဒေါ်မြရှင် မေးသံပင် မဆုံးပါ။ သားအခန်း ရှေ့ရောက်လာပြီး ဖြစ်သည်။ ကာတွန်းရုပ်ကလေးတွေပါတဲ့ ခန်းဆီးကို လက်နဲ့သိမ်းဖယ်၍ အခန်းထဲ တစ်ဆက်တည်း ဝင်ကြည့်လေသည်။

အနေတော် မှန်ရှေ့ရပ်လျက် ဂျယ်လိမ်းပြီးသားဆံပင်ကို ဘီးနဲ့ သနေရာမှ လှည့်ကြည့်၏။ သားအမိနှစ်ယောက် အကြည့်ချင်းဆုံလျှင်–

"ဘာခိုင်းမလို့လဲ အမေ"





ဒေါ်မြရှင် ပြုံးလေပြီး –

"ပန်ပန်လေးက ဂုဏ်ထူးသုံးခုတောင်ပါတယ် မဟုတ်လား သားရဲ့"

အနေ ဂုဏ်ထူးတစ်ခုနဲ့ စာမေးပွဲအောင်တာကို အားရဝမ်းသာ ဖြစ်တာထက် ပန်ပန့်အတွက် ပို၍ဝမ်းသာသလို အရေးတယူဖြစ်နေရှာတဲ့ အမေ။

အနေတော်ကိုပင် အားမနာနိုင်ဘဲ ဆိုနေပါသည်။ အနေတော် ကျေနပ်စွာပဲ ခေါင်းညိတ်ရလေသည်။

"ဟုတ်တယ်လေ အမေရဲ့၊ ဘာဖြစ်လို့လဲ"

"ဩော် ဘာဖြစ်ရမလဲ၊ ပန်ပန့်ကို ဆုချရမှာပေါ့ သားရဲ့၊ သား မနာလို မဖြစ်ရဘူးနော်"

အနေတော် ပြုံးချင်ချင် ဖြစ်သွားသည်။ ဣန္ဒြေမပျက်အောင် နှုတ်ခမ်းစေ့ကာ ဘီးကိုဆုပ်ကိုင်ထားရင်း –

"အမေရယ်၊ သားက ဘာမနာလိုစရာ ဖြစ်ရမှာလဲ၊ ပန်ပန့်ကို ဆုချမယ့်ကိစ္စ သားလည်း ဝမ်းသာပါတယ်၊ ကြိုက်သလောက် ဆုချပါဗျာ၊ အမေစိတ်ချမ်းသာရင် ပြီးတာပဲ"

"ဒီလိုမှပေါ့ သားရဲ့၊ ဟင့် ဟင့် ဟင့်"

ဒေါ်မြရှင် လွတ်လပ်ပေါ့ပါးစွာဆိုရင်း အနေ့အပါး ရွေ့လာသည်။ အနေ့ဆံပင်ကို တစ်ချက် သပ်ပေး၏။

"အမေက ပန်ပန်နဲ့သားကို တန်းတူချစ်ပါတယ်ကွဲ့၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးအပေါ်ကော့ ကရုဏာပိုတာပေါ့ သားရယ်၊ ခမျာမှာ မိမဲ့ ဖမဲ့ မဟုတ်လား။ ဘွားအေလည်း ဆုံးထားတာ မကြာသေးဘူးလေ၊ ဒါကြောင့် ခုလို ထူးထူးချွန်ချွန်အောင်တဲ့ သမီးလေးကို အမေတို့ ဆုပေးလိုက်ရင် သမီးလေး ဘယ်လောက်ဝမ်းသာပြီး ခွန်အားပြည့်စေမလဲဟင်''

''ဟုတ်ပါတယ် အမေရယ်၊ သား ဘယ်တုန်းက ဘာပြောဖူးလို့လဲ၊ ပန်ပန်နဲ့ပတ်သက်သမျှ အမေ့စိတ် အမေ့သဘောပဲလေ''

''အင်း ဒီလိုပဲဖြစ်ရမှာပေါ့ သားရဲ့၊ သားအဖေနဲ့အမေ တိုင်ပင်ပြီး ရွှေတစ်ဆင်စာ ကြိုလုပ်ထားတယ်၊ သမီးလေး အောင်စာရင်းထွက်ရင် ပေးဖို့လေ''

''ဒါများအမေရယ် ပေးလိုက်ပေါ့၊ သား သွားပေးပေးရမလား''

''အိုအေ၊ အမေကိုယ်တိုင် ဝတ်ပေးမှပေါ့၊ ပန်ပန်လေးကို သွားခေါ်ချေ''

''အစကတည်းက ပန်ပန့်ကိုသွားခေါ်ဆို ပြီးပြီပေါ့အမေရယ်''

အနေတော် ပြောလိုက်တော့ အမေက မျက်စောင်းထိုးကြည့်ရင်း ရယ်လေသည်။

''သားကလည်းလေ''

''မဟုတ်လို့လား''

''အင်းပါကွာ၊ ပန်ပန့်ကို သွားခေါ်ခဲ့၊ ပြီးတော့ ပန်ပန်လေးအကြိုက် ငါးဖယ်ဆုပ်ကို အုန်းနို့နဲ့ချက်ထားတယ်၊ ပုစွန်ချဉ်သုပ်ကလေးလည်း ပါတယ်လို့ပြော၊ အမေတို့နဲ့ ညစာစားဖို့ လာခဲ့ပါလို့ ဟုတ်ပြီလား''





''စိတ်ချပါ အမေရယ်''

''နေပါဦး၊ သားက ကေတွေတာတွေ သလို့ ဘယ်သွားမလို့လဲ''

အနေတော် ပခုံးပင့်ကာ ပြုံးမိသွားသည်။ ဂျင်းဘောင်းဘီရှည် အနက်၊ စပို့ရှပ် အသစ်ကျပ်ချွတ်လေးနဲ့ ကော့ထောင်ထောင်လေးဖြီးထားတဲ့ အနေတော့်ပုံစံက သစ်လွင်နေပါသည်။

အရပ်ကလေးမြင့်ပြီး အသားဖြူသောကြောင့် စွဲမက်စရာ လူငယ်လေးဖြစ်နေမှန်း မှန်ထဲမှာ ကိုယ့်ရုပ်ကိုယ်ကြည့်ရင်း အနေတော်ပြုံးနေတော့ ဒေါ်မြရှင် မျက်စောင်းဝင့်လျက် –

''ပြောဦးလေ၊ ဘယ်သွားမယ်, ဘယ်လာမယ်ဆိုတာ''

''အမေကလည်း သိတဲ့အတိုင်းပေါ့''

မလုံမလဲ ရှက်ဟန်လေးနဲ့ပြောတော့ ဒေါ်မြရှင် အံ့သြသွားသည်။

''ဟေ သမီးဆီ''

''ဟုတ်''

အနေတော် ခေါင်းညိတ်လိုက်တော့ အမေ့မျက်နှာ ဝင်းပသွား၏။

''ဒါနဲ့များ သားရယ်၊ ကဲ သွားမယ်ဆိုလည်း မြန်မြန်သွား၊ ပြန်လာရင် သမီးပါ တစ်ပါတည်းခေါ်ခဲ့၊ ဟုတ်လား''

အနေတော် ခေါင်းညိတ်ရင်း မှန်တင်ခုံပေါ်က ခေါက်ပိုက်ဆံအိတ် ဆွဲယူပြီး ခါးကြားထိုး၏။

''ဟုတ်၊ သားသွားပြီ အမေ''



www.burmeseclassic.com

www.burmeseclassic.com



မအေ့ပါးကို တစ်ချက်မွှေးပြီး ထွက်သွားတဲ့သား။

"အေးပါကွယ်၊ သွား သွား"

ဒေါ်မြရှင် ကျေနပ်လို့သွားချေသည်။ သားက သမီးနဲ့ ညနေတိုင်း တွေ့နေကျ။ ဒါပေမဲ့ ဒီနေ့ အောင်စာရင်းထွက်ထားတော့ သူငယ်ချင်းတွေနဲ့ အောင်ပွဲခံနေမယ်လို့ ထင်တာ။

ခုတော့ ထုံးစံအတိုင်း သမီးဆီကိုတဲ့။ ကောင်းပါပေ့လေ။

သားနောက်က သူမလည်း သားအခန်းထဲက ထွက်ခဲ့သည်။

ပြုံးဘီးလေးနင်းပြီးထွက်သွားတဲ့ သားကို ဒေါ်မြရှင် အမြင်တစ်ဆုံး ငေးကြည့်ရင်း ကျေနပ်ရှာသည်။

သားနဲ့သမီးရဲ့သံယောဇဉ်က နည်းသလား။

ငယ်ငယ်ကတည်းက တွယ်ခဲ့တဲ့ သံယောဇဉ်။ ဒီအချိန်မှာ ပိုလို့တောင် မြဲနေမှာပဲလို့ တွေးမိတာ။

✿ ✿ ✿



## အခန်း (၆)

"ဖြောင်း ဖြောင်း"

လက်ခုပ်သံနဲ့အတူ လက်ဖက်ရည်ဆိုင်ထဲက ဖမ်းခေါ်သံ ကြားရသည်။

"ဟော့ကောင် နေနေ ဘယ်လဲကွ"

လူကလည်း ဆိုင်ရှေ့ရောက်နေပြီမို့ နေနေ စက်ဘီး၏ဘရိတ်ညှစ်ကာ ဖမ်းရှေ့ ရပ်၏။

"ပန်ပန့်ဆီလေ'

မျက်ခွံပင့်ပြီး အနေတော် ဝင့်ဝင့်လေးပြော၏။ ဖမ်း မကြည်လင်ပါ။ စက်ဘီးလက်ကိုင်ကို ရှေ့မှကိုင်ထားရင်း မျက်နှာတစ်ချက်မဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ ပန်ပန်မှ ပန်ပန်"

"ဒါကတော့ကွာ၊ ပန်ပန့်ဘဝ မင်းလည်းသိသားနဲ့"

"သိတယ်ကွ သိတယ်၊ မင်းထက်ပိုသိလို့ ပြောနေတာကွ"

"ပြောမနေနဲ့ ဖံမင်းရာ၊ နေနေဆိုတဲ့ကောင်က ပန်ပန့်ရှေ့ တော်မှောက် မခစားရရင် နေနိုင်တဲ့ကောင် မဟုတ်ဘူး၊ လွှတ်ထားလိုက်"

လက်ဖက်ရည်ဝိုင်းမှာ ထိုင်နေတဲ့ ထွန်းငေ ဆိုင်ထဲမှ လှမ်းပြော ပြန်သည်။ နေနေ မျက်နှာပျက်မသွားပါ။ စက်ဘီးပေါ်မှဆင်း၍ ထွန်းငေကို လှမ်းကြည့်ရင်း ပြုံးနေလိုက်သည်။

ဖံမင်းက အနေတော်ကို နားလည်မှုပေးနိုင်သလို မော့ကြည့် ပြီး –

"မင်း သွားမယ်ဆိုလည်း သွားကွာ၊ ဒါပေမဲ့ ပန်ပန့်ကို မင်း လျှော့မတွက်နဲ့၊ ပန်တော်ဦးက အရင်က ပန်တော်ဦးထက် အဆပေါင်း များစွာ ပြောင်းလဲနေပြီကွ"

"ငါ နားလည်ပါတယ်ကွာ"

"နားလည်ရုံနဲ့ မပြီးဘူး၊ ပန်ပန့်မာနသွေးက ခုချိန် အထွတ် အထိပ်ရောက်နေတယ်ဆိုတာ မင်းသိနေဖို့ အရေးကြီးတယ်"

အနေတော် မျက်နှာလေး တည်သွားသည်။ ပန်ပန့်မာန်သွေး က ခုချိန်မှာ အထွတ်အထိပ်ရောက်နေသတဲ့။ ဒါကိုတော့ အနေတော် အစကတည်းက ကြိုသိနေပါတယ်။

ဆွေယမင်းနဲ့ သခွပ်နီကလည်း ဖံမင်းလိုပဲ ပန်ပန် သွေး





ယ်ထိပ်ရောက်နေပြီဆိုတဲ့အကြောင်း တကူးတက လာပြောသွား သေးတယ် မဟုတ်လား။

ထွန်းငေလည်း ထိုသို့သာ မြင်နေသည်။ ဖံမင်းက သတိပေး သလို ပြောခြင်း။

"သိပါတယ်ကွာ"

"သိတယ်ဆိုရင် မင်း စိတ်တည်ငြိမ်အောင် ထိန်းပေါ့ကွာ၊ ငါတို့ကောင်က မင်းအတွက် ရင်လေးတယ်၊ ပန်ပန် မာနသွေးတက်နေ တာကို မကြည်လင်ဘူး၊ သခွပ်နီတောင် ပြောသေးတယ်၊ ပန်ပန် ဂုဏ် ထူးသုံးခုနဲ့အောင်တာ ဂုဏ်ယူစရာကောင်းတယ်တဲ့၊ ဒါပေမဲ့ အနေ့အပေါ် မှာ ကာလာစိမ်းတဲ့အပြုအမူနဲ့ တုံ့ပြန်တာတော့ အမြင်ကတ်သတဲ့လေ"

အနေတော် သက်မမောလေး ချသည်။ အောင်စာရင်းကြည့် ပြီး အပြန်လမ်းမှာ အနေဆွဲလိုက်တဲ့ လက်ကို ပန်ပန်ပုတ်ချလိုက်တာ သခွပ်နီတို့ မြင်သွားတာ အနေသိသည်။

ပန်ပန်နဲ့ အနေက တစ်ချိန်မှာ လက်ထပ်ကြမယ့်သူများ အဖြစ် အားလုံးက တညီတညွတ်တည်း ဇွဲစပ်ရေးမျက်လုံးနဲ့ ကြည့်ပြီးသားဖြစ် သည်။

ဘွားအုံးဆုံးပြီးကတည်းက ပန်ပန့်ကို အနေတို့အိမ်မှာ ပြောင်း နေဖို့ တစ်ရွာလုံးက စီစဉ်ကြသည်။

ပန်ပန်က မျက်နှာလေးမော့ကာ ခေါင်းယမ်း၏။ ဘွားအေဆုံး လို့ ဝမ်းနည်းကြေကွဲရတာကို မျိုချပစ်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဘွားအုံး မရှိတော့ပေမယ့် ပန်ပန်တစ်ယောက်တည်း နေလို့ တတ်အောင် ကြိုးစားမှာပါ၊ ရှေ့ဆက်ပြီးလည်း ပန်ပန့်ဘဝ ပန်ပန် ဦးဆောင်နိုင်ဖို့ လိုတယ်လေ၊ ဒါကြောင့် ဘွားအုံးခေါင်းချသွားတဲ့ ဒီအိမ်လေးမှာပဲ ပန်ပန်နေပါရစေ၊ ခွင့်ပြုကြပါ"

ဟု ဘယ်သူ့ကိုမှ အားမနာသလို ပြောခဲ့တယ်မဟုတ်လား။

လူကြီးတွေက ပန်ပန့်တစ်ယောက်တည်းနေမယ့် အစီအစဉ်ကို သဘောမကျပါ။ ဒါပေမဲ့ အနေ့အမေ ဒေါ်မြရှင်က –

"သမီးပန်ပန်လေး သဘောပါကွယ်၊ သမီးအတွက် အဖော်ရအောင် မမွှေးကြူကို ထားပေးမယ်လေ"

မမွှေးကြူဆိုတာ ဒေါ်မြရှင်ရဲ့ယောက်မ အပျိုကြီးပါ။

ဒေါ်မြရှင် ထိုသို့လိုက်လျောသည်ကို လူကြီးတွေက သက်မချသည်၊ ရှေ့ဆက်ပြီး ပန်ပန် စိတ်အပြောင်းအလဲ မရှိပါစေနဲ့၊ ထိုသို့လည်း ကျိတ်ပြီး ဆုတောင်းကြသူများရှိသည်။

လူကြီးသူမအားလုံးရဲ့ အမြင်အရ ပန်ပန်နဲ့အနေဟာ ငယ်ငယ်ကတည်းက တစ်ရွာလုံးအသိနဲ့ စေ့စပ်ထားကြတာမျိုး မဟုတ်လား။

ဘွားအေမရှိတော့လို့ အနေနဲ့ တစ်မိုးတည်းအောက်မှာ ရှိနေတာက ပိုပြီးသင့်တော်တယ်လို့ ထင်သည်။ အနေကလည်း ပန်ပန်လေးအပေါ် ရွှေစိတ်တော်ညွတ်နေတယ်ဆိုတာ သိနေကြတယ်မဟုတ်လား။

လူကြီးတွေစိတ်သဘောနဲ့ ပန်ပန့်အတွေး မတူညီတာလေးတွေအပေါ်မှာ ပန်ပန်က သွေးနားထင်ရောက်ရုံမက ကျော်နေပါပြီဟု





မှတ်ချက်ပေးနေကြတာ မဆန်းပေ။

"ငါတို့ကောင်တွေက မင်း ခံရမှာစိုးလို့ ပြောတာကွ"

ထွန်းဇေ အားမလိုအားမရ ဖြစ်၏။ လက်ဖက်ရည်စားပွဲဝိုင်းမှ ဆိုးဆိုးဆတ်ဆတ် ထလာပြီး ပြောပြန်သည်။

"သွားမပြောပါနဲ့ဟယ်၊ အနေတော် စိတ်ဆိုးနေပါဦးမယ်"

ချိန်းထားတဲ့ လက်ဖက်ရည်ဆိုင်ဆီ နောက်ကျပြီးမှ ရောက်လာကြတဲ့ သခွပ်နီနဲ့ ဆွေယမင်း။

ဆွေယမင်း ခနဲ့သလို ပြောသည်။ သခွပ်နီက မဲ့မဲ့လေးပြုံး၏။ အနေတော် စိတ်ရှုပ်ထွေးစွာ ဆံပင်တစ်ချက်သရင်း –

"မဆိုးပါဘူးဟာ၊ ငါက နင်တို့အားလုံးကို နားလည်တယ်၊ ငါ့အပေါ် စေတနာထားကြမှန်းလည်း သိတယ်"

"သိတယ်ဆိုရင် ပန်ပန့်စိတ်အပြောင်းအလဲပေါ်မှာ နင် တစ်ခုခုတော့ တုံ့ပြန်သင့်တယ်ဟဲ့"

သခွပ်နီ အနားရောက်လာပြီး အနေ့လက်မောင်းကို ဆွဲပုတ်ရင်း ဆိုသည်။ သူငယ်ချင်းတွေ ဝိုင်းရံထားတဲ့ကြားမှာ အနေ့မျက်နှာလေး သုန်မှုန်လျက် ပူပူပန်ပန် တကယ်ဖြစ်ရလေပြီ

"တုံ့ပြန်တယ်ဆိုတာက ပန်ပန်နစ်နာအောင် တုံ့ပြန်တာမျိုး မဟုတ်ဘူးနော်၊ ပန်ပန့်ရင်ထဲမှာ နင်တို့မိသားစုရဲ့မေတ္တာကို နာခံတတ်စေဖို့ကို ပြောတာ"

သခွပ်နီက သူမစကားကို သူမ ပြန်ရှင်းပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ"

သခွပ်နီပြောတာကို ထွန်းနေဲ့ဖမင်း ပြိုင်တူဆိုလည်း။ ခွေယမင်းခေါင်းညိတ်၏။

သူငယ်ချင်းတွေဆန္ဒက ပန်ပန့်ကို နစ်နာစေလိုတဲ့သဘော မဟုတ်ပါ။ ပန်ပန်စိတ်က အနေ့အပေါ် တိမ်းညွတ်စေလိုတာမျိုး ဖြစ်မှန်း အနေ ပို၍သဘောပေါက်လာသည်။

"ကဲ သွားတွေ့မယ်ဆိုလည်း သွားတော့၊ တော်ကြာ နောက်ကျနေလို့ မင့်အပေါ် ငြိုငြင်ပါဦးမယ်"

ထွန်းဧ မကြည်လင်တာကို ဘေးဖယ်ပြီး လိုက်လိုက်လျောလျော ဆိုပြန်သည်။

အနေတော် ရင်လေးစွာပဲ ခေါင်းညိတ်လျက် ပြိုင်ဘီးလေးစီးရင်း သူငယ်ချင်းတွေကို ကျောခိုင်းလေသည်။ သူငယ်ချင်းတွေက ပြိုင်တူ သက်မလေးများချရင်း သူတို့ထင်သလို ဖြစ်လာပါစေလို့ ဆုတောင်းကာ လက်ဖက်ရည်ဆိုင်ထဲ ဝင်လေသည်။

✿ ✿ ✿



## အခန်း (၇)

ခရေပင်တန်းထဲ စက်ဘီးကွေ့ဝင်လိုက်သည်နှင့် ရင်မှာ အေးသွား၏။ တဖြုတ်ဖြုတ် ကြွေသက်နေတဲ့ ခရေမွှေးရနံ့က စိတ်နှလုံးကို လတ်ဆတ်သွားစေသည်။

ခရေပင်တန်း အလယ်ဘက်ကျကျ သက်ရင့်ခရေပင်မကြီး ပတ်လယ်ဝိုင်းထားတဲ့ အုတ်ခုံမှာ ကျောပေးထိုင်နေတဲ့ ပန်တော်ဦး။

မြင်လိုက်ရသည်နှင့် အနေ့ရင်မှာ ပူပင်သောကတို့ ဘေးသို့ ရှဲသွားသလို ခံစားရလေသည်။

ပန့်ပန့်စိတ် ဘယ်လိုပြောင်းပြောင်း အနေ့စိတ် မပြောင်းလဲပါ။



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန့်မာနသွေး ဘယ်လောက်တက်တက် အနေတော့်သွေးက နော်မယ်လ်ပါပဲ။

သံယောဇဉ်ဆိုတာကို ဘာနဲ့မှ ဖြတ်တောက်လို့ရမှာ မဟုတ်ဘူး။ ထိုသို့ အနေ တွက်ချက်ထားပါသည်။

အပြောင်းအလဲမရှိတဲ့ စိတ်နှလုံးနဲ့ ပန်ပန့်ရှေ့တည့်တည့် စက်ဘီးထိုးရပ်၏။

"နင် ရောက်နေတာကြာပြီလာ ပန်"

အနေ ဦးစွာမေးရင်း ပန်ပန့်ရဲ့ ပန်းကမ္ဘာစက်ဘီးဘေးမှာ အနေ့ပြိုင်ဘီးလေး ဒေါက်ထောက်ရပ်လေသည်။

ပန်ပန်က ဖတ်လက်စမဂ္ဂဇင်းစာအုပ်ကို ပိတ်ကာမော့ကြည့်၏။

"နည်းနည်းတော့ ကြာပြီဟ"

ပန်ပန့်အသံ ပုံမှန်ဖြစ်နေတာမို့ အနေတော် အသက်ရှူချောင်သလို ဖြစ်ကာ -

"ဆောရီးဟာ၊ ငါ နောက်ကျသွားတယ်"

"လမ်းမှာ ဘယ်သူနဲ့တွေ့နေလဲမှ မသိတာ"

ပန်ပန့်အသံက ကြည်လင်နေပေမယ့် ပြုံးစူချင်သလို ရှိလေသည်။

ပြုံးစူဟန်နဲ့ ဆူတွန့်နေတဲ့ ပန်ပန့်နှုတ်ခမ်းချွန်ချွန်လေးကို ချစ်ဖို့ကောင်းလေခြင်းဆိုတဲ့ ခံစားချက်နဲ့ ငေးကြည့်၏။ တစ်ဆက်တည်းလည်း ပန်ပန့်ဘေး ယှဉ်ထိုင်ပြီး -





"ဖိုးမင်းနဲ့ စကားရပ်ပြောလို့ ခဏနားထောင်ဖြစ်တာပါ"

"ငါ့အကြောင်းပဲ မဟုတ်လား"

အနေတော် နှုတ်ခမ်းစေ့လျက် ပြုံးနေလိုက်သည်။

"သိသားပဲ"

ပန်ပန် တိုးတိုးရွတ်၏။ အနေတော် အပြုံးမပျက် ငုံ့ကြည့်ပြီး

"ထားလိုက်ပါဟာ၊ သူတို့က သူတို့အမြင်နဲ့ ပြောကြတာပါ၊ ငါ့စိတ်က ဘာလဲဆိုတာ နင်သိနေတာပဲ ပန်ပန်"

စကားအဆုံးမှာ ရီဝေသွားတဲ့မျက်ဝန်းနဲ့ နူးညံ့စွာ မော့ကြည့်သည်။

ကြင်နာခြင်းနဲ့စိုစွတ်နေတဲ့ အနေ့မျက်ဝန်းနဲ့ တည့်တည့်ဆုံလျှင် ပန်ပန့်ရင်မှာ တသိမ့်သိမ့်ခုန်လာသလို ခံစားမိလေသည်။

ဆုံသွားတဲ့အကြည့်ကို အနေ လွှဲမဖယ်။ ရင်ခုန်လှုပ်ခတ်စွာ စူးစူးလေး စိုက်ကြည့်၏။

ခရေမွှေးရနံ့ပါလာတဲ့ လေပြည်သုတ်ဖြူးတဲ့နောက်မှာ ပန်ပန့်မျက်လွှာ ရင်ခုန်စွာ စင်းကျလေပြီး -

"ပန်"

ခေါ်သံလေးက နှစ်ကိုယ်ကြားသာရှိ ကြင်နာဆွတ်ပျံ့လို့နေသည်။ ပန်ပန့်ဘက် တိုးကပ်ရွှေ့ထိုင်လာတဲ့ အနေ့လှုပ်ရှားမှုတွေကို သိနေပေမယ့် ပန်ပန် ငြိမ်သက်နေမိတာ ဘာကြောင့်ပါလိမ့်။

ပန်ပန့်ကိုယ်ပန်ပန် အံ့သြစွာပြန်မေးရင်း တိတ်ဆိတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အနေတော့်နှုတ်ခမ်းကို ရင်ခုန်စွာ ပြုံးညွတ်သွားလေသည်။

အနီရင့်ရောင်အခံမှာ အပွင့်ဖြူလေးတွေပါတဲ့ လက်ပြတ်အင်္ကျီလေးအောက်မှာ ဝါနုစ်စွာ ဝင်းနေသည့် ပန်ပန့်လက်မောင်း ဖွံ့ဖွံ့လေးနှစ်ဖက်။

အနေတော် ဖွဖွလေးဆုပ်ကိုင်ပြီး ပန်ပန့်တစ်ကိုယ်လုံးကို ဆွဲ၏။ ပန်ပန် မရုန်းဖယ်ပါ။

စင်းချထားတဲ့ မျက်တောင်ကို တစ်ချက်ခတ်လျက် အနေ့ကို ဘာလဲလို့ အသံတိတ်မေးရင်း မော့ကြည့်သည်။

အနေ ကြည်နူးစွာ ပြုံး၏။ ဆံစနုနုကလေးများ ဖြာဝင်းနေတဲ့ ပန်ပန် နားသယ်စပ်ဆီ လက်ချောင်းလေးတွေနဲ့သလျှင် ပန်ပန့်မျက်နှာလေး ရင်ခုန်ကာလာသို့ ပြောင်းလေသည်။

မည်းဖြာနေတဲ့ ဆံပင်ရှည်တွေကို ဒီအတိုင်း ဖြန့်ချထားသော်လည်း ပန်ပန့်မျက်နှာလေး ကွယ်မနေပါ။

နေရောင်ဝါ ယိုးဖောက်ကျတဲ့ ခရေရွက်တွေကြားမှ အလင်းရောင်က ပန်ပန့်မျက်နှာနုနုလေးကို ဆလိုက်ထိုးထားသလို လှနေသည်။

ပြည့်ဖူးသောပါးပြင်လေးပေါ်မှ သွေးကြောမျှင်ကလေးများနဲ့ မွှေးညင်းနုချောချောလေးတွေကအစ အလှဓာတ်ကြွယ်ကာ သန္တာသွေးလှဲ့နေသည့် ဟာသသပွင့်နေသည့် ပန်ပန့်နှုတ်ခမ်းလွှာက သဘာဝပဲဖြစ်ကာ ဆွဲညှို့နေသလိုရှိ၏။





လေပြည်လည်း သာသော၊ ပန်းရနံ့လည်း မွှေးအီသော နေရောင်ဝါလေးကလည်း ဖျဖျလင်းသော ရင်ခုန်သံမှလွဲပြီး သစ်ရွက်ချင်းပွတ်သပ်သံများ ဖြားယောင်းနေလျှင် ရင်ခုန်နေသော နှုတ်ခမ်းဟာ ဥပုသ်သီတင်း ဘယ်သို့ စောင့်တည်နိုင်တော့မှာလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

✿ ✿ ✿

## အခန်း (၈)

ညဥ့်နက်ပေမယ့် အနေတော် အိပ်မပျော်နိုင်သေးပါ။ လမင်းကြီးကိုငေးကြည့်ရင်း အထီးကျန်ဆန်လွန်းသည့်ဝေဒနာကို တစိမ့်စိမ့် ခံစားနေမိသည်။

ချစ်တဲ့စိတ်နဲ့ ရင်ခုန်အနမ်းတွေကို ဆာလောင်မိတဲ့င်း စီးကရက်သာ သဲသဲမဲမဲ ဖွာလျက်။

အနေ့လိုပဲ အထီးကျန်စွာ လမင်းကြီးကိုငေးရင်း အချိန် ဘယ်လောက်ကြာနေပြီ မသိပါ။

မီးညှိပြီး တစ်ရှိုက်သာဖွာရသေးတဲ့ စီးကရက်မီးက လက်ခလယ်နဲ့ လက်ညှိုးကြား ပူခနဲ ပူခနဲ ဖြစ်လာမှ သတိဝင်လာသည်။





ငုံ့ကြည့်လိုက်တော့ စီးကရက်မီးက အစီခံအထိ လောင်နေပြီးဖြစ်သည်။

အချစ်ဆိုတာ စီးကရက်မီးလို အသားထိလာမှ လောင်မှန်းသိလေသည့် အနေတော်။

ရင်မှာ လှိုက်လှိုက်လှဲလှဲ လွမ်းဆွေးလို့သွားလေသည်။

ပန်ပန်ရယ် ရက်စက်လေခြင်းလို့ ဘယ်တော့မှ ခေါင်းစဥ်တပ်မှာမဟုတ်ဘူး။

နင့်ရဲ့စိတ်ကူး၊ နင့်ရဲ့အယူအဆ၊ နင့်ရဲ့အတွေးအခေါ်နောက်ကို နင် လိုက်ပါသွားတဲ့အဖြစ်ကို ချစ်လို့ပဲ ငါမတားရက်ဘူးဆိုတာ နင်ယုံကြည်တယ်ဆိုရင် ဘယ်တစ်နေ့ ဘယ်အချိန်ဖြစ်ဖြစ် ငါ့နှလုံးသားဆီဝင်လာပေါ့ကွယ်။

ငါ့ရင်ခွင်တံခါး ဖွင့်ထားရုံမက အချစ်နဲ့ကြိုဆိုပါ၏ဆိုတဲ့ ရွှေရောင်စာတန်းလေး ကပ်ထားတယ်ဆိုတာ နင်မြင်ရပါလိမ့်မယ်။

ခုတော့ ငါဟာ နင့်ကြောင့် အချစ်နဲ့ ဝေးသွားရယ်ပါကွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နှုတ်ခမ်းအစုံ ဆွေးကာ စိုစွတ်လှုပ်ရှားပြီး အနမ်းစီးကြောင်းထဲ မျောပါသွားတဲ့ ပန်ပန့်အဖြစ်။ အမှတ်မထင် ဖြစ်တည်သွားတဲ့ ခံစားမှုနောက်မှာ အသိတရားတို့ လွင့်ပါးသွားလေသည်။

ထိုအခါ ပတ်ဝန်းကျင်တစ်ခုလုံး လျှပ်တစ်ပြက် ငြိမ်၏။

သုတ်ဖြူးနေတဲ့ လေပြည်ညင်းလည်း ရပ်တန့်ကာ ခရေပွင့်လေးများပင် ဖြုတ်ခနဲ မကြွေသက်တော့ပါ။

သို့သော် ပန်ပန်ကိုင်ထားတဲ့ မဂ္ဂဇင်းစာအုပ် လျှောခနဲ လွတ်ကျသွားလေမှ ပန်ပန့်တစ်ကိုယ်လုံး တုန်ယင်လှိုက်ဖိုသွားကာ လွင့်မျောသွားတဲ့ အသိတရားက ချက်ချင်းပြေးကပ်လေလျှင် –





"အိုး ဖယ်"

အနွေ့မေးရိုးနှစ်ဖက်ကို တွန်းဖယ်မိ၏။ ခပ်လှမ်းလှမ်းမှ ခရေပင်ဆီ သွား၍ ပန်ပန်ရပ်နေလိုက်တာ စိတ်လှုပ်ရှားတဲ့ခံစားမှုတွေ မပြယ်သေးသောကြောင့် ဖြစ်၏။

ယောင်ယောင်ယမ်းယမ်းဖြင့် ပန်ပန် နှုတ်ခမ်းကို လက်ခုံနဲ့ ပွတ်သုတ်မိသေးသည်။ နှုတ်ခမ်းလွှာမှာတော့ အနွေးဓာတ်ပြယ်လုလု ရှိနေဆဲ။

"ပန်"

လွတ်ကျနေတဲ့ မဂ္ဂဇင်းစာအုပ်ကို အနေ ဦးစွာ ကောက်ယူသည်။ ပြီးနောက် ပန်ပန့်ဆီ မဂ္ဂဇင်းစာအုပ်ကိုင်သွား၏။ ရင်ခုန်သံ မြန်သော ခြေလှမ်း၌ ပန်ပန့်အနား ရွှေ့လျားရင်းလည်း မတိုးမကျယ် ခေါ်သည်။

ပန်ပန်ကြားပေမယ့် လှည့်မကြည့်ပါ။

"နင် ငါ့ကို စိတ်ဆိုးသွားလား"

ပန်ပန့်နှုတ်ခမ်းလေး စေ့ပိတ်သွား၏။ ခေါင်းကိုလည်း ငုံ့ချကာ လက်ချောင်းကလေးများကို အရှက်မပြယ်စွာ ပွတ်သပ်နေသည်။

"ဟင့်အင်း" လို့ ဖြည်းညင်းစွာ ခေါင်းယမ်း၏။

"နင့်ကို ငါချစ်တယ် ပန်ပန်"

ခါးနောက်က သိုင်းဖက်ရင်း ဖားလျားချထားတဲ့ ပန်ပန့်ဆံပင်တွေကြား နာခေါင်းလေး ထိုးနှစ်မွှေးကြူ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန့်ကိုယ်လုံးလေး အနေ့ရင်ခွင်ကြားမှာ မတ်မတ်ကြီး တောင့်တင်းလို့နေကာ –

"ငါသိပါတယ် အနေရယ်"

လို့ ရင်ထဲမှာ ပြောမိပေမယ့် အသိတရားမှာတော့ လက်မခံလို စွာ။

ခေါင်းတစ်ချက်ယမ်းပြီး ဖက်တွယ်ထားတဲ့ အနေ့လက်တွေကို ဖြည်းညင်းစွာ ဖယ်ချလေသည်။

"ပန်ပန်"

အနေ ဖြေလွှတ်မပေးချင်ပါ။ အနေရဲ့စိတ်က တာရိုးကျိုး နေပြီမှန်း အနေ သိနေသည်။ ခုချိန်မှာ ယနေ့နှလုံးသားမှာ အလိုအပ် ဆုံးက တူနှစ်ကိုယ်ညီမျှတဲ့ ချစ်ခြင်းကို အပြန်အလှန် ပေးခွင့်ရဖို့ပဲ ဖြစ်သည်။

"နေပါဦး အနေ"

ပန်ပန် အတည်ငြိမ်ဆုံးပြော၍ ဖက်တွယ်ထားချင်တဲ့ အနေ လက်တွေကို ဖြုတ်ချသည်။ အနေလည်း ဖြေလွှတ်ပေးရင်း ပန်ပန့် ပခုံးနှစ်ဖက်ကို ဆွဲယူပြီး မျက်နှာချင်းဆိုင်သည်။

အကြည့်ချင်းဆုံလျှင် –

"နင့်ကိုငါ ဘယ်လောက်ချစ်မိသလဲဆိုရင် ငါ့အသက်နဲ့ ထပ် တူပဲ ပန်ပန်"

စကားမဆုံးခင် ပန်ပန် အကြည့်လွှဲလိုက်သည်။ ပခုံးကို ဆုပ်





ကိုင်ထားတဲ့ အနေ့ဘယ်ဘက်လက်ထဲမှာ မဂ္ဂဇင်းစာအုပ်လေး ကိုင် ထားဆဲ။

ထိုမဂ္ဂဇင်းစာအုပ်ကို မြင်ရတော့ ပန်ပန် ပို၍ပင် တည်ငြိမ် လာသည်။

ခံစားမှုနောက် ရုတ်ခြည်းနစ်မျောသွားတာကို ပန်ပန် သတိနဲ့ ပြန်ထိန်းချုပ်နိုင်ခဲ့တာ အကြောင်းမဲ့မဟုတ်ပါ။

ထိုမဂ္ဂဇင်းစာအုပ်လေးကြောင့်ဆိုလည်း မမှားပေ။ အနေ့လက် ထဲက မဂ္ဂဇင်းစာအုပ်ကို ပန်ပန် ဆွဲယူပြီး –

"ငါလည်း နင့်ကို"

ပန်ပန် ရှေ့ဆက်စကားမဆိုတော့ပါ။ တစ်ဝက်တစ်ပျက် ဖြတ်တောက်ပစ်လိုက်သည်က နိုင်မာသောအသိတရားကြောင့်ဆိုလည်း ဟုတ်နေသည်။

အနေ အားမလိုအားမရဖြစ်ကာ ရှေ့တိုးလာပြီး –

"ပြောလေ ပန်ပန်၊ နင်လည်း ငါ့ကိုချစ်တယ် မဟုတ်လား ဟင်"

ပန်ပန် မဂ္ဂဇင်းကို တင်းနေအောင်ဆုပ်ကိုင်ရင်း ခေါင်းမညိတ် သလို ခေါင်းလည်းမခါပါ။

ခရေပွင့်တွေက ကြွေချိန်တန်လို့ မွှေးမွှေးမြမြလေး ကြွေနေပါ ပြီ။

ပန်ပန့်အချစ်က ခရေလို အကြွေမစောလိုပါ။ ဒါကြောင့်



www.burmeseclassic.com

"ပန် မဖြေပါရစေနဲ့ အနေ"

"ဘာဖြစ်လို့"

ပန်ပန့်မျက်နှာလေး ပန်းနုသွေးရောင်လဲ့သွားပေမယ့် ပန်ပန့် ဦးနှောက်က အချစ်ခေါင်းစဉ်အောက် ထိုးကျမနေပါ။

"ထားပါတော့၊ နင် ပန့်ကိုပြောမယ်ဆိုတာ ဒါပဲမဟုတ်လား"

"ဟုတ်တယ်၊ ငါ့မှာ နင့်ကိုချစ်တဲ့အကြောင်းပဲ ပြောစရာရှိတယ်၊ ပြောချင်လွန်းလို့ အောင်စာရင်းထွက်တဲ့နေ့အထိ ငါ ကြိတ်မှိတ်သည်း ခံစောင့်နေခဲ့တာပါ"

"အေး၊ ပန်လည်း ဒီအတိုင်းပဲ၊ နင့်ကိုပြောစရာရှိတယ်ဆိုတာ ပြောပြချင်တယ်၊ ပန် စာမေးပွဲအောင်မှပြောမယ်လို့ စောင့်ခဲ့ရတာ အခု ပြောတော့မယ် အနေ"

"ဘာ ဘာပြောမလို့လဲ"

အနေတော် စိတ်လှုပ်ရှားသလို ပြုပန်သွားလေသည်။

"ပန့်ဘဝအတွက် ပန်စိတ်ကူးရှိတဲ့အတိုင်း အကောင်အထည် ဖော်ဖို့"

"ဘာ"

"ဟုတ်တယ်"

ပန်ပန့်မျက်နှာလေး မော့လျက် ပြောသည်။

"ပန်ပန် နင် ဘာပြောလိုက်တယ်၊ နင့်ဘဝအတွက် နင့်စိတ် ကူးရှိတဲ့အတိုင်း အကောင်အထည်ဖော်ဖို့ ဟုတ်လား၊ ဘာကို အကောင်





အထည်ဖော်မှာလဲ"

ပန်ပန့်ကို မယုံနိုင်အောင် ငေးကြည့်ရင်း တည်ငြိမ်မှုမရနိုင်ဘဲ အနေတော် မေးလေသည်။

ပန်ပန်က မဂ္ဂဇင်းစာအုပ်ကို ရင်ခွင်မှာပိုက်၏။ တစ်ဆက်တည်း ပင် မာနရိပ်လေးနဲ့ ပခုံးတွန့်လေပြီး

"ငါ ကြိုးစားချင်တယ်"

"ဘာကိုကြိုးစားမှာလဲ ပန်ပန်"

"အောင်မြင်တဲ့ သရုပ်ဆောင်တစ်ယောက်ဖြစ်ဖို့"

"ဘာ"

အနေတော် အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသား ဖြစ်သွား သည်။ အောင်မြင်တဲ့ မင်းသမီးတစ်ယောက်ဖြစ်ဖို့တဲ့။

"ဟောဒီရွာလေးမှာမွေးတဲ့ ငါဟာ ဟောဒီရွာလေးထဲမှာပဲ တိမ်မြုပ်နေတာမျိုး၊ ငါ မဖြစ်ချင်ဘူး။ တစ်နိုင်ငံလုံးမှာရှိတဲ့ ရွာတွေအထိ ငါ့ရဲ့အနုပညာတန်ခိုးတွေ ပျံ့သွားအောင် လုပ်ပြချင်တယ်"

"ဟာ နင် မဟုတ်သေးဘူးနော် ပန်ပန်၊ မဖြစ်နိုင်တာ အရူး မထချင်စမ်းနဲ့ကွာ၊ ဘာအနုပညာလဲ၊ ဘာတန်ခိုးလဲ၊ လုံးဝ မဖြစ်သင့် တာကြီး ပန်ပန်"

အနေတော် ဆောက်တည်ရာမရတော့ပါ။ ပြောလိုက်တဲ့အသံ တွေက တုန်ခါလျက် ခုန်ပေါက်ထွက်လာသလို ဖရိုဖရဲဖြစ်နေသည်။

ပန်ပန်က မာန်ကလေးဝင့်ကာ နှုတ်ခမ်းစေ့၍ ပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်မှာ ပြန့်ကြဲနေတဲ့ ခရေပွင့်မွှေးမွှေးလေးတွေကို ပန်ပန် နင်းလေပြီ။

''နင်က ငါ့သွေးထဲမှာ ခိုအောင်းနေတဲ့ ငါ့ရဲ့အနုပညာကိုမှ မသိတာ၊ အေး ဘယ်သူမှ မသိအောင်လည်း ငါလျှို့ဝှက်ထားခဲ့တယ်၊ အချိန်တန်ရင် အရင်ဆုံး နင့်ကိုပဲ အသိပေးမယ်လို့ ဆုံးဖြတ်ထားတယ်၊ အခု နင့်ကို အသိပေးတာပါ၊ ငါ့မှာ Pen Friend နှစ်ယောက် ရှိသေးတယ်၊ ငါ ရန်ကုန်သွားဖို့ အဆင်သင့်ပဲ အနေ''

''ဟာ''

အနေတော် ပါးစပ်ဟလျက်သားဖြစ်သွားတာ အတန်ကြာသည်။ အံ့သြလွန်းလို့ ပန်ပန့်ကို မျက်တောင်မခတ်တမ်း ကြည့်နေလိုက်၏။

''ဟောဒီလို မဂ္ဂဇင်းစာအုပ်တွေဟာ အနုပညာလမ်းစကို လျှောက်လှမ်းမယ့်သူတွေရဲ့ အသက်သွေးကြောတစ်ခုပဲ၊ အဲဒီထဲမှာ ငါတို့လို အနုပညာခြေလှမ်းစမယ့်သူတွေ, ဂါရင့်အနုပညာတွေသာမက အနုပညာလောကအကြောင်း, ထုတ်လုပ်သူတွေအကြောင်း ပါတယ်လေ၊ နင် ဖတ်ကြည့်ပေါ့၊ တစ်ရက်တစ်ချိန် ငါ့နာမည်လည်း ဒီလို မဂ္ဂဇင်းစာအုပ်တွေထဲ ပါလာစေရမယ်၊ ပါခွင့်ရဖို့လည်း ငါကြိုးစားမယ်၊ ဒါပဲ''

ပြောရင်း မဂ္ဂဇင်းစာအုပ်ကို အနေတော်လက်ထဲ ထိုးထည့်ပေးလေသည်။ အနေတော် မယုံနိုင်တဲ့စိတ်နဲ့ ခေါင်းတွင်တွင်ယမ်း၏။

အိပ်မက်များ မက်နေတာလား။ ထိုသို့လည်း ကြိုဖန်ထင်





လိုက်သေးသည်။

ပြီးတော့ ပန်ပန့်ရဲ့ စကားသံတွေ။

အနေတော် လက်မခံနိုင်စွာ ခေါင်းတွင်တွင်ယမ်းရင်း မဂ္ဂဇင်းစာအုပ်ကို ကြည့်ကာ မျက်ရည်များဝဲ၏။

ကျောပေးသွားတဲ့ အနေ့ရဲ့ချစ်သူ။

အနေတော် ဘယ်လိုမှ မခံစားနိုင်တော့ပါ။

ထိုအခါ အနေ့နှုတ်ခမ်းသားကို အနေ ပြန်ကိုက်လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

''ပန်ပန် ဘာအရှုးထတာလဲ ကွ''

ထွန်းဖေ အားမနာစတမ်း မေးချ၏။ ဖိမင်း မဂ္ဂဇင်းဖတ်နေရာမှ သက်မ,ချလေပြီ။

''ငါတို့ကောင်တွေ လိုက်လို့ကို မမီတော့ဘူး''

''ဟ မမီလို့ရမလား၊ အနေ မင်း ဘာမှမပြောတော့ဘူးလား။ ပန်ပန်ရူးတိုင်း လွှတ်ထားရင် ရှေ့ဆက် ဘာတွေဖြစ်ကုန်မလဲ၊ အဲဒါ စဉ်းစား''

''သခွပ်တို့လည်း ဒါပဲ တွေးပူနေတာလေ''

''အနေ ငြိမ်နေတာ အားမရဆုံးဘဲ''





ဆွေယမင်း ဝင်ပြောပြန်သည်။ သူငယ်ချင်းအားလုံး မခံမရပ်နိုင် ဖြစ်နေကြသည်က ပန်ပန့်ဆုံးဖြတ်ချက်ကို လုံးဝ လက်မခံနိုင်တာကြောင့် ဖြစ်သည်။

ပြီးတော့ အနေတော် တိတ်ဆိတ်နေတာ ပို၍ဘဝမကျနိုင်။

ဒီသတင်းက တစ်ရွာလုံးကြားမှာ ခေါင်းချင်းဆိုင် ပြောစရာတို့နှင့် ပြည့်နေသည်။ လူကြီးသူမတွေက ပန်ပန့်ကို ချော့မော့ဖျောင်းဖျနေကြသည်။

ဘယ်သူ ဘယ်လိုချော့ချော့ ပန်ပန် စိတ်ပြောင်းလဲလာဖို့ မရှိပါ။ အနေ အသေအချာ သိနေပါသည်။

နောက်ဆုံး သူငယ်ချင်းတွေရောက်လာပြီး ပြောကြဆိုကြနှင့်။

သူငယ်ချင်းတွေက တွေးရိုးတွေးစဉ် တွေးနေကြတာပါ။ အတူတူ ကျောင်းတက်၊ ပြီးရင် အနေနဲ့ပန်ပန် မင်္ဂလာဆောင်ကြ၊ ဒါပဲဖြစ်သည်။

အနေလည်း ထိုသို့ရည်ရွယ်ပါသည်။ မင်္ဂလာမဆောင်ဖြစ်ခင် ချစ်သူအဆင့်ကို ဖြတ်သန်းချင်သေးသည်။ ဒါကြောင့် ရင်ဖွင့်လိုက်ခြင်းပါ။

ခုတော့ ထင်မှတ်မထားတာတွေ။

ဒီအချိန်မှာ အနေ ဘာလုပ်သင့်လဲ။

သူငယ်ချင်းတွေက လုံးဝတားမြစ်ပြီး ပန်ပန့်ကို နိုးပြေး ဘာညာနဲ့ မြှောက်ပေးတာလည်းပါသည်။

အနေ ထိုသို့မလုပ်ချင်ပါ။ ပန်ပန့်ဆန္ဒမပါဘဲ သဲတစ်မှုန်တမျှ အနေ မကျူးလွန်ရက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန့်လွတ်လပ်ခွင့်နဲ့ ပန်ပန့်ဆုံးဖြတ်ချက်ကို အနေ တားမြစ်ပိတ်ပင်ခွင့်မရှိပါ။

လူငယ်ပီသစွာ စွန့်စားချင်စိတ်ကို အသိအမှတ်ပြုပေးချင်သည်။ သို့သော် ဘာမှ နားလည်တတ်ကျွမ်းတာလည်း မရှိ၊ အဆက်အသွယ်လည်း မရှိဘဲ အနုပညာလောကထဲ တိုးဝင်ဖို့ဆိုတာ မလွယ်ကူမှန်း သိသိကြီးနဲ့ ပန်ပန်ဆုံးဖြတ်ရဲတာ အနေ အံ့ဩလို့မဆုံးပေ။

"အနေ၊ သစ်ငုတ်တိုလို မင်း ငြိမ်နေတော့မှာလားကွ"

အနေ့ပခုံးကို အားပါပါတွန်းလှုပ်ရင်း ထွန်းဇေ အသံကျယ်ကျယ်ပြောသည်။

"ဟုတ်တယ် အနေ၊ ငြိမ်နေတာကို ယမင်းတို့ လက်မခံနိုင်ဘူးနော်၊ ခုကိစ္စက ပန်ပန် အရူးထနေတာဟဲ့၊ ယမင်းတို့ထင်ထားတာ သရီးဒီနဲ့မို့ သွေးတက်နေတယ်ထင်တာ၊ အခုဟာက သွေးတက်တာထက်ပိုဆိုးတယ်၊ နင် သေချာစဉ်းစားကြည့်စမ်း၊ အနုပညာလောကက ဘာလဲ၊ သူ ဘာသိလို့လဲ၊ သူ့အနုပညာက အခုမှ သွေးကြွလာတာ ဘာအဓိပ္ပာယ်တွေလဲ၊ အေးချမ်းလှပြုံတဲ့ ဒီရွာလေးကနေ မိုင်ထောင်ချီဝေးတဲ့ ရန်ကုန်လိုမြို့မှာ အနုပညာအလုပ် တက်လုပ်ဖို့ ပန်ပန်မို့လို့ ဒီလိုအတွေးရူးဝင်တာ၊ နင် ငြိမ်ငြိမ်လေးကြည့်နေလို့ မရဘူး ငတုံးရဲ့"

ဆွေယမင်း ပါးစပ်နဲ့ပြောရုံနဲ့ အားမရတော့ပါ။ လက်ပါကာ အနေ့လက်မောင်းကို ရိုက်လေသည်။

အနေ တိတ်ဆိတ်နေလို့ မဖြစ်တော့။ ထိုင်နေရာမှ ထရင်း





ကွပ်ပျစ်ရှေ့က သရက်ပင်ကြီးနား ရပ်၏။ မျက်နှာကိုမော့ကာ လေနုတွေ ဖြတ်သန်းလာတဲ့ တောင်ပြင်လေကို တစ်ရှိုက်ရှူလေပြီး –

"နင်တို့ ဘာဖြစ်ချင်ကြလဲဆိုတာ ငါသိပါတယ်"

"ဟာ သိတယ်ဆိုရင် လုပ်စရာရှိတာ ဆက်လုပ်လေကွာ"

ဖုံမင်း မဂ္ဂဇင်းစာအုပ် ဖွင့်မဖွတ်တော့ဘဲ ဝင်ပြောသည်။

"သာမန်သဘောနဲ့ကြည့်ရင် မင်းတို့ပြောတဲ့အတိုင်း တားဖို့ဆိုတာ လွယ်ပါတယ်၊ ဒါပေမဲ့ကွာ"

"ဒါပေမဲ့ ဘာဒါပေမဲ့လဲ"

သခွပ်နီ ဆိုးဆိုးဆတ်ဆတ် အနားရောက်လာပြီး ဆို၏။ သခွပ်နီကို အနေ တစ်ချက်ငဲ့ကြည့်သည်။

သခွပ်နီမျက်နှာပေါ်မှာ ပန်ပန့်ကို ပိုင်အောင်နိုင်အောင် တားမြစ်စေဖို့ တွန်းအားပေးမှုတွေ ပါနေသည်။

သူငယ်ချင်းတွေရဲ့ မျက်နှာပေါ်မှာလည်း ထိုနည်းလည်းကောင်းပဲ။

အနေတော် သူငယ်ချင်းအားလုံးနဲ့ မျက်နှာချင်းထိုင်လေပြီး

"ဒါပေမဲ့ဆိုတာကကွာ ငါတို့ မင်းတို့က တွေးရိုးတွေးစဉ်အတိုင်း တွေးကြတယ်၊ မြင်ကြတယ်၊ ပန်ပန်က ငါတို့နဲ့ ဆန့်ကျင်နေတယ်၊ အဲဒါဘာကြောင့်လို့ ထင်လဲ"

သူငယ်ချင်းလေးယောက်စလုံး အနေ့ကိုငေးကြည့်ကုန်သည်။ ဘယ်သူမှ တစ်ခုခုဖြေဖို့ စိတ်ကူးမရကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖမင်း ငေးကြည့်ရင်း ခေါင်းပါယမ်းလျှင် အနေ့ ဆက်ပြောလေသည်။

"ဆယ်ကျော်သက်ဖြစ်လာရင် ဘယ်သူမဆို အတွေးသစ်တွေ တွေးလာတတ်တယ်၊ အဲဒီအတွေးသစ်ကို အကောင်အထည်ဖော်ချင်တယ်၊ အကောင်အထည်ဖော်ဖို့ကို သတ္တိသွေးရဲလေ့ရှိတယ်"

"ကျွတ်၊ ဘယ်သူ့ဒဿနတွေ လာရွတ်ပြနေတာလဲကွာ"

ထွန်းဧ စိတ်ပျက်သံနဲ့ ပြော၏။

"အခု ပန်ပန်ဟာ ဆယ်ကျော်သက်ပီပီ အတွေးသစ်တစ်ခု ရနေတာ၊ အဲဒီအတွေးသစ်ကို အကောင်အထည်ဖော်ချင်နေတာ၊ ဘယ်သူတားလို့ ရမှာလဲ"

"မဖြစ်နိုင်တဲ့ ကိစ္စကြီးကို"

"မင်းတို့ ငါတို့က မဖြစ်နိုင်ဘူးလို့ မြင်တာ၊ ပန်ပန်က သူ့ဘာသူ ဖြစ်ရမယ်ဆိုပြီး ဆုံးဖြတ်တာ၊ သူ့စိတ်သူ့သဘောနဲ့ ဆုံးဖြတ်တဲ့ကိစ္စ၊ ငါ ဘာနဲ့တားမလဲ"

"အချစ်နဲ့တားကွာ"

ထွန်းဧ ဒက်ခနဲ ပြောသည်။

"ဟုတ်တယ်၊ အချစ်နဲ့တား"

သခွပ်နီလည်း အားပေးသလို ဆိုပြန်သည်။ ဖမင်းနဲ့ ဆွေယမင်း ခေါင်းညိတ်ထောက်ခံသည်။

အနေ့ရင်မှာ နာကျင်စွာ မဲ့ကျသွားသည်။





"အချစ်နဲ့"

"ဟုတ်တယ်"

"ဟွန်း၊ ပန်ပန်က အချစ်ကို ဒုတိယနေရာမှာထားတာကွ"

အနေ့စကားအဆုံးမှာ သူငယ်ချင်းအားလုံး နှုတ်ခမ်းတွေ ပွင့်ဟကုန်သည်။ သူငယ်ချင်းတွေက သူတို့လိုပဲ အချစ်ကို ရှေ့တန်းတင်မယ်လို့ ယူဆထားတာလေ။

ခုတော့ တိတ်ဆိတ်ငြိမ်သက်သွားတဲ့ သူငယ်ချင်းတွေကြားမှာ လေတိုးသံတွေသာ ခေတ္တ လွှမ်းမိုးသွားလေသည်။ အကယ်၍ ပန်ပန်သာ အချစ်ကိုဦးစားပေးရင် ပန်ပန်နဲ့အနေ ချစ်သူဖြစ်သွားတာ နေဝင်ရီသရော ကတည်းပါ။

"ငါ့စိတ်ထဲမှာ ပန်ပန် အလွန်ဆုံး စွန့်စားမယ်ဆိုရင် သူ့အဖေဘက်ကအမျိုးတွေကို လိုက်ရှာပြီး ဆက်သွယ်မယ်၊ သူ့အဘွားနဲ့ ရင်ဆိုင်မယ်ပေါ့၊ ဒီလောက်ပဲ၊ တကယ်တမ်းမှာ ပန်ပန်က ငါထင်တာထက် အဆတစ်ရာလောက် ရှေ့ပြေးနေတယ်၊ ပန်ပန်နဲ့ငါ ဒီလောက် နီးနီးကပ်ကပ် ရှိနေလျက်နဲ့ ပန်ပန်မှာ Pen Friends ရှိနေတာ ငါမသိခဲ့ဘူး၊ အဲဒီ Pen Friends တွေနဲ့ ဖုန်းနဲ့ရော စာနဲ့ပါ အဆက်အသွယ်လုပ်နေကြတာ၊ အဲဒီကတစ်ဆင့် သူလျှောက်ချင်တဲ့လမ်းကြောင်းပေါ် ရောက်ဖို့ကြိုးစားမယ်၊ ပြီးတော့ ရုပ်ရှင်ထဲတိုးဝင်မယ်လို့ ပန်ပန် ထုတ်ပြောမှ ငါသိရတာကွ"

ပြောရင်း သက်မချပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သေချာတာက ပန်ပန်နဲ့ ငါက လူချင်းသာနီးကပ်နေခဲ့တယ်၊ စိတ်ချင်း,အတွေးချင်း လုံးဝမနီးစပ်ခဲ့မှန်း ညနေကမှ ငါ သေချာသိခွင့်ရလိုက်တာပဲ"

"ဒါဆို မင်းက"

ဖုံမင်း စိတ်လောကာ အနားကပ်လာရင်း မေးသည်။

လမ်းမီးတိုင်တွေရဲ့ အလင်းရောင်ဖြာကျနေတဲ့ ခြီစည်းရိုးနားရပ်ထားတဲ့ ပြိုင်ဘီးလေးဆီသွားရင်း အနေ ပြောသည်။

"ဒီအချိန်မှာ ပန်ပန့်ကို ဘယ်သူမှတားလို့ ရဖို့မရှိဘူး။ အချစ်နဲ့တားဖို့ ပိုပြီးမရနိုင်ဆုံးပဲ"

သူငယ်ချင်းလေးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း အလီလီ ချလေသည်။

"ငါတို့တတ်နိုင်တာ တစ်ခုပဲရှိတယ်"

"ဘာလဲ အနေ"

သခွပ်နီ အနောက်လိုက်လာရင်း မေးသည်။ အနေ စက်ဘီးလက်ကိုင် ဆွဲယူပြီး စက်ဘီးထောင့်ကို ကန်ဖြုတ်၍ –

"ပန်ပန်လျှောက်မယ့်လမ်းကြောင်းပေါ်က လူတွေအားလုံး ပန်ပန့်ကို ငါတို့တစ်ရွာလုံး ပေးကမ်းတဲ့ မေတ္တာရိပ်မျိုး ဆက်လက်ပေးကမ်းကြပါစေလို့ ဆုတောင်းပေးကြရုံပေါ့ကွ"

အနေ့အသံလေး နစ်အိုင်တုန်ယင်ကာ အဖျားခတ်လိုက်ခါသွားလေသည်။





ထိုအခါ သူငယ်ချင်းအားလုံး အနေ့ကို အံ့သြကာငေးကြည့်ရင်း မျက်ရည်ပင် ဝဲလာသည်။

အနေတော်ဟာ ပန်ပန်အတွက် ထိုမျှအထိ တွေးပူနေတာ ခုချိန်မှာ သောကမီးအရဲဆုံးဆိုတာ ခံစားသိနဲ့ မြင်လိုက်ရလို့ပဲ မဟုတ်လား။

"အနေရယ်"

သခွပ်နီ ရေရွတ်ရင်း စက်ဘီးနင်းထွက်သွားတဲ့ အနေတော်ကို ခြံပြင်အထိ ထွက်ကြည့်မိလေသည်။

"ပန်ပန့်ဆုံးဖြတ်ချက်ဟာ နင့်ရင်ထဲ အရှိန်ငြီးငြီး တောက်လောင်နေတဲ့ မီးတောက်ပေါ့၊ ဟုတ်လားကွာ"

ထွန်းဇေ အသံမထွက်နိုင်။ ရင်ထဲမှာပဲ မြည်တမ်းကာ။

ညဉ့်ကတော့ ဝမ်းနည်းစွာပဲ မှောင်ပျလို့သွားလေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သမီးလေး ပန်ရယ်၊ ဒေါ်မြ စိတ်မချပါဘူး ကလေးရဲ့"

ဒေါ်မြရှင် မျက်ရည်လည်ရွဲနဲ့ ဆိုချေသည်။ ပန်ပန် နားလည်ပါ၏။ ဒါပေမဲ့ ပြတ်သားနေတဲ့ ဆုံးဖြတ်ချက်ကို ဘယ်လိုမှ ပြန်မပြင်လိုပါ။

"စိတ်ချပါ ဒေါ်လေးမြရယ်၊ ပန်ပန် ကြိုးစားကြည့်ချင်တယ်၊ ပန်ပန်အောင်မြင်သွားရင် ဒေါ်လေးမြတို့ ဂုဏ်ကြီးမှာ ဒေါ်လေးရဲ့"

"အို ဒေါ်လေးမြ ဂုဏ်ကြီးတာတွေ, ဘာတွေ မမက်ပါဘူးအေ"

ဒေါ်လေးမြ ဘာကိုမက်လဲဆိုတာ ပန်ပန်သိပါသည်။ ဒီရွာမှ မွေး၊ ဒီရွာလေးမှာပဲ ရှင်သန်၊ ဒီရွာလေးမှာပဲ ဘဝနိဂုံးချုပ်အထိ သာ ချွေးမ၊ မြေးအစုံအလင်နဲ့ ရိုးစင်းစွာ နေထိုင်သွားဖို့ပဲ မက်မောနေသည်





ဒေါ်လေးမြမက်မောတဲ့ဘဝကို လောလောဆယ် ပန် မဖြည့်ဆည်းနိုင်ပါ။ ကျေးဇူးကန်းလေခြင်းလို့ ဆိုချင်ဆိုပါလေ။

ကျေးဇူးကန်းချင်လို့ ပန်ပန် ဆုံးဖြတ်တာ မဟုတ်ပါဘူး။ လူငယ်တစ်ယောက်အနေနဲ့ ကိုယ်လိုချင်တဲ့ဘဝအတွက် ကိုယ်တိုင်စွန့်စားရမယ် မဟုတ်လား။

ဒီရွာလေးမှာနေရင် ဒီရွာကိုပဲ မြင်ရမယ်။ ပန်ပန်က ဒီတစ်ရွာကိုပဲ မြင်ချင်တာ မဟုတ်ဘူး။ တစ်နိုင်ငံလုံးမှာရှိတဲ့ ရွာတွေ၊ မြို့တွေအားလုံးကို ပန် တတ်စွမ်းတဲ့အနုပညာဉာဏ်နဲ့ ဖြန့်ကြည့်ချင်တာလေ။ အဲဒီအတွက် စွန့်စားရမယ်။ ခြေလှမ်းတွေ ရှေ့ပို့ရမယ်။

ဒါကြောင့် ပန်ပန် အားမနာဘဲ ပြောရလေပြီ။

"ပန့်ဆုံးဖြတ်ချက်ကို ဘယ်တော့မှမပြင်ပါရစေနဲ့ ဒေါ်လေးမြရယ် နော်၊ ဆယ်တန်းအောင်တဲ့အထိ တာဝန်ယူခဲ့တဲ့ ဒေါ်လေးမြတို့ကျေးဇူးကို ပန် ဘယ်တော့မှမမေ့ပါဘူး။ ဦးနဲ့ဒေါ်လေးမြကို ပန် ကန်တော့ပါရစေ"

ဦးလေးက ဆေးပြင်းလိပ်ခဲရင်း ငြိမ်သက်နေသည်။ ဒေါ်မြရှင်က ပြောဟယ်ဆိုဟယ်နဲ့ မျက်ရည်ကျပြရင်း တားနေခြင်းဖြစ်သည်။

ဘယ်သူတားတား ပန်ပန်က ဆုံးဖြတ်ချက်အတိုင်းပင်။ ဆန္ဒတွေကို ထုတ်ပြောရင်း ဦးလေးနဲ့ ဒေါ်မြရှင်ကို ကန်တော့နေချေပြီ။

ဒေါ်မြရှင်မှာ မျက်ရည်တွေသာကျနေသည်။ ဦးငွေခဲက အဝေး



www.burmeseclassic.com

www.burmeseclassic.com



ကိုငေးရင်း မျက်ဝန်းထဲမှာ ဝမ်းနည်းမိုးတို့ ညို့မှိုင်းနေသည်ကို ပန်ပန် မမြင်အောင် မျက်နှာလွှဲနေသည်။

"ဟင့် ဟင့်"

ဒေါ်မြရှင် အသံထွက်ငိုလေပြီ။ ပန်ပန့်ကိုဆွဲယူကာ ရင်ခွင်ထဲမှာ ဖက်ထားလိုက်ပြီး –

"သမီးရယ်၊ သမီးကို ဒေါ်လေးမြ တားနေတာမဟုတ်ပါဘူး၊ စိတ်မချတာ၊ ဒေါ်လေးမြတို့နောက်ကွယ်မှာ သမီး တစ်ခုခုဖြစ်သွားရင် ဒေါ်လေးမြတို့ ရင်ကျိုးရမှာ သမီးရဲ့၊ ဟင့် ဟင့်"

"စိတ်မပူပါနဲ့၊ ပန့်ကိုယ်ပန် ထိန်းနိုင်ပါတယ်၊ စောင့်ရှောက်နိုင်ပါတယ်၊ ပန့်ကို ခွင့်ပြုဦး"

ပြောဆိုတားမြစ်လို့ မရတဲ့အဆုံး ဒေါ်မြရှင်တို့လင်မယား လက်လျှော့လိုက်သည်။ ပန်ပန် သွားခါနီးမှာ ပန်ပန်လေးကို ဒေါ်လေးမြကိုယ်တိုင် ရွှေတစ်ဆင်စာ ထုတ်ဆင်ပေးလိုက်သည်။

"သမီး ဂုဏ်ထူးသုံးခုနဲ့အောင်လို့ ဒေါ်လေးမြ ဆုပေးတာ၊ ယူသွားနော်"

ဒေါ်လေးမြ စိတ်မကောင်းဖြစ်မှာစိုးလို့ လက်ခံလိုက်ရသည်။

ဦးငွေခဲက သူ့ရဲ့စပါးအရောင်းအဝယ်ပိုက်ဆံထဲက ငွေတစ်သိန်း ထုတ်ပေးပြန်၏။

"မယူပါရစေနဲ့ ဦးရယ်"

လို့ ပန်ပန် ငြင်းသော်လည်း –





"ဦးလေးတို့ နိုင်သလောက်ပေးတဲ့သဘောပါ၊ သမီး ကြိုးစားချင်သပဆိုတော့လည်း ကြိုးစားပေါ့နော် သမီး၊ အောင်မြင်သည်ဖြစ်စေ, မအောင်မြင်သည်ဖြစ်စေ ဦးလေးတို့ရွာကို အချိန်မရွေး ပြန်လာခဲ့ပါနော်၊ နော်"

ဟန်ဆောင်ထိန်းချုပ်ပြီး ပြောနေရင်းကြားက ဦးငွေခဲအသံက ဝမ်းနည်းအက်ကွဲနေပါပြီ။

သူမအပေါ် ခုချိန်ထိ မပြိုကြင်ရှာတဲ့ ဦးလေးနဲ့ ဒေါ်လေးမြအပေါ် ပန်ပန် ပို၍ပင် ကရုဏာသက်မိပါသည်။

"သမီး ဘယ်အချိန်ဖြစ်ဖြစ် ဒေါ်လေးမြတို့ဆီ လာခဲ့ပါကွယ်"

နောက်ဆုံးတော့ ဒေါ်မြရှင် ဒါပဲ ပြောနိုင်စွမ်းတော့သည်။ သူမဆုံးဖြတ်ချက်အတွက် တစ်ရွာလုံးရဲ့မေတ္တာကို ကျောခိုင်းသွားတဲ့အဖြစ်ရယ်။

အနေ ဘာတတ်နိုင်မှာလဲ။ သွားပေ့ါ ချစ်သူရယ်။ နင်သွားတာ ငါ့အသည်းနှလုံးကို ဆွဲထုတ်သွားတဲ့အတိုင်းပဲ ပန်ပန်။

နင်ထွက်သွားကတည်းက ငါ့ရဲ့ညတွေဟာ အထီးကျန်ဆန်ကာ အိပ်စက်မရတဲ့ ခေါင်းစဉ်အောက်မှာ ထိနိုက်ကြေကွဲစွာ ငေးငေးလေးတွေးရင်း –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သတိရတိုင်း မှန်ထောင်ကြည့်ရင်း ပန့်နှုတ်ခမ်းလေးကို ပန်
ပေးကြည့်လို့မဆုံးပေ။

နှုတ်ခမ်းပေါ် ကျူးကျော်လာတဲ့ ခံစားချက်ဟာ အချစ်ဆိုတာ
လား။ ဟုတ်တယ်ဆိုရင် ပန်ပန် ယစ်မူးနေလို့ မဖြစ်ဘူးလေ။

ကျောက်ပန်းခက်ရွာသူများလို ပန်ပန်က သူလိုငါလို မနေလိုပါ။
ဆင်းဆင်းရဲရဲ မနေချင်သလို တစ်ဝမ်းတစ်ခါးကို သမားရိုးကျနည်းအ
တိုင်း မရှန်းကန်ချင်တာ စိတ်ကြီးဝင်လို့ မဟုတ်ပါ။

"နင်ကိုယ်က ကြီးကျယ်လွန်းတယ် ပန်ပန်ရယ်၊ ကြိုးစားချင်ရင်
ဒီရွာမှာလည်း နင် ကြိုးစားလို့ရတယ်၊ နင့်အဘွား၊ နင့်အမေ ရောင်းခဲ့တဲ့





တောင်ခြေကထမင်းဆိုင် နင်ပြန်ရောင်းပြီး စီးပွားရှာလို့ ရတာပဲ၊ ဒီမှာက
နင့်အတွက် ရေကန်အသင့် ကြာအသင့်ပဲ၊ ရန်ကုန်မှာက နင့်အတွက်
ဘာအဆင်သင့်ရှိလို့လဲ"

သခွပ်နီ ရန်စောင်သလိုပြောတာ ကြားယောင်လာသည်။ ပန်ပန်
မဲ့မဲ့လေး မျက်နှာမော့မိသွားသည်။

"ကျောင်းတက်၊ ဘွဲ့ယူ၊ အနေနဲ့ မင်္ဂလာဆောင် ဒါလည်း
နင့်အတွက် ပန်းခင်းပဲ၊ စိတ်ရူးထတိုင်း 'နင်' လျှောက်လုပ်ရင် နင့်ဘဝ
ပျက်သွားနိုင်တယ် ပန်ပန်ရဲ့"

ဆွေယမင်းက လူကြီးသူမလေသံနဲ့ ဖိပြောလျှင် –

"ဒီမှာ ငါ့ကိစ္စမှာ နင်တို့ ဝင်စွက်ဖက်ခွင့်မရှိဘူး၊ ဆယ်တန်း
အောင်၊ ကျောင်းတက်၊ ဘွဲ့ရ၊ ပြီးရင် လင်ယူ၊ ကလေးမွေးစတဲ့ နင်တို့လို
သမားရိုးကျဆန်တဲ့ အတွေးအခေါ်မျိုး ငါ ဘယ်တော့မှ မတွေးဘူး၊ ငါ
လိုချင်တာ ငါ့ဘဝ တိုးတက်မြင့်မားရေး၊ အောင်မြင်ရေး၊ အဲဒီအတွက်
ငါ ကြိုးစားရမယ်၊ ငါစွန့်စားရမယ်၊ ငါက တောင်ထိပ်ကို ရောက်ချင်တဲ့သူ၊
နင်တို့လို တောင်ကို မျှော်ကြည့်မယ့်သူ မဟုတ်ဘူး"

"အောင်မယ် ကြီးကြီးကျယ်ကျယ်"

"ကြီးကျယ်တယ်၊ ရွာမှာ ငုတ်တုတ်ထိုင်ပြီး ထမင်းရောင်းနေ
လို့ ငါ့ဘဝရည်မှန်းချက် ပြည့်လာမှာမဟုတ်ဘူး"

"အေး၊ နင့်ဘဝရည်မှန်းချက် ပြည့်မလား၊ ဘာဖြစ်လာမလဲ
ဆိုတာ ငါတို့တစ်ရွာလုံး စောင့်ကြည့်နေတယ် ပန်ပန်"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်လေ၊ တစ်နေ့ ငါ ဒီရွာကိုပြန်လာရင် ငါလိုချင်တဲ့ အရာတစ်ခုခု ပါလာစေရမယ်၊ အေး အဲဒီတော့မှ ဟုတ်သားပဲလို့ မပြောကြနဲ့"

"အောင်မယ်လေး မပြောပေါင်ရှင်၊ နင်ပြန်လာတဲ့အခါ နင်လိုချင်တာ ပါလာမလား၊ နင် မလိုချင်တာတွေ ဖြစ်လာမလားဆိုတာ အချိန်က အဖြေပေးမှာပါဟယ်"

"ဟုတ်တယ်၊ အချိန်က အဖြေပေးမယ်၊ အဟွန်း"

ပန်ပန် မျက်နှာမော့ကာ ကျောခိုင်းခဲ့လေသည်။ အနေကတော့ နောက်ဆုံးနှုတ်ဆက်ချိန်အထိ ပန်ပန့်နှုတ်ခမ်းကိုပဲ ငေးနေတတ်ခဲ့တယ် မဟုတ်လား။

ဟောဒီနှုတ်ခမ်းဟာ ပူနွေးရှိန်းမြသော ရင်ခုန်လှုပ်ရှားဖွယ် အချစ်သင်ခန်းကို ဦးဦးဖျားဖျား သင်ကြားပေးခဲ့တဲ့ နှလုံးသားသင်္ကေတဆိုလည်း မမှားပေ။

အချစ်ကို နှလုံးသားမှာ ခံမင်ချင်ပေမယ့် အသိတရားက ပျော်ဝင်ခြင်း မရှိခဲ့ပါ။ ဒါပေမဲ့ အချစ်ကိုတော့ လွမ်းဆွတ်ခံစားရပါသည်။

အနေရယ် တစ်ချိန်ချိန်မှာတော့ ငါတို့ နှုတ်ခမ်းနှစ်စုံ နီးမှာပေါ့ ကွယ်။ လောလောဆယ်တော့ –

"ဟေ့ ပန် ... မှန်တကြည့်ကြည့်နဲ့ ဘာတွေးနေတာလဲ"

ဝင်းပပ မေးသံကြားမှ ပန်ပန် ဖျတ်ခနဲ အသိဝင်လာပါသည်။ အဝါရောင်နဲ့ ဘောင်ကွပ်ထားတဲ့ လက်ကိုင်မှန် ထောင်ကြည့်နေရာမှ





ပန်ပန် သက်မမောလေးချသည်။

"ပြောလေ ဘာတွေးနေတာလဲ"

အခန်းကျဉ်းလေးထဲ ဝင်းပပ သွက်သွက်ဝင်လာရင်း မေးပြန်သည်။ ကြည့်နေတဲ့မှန်ကို ပန်ပန် ဘေးချလေပြီး –

"ဒီလိုပဲပေါ့ ဟိုတွေးဒီတွေးနဲ့"

"အောင်မယ်လေး နောက်ကြောင်းကို ပြန်တွေးမနေပါနဲ့အေ"

"ဟုတ်ပါ့၊ နောက်ကြောင်းတွေးနေရင် ကိုယ့်ဘဝရှေ့ရေး ခြေလှမ်းဖို့ နှောင့်နှေးစေတယ် ပန်ပန်ရဲ့"

ဝင်းပပ နောက်ကပါလာတဲ့ အလှသစ် ရွှင်ရွှင်ပြုံးပြုံးလေး ပြော၏။ အပြင်က ပြန်လာကြတဲ့ ဝင်းပပတို့နှစ်ယောက်က အချိန်တိုင်း သွက်သွက်မြူးမြူးလေး ဖြစ်နေတတ်သည်။

ဘာအတွက်မှ စိတ်ဓာတ်ကျတာမျိုး၊ အားငယ်တာမျိုး မရှိသလို နောက်ကြောင်းပြန် မတွေးလောက်အောင် အသည်းမာသူများ ဖြစ်ကြသည်။

အဓိက သူတို့ရည်မှန်းချက် ပေါက်မြောက်အောင်မြင်ဖို့ကိုပဲ ရှေ့ရှုသည်။

ဝင်းပပက အောင်မြင်တဲ့ အလှဖန်တီးရှင် ဖြစ်ချင်သလို အလှသစ်က ဖက်ရှင်ဒီဇိုင်နာဖြစ်ဖို့ စိုင်းပြင်းလျက်ရှိသည်။ နှစ်ယောက်စလုံး နယ်ကချည်း။

အရင်ဆုံး ဝင်းပပ ရန်ကုန်ရောက်လာပြီး ခြေကုပ်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီး ဗျူတီပါလာမှာ အလုပ်ဝင်ကာ အနုပညာရှင်တွေနဲ့ နီးစပ်မှုရအောင် ကြိုးစားနေခြင်းဖြစ်သည်။

အလှသစ်က ကိုယ်တိုင်ဖန်တီးချုပ်လုပ်သလို အပ်ထည်တွေ လက်ခံပြီး အလုပ်အခြေခိုင်အောင် ကြိုးစားနေသူ။ ဖက်ရှင်ဆိုင်တွေနဲ့ လောလောဆယ် အဆက်အသွယ်ရကာ အခြေကျလုလုအနေသို့ တိုးတက်လာပြီးဖြစ်သည်။

ပန်ပန်က နောက်ဆုံးမှ ရောက်၏။ နှစ်ယောက်စာအခန်းလေး ငှားနေတဲ့ ဝင်းပပနဲ့ အလှသစ်က ပန်ပန်ကို လိုလိုလားလားနေစေသည်။

ဘယ်တော့မှ သူတို့နှစ်ယောက်လုံး နောက်ကြောင်းမတွေးကြပါ။

ခွင့်မပြုလို့ မိဘရိပ်က ရဲရဲကြီး ဖဲ့ခွာခဲ့တဲ့ သူတို့နှစ်ယောက် အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်ခွင့်ရမှ မိဘရင်ခွင် ပြန်သွားမယ်လို့ အဓိဋ္ဌာန်ကာ။

သူတို့ မလိုလားဆုံးက နောက်ကြောင်းပြန်တွေးတာကိုပါ။

ပန်ပန် သက်မ,ချရင်း –

“ပန်သိပါတယ်၊ ရုတ်တရက်မို့ သတိလက်လွတ် တွေးမိသွားတာပါ”

အပြင်ကပါလာတဲ့ လက်ဆွဲအိတ်တွေကို ခုတင်ပေါ် ကိုယ်စီချကြပြီး –

“အင်း တွေးမိတာသိရင် အတွေးရောက်တဲ့နေရာက ရပ်ပစ်လိုက် ပန်ပန်၊ တစ်ချိန်မှာ ပပတို့သုံးယောက် အောင်မြင်မှုရကြမယ့်





အလောင်းအလျာတွေပါ၊ အဲဒီအတွက် ကြိုးစားနေကြတယ်လေ၊ ဘယ်လောက် အားတက်စရာကောင်းလဲဟင်”

ဝင်းပပ မားမားမတ်မတ်ရပ်ပြီး ပြောလေသည်။ အလှသစ်က ပန်ပန့်ဘေး ဝင်ထိုင်လျက် ဖားလျားဖြစ်နေတဲ့ ပန်ပန့်ဆံပင်ရှည်ကို မက်မောစွာ ဖွကစားရင်း ...

“ဟုတ်တယ် ပန်ပန်ရဲ့၊ ရည်ရွယ်ချက်ပေါက်မြောက်အောင် ကြိုးစားချင်သူတိုင်းဟာ တခြားဆယ်ကျော်သက်တွေလို အချစ်အကြောင်း ဖက်တွယ်နေလို့ မဖြစ်ဘူး၊ ဖြစ်တည်နေတဲ့ သံယောဇဉ်ကို ဆုပ်ထားဖို့လည်း မလိုအပ်ဘူး၊ ဦးတည်ချက်တစ်ခုတည်းကိုပဲ တစိုက်မတ်မတ် ကြည့်ရမယ်”

“အို ဒါတွေကို ပန် သိပါတယ်”

အားတင်းကာ မာန်အပြည့်နဲ့ ပန်ပန်ပြောသည်။

“ပန် သိတယ်ဆိုရင် ဆောရီးနော်၊ ပြောမိတဲ့အတွက်”

“ရပါတယ်”

အလှသစ် ပြေရာပြေကြောင်း ပြန်ပြောတော့ ပန်ပန် မလုံမလဲ ဖော့ပြောလေသည်။

ဟုတ်တယ်၊ အလှသစ်ပြောတာ မှန်တယ်လို့ ရင်ထဲမှာ ပန်ပန် ထောက်ခံမိ၏။

ပန်ပန်ရည်ရွယ်တဲ့ဘဝ၊ လိုချင်တဲ့ အောင်မြင်မှုရဖို့ အချစ်ခံစားချက်ကို မဖက်တွယ်ချင်။ မဖြစ်ဘူး၊ ဖြစ်တည်နေတဲ့ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကို ဆွဲဆုပ်ထားဖို့ တကယ် မလို။ ဦးတည်ချက်တစ်ခုတည်းကို ပဲ အာရုံစိုက်ရမယ်။

ပန်ပန့်စိတ်ကို ပန်ပန် ပြန်တင်းလိုက်နိုင်သည်။

"ကဲ အရေးမပါတာတွေ မပြောနဲ့တော့ အလှရယ်"

ဝင်းပပက ဖျန်ဖြေတဲ့သဘောနဲ့ ဝင်ပြောသည်။

"ဟုတ်သားပဲ၊ ဆောရီး"

အလှသစ် ပခုံလေးပင့်ကာ ရယ်ရင်း စကားလမ်းကြောင်းကို လွှဲချလိုက်သည်။ ဒီတော့မှပဲ ပန်ပန် အသက်ရှူချောင်ကာ –

"ဒါနဲ့ ပန် သင်တန်း ဘယ်တော့တက်ရမှာလဲ"

"အေး ဟုတ်ပါရဲ့"

ဒီတော့မှ ဝင်းပပနဲ့ အလှသစ် သတိဝင်လာသည်။ ပန်ပန့်ကို ခုတင်မှာ ပြန်ဆွဲထိုင်စေပြီး ဝင်းပပ ဆိုသည်။

"အဲဒါပဲ ပြောမလို့ ပန်ရဲ့၊ သင်တန်းမှူးက ပန့်လျှောက်လွှာကို လက်ခံလိုက်ပြီလေ၊ နက်ဖြန် စတက်ရမှာလေ"

"ဟယ်"

ပန်ပန် တကယ် ဝမ်းသာသွားပါသည်။ အလှသစ်နဲ့ ဝင်းပပ အားရဝမ်းသာ ခေါင်းညိတ်ပြော၏။

"ဟုတ်တယ် ပန်ပန်ရဲ့၊ ပန်ပန် ရက်တွေအများကြီး စောင့်စရာ မလိုတော့ဘူး။ ပြီးတော့လေ ပန်ပန်တို့ အခုတက်မယ့် သရုပ်ဆောင်သင်တန်းသူတွေထဲက မျက်နှာသစ်တစ်ယောက်ကို ရွေးချယ်မယ်တဲ့"





"ဟုတ်လား၊ ဘာအတွက် ရွေးမှာလဲ အလှရယ်"

ပန်ပန် စိတ်လှုပ်ရှားစွာမေးလျှင် အလှသစ် အားကြိုးမာန်တက် ပြော၏။

"မင်းစည်းစိမ်ထုတ်မယ့် 'အသွင်သစ်' ရုပ်ရှင်ကားကြီးအတွက် မျက်နှာသစ်သရုပ်ဆောင်အဖြစ် ပွဲထုတ်မလို့တဲ့လေ"

"ဟော"

ပန်ပန် မဖုံးနိုင်မဖိနိုင် ဝမ်းသာသွား၏။

"တကယ်"

"တကယ်ပေါ့ဟ၊ စိတ်ချ၊ အဲဒီမျက်နှာသစ်သရုပ်ဆောင်နေရာကို ပန်ပန်ရမယ့် အလားအလာရှိတယ်၊ ကြိုးစားနော် ပန်ပန်"

"စိတ်ချ"

ဝင်းပပပြောတဲ့အတိုင်း ပန်ပန် မာန်အပြည့်နဲ့ ယုံကြည်စွာ ပြော မိလေသည်။ အလှသစ်နဲ့ ဝင်းပပကလည်း ပန်ပန့်ကို ယုံကြည်ကြပါသည်။

ပန်ပန်ရဲ့ဟန်မူယာက ထူးခြားသလို စန်းတစ်မျိုးနဲ့ တောက်ပတဲ့နိမိတ် ဆောင်နေတယ်မဟုတ်လား။

စောစောက အိပ်ရာပေါ်ချထားမိတဲ့ လက်ကိုင်ပါတဲ့ မှန်ဝိုင်းလေးကို ပန်ပန် ပြန်ဆွဲယူပြီးကြည့်သည်။

အထူးသဖြင့် ဖူးကြွစိုအိနေတဲ့ ပန်ပန့်နှုတ်ခမ်းလေးကိုပေါ့။ ခုချိန်မှာ အချစ်အကြောင်းလည်း မစဉ်းစားချင်၊ သံယောဇဉ်နဲ့ နှောင်



www.burmeseclassic.com

www.burmeseclassic.com



တွယ်နေတဲ့ အနေနှုတ်ခမ်းကိုလည်း မေ့ချင်စွာ။

ရည်ရွယ်ချက်ဆီ ဦးတည်ပြီး ပန်ပန့်နှုတ်ခမ်းလှလှလေးကို စုတုတုလေးချွန်ကာ အားပြည့်မာန်တင်းလျက်။

✿ ✿ ✿



## အခန်း (၁၃)

"ဟယ် မင်းစည်းစိမ် မဟုတ်လား၊ ကြည့်စမ်း စံစံ"

ရတနာမိုးမြင့်မေးသံ ခပ်အုပ်အုပ်ပေါ်လာသည်။ အနားမှာ ကပ်ထိုင်နေတဲ့ စံမဒ္ဒီ ချက်ချင်းကြည့်သည်။

သင်တန်းခန်းမရှေ့မှာ ထိုးဆိုက်လာတဲ့ မာစ်ဒီးကားပေါ်မှ ဆင်းလာတဲ့သူ။

ပန်ပန်လည်း ငဲ့ကြည့်မိလျှင် –

"ဟုတ်တာပေါ့ဟဲ့၊ မင်းစည်းစိမ်မှ အစစ်ပဲ"

စံမဒ္ဒီ အံ့ဩဝမ်းသာစွာပြောသည်။ သင်တန်းသားသင်တန်းသူ အားလုံးလည်း ပန်ပန့်နည်းတူ မင်းစည်းစိမ်ကို မျက်တောင်မခတ်စတမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ကြ၏။

မဂ္ဂဇင်းထဲမှာပါတဲ့ရုပ်နဲ့ အပြင်ရုပ်က တခြားစီ။ မဂ္ဂဇင်းထဲမှာ တည်တည်ငြိမ်ငြိမ်နဲ့ လူကြီးဆန်နေသည်။ အပြင်မှာတော့ တက်ကြွ ဖွံ့ ထည်နေတဲ့ ထုတ်လုပ်သူ ပီသစွာ။

မာန်အပြည့်နဲ့ အရှိန်အဝါကြီးနေသည်။

အသက်သုံးဆယ်ကျော်နေပေမယ့် ဆယ်ကျော်သက်ကောင် လေးလို လန်း၏။

လေးထောင့်ဆန်တဲ့ မျက်နှာပေါ်က မျက်လုံး၊ မျက်ခုံး အစိတ် အပိုင်းအသီးသီးက ယောကျ်ားပီသစွာ ဆွဲဆောင်မှုရှိရှိ ထင်ပေါ်ကာ စေ့စေ့ပိတ်ထားတဲ့ နှုတ်ခမ်းကြွကြွက ညှို့ဓာတ်တွေနှင့် ဆွဲငင်နေသလား အောက်မေ့ရလောက်အောင် အကြည့်တွေခွာဖို့ မေ့လျော့သွားလေပြီ။

သို့သော် အသွင်အပြင်တို့က နာမည့်နဲ့လိုက်အောင် စည်းစိမ် ဥစ္စာကြွယ်ဝိုးကြွယ်ဝနှင့် မင်းမူနေတဲ့ မာနရောင်တို့လည်း တောက်ပနေ သည်ဟု ထင်ရသည်။

မင်းစည်းစိမ်အပါး တော်တန်ရုံ အနားသီခွင့်ရဖို့ မလွယ်မှန်း မြင်တာနဲ့သိသာနေသည်။

''မင်းစည်းစိမ်ဆိုတဲ့အတိုင်း လူနဲ့နာမည်လိုက်တယ်နော်''

''လိုက်ရုံတင် မကဘူး၊ မာနကလည်း ကြီးမယ့်ပုံ''

''မာနကြီးလည်း ကြီးမှာပေါ့ဟယ်၊ သူက ထုတ်လုပ်သူလော ကမှာ ဘုရင်တစ်ဆူပဲဟာ၊ ဘယ်ထုတ်လုပ်သူမှ သူ့လောက် ငွေကြေး





အကုန်အကျခံပြီး စွန့်စွန့်စားစား မရိုက်နိုင်ဘူး၊ မျက်နှာသစ်ကို စင်တင်ဖို့ ဆိုတာ ဝေးစွ''

''ဟုတ်ပ''

သလင်းချို၊ လေဒီကျော်နဲ့ နွေဝသန်တို့ကလည်း တွတ်ထိုး ပြောဆိုနေကြလေသည်။

မင်းစည်းစိမ်ကတော့ ဘယ်သူ့ကိုမှ ဂရုတစိုက် ဖြစ်မနေ။ သင်တန်းသူတွေ သူ့အကြောင်းပြောနေကြမှာ သိပေမယ့် အလေးထား ပုံမပေါ်။

သင်တန်းခန်းမနှင့် မျက်နှာချင်းဆိုင်မှာရှိသော သင်တန်းညွှန် ခန်း၊၊ ထိုညွှန်ခန်းကို ဖြတ်ကာ သင်တန်းမှူးရုံးခန်းထဲသို့ ဝင်သွားလေ သည်။

မှန်အနက်တွေချည်းနဲ့သာ ကာရံထားတဲ့ ရုံးခန်းထဲ ဝင်ရောက် ပျောက်ကွယ်သွားသည်အထိ ပန်ပန် တိတ်ဆိတ်စွာငေးရင်း။

''သင်တန်းသူအားလုံးထဲက ဘယ်သူ့ကို ပွဲထုတ်ဖို့ မင်းစည်းစိမ် မျက်စိကျမလဲ မသိဘူးနော်''

ဂျူဂျူးသာက ရင်ခုန်စွာ ဝင်ပြော၏။

အားလုံးကလည်း ထိုအခွင့်အရေးကို မျှော်လင့်နေကြမှန်း မျက် နှာတွေပေါ်မှာ သိသာနေသည်။

''သူတို့နဲ့ နီးစပ်သူဆို ဖြစ်နိုင်တယ်ဟ''

နွေဝသန် ထင်မြင်ချက်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



စံမဒ္ဒီ ခပ်တွေတွေ စဉ်းစားလျက် –

"နီးစပ်တိုင်းသာဖြစ်မယ်ဆိုရင် သရဖူထက်ရမှာ သေချာတယ်"

စကားပိုင်းထဲဝင်မပါဘဲ ဘဝင်ခပ်မြင့်မြင့်နေလေ့ရှိတဲ့ အရှေ့ဆုံးထိုင်ခုံမှာ တစ်ယောက်တည်းထိုင်နေတဲ့ သရဖူထက်။

စံမဒ္ဒီမေးထိုးပြောတဲ့အခါ ကြားသွားဟန်တူတဲ့ သရဖူထက် မာန်ဝင့်ကာ မျက်နှာလေးခါလျက် မော့၏။

သေချာတာပေါ့လို့ သူမကိုယ်သူမ အမှတ်ပေးနေတဲ့သဘော။

သရဖူထက်က မင်းစည်းစိမ်နဲ့လက်တွဲနေတဲ့ ဒါရိုက်တာမိုးမြင့်ရဲ့ တူမတော်လေ။

နွေဝသန် ထင်မြင်ချက်အတိုင်းသာဆို သရဖူထက် ဖြစ်နိုင်ပေသည်။ ဒါကြောင့် ဖြစ်ဟန်တူသည်။ သင်တန်းစတက်တဲ့နေ့ ကတည်းက သရဖူထက်က ဘယ်သူနဲ့မှ ရောရောနှောနှော မနေ။ ဘဝင်တစ်ခွဲသားနဲ့ မော့နေခြင်းဖြစ်သည်။

"လေဒီတော့ နီးစပ်ရာကို ပွဲထုတ်မယ်လို့ မထင်ဘူး"

"ဟင် ဘာဖြစ်လို့"

သလင်းချို ဝင်မေး၏။ သရဖူထက်က ဒီလိုကျတော့ မျက်ခနဲ လှည့်ကြည့်သည်။

ဒါကို လေဒီကျော့်မြင်လျက် မမြင်ချင်ဟန်ပြုကာ သူမ ထင်တဲ့အတိုင်း ပြောလေသည်။





"ဘာဖြစ်ရမလဲ၊ စဉ်းစားကြည့်လေ၊ နီးစပ်ရာကို ပွဲထုတ်ချင်မှတော့ သင်တန်းသူ ဖိတ်ခေါ်စရာမလိုဘူး၊ ကြော်ငြာဖို့လည်း မရှိဘူး၊ သူနဲ့နီးစပ်တဲ့လူကို သူ ဆွဲထုတ်လိုက်မှာပေါ့၊ မဟုတ်ဘူးလား"

"အေး ဟုတ်သားပဲ၊ အခုက စာနယ်ဇင်းနဲ့ဘာနဲ့ တခမ်းတနား ကြော်ငြာပြီးမှ ဒီသင်တန်းဖွင့်တာ၊ သင်တန်းတက်မယ့်သူတွေနဲ့ လျှောက်လွှာတွေ သေချာစစ်ဆေးပြီးမှ ကန့်သတ်လူဦးရေနဲ့ ဒီသင်တန်းဖွင့်တာလေ၊ ဒီသင်တန်းထဲက သူတို့လိုချင်တဲ့ သရုပ်ဆောင်ပညာအရည်အချင်းနဲ့ ပြည့်စုံတဲ့ မျက်နှာသစ်ကိုပဲ ပွဲထုတ်မှာလို့ စာနယ်ဇင်းမှာ တရားဝင်ပြောတဲ့ကိစ္စ၊ ဒီတော့ အရည်အချင်းရှိတဲ့သူကို ရွေးမှာပဲ၊ နီးစပ်မှုကို အဓိကမထားဘူးလို့ ယူဆလို့ရတယ်"

ဂျူဂျူးသာကလည်း စိတ်ဝင်တစားပြောလျှင် သရဖူထက် မျက်နှာမည်းသွား၏။

"ကျစ်၊ ရှင်တို့ သရဖူကို စောင်းပြောနေကြတာ မဟုတ်လား"

ဝုန်းခနဲထရပ်ကာ အားလုံးကို လက်ညှိုးထိုးပြီး ရန်စကား စသည်။

နဂိုကတည်းက သရဖူထက်ကို ကြည့်မရဟန် တူပုံရသည်။ အားလုံးသောမျက်နှာတွေ မမှုသလိုနှင့်။

"အဟွန်း၊ စောင်းပြောစရာမလိုသလို တဲ့လည်း ပြောနေတာမဟုတ်ဘူး၊ တို့တာသာတို့ ထင်တဲ့အတိုင်း၊ မြင်တဲ့အတိုင်း အချင်းချင်း ပြောကြဆိုကြတာဟဲ့၊ ရှင်လည်း ဝါသနာပါရင် လာဝင်ပြောလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



သရဖူရဲ့ ဟင့် ဟင့်''

ရတနာမိုးမြင့်က သရုပ်ဆောင်သင်တန်းသူလို့ မပြောရဘူး။ လုပ်ထားတဲ့မျက်နှာထား ပြုံးထေ့ထေ့လေးနှင့် ထိထိမိမိလေး ပြောချ လိုက်တော့ သရဖူထက် ဒေါသထွက်ရအခက်၊ ရန်တွေ့ရအခက် ဖြစ်ကာ မျက်နှာထားကို မာန်နဲ့မော့ပစ်လိုက်၏။

''သရဖူတို့က တတွတ်တွတ်ပြောနေဖို့ ဝါသနာမပါဘူး၊ အချိန် တန်ရင် ဘယ်သူအရွေးခံရမလဲ၊ အဲဒါပဲ စောင့်ကြည့်ဖို့ စိတ်ဝင်စားတယ် ဟင့် ဟင့် ဟင့်''

မာနသံလေး ခတ်ပြီးပြောကာ နောက်ဆုံး ပန်ပန့်ကို မျက် စောင်းချိတ်ကြည့်ပြီး ထိုင်ချလိုက်တဲ့ သရဖူထက်။

ပန်ပန် အံ့ဩလို့သွားသည်။ မဆီမဆိုင် မျက်စောင်းချိတ် ကြည့်တာ ဘာသဘောပါလိမ့်။

ပန်ပန် အတွေးနဲ့ငြိမ်နေသော်လည်း အားလုံးက မေးငေါ့ကြည့် သည်။

ပန်ပန်က မေးငေါ့ပြီးမကြည့်။ ခပ်တည်တည်ပဲ ကြည့်ကာ အရွေးချယ်ခံရဖို့ သရဖူထက်ဟာ ပန်ပန့်အတွက် အဓိကပြိုင်ဘက်ဖြစ် မှန်း သဘောပေါက်သွား၏။

တိတ်ဆိတ်စွာ နားစွင့်နေတဲ့ ပန်ပန်က အားလုံးထက် အနုပညာ အရည်အသွေးသာအောင် ထုတ်ပြရမယ်လို့ ရင်ထဲ မာန်အပြည့်ထည့်ကာ တည်ငြိမ်လေးနက်စွာပဲ ပြုံးနေလိုက်သည်။





မကြာခင် သရုပ်ဆောင်အရည်အချင်းစစ်ဆေးခံရတော့မယ် မဟုတ်လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အနေရေ"

သူငယ်ချင်းတွေ လှမ်းခေါ်သံက ခရေတောတစ်လျှောက် ပျံ့နှံ့လို့လာသည်။ ပန်ပန် နောက်ဆုံးထိုင်သွားတဲ့ ခရေပင်အောက်က ထိုင်ခုံမှာ တစ်ယောက်တည်းထိုင်ရင်း ငေးနေမိတဲ့ အနေ။

အသိဝင်လာပေမယ့် သူငယ်ချင်းတွေကို လှည့်မကြည့်ဖြစ်ပါ။ ခွဲခွာခဲ့စဉ်က ခရေပွင့်ဝေနေခဲ့သည် မဟုတ်လား။

ခုတော့ အပွင့်တွေ ကုန်ခန်းသွားတဲ့ ခရေပင်ကြီးက စိမ်းစိမ်းကြီး မှောင်လို့နေသည်။

ဘာလိုလိုနဲ့ ပန်ပန် ရွာကိုစွန့်ခွာသွားတာ ခြောက်လတင်းတင်း





ပြည့်ခဲ့ပြီ။ ပန်ပန် ဘယ်မှာနေလဲ စုံစမ်းလို့မရသေးပါ။

ပန်ပန်ကိုယ်တိုင် အဆက်အသွယ်မလုပ်တော့ ပိုဆိုးတာပေါ့။ ရွယ်တူသူငယ်ချင်းတွေက ပန်ပန့်အပေါ် မကျေမနပ် ပြောကြဆိုကြ ရှိနေသလို။

လူကြီးသူမတွေက ကရုဏာသောသောနဲ့ စုပြောဆိုကာ စိုးရိမ်နေကြသည်။

အမေနဲ့အဖေကတော့ –

"တားမရလို့သာ ခွင့်ပြုပေးလိုက်ရတာ ကိုငွေခဲရယ်"

"တားရင်လည်း ပန်ပန် နေမတဲ့လား မြရှင်"

အမေ ခေါင်းယမ်းလေသည်။ အဖေက သက်မ,ချကာ ဆေးပေါ့လိပ်သာ တွင်တွင်ဖွာလျက်။ ရင်ထဲမှာ စိုးရိမ်မီးတောက်နေရှာသည်။

အဖေနဲ့အမေရဲ့ ရင်ထဲမီးတောက်ကို နေ့စဉ်နဲ့အမျှ မြင်နေရတဲ့ အနေတော့်ရင်ထဲ တကယ်မကောင်းနိုင်ပါ။

ဘာပဲဖြစ်ဖြစ်ပေါ့ သွားတာသွားပြီပဲ။ ဘယ်သူမှ တားမရလို့ မတားခဲ့ပေမယ့် အကျိုးအကြောင်းတော့ ဆက်သွယ်ဖို့ မကောင်းဘူးလား။

ဘယ်မှာနေလဲ၊ ဘာလုပ်နေပြီလဲဆိုတာကိုပန်ပန်က မဆက်သွယ်တော့ ဘာသတင်းမျှ မရပေ။

အနေတို့သားအမိ စုံစမ်းပါသေးသည်။

တစ်လတုန်းက ဦးအုန်းစိန် ရန်ကုန် ဆေးကုတက်စဉ်ကပါ။ ရွာကလူတွေ ရန်ကုန်တက်ရင် တည်းနေခိုနေကျ သီလဘဏ်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကို ပန်ပန်မရောက်ဘူးတဲ့။ ဆရာတော်က ပြောသည်။

ဆရာတော့်ကျောင်းကို ရောက်ရင်တော့ ရှေ့ဆက်စုံစမ်းဖို့ လမ်းစ ပေါ်မယ်မဟုတ်လား။ ထွက်သွားကတည်းက အနေ စိတ်မချပါ။ ရန်ကုန်အရောက် လိုက်ပို့မယ်ပြောတော့ ကက်ကက်လန်ငြင်းတဲ့ ပန်ပန်။

"ပန့်ဘာသာပန် သွားမယ်၊ ရတယ်၊ ဘယ်သူမှ လိုက်ပို့စရာ မလိုဘူး၊ ပန့်သူငယ်ချင်းတွေနဲ့ ချိတ်ဆက်ထားပြီးသား"

လို့ ပြောရုံမက လဆန်းဆယ်ရက်နေ့သွားမယ်ပြောပြီး ကိုးရက်နေ့မနက်ကတည်းက ထွက်သွားတာ ဘယ်သူမှ သိခွင့်မရလိုက်ပါ။

အဖေနဲ့အမေခမျာ စိတ်ပူပန်ပြီး ရွာပြင်ရှိ သဘော်ဆိပ်၊ သဘော်ဆိပ်ကတစ်ဆင့် မြို့ထဲကားဂိတ်၊ မြို့ထဲကားဂိတ်မှ အဝေးပြေး (ရန်ကုန်) ကားလက်မှတ်အရောင်းဌာနတွေ တစ်ခုမကျန် စုံစမ်းခဲ့တာ မောမှန်းပန်းမှန်း မသိပါ။

နောက်ဆုံး PTT Express ကားနဲ့ ရန်ကုန်တက်သွားတာ သိလိုက်ရသည်။ ဒါတောင် အဖေနဲ့အမေက စိတ်မလျှော့ပါ။

သီလဘဏ်ဆရာတော်ဆီ ချက်ချင်းဖုန်းဆက် အကြောင်းကြား၏။ ပန်ပန်ရောက်လာရင် ကြည့်ရှုစောင့်ရှောက်ထားဖို့နဲ့ လိုအပ်တာတွေ မှာကြားဖို့ပါ။

ဆရာတော်က ပန်ပန်ရောက်မလာဘူး အကြောင်းပြန်ကတည်းက အမေနဲ့အဖေ ပို၍ရင်လေးကာ နေ့တိုင်း စိုးရိမ်စကားတွေနဲ့ ပန်ပန့်ကို သတိတရ ပြောနေကြတဲ့အဖြစ်။





အနေလည်း ဘာထူးလဲ။ ရန်ကုန်မှာရှိနေတဲ့ သခွပ်နီရဲ့ ဒေါ်လေးကတစ်ဆင့် လက်လှမ်းမီသမျှ စုံစမ်းခဲ့တယ်။ အထူးသဖြင့် အနုပညာအသိုင်းအဝိုင်းနဲ့ နီးစပ်ရာကိုပါ။

သခွပ်နီရဲ့ဒေါ်လေးက သာမန်လူ၊ အနုပညာအသိုင်းအဝိုင်းနဲ့ အဆက်အစပ်မရှိပါ။ ဒါကြောင့်လည်း ပန်ပန့်သတင်း အလွယ်တကူ စုံစမ်းလို့မရ ဖြစ်၏။

သို့သော် အနေ စိတ်မလျှော့ချင်သေးပါ။ ကိုယ်တိုင် ရန်ကုန်တက်ပြီး ရှာချင်သေးသည်။ ခက်တာက အမေဟာ အခုတစ်လော ချူချာလွန်းသဖြင့် အရင်လိုလည်း သွက်လက်မြူးကြွနေခြင်း မရှိတော့ပါ။

ပန်ပန့်အကြောင်းသာတွေးရင်း စဉ်းစားရင်း ဝမ်းနည်းကာ မျက်ရည်ကျလို့ နေသည်။

အားလုံးက အမေ့ကို ဖျောင်းဖျပေမယ့် အမေ့စိတ်က တင်းမာမလာ။ ပန်ပန့်အပေါ် အမေ ထိုမျှအထိ ချစ်လေသည်။

အမေ ချူချာနေတော့ အနေ စိတ်မချနိုင်။ ပြီးတော့ အဖေ့အလုပ်တွေလည်း အနေ ဝိုင်းကူနေရသလို အမေ့ဆန္ဒအတိုင်း ကျောင်းဆက်တက်နေရသည်။

အခုဆို သင်္ချာအဓိကနဲ့ ပထမနှစ်စာမေးပွဲ ဖြေပြီးပြီဖြစ်သည်။ ပန်ပန်ကော ကျောင်းနေရရဲ့လား။ ဘာလား။ ဘယ်လိုတွေ ရပ်တည်နေလဲ။ လွတ်လပ်စွာ တွေးလိုပါသည်။ ခုတော့ တွေးနေခွင့် သိပ်မသာ။

"မင်းက ဒီမှာ လာငေါင်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဇ အနားရောက်လာသည်။

"ဝေါင်နေတာတော့ မဖြစ်နိုင်ဘူး၊ ဆွေးနေတာပဲ ဖြစ်မယ်၊ ဟုတ်တယ်နော် အနေ"

ဆွေယမင်း ရယ်ရယ်မောမော ပြောလေသည်။ အားလုံးကိုယ်စီ စက်ဘီးတွေနဲ့မို့ ဘယ်သူမှ ခုံမှာမထိုင်ကြပေ၊ ရပ်နေဆဲ။

အနေ ဘာမှပြန်မပြော။ ထိုင်နေရာမှ ထလေသည်။ စက်ဘီး ထောင့်ဖြုတ်ပြီး နင်းထွက်သွားမလိုပြင်တော့ –

"ဒါက ဘာဖြစ်တာလဲ အနေ"

သခွပ်နီ ပြောရင်း စက်ဘီးကယ်ရီခုံကို ဆွဲထား၏။ အရင်က နဲ့စာရင် သခွပ်နီ အနေ့အပေါ် ပို၍ဂရုတစိုက်ရှိလာတာ သတိထားမိသည်။ ဒါကြောင့် စက်ဘီးနင်းထွက်မသွားဘဲ –

"ဘာမှမဖြစ်ပါဘူးဟာ"

"ဟွန်း၊ မဖြစ်ဘူးတဲ့၊ ယုံချင်စရာလား၊ နင် ဘာဖြစ်နေလဲ ဆိုတာ ငါတို့သိတယ် အနေရဲ့၊ ပန်ပန့်သတင်း ဘာမှမကြားရလို့ မျောက် မှိုင်မှိုင်နေတာ၊ မသိရင် ခက်မယ်"

သခွပ်နီ ပြောသမျှ ခေါင်းငုံ့နေလိုက်သည်။ ပြောပါစေတော့။ သူငယ်ချင်းအားလုံး ပန်ပန့်ကို မကျေနပ်ကြပါ။ ဒါတင်မက ပန်ပန့်ကို မမေ့နိုင်သေးတဲ့ အနေ့ကိုလည်း မကျေနပ်ဟန်တူသည်။

"သိရင်လည်း ပြီးရောဟာ"

"မပြီးဘူးဟဲ့"





"ဘယ်လို"

ဆွေယမင်းကို အနေ ငဲ့ကြည့်သည်။ သူငယ်ချင်းအားလုံး စက်ဘီးကိုယ်စီနဲ့ အနေ့နား ဝိုင်းအုံလာသည်။

အနီးကပ်ဆုံးရောက်လာတဲ့ ထွန်းဇက လက်တစ်ဖက်နဲ့ အနေ့ ပခုံးကို ဆုပ်ကိုင်၏။

"ဟုတ်တယ်၊ မင်း ဝေါင်နေတာ သိသိကြီးနဲ့ ငါတို့ကောင်တွေ လျစ်လျူရှုနေနိုင်မတဲ့လား။ သခွပ်နီက မင်းစိတ်ချမ်းသာရင် ပြီးရောဆိုပြီး လိုက်စုံစမ်းတယ် မဟုတ်လား၊ အခု ပန်ပန့်သတင်း ရလာလို့"

"ဘာ ပန်ပန့်သတင်း၊ ပန်ပန် ဘယ်မှာလဲ၊ ဘာလုပ်နေတယ် တဲ့လဲ၊ ကျောင်းကော တက်နေလား"

ထွန်းဇစကားအဆုံးမှာ အနေ့ရင်ထဲက စကားလုံးတွေ ခုန် ထွက်လေသည်။

"အောင်မယ် ခုမှ ကြည့်ပါလား"

သခွပ်နီက ရယ်မဲ့မဲ့နဲ့ မျက်စောင်းထိုးပြော၏။

"ဒီလောက်လည်း ဝမ်းသာမနေနဲ့၊ ပန်ပန့်သတင်းက ကောင်း သတင်းတော့ မဟုတ်ဘူးဟ"

ဆွေယမင်း ပက်ခနဲပြောလျှင် အနေ မျက်နှာညှိုးသွားသည်။

"သိချင်ရင် လိုက်ခဲ့၊ စမ်းချောင်းဘက်သွားကြမယ်"

ဖုံမင်းက သူ့ကျောပိုးအိတ်ထဲက ဂျာနယ်တွေနဲ့ မဂ္ဂဇင်းတစ် အုပ် ဆွဲထုတ်ပြပြီးပြောကာ ရှေ့ကနေ စက်ဘီးနင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာကွာ"

ထွန်းကေလည်း စက်ဘီးစီးထွက်သွားပြန်သည်။ သခွပ်နီနှ ဆွေယမင်းလည်း ထိုနည်းတူ။

အားလုံးကိုယ်စီ စက်ဘီးတွေနင်းပြီး ထွက်သွားတော့ အနေ တော် ခေါင်းတစ်ချက် ယမ်းမိလေသည်။

ကောင်းသတင်းမဟုတ်ဘူးတဲ့။ ဘာတွေလဲ ပန်ပန်ရယ်။

နင့်သတင်းဟာ ပန်းတွေမပွင့်နိုင်သေးတဲ့ ပေါဘီခရေပင်တွေ လို စိမ်းမှောင်နေပြီလား။

✿ ✿ ✿



## အခန်း (၁၅)

တောတန်းတစ်လျှောက် ခွေပတ်လာတဲ့ စမ်းချောင်းကြီးက တသောသော စီးမြဲစီးနေဆဲဖြစ်သည်။

စမ်းချောင်းတစ်လျှောက်မှာ ရေကစားသူများ ဟိုနားဒီနား ရှိနေသည်။ ရောက်နံဘက်ဆီမှ ကလေးများ အုပ်စုလိုက် ရေကူးနေသံများ ညံလျက်။

အပန်းဖြေ ပျော်ပွဲစားထွက်လာသူတွေက ခပ်ဝေးဝေးမှ ရေ တံခွန်ကို ငေးမောကြကာ စားကြသောက်ကြနှင့်။

စမ်းချောင်းတစ်လျှောက် တောတန်းတစ်ခုလုံး သက်ဝင်လျက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ အနေတို့ ငယ်ငယ်ကတည်းက ပြေးလွှားဆော့ကစားနေကျ နေရာ။ ရေသဖန်းပင်နားက မြက်ခင်းပေါ် အားလုံး စက်ဘီးကိုယ်စီ ထိုးရပ်လေသည်။

သခွပ်နီက ဖံမင်းကျောပိုးအိတ်ထဲရှိ မဂ္ဂဇင်းစာအုပ်နဲ့ ဂျာနယ်လေးငါးစောင် ဆွဲယူပြီး အနေ့ကို ကမ်းပေးသည်။

ဆွေယမင်းက ပါလာတဲ့ မုန့်နဲ့အချိုရည်ဘူးတွေ ချကာ စားသောက်ဝိုင်းလေး မြက်ခင်းပေါ်ခင်းကျင်းကာ။

အနေက သခွပ်နီလက်ထဲက မဂ္ဂဇင်းနဲ့စာစောင်များကို ဆွဲယူပြီးသည်နှင့် သူငယ်ချင်းအုပ်စုထဲက ဖဲ့ထွက်ခဲ့သည်။

သူငယ်ချင်းတွေ ဘယ်သူမှ မတားကြပါ။ ဝိုင်းဖွဲ့စားသောက်နေပေမယ့် အနေ့ကိုတော့ မျက်ခြည်မပြတ်ပါ။

အထူးသဖြင့် သခွပ်နီက ပို၍သတိထားကာ အနေ့ကို ဂရုတစိုက်ငဲ့ကြည့်ရှာသည်။ ချောင်းရေစပ်နားရှိ ကျောက်တုံးကြီးပေါ် အနေ ဝင်ထိုင်လေမှ သက်မ,ချကာ အကြည့်လွှဲလေသည်။

မဂ္ဂဇင်းတစ်မျက်နှာအပြည့်ရိုက်ထားတဲ့ ပန်ပန်ရဲ့ အလှဓာတ်ပုံ။ ဒူးထောက်ထိုင်ကာ ကိုယ်ဟန်လေးနွဲ့ထားတဲ့ပုံ။ ရင်ရှေ့မှာ ဆံပင်တစ်ဖက်တည်း စုစည်း၍ ရှေ့ချထားပြီး ငဲ့စောင်းစောင်းလေး ပြုံးရယ်နေပုံဟာ တကယ်အသက်ဝင်၏။

အလှဖန်တီးရှင် အစွမ်းကုန်လက်စွမ်းပြတဲ့အတိုင်း မျက်နှာအစိတ်အပိုင်းအသီးသီးပေါ်မှာ ကာလာစုံလျက်။





ဖက်စိမ်းရောင်ဝတ်စုံကြောင့် နဂိုကတည်းက အသားအရေလှတဲ့ ပန်ပန်ဟာ မိတ်ကပ်နဲ့မီးရောင်ကြောင့် ဖောက်ပကာ အကြည့်တွေစာတ်လိုက်ကာ ကပ်ငြိသွားစေသည်အထိ ဆွဲအားပါနေသည်။

သင်တန်းသူအားလုံးရဲ့ အလှဓာတ်ပုံတွေထဲမှာ ပန်ပန့်ပုံက အလှသွေးအကြွဆုံးဖြစ်သည်။

ပန်ပန့်အလှပုံ ကြည့်ရင်း အနေ ရင်မောလို့သွားသည်။ မဂ္ဂဇင်းထဲမှာ ပန်ပန်တို့ သင်တန်းသူတွေအကြောင်း နာမည်မိတ်ဆက်မှုသာပါသည်။

ဂျာနယ်မှာက –

"ဖူဖူက အသွင်သစ်ရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်သူ ဦးစည်း (မင်းစည်းစိမ်) နဲ့ နီးစပ်တယ်ဆိုပေမယ့် အခွင့်အရေးရယူဖို့ ချောင်းမြောင်းနေတာမျိုး မရှိပါဘူး"

"သရဖူထက် ဆိုချင်တာက အခွင့်အရေး ချောင်းမြောင်းနေတဲ့ သင်တန်းသူ ရှိနေတယ်၊ အဲလိုလား"

"အဟင့် သိပ်ဟုတ်တာပေါ့"

"ဘယ်သူများလဲ ခင်ဗျာ"

"အို ဒါကတော့ နာမည်ထုတ်ပြောနေစရာမလိုဘူး၊ တောကတက်လာပြီး ဘဝင်မြင့်မြင့်နဲ့ တိတ်ဆိတ်နေလေ့ရှိတဲ့ သင်တန်းသူလေ"

"အဲဒီသင်တန်းသူက ဘယ်လိုအခွင့်အရေးမျိုး ချောင်းနေတယ်လို့ သရဖူထက် ထင်ပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ရှင် တွေးကြည့်စရာတောင် မလိုဘူး၊ လှတာတစ်ခု တည်းရှိတဲ့ မိန်းကလေးက သူလိုချင်တဲ့အခွင့်အရေးကို အဲဒီအလှနဲ့ ရင်းပြီး ရယူဖို့လေ"

"အဲဒီသင်တန်းသူက အခွင့်အရေးရအောင် ဘယ်အထိရင်းပြီး ယူနိုင်မလဲ၊ သရုပ်ထက်က ညစာစားရင်း ချိန်းတွေ့ပြီးပြီလို့ ဆိုတယ် မဟုတ်လား"

"အဟင့် ညစာစားဖို့ ချိန်းတွေ့တယ်ဆိုတာက စကားအဖြစ် ပါ၊ တကယ်တော့ အခွင့်အရေးရဖို့ တစ်ခုခုရင်းတယ်ဆိုတာ သိသာ နေတယ်လေ၊ ဟင့် ဟင့် ဟင့်"

ကျွတ်။ ဂျာနယ်ထဲကအကြောင်းအရာတွေကို အနေ ဆက် မဖတ်ချင်တော့ပါ။ ချက်ချင်းပိတ်ပစ်လိုက်သည်က ရင်ထဲမှာခံပြင်းစွာ။

ပန်ပန့်ရဲ့စိတ်ကို အံ့ဩလို့ဖြစ်သည်။ ဂျာနယ်ထဲက သရုပ် ထက်ရဲ့ အင်တာဗျူးထဲမှာပါတဲ့ သင်တန်းသူက ပန်ပန်ကလွဲပြီး တခြား မဖြစ်နိုင်ပေ။

ဂျာနယ်အစောင်တိုင်းမှာလည်း ပန်ပန်ရဲ့သတင်းက အကောင်း မပါပေ။

"ဟုတ်တယ်၊ အဲဒီသင်တန်းသူက အခွင့်အရေးရအောင် ယူဖို့ ချိန်နေတာပါ၊ သင်တန်းသူအားလုံးထဲမှာ မူယာမာယာအများဆုံးပဲ၊ ပန် လေးက အေးသလိုဘာသလိုနဲ့ ထုတ်လုပ်သူနဲ့ငြိရင် အဲ ဆောရီး ဆော ရီး"





သင်တန်းသူတွေ တစ်ယောက်တစ်မျိုး ဂျာနယ်ထဲပါအောင် ပြောကြတာက နာမည်မဖော်ထားပေမယ့် ပန်ပန်ဆိုတာ ထင်ရှားနေ ပေသည်။

"ပန်ပန်က မဖြစ်ဖြစ်အောင် ကြိုးစားသွားမယ်"

လို့ ဂျာနယ်တစ်စောင်မှာ ဖွင့်ဟကြေညာသွားခဲ့သည် မဟုတ် လား။

ထိုကြေညာချက်တွေနောက်မှာ ပေါ်ထွက်လာတဲ့ သတင်း တွေက ဤသို့ဖြစ်နေသည်က မကောင်းတဲ့သဘော ဆောင်နေတယ်လေ။

ဒါကြောင့် ဆွေယမင်း ကြိုပြောတာဖြစ်မယ်။ ပန်ပန့်သတင်း ကတော့ ကောင်းသတင်းတော့ မဟုတ်ဘူးတဲ့။

ဆွေယမင်းပြောတဲ့အတိုင်း ဂျာနယ်ထဲကသတင်းတွေ ထို သဘောဆောင်နေသည်။ ဒီသတင်းကိုသာ အဖေနဲ့အမေ သိရင် –

ဟင့်အင်း။ အနေ ခေါင်းယမ်းကာ လေပူတစ်ချက်မှုတ်ထုတ် ၏။ အဖေနဲ့အမေ သိလို့မဖြစ်သေးပါဘူး။

"ဂျာနယ်ထဲကသတင်းက အဲသလိုတွေချည်း ဖြစ်နေတယ် အနေ၊ ဒါပေမဲ့ သခွပ်တော့ အဲသလိုပဲလို့ မယူဆချင်ဘူး၊ အနုပညာသည် တွေရဲ့သတင်းက ကောလာဟလတွေများသလို ပြိုင်ဘက်အချင်းချင်း သွားပုပ်လေလွင့် ပြောတာမျိုး ဖြစ်နေမှာပဲ"

ပန်ပန့်အပေါ် အကောင်းမြင်ဝါဒနဲ့ ပြောလာတဲ့ သခွပ်နီကို အနေတော် အံ့ဩစွာ ငေးကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်အိမ်ကျယ်သယောင်နဲ့ တောက်ပနေလေ့ရှိတဲ့ သခွပ်မျက်ဝန်းကလည်း မျက်အိမ်လှပသော ပန်ပန့်မျက်ဝန်းလိုပဲ ဆွဲဆောင်မှု ရှိနေ၏။

နဂိုအတိုင်းရှိတဲ့ မျက်ခုံးက ရိတ်သိမ်းပုံသွင်းမထားပေမယ့် ကြည့်လို့ကောင်းသလို ဝိုင်းလုလုရှိတဲ့မျက်နှာက စီးဆင်းနေတဲ့ စမ်း ရေလို ကြည်လင်လှသည်။ ပန်ပန့်လို အရမ်းမလှပေမယ့် ရုပ်မဆိုး သလို၊ ကိုယ်လုံးလှနေတာကြောင့် ဘယ်ဘက်ကကြည့်ကြည့် စိတ်ဝင်စား စရာကောင်းနေမှန်း အနေ အခုမှသတိထားကြည့်လျက်။

အနေ့အပေါ် ပန်ပန် မလိုက်လျောသဖြင့် ကက်ကက်လန် ဖြစ်နေခဲ့သည်ကလည်း သခွပ်နီပဲဖြစ်သည်။

အနေ့ကို ပြောဆိုဖျောင်းဖျလို့မရတဲ့အဆုံး အနေ့သဘော အတိုင်း ပန်ပန့်ကို အကောင်းမြင်ပြီး ပြောဆိုလာတာကလည်း သခွပ်နီ

ဒါကြောင့် အံ့ဩစွာငေးကြည့်မိသွားတဲ့အခါ သခွပ်နီနဲ့ မျက်ဝန်း ချင်းလည်း ဆုံလေသည်။

"ဒီလိုပြောမိလို့ ငါ့စိတ်ကို နင်အံ့ဩနေတာလား အနေ"

သခွပ်နီ မလုံမလဲပြောလေသည်။ အနေတော် အမှန်အတိုင်း ခေါင်းညိတ်လျှင် -

"ဟုတ်တယ်လေ၊ ပန်ပန့်အပေါ် နင် အကောင်းမြင်လာတာ အံ့ဩလို့ပါ"

"မအံ့ဩပါနဲ့ဟာ၊ နင်က ဒီလိုမြင်စေချင်မှတော့ ငါလည်း





နင့်လိုပဲ မြင်ပေးရမှာပေါ့"

"ဘယ်လို"

အနေ နားမလည်နိုင်သလို ပို၍လည်း စိုက်ကြည့်မိသည်။ အနေ့အကြည့်ကို သခွပ်နီ ဦးစွာရှောင်လွှဲပြီး -

"ဟုတ်တယ်လေ၊ လူတိုင်းက လျှောက်တဲ့လမ်းကြောင်းချင်း မတူဘူး မဟုတ်လား၊ ကိုယ်နဲ့မတူတိုင်း ကိုယ့်အမြင်နဲ့ကိုယ် အနား သတ်နေလို့ မရဘူးလေ၊ ငါတို့က ပန်ပန့်ကို ရွာမှာပဲ ရှိစေချင်တယ်၊ ပန်ပန်က ခုန်ထွက်သွားတယ်၊ သူ့အယူအဆနဲ့သူ စွန့်စားသွားတာ၊ အယူအဆချင်းမတူတိုင်း ထိပါးပြောနေလို့ ဘာမှမထူးဘူး၊ အမုန်းပွား တာပဲ အဖတ်တင်မယ်၊ သူလျှောက်တဲ့လမ်းကိုကြည့်ပြီး သူ့အတွက် ဝင်တွေးပေးလိုက်တာ အကောင်းဆုံးပဲ၊ နင့်လိုပေါ့၊ သူငယ်ချင်းကောင်း ပီသစွာ တွေးပေးလိုက်တာ အကောင်းဆုံးပဲလို့ သခွပ်ထင်တယ်"

"သခွပ်ရယ်"

ပထမဦးဆုံးအကြိမ် သခွပ်နီရဲ့စိတ်အပြောင်းအလဲကို အနေ သဘောတွေ့လေသည်။

မြက်ခင်းဆီမှာ ဝိုင်းဖွဲ့ကနေတဲ့ ဆွေယမင်း၊ ထွန်းဒေနဲ့ မင်းဇံ တို့က ပန်ပန့်အတွက် ဖြစ်တည်နေတဲ့ အနေ့စိတ်ကို သခွပ်နီ ဝင်ထိန်းပေး နိုင်မယ်လို့ ယူဆကာ အကဲခတ်လှမ်းကြည့်နေကြသည်။

သခွပ်နီနဲ့အနေက သူငယ်ချင်းတွေကို လှည့်မကြည့်ပါ။ သခွပ်နီ ပြောစရာရှိတာ ပြောလိုက်သည်။ အနေကလည်း ကျေနပ်သွားကာ မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာလေး ကြည့်လာသည်။

စမ်းရေစပ်နားက ကျောက်တုံးကြီးမှာ ထိုင်ချလိုက်တဲ့ သခွပ်နီ အပါး အနေ ရွှေ့လာခဲ့သည်။

ခြေဖျားကလေးနဲ့ စမ်းရေကို လှုပ်ကစားနေတဲ့ သခွပ်နီအပါး မှာ အနေထိုင်ချပြီး –

"ပန်းပန်နဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်ဟာ"

"မလိုပါဘူး။ ဘာပဲဖြစ်ဖြစ် ဂျာနယ်မှာပါတဲ့ ပန်းပန်နဲ့သတင်းက မကောင်းတဲ့ဘက် ရောက်နေတာအမှန်ပဲ၊ အဲဒီအတွက် သခွပ်လည်း စိုးရိမ်တယ်၊ နင်ကော အနေ"

"စိုးရိမ်တာပေါ့ဟာ၊ ဒီသတင်းသာ အမေနဲ့အဖေသိရင် ပိုပြီး စိတ်ထိခိုက်နိုင်တယ်၊ ငါတော့ ပန်းပန်နဲ့ကို လိုက်တွေ့ချင်တယ်"

"နင့်သဘောလေ၊ နင်သွားရင် သခွပ်လည်းလိုက်မယ်၊ သခွပ် ပါတော့ ဒေါ်လေးတို့အိမ်မှာ နင်တည်းလို့ရမယ်၊ ဘာမှလည်း အားနာစရာ မလိုဘူး၊ သခွပ်လည်း ပန်းပန်နဲ့ကို တွေ့လို့ရသွားတာပေါ့။ မဟုတ်ဘူးလား"

"အင်း"

အနေ စိတ်မှာ တအားတက်သွားသည်။

"နင် ဘယ်နေ့သွားချင်လဲ"

အနေ့သဘောကို ဦးစားပေးပြီး မေးလိုက်တဲ့ သခွပ်နီ၊ အနေ့ ရင်ထဲမှ လေပြည်ညင်းပွတ်တိုက်ခံရသလို ကြည်သာရွှင်လန်းသွားပါသည်။

စမ်းရေစီးသံလို သာယာနာပျော်ဖွယ်ကောင်းစွာ။





"အမေ့ကိုပြောပြီး မနက်ဖြန် ဒါမှမဟုတ် သန်ဘက်ခါ သွားကြတာပေါ့"

"အိုကေလေ"

သခွပ်နီ စိတ်အားထက်သန်စွာပြောပြီး ကျောက်တုံးပေါ် ထိုင် နေရာမှ သူငယ်ချင်းတွေဆီ ထထွက်သွားလေသည်။

သခွပ်နီကို အနေ လည်ပြန်ငဲ့ကြည့်ရင်း ပန်းပန်ပါတဲ့ မဂ္ဂဇင်း နဲ့ ဂျာနယ်တွေ ရင်မှာပိုက်ထွေးကာ ကျေးဇူးအထပ်ထပ်တင်လျက်။

စမ်းချောင်းလေးက အလိုက်အထိုက် စီးဆင်းနေသလို သခွပ်နီ ဟာလည်း အနေ့အတွက် အလိုက်သင့် စီးဆင်းနေလေပြီ

အဲဒါ ဘာကြောင့်လဲ။

အနေ့ရင်ထဲက အသံတိတ်မေးရင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

''တောက်၊ လုံးဝမကျေနပ်ဘူး''

ဂျာနယ်ဖတ်နေရာမှ ပန်ပန် ဝုန်းဒိုင်းပြောလေသည်။ မကျေနပ်သံနဲ့ ကျယ်လောင်နေတဲ့ ပန်ပန့်ကို ကွန်ပျူတာမှာ ဒီဖိုင်းရေးဆွဲနေရာမှ အလှသစ် လှမ်းကြည့်ပြီး -

''ဘာကို မကျေနပ်ရတာလဲ ပန်ရယ်''

''အေးဟယ် ချက်ချင်းကြီး''

ဝင်းပပ ကတ်တလောက်ကြည့်နေရာမှ တစ်ဆက်တည်း ဝင်ပြောပြန်သည်။

''ချက်ချင်းကြီးပေါ့၊ ဒီမှာကြည့်စမ်းပါဦး၊ ဂျာနယ်စာမျက်နှာ





ပေါ်မှာ ပန့်ကို ပြောထားဆိုထားကြတာလေ၊ ဖတ်ကြည့်ပါဦး ရှင်တို့ရယ်၊ သည်းခံချင်စရာလားလို့''

ဂျာနယ်ကို ဝင်းပပနဲ့ အလှသစ်လက်ထဲ ထည့်ပေးရင်း ပန်ပန် ဆိုချေသည်။ ပန်ပန် လက်ညှိုးနဲ့ထောက်ပြတဲ့ စာမျက်နှာအလယ်က ကော်လံကို ခေါင်းချင်းဆိုင်ကြည့်ပြီး ဝင်းပပနဲ့အလှသစ် ရယ်မောလေသည်။

''ဘာရယ်တာလဲဟ''

ပန်ပန် မျက်မှောင်ကြုတ်ကြည့်ပြီးမေးတော့ ဝင်းပပ ရယ်ရှိန် ရပ်ရင်း -

''ပန်ရယ်၊ ဒီအတွက်များ မကျေမနပ်ဖြစ်ရတယ်လို့''

''ဟင် မဖြစ်စရာလား ပပရဲ့၊ သူတို့ပြောပုံက ကြည့်ပါလား၊ ပန်ပန် ဘယ်အဆင့် ရောက်သွားသလဲ''

အလှသစ် ကွန်ပျူတာရှေ့က ထပြီး ပန်ပန့်ကို လာဖက်၏။ ပန်ပန် ငဲ့ကြည့်လျှင် -

''ဒီမှာ ပြောပြမယ်၊ နားထောင်ဦး ပန်ပန်''

အလှသစ် အတွေ့အကြုံများစွာကို သိနှင့်သလို လေသံနဲ့ပြောသည်။ ဝင်းပပကလည်း အလှသစ်နဲ့ တစ်သဘောတည်း ဖြစ်နေတဲ့ အမြင်မျိုးနဲ့ ခေါင်းဆတ်၏။ နှစ်ယောက်အလယ်မှာ ပန်ပန့်ကို ထိုင်စေသည်။

ပန်ပန် ဘာကိုမှ နားမလည်နိုင်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်စိတ်နဲ့ မျက်နှာထားတင်းနေဆဲ။

"ဘာလဲဟာ"

"ပန်ပန်ရယ်၊ စိတ်လိုက်မာန်ပါ ဘာမှမလုပ်နဲ့"

"ဘယ်လို"

"ဩော် ပန်ပန်ရယ်၊ သရဖူထက် မနာလိုလို့ပြောတာဇလေ၊ ပြောပါလေ့စေ့"

"ဟ ပြောပုံကြီးက ကြည့်လေ၊ မင်းစည်းစိမ်နဲ့ ပန်ပန် ဘာလိုလိုဖြစ်အောင် ပြောသွားတာ၊ သက်သက်မဲ့ ပန့်ကိုယ်ကျင့်သိက္ခာကို စော်ကားတာ၊ အရှက်ခွဲတာ၊ ဒါကို ငြိမ်ခံနေလို့ ရမလား အလှရဲ့"

"ငြိမ်ငြိမ်လေးခံယူလိုက်တာ အကောင်းဆုံးပဲ"

"ဘာ"

ပန်ပန် လန့်ဖျပ်ကာ ဝုန်းခနဲ ထရပ်မိလေသည်။ ဝင်းပပနဲ့ အလှသစ်က တုံးရန်ကောဆိုတဲ့မျက်ဝန်းမျိုးနဲ့ စောင့်ကြည့်သလို ပန်ပန့် လက်တစ်ဖက်တစ်ချက်စီကိုလည်း ဆွဲ၏။

"ထိုင်ပါဦး ပန်ပန်ရဲ့"

"ပပတို့ပြောတာ နားထောင်ဦး"

ပန်ပန် ကိုယ်ကို တောင့်မတ်ထားလို့မရတော့ပါ။ ဆွဲတာ အားနဲ့မို့ မထိုင်ချင်ဘဲ ထိုင်ချလိုက်ရသည်။

"ဒီမှာ သေချာနားထောင်ဦး ပန်ပန်၊ အနုပညာလောကမှာ ဒီလိုသတင်းတွေက မဆန်းတော့ဘူး၊ ပြီးတော့ အဲဒီသတင်းမျိုး ထွက်





တာ ပိုတောင် ဝမ်းသာစရာဟဲ့"

"ဘာလို အလှ"

"ဟုတ်တယ်လေ၊ အဲဒီသတင်းကြောင့် အသွင်သစ် ရုပ်ရှင်သင်တန်းက သရုပ်ဆောင်သင်တန်းသူ 'ပန်တော်ဦး'ဆိုတာ မီဒီယာအားလုံး သတိထားမိသွားပြီ မဟုတ်လား"

"ဟင်"

ပန်ပန် အံ့ဩကာ အလှသစ်နဲ့ ဝင်းပပကို အပြန်ပြန်အလှန်လှန် ကြည့်မိသွားသည်။

ဘာရည်ရွယ်ချက်နဲ့ ပြောနေတာလဲ။ သရဖူထက်အပြောက ပန်ပန့်ကိုယ်ကျင့်သိက္ခာနဲ့ စာရိတ္တကို စော်ကားတာလေ။ ဒါကို စော်ကားတယ်လို့ မမြင်ကြတဲ့ ပပနဲ့အလှသစ်။

ပန်ပန် နားလည်ရ တကယ်ခက်လေပြီ။

"ပန်ပန်ရယ် သရဖူထက်ဖွတဲ့သတင်းက ပန်ပန့်အောင်မြင်မှုအတွက် တံခါးတစ်ချပ် တွန်းဖွင့်ပေးလိုက်တာနဲ့ တူတယ်"

"အလို"

ပန်ပန် ရင်ဘတ်ဖိပြန်၏။ ဒါတင်မက မျက်လုံးပါ ပြူးသွားသည်ကို နှစ်ယောက်သား သဘောတကျ ကြည့်လေသည်။

"ဟုတ်တယ် ပန်ရဲ့၊ ဟင့် ဟင့်"

ပန်ပန် ခေါင်းတွင်တွင်ယမ်း၏။

"ဟင့်အင်း၊ ဘာအောင်မြင်မှုတံခါးဖွင့်တာလဲ၊ မလိုဘူး၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်နဲ့ ညစာအတူတူစားဖြစ်တာ ဘာကြောင့်လဲ၊ ရှင်တို့သိတာပဲ''

ပန်ပန့်ခံပြင်းသံနောက်မှာ ဝင်းပပနဲ့ အလှသစ်ထောက်ခံသလို ခေါင်းညိတ်သည်။ ထိုနေ့က ဝင်းပပမွေးနေ့။ မွေးနေ့အထိမ်းအမှတ်အဖြစ် ပပက ပန်ပန်နဲ့အလှသစ်အတွက် အဆင့်မြင့်စားသောက်ဆိုင်မှာ ကြိုတင်ဘိုကင်လုပ်ထားတဲ့အတိုင်း သူငယ်ချင်းသုံးယောက် စားသောက်ဆိုင်သို့ ချီတက်ခဲ့သည်။

ဆိုင်ထဲအဝင်မှာ မင်းစည်းစိမ်နဲ့ ဆုံသည်။ စားပိုင်းမှာထိုင်ရန် မင်းစည်းစိမ် ဂုဏ်သိက္ခာရှိရှိ ဖိတ်ခေါ်၏။ ပန်ပန် အားနာစွာငြင်းသော်လည်း မရပါ။ ဝင်းပပနဲ့အလှသစ်က သွားဖို့ တွန်းထိုးပြောသည်။

နှစ်ဖက်စလုံးကိုလည်း အားနာလှသည်။ မင်းစည်းစိမ်က ပန်ပန်တို့သင်တန်းရဲ့ အရေးအပါဆုံးပုဂ္ဂိုလ်။ ဝင်းပပရဲ့ သူငယ်ချင်း။ သူငယ်ချင်းကလည်း နားလည်မှုရှိရှိ သွားလိုက်ပါ ဘာညာနဲ့။

မင်းစည်းစိမ်ရဲ့ သီးသန့်စားပိုင်းမှာ နေရာချလေသည်။ ဝင်းပပနဲ့ အလှသစ်က ဟိုဘက်ခန်း မှန်ချပ်သာခြား၏။

မြင်နေရသည်မို့ ပန်ပန် လက်ခံလိုက်ရသည်။

စားသောက်ရင်း သင်တန်းကိစ္စနဲ့ပတ်သက်ပြီး မင်းစည်းစိမ်က လူကြီးဆန်စွာမေး၏။

ပန်ပန်က ဖြေသည်။ ဒါလောက်ပဲ။

စားသောက်ချိန် လေးဆယ့်ငါးမိနစ်လောက်ပဲ ကြာမည်ဟု ထင်သည်။ ပန်ပန်ပဲ ဦးစွာ လက်စသတ်ပြီး မင်းစည်းစိမ်ကို နှုတ်ဆက်





ထွက်ခဲ့ခါမှ ဒီစားသောက်ဆိုင်မှာ သရဖူထက်နဲ့သူ့ကောင်လေး ရှိနေမှန်း မြင်မိသည်။

သရဖူထက်ရဲ့မျက်လုံးထဲမှာ ထိုသို့ ပုတ်ခတ်ပြောလိမ့်မယ်ဆိုတဲ့ အရိပ်တွေ ရှိနေမှန်း ပန်ပန် ဒဂ္ဂကဲမခတ်တတ်ခဲ့ပါ။ ခုတော့ –

''သိတာပေါ့ ပန်ပန်ရယ်၊ ဒါပေမဲ့''

''ဒါပေမဲ့၊ ဘာဒါပေမဲ့လဲ၊ ဒီကိစ္စ ရှင်းရမယ်၊ ပန်ပန့်ဂုဏ်သိက္ခာအတွက်၊ ပန်ပန့်ကိုယ်ကျင့်တရားအတွက် ပန်ပန် ဖြေရှင်းရမယ်၊ အဲလိုဖြေရှင်းနိုင်ဖို့ မင်းစည်းစိမ် တာဝန်ယူရမယ်၊ သူ့ကြောင့် ဒီလိုဖြစ်တာ မဟုတ်လား၊ ခုချက်ချင်း မင်းစည်းစိမ်နဲ့ ပန် သွားတွေ့မယ်''

အလှသစ်စကားက ဒါပေမဲ့နောက်က ဆက်ပြောလို့ မရတော့ပါ။ ပန်ပန် ဆက်တိုက်ပြောကာ ဂျာနယ်ကိုင်ပြီး တိုက်ခန်းထဲက ထွက်သွားလျှင် –

''ဟဲ့ ပန်ပန်''

''နေ နေပါဦး''

အလှသစ်နဲ့ ဝင်းပပ အပြေးအလွှား ဆွဲတားကြသော်လည်း မရတော့ပါ။

ပန်ပန် ရှန်းထွက်ကာ တစ်ရှိန်ထိုးထွက်သွားလေပြီ။ ဝင်းပပနဲ့ အလှသစ် ဘာမှမတတ်နိုင်တော့ပါ။

ပန်ပန့်သဘောအတိုင်းလို့ လွှတ်ပေးရင်း အနုပညာလောကမှာ အောင်မြင်မှုရဖို့က တစ်ခုခုတော့ ရင်းရမှာပဲ။ ဘာကို ရင်းရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရင်းရတဲ့ အရင်းအနှီးချင်းက တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ပါ။

ဒီသဘောတရားကို ပန်ပန် လက်မခံတတ်သေးတော့။

အင်း နှစ်ယောက်သား ရင်လေးရကာ။

✿ ✿ ✿



## အခန်း (၁၇)

"ဟဲ့ လိပ်စာထဲကအတိုင်းဆို ဒီခြံပဲ၊ ဟုတ်တယ် အနေ၊ ဟိုမှာကြည့် အသွင်သစ်ရုပ်ရှင်သရုပ်ဆောင်သင်တန်းခန်းမတဲ့"

တက္ကစီပေါ်က နှစ်ယောက်သား အတူတူဆင်းကြ၏။

အနေက လိပ်စာကိုကြည့်ရင်း ခြံနံပါတ်ကို လိုက်ရှာရှုံရှိသေးတယ်။ သခွပ်နီက လိပ်စာထဲက ခြံနံပါတ်ကို ဦးစွာ တွေ့သွားသလို တံခါးဝကနေ အထဲကိုချောင်းကြည့်ရင်း တစ်ဆက်တည်းပြောသည်။

အနေ လှမ်းကြည့်လိုက်တော့ ဟုတ်နေ၏။ ခြံဝင်းကျယ်ကျယ်မှာ အဆောက်အအုံကြီးက အနီရောင်ဆေးသားတို့နှင့် မာန်တကြွကြွရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံတွေက သုံးလေးခုထက် မနည်းပါ။ အမိုးချွန်ချွန်နဲ့ ခပ်ယိုင်ယိုင်ဖြစ်သော ဒီဇိုင်းဆန်းတဲ့အဆောက်အအုံတမ်ခုလည်း ပါသည်။ အဆောက်အအုံတစ်ခုနဲ့တစ်ခုကြားမှာ မြက်ခင်းစိမ်းနဲ့ ခြံရံထားတဲ့ ကားလမ်းကြောင်း ခြားထားလေသည်။

အားလုံးထဲမှာ သခွပ်နီညွှန်ပြတဲ့ သင်တန်းခန်းမက အကြီးဆုံး ခန်းမရှေ့မှာ ကားလေးငါးစီးရပ်ထားတာ တွေ့ရသည်။ တံခါးဖွင့်ထားတဲ့ အတွက် ခန်းမထဲမှာ သင်တန်းသူ သင်တန်းသားတွေကို လှမ်းမြင်နေ ရသည်။

"လာ အနေ"

သခွပ်နီ ဦးဆောင်ပြီး လှူဝင်ပေါက်တံခါးကို တွန်းဖွင့်ဝင်လေ သည်။ အနေလည်း စိတ်လှုပ်ရှားကာ သခွပ်နီနောက်မှ လိုက်ဝင်ခဲ့၏။

ရင်ထဲမှာ တဒိတ်ဒိတ်နဲ့။ ရင်ခုန်သံမြန်တယ်ဆိုတာ ဒါပဲ။ မကြာခင် ပန်ပန့်ကို တွေ့ရတော့မယ် မဟုတ်လား။

ချစ်တတ်နေတဲ့ နှလုံးသားက ဘယ်လိုလုပ် ငြိမ်နေနိုင်စွမ်းမှာ လဲ။

ရင်ခုန်ခြေလှမ်းနဲ့ နှစ်ယောက်သား စိတ်အားထက်သန်စွာ ခန်းမရှေ့ ရောက်ခဲ့လေသည်။

ခန်းမထဲက စကားသံတွေ ညံ့ညံ့စီစီကြားရ၏။ ခန်းမတံခါးဝ မှာ နှစ်ယောက်သား ရပ်မိကာ မျက်လုံးနှစ်စုံက ပန်ပန့်ကို ရှာကြည့်၏။

မျက်လုံးပဲ ရှုန်းသလား၊ ဘာလားမသိ။ ဒီဇိုင်းဆန်းတဲ့ ဖက်ရှင်





တွေနဲ့ ကာလာစုံ မျက်နှာတွေကြားမှာ ပန်ပန့်မျက်နှာလေး မပါဝင်။

"ဟိတ် ဘာလာချောင်းနေတာလဲ၊ ရှင်တို့က ဘယ်သူတွေလဲ"

အချင်းချင်း စကားတွေပြောနေကြရာမှ သင်တန်းသူတစ်ဦး မြင်သွား၏။ ထိုင်ခုံမှ ထမလာဘဲ ထိုသင်တန်းသူ လှမ်းမေးလျှင် ခန်းမ တစ်ခုလုံးရှိ မျက်လုံးပေါင်းများစွာ အနေနဲ့သခွပ်နီကို စူးစမ်းသလို လှည့် ကြည့်ကြသည်။

အနေနဲ့သခွပ်နီ ရုတ်တရက် ဘာမေးရမှန်း မသိသလို ကြောင် သွားသည်။

"ဟို ဟိုလေ"

နှစ်ယောက်သားကလည်း ငယ်ရွယ်သလို အချောလေးတွေ မို့ –

"သင်တန်းတက်ဖို့ လာစုံစမ်းတာလား"

လေဒီကျော် ထင်တဲ့အတိုင်း လှမ်းမေး၏။ ဒီတော့မှ အနေနဲ့ သခွပ်နီ ပြိုင်တူပဲ ခေါင်းယမ်းလျက် –

"မဟုတ်ဘူးခင်ဗျ၊ သူငယ်ချင်းကို လာတွေ့တာ"

"ဟုတ်တယ်၊ သခွပ်တို့သူငယ်ချင်းကို တွေ့ချင်လို့ပါ"

နှစ်ယောက်စလုံး ပြိုင်တူလိုလို ပြောမိသွားသည်။ အသံနှစ် သံ ပြိုင်ထွက်လာတော့ သင်တန်းသားတွေအားလုံး သဘောတကျရယ်၏။

"သူငယ်ချင်းတဲ့၊ ဘယ်သူ့သူငယ်ချင်းလဲ၊ ထွက်တွေ့လိုက် ဦး"



www.burmeseclassic.com

www.burmeseclassic.com



စံမဒ္ဒီက သင်တန်းသူတွေကို သိမ်းကျုံးကြည့်ရင်း ပြောသည်။ အားလုံးကလည်း ထိုချောချောလှလှနှစ်ယောက်က ဘယ်သူ့သူငယ်ချင်း ဖြစ်မလဲလို့ သူ့ ငါကြည့်၊ ငါ့ သူကြည့်နဲ့ တိတ်ဆိတ်သွား၏။

"ဟိုလေ ပန်ပန်"

"ပန်တော်ဦး"

နှစ်ယောက်သား ပြိုင်တူပြောလျှင် သင်တန်းသူအားလုံး ဟေးခနဲဖြစ်ကာ နှုတ်ခမ်းလွှာတွေ ပွင့်ဟကုန်သည်။

ပန်တော်ဦးတဲ့။ ပန်တော်ဦးသူငယ်ချင်းတွေက ပန်တော်ဦးလောက် မလှပေမယ့် အချောစားပဲ။

ကောင်လေးက ဒီမှာရှိတဲ့ သင်တန်းသားနှစ်ဆယ်ကျော်တဲ့ ဆွဲအားပါ ပါနေမှန်း သင်တန်းသူများ ချက်ချင်း အကဲခတ်မိလေသည်။

"ဩော် ပန်တော်ဦးလား"

ရတနာမိုး အသံကျယ်ကျယ်ရွတ်လိုက်တော့ အားလုံးမျက်နှာမှာ အရောင်တစ်မျိုး ပြောင်းသွားမှန်း သတိထားမိသည်။

"ဟင့် ဟင့် ပန်တော်ဦးတဲ့"

နွေဝသန်က နှုတ်ခမ်းမဲ့ကာ ခနိုးခနဲ့ ပြောသည်။

"ပန်တော်ဦး မရှိဘူး"

ဂျူဂျူးသာက ခပ်ပြတ်ပြတ်ပြောသည်။ အနေတော်နဲ့ သခွပ်နီ မျက်နှာမပျက်အောင်ထိန်းရင်း –

"ဘယ်သွားလဲမသိ"





"သိတာပေါ့၊ ရှင်တို့သူငယ်ချင်းက ဒီသင်တန်းမှာ ဘုရင်မလေ၊ ဘုရင်မ ရောက်မလာသေးလို့ သင်တန်းဆရာ အတန်းတောင် မစရသေးဘူး၊ အမိန့်တော်က ပြင်းတယ်လေ ဟင့် ဟင့်"

သရဖူထက် ပြောသည်က ဘာလိုလိုချည်း။

"ဟုတ်တယ်၊ ရှင်တို့သူငယ်ချင်းက ခုချိန်မှာ ကိုစည်းနဲ့ ကိန္နရီကိန္နရာ တောင်ပံယှက်နေမလားပဲ"

"ကိုစည်းဖုန်းဆက်ထားလို့ ပန်တော်ဦး မရောက်မချင်း သင်တန်းမစရသေးတာလေ"

"တွေ့ချင်ရင် ကိုစည်းရုံးခန်းကို လိုက်သွား"

"ရတနာကွန်ဒို ပထမထပ်"

တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြသည်က ခနဲ့သံ ရွဲ့သံတွေနဲ့ ဖြစ်သလို ရှုတ်ချတာတွေလည်း ပါသည်။

မနာလိုတာလည်း ပေါ်လွင်ကာ အားလုံးက တစ်ခုခုကို ညီညွတ်နေပြီးသား။ သရဖူထက်ကို ထင်မြင်ချက်ပေးတုန်းကလည်း အားလုံး တက်ညီလက်ညီ။

ပန်ပန့်ကို အမြင်မကြည်ကြတော့လည်း အားလုံး တစ်သွေးတည်း တစ်သားတည်း။

အနေနဲ့ သခွပ်နီ ထိုမျက်နှာတွေရှေ့က ကမန်းကတန်း လှည့်ထွက်ခဲ့ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပန်ပန့်အတွက် ရင်လေးနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အနုပညာလောကအကြောင်း အနေတော်တို့ လိုက်မယ် ပါ။

ဒါပေမဲ့ ပန်ပန်ရယ် ချစ်တဲ့စိတ်ဟာ နင်ရှိရာကို။

✿ ✿ ✿



## အခန်း (၁၈)

အထဲကို ဖောက်ထွင်းမြင်သာနေသော ဖြူနုနု လိုက်ကာစ ပါးပါးလေးကို လှပ်မကြည့်ပါဘဲ မြင်သာနေသည်။

ဖိုင်တွဲလိုက်ပြီး ဝင်မလို့လုပ်တဲ့ ဇာတ်ညွှန်းဆရာကိုသန်းမင်း အခန်းထဲကမြင်ကွင်းကြောင့် ခြေလှမ်းတွေတန့်သွား၏။

ပန်းတစ်ချက်ပင့်ပြုံးကာ ရှောင်ထွက်ခဲ့ရသည်။ သူတို့ရဲ့ နာမည် ကျော်ပရိုဂျူဆာနဲ့ သရုပ်ဆောင်အသစ်ကလေးက ထိုဇာတ်လမ်း စနေပြီ ဆိုတော့လည်း အလိုက်သိဖို့ လိုတယ်မဟုတ်လား။

အသံတွေလည်း ကြားနေရသည်။

''အဲဒီကိစ္စ ကိုစည်း ဘယ်လိုရှင်းပေးမလဲ''



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန် ဒေါသဖြစ်နေသလောက် မင်းစည်းစိမ် သဘောကျကာ ပြုံးလို့နေသည်။ နံရံမှာ မှီရပ်ရင်း လက်ပိုက်မပျက် ပြုံးကြည့်နေတဲ့ မင်းစည်းစိမ်ရှေ့ ပန်ပန် အားမလိုအားမရ လျှောက်လာရင်း ထပ်မေး၏။

"ပြောလေ ကိုစည်း၊ ဘယ်လိုရှင်းပေးမလဲ၊ ပြော၊ ပန် လုံးဝ သည်းမခံနိုင်ဘူး၊ ပန့်ကို ပွဲဦးထွက် သိက္ခာချတာ"

မေးရင်းပြောရင်း ဒေါသနဲ့ကိုယ်က မင်းစည်းစိမ်နဲ့ နီးကပ် သထက် ကပ်သွားမှန်း ပန်ပန် သတိမထားမိလိုက်ပါ။

မင်းစည်းစိမ် သဘောတကျပြုံးကြည့်နေရာမှ အားမရနိုင်တော့ပါ။ ပိုက်ထားတဲ့လက် ဖြုတ်မိကာ ကိုယ်လုံးလေးမတ် ရင်အုံလေးဖွင့်လျက်၊ လက်နှစ်ဖက် ဘေးဆန့်ချထားတဲ့ ပန်ပန့်အမူအရာက တကယ့်ကို တင်း မာနေသလောက် မင်းစည်းစိမ်က ဆန့်ကျင်ဘက် ဖြစ်လို့နေသည်။

လက်ပိုက်ဖြုတ်မိတဲ့ လက်နှစ်ဖက်က ပန်ပန့်ညာလက်ဖဝါး ကို ညင်သာဖွဖွ ဆွဲယူလျှင် –

"အို"

ပန်ပန်တစ်ကိုယ်လုံး တုန်တက်သွား၏။ ပြူးကျယ်သွားတဲ့ မျက် ဝန်းအစုံဖြင့်လည်း မင်းစည်းစိမ်ကို မော့ကြည့်တဲ့အခါ ပြုံးနေတဲ့ နှုတ်ခမ်း ပါးနဲ့အတူ ရီဝေဝေ ရွှန်းတောက်နေတဲ့ မင်းစည်းစိမ်ရဲ့မျက်ဝန်းနဲ့ ဆုံသွား ၏။

"ဟင်"

ပန်ပန် အံ့သြလို့သွားသည်။ ကျေနပ်ပီတိနှင့် ပြည့်အီသော





မျက်နှာ၊ ရီဝေသောအကြည့်၊ လှုပ်ရှုရှလေး ပြုံးနေရှာတဲ့ နှုတ်ခမ်းနောက် မှာ မင်းစည်းစိမ်ရဲ့အမူအရာက သိမ်မွေ့ညွတ်နူးဖွယ်တို့နှင့် ဆွဲညှို့နေလျှင်။

ပန်ပန် ခြေလှမ်းနောက်ဆုတ်လိုက်ပေမယ့် နောက်ကျလို့သွား လေပြီး။ ဆုပ်ကိုင်ခံထားရတဲ့လက်ကိုလည်း ပြန်ဆွဲယူလို့ မရတော့ပါ။

ကိုစည်းက တင်းအောင်ဆုပ်ကာ ကျန်လက်တစ်ဖက် ပန်ပန့် ပခုံးပေါ် တင်၏။ မျက်နှာကိုလည်း နီးကပ်စွာ ရွှေ့လာရင်း –

"ပန်တော်ဦး၊ မင်းလေးဟာ သိပ်ရိုးတာပဲ၊ မင်းလေးကို ကိုယ် ချစ်နေတယ်ဆိုတာ နည်းနည်းမှ မရိပ်မိဘူးလား ကလေးရယ်"

"ဘုရားရေ"

ရင်ခုန်ခြင်းတို့နဲ့ ညွတ်နူးပျော်ဝင်နေတဲ့ ကိုစည်းစကားလုံးတွေ နောက်မှာ ပန်ပန် တကယ်ပင် ဘုရားတမိပြီး –

"ဟုတ်တယ်၊ ပြောရင်ယုံမလား ပန်တော်ဦး"

"ရှ ရှင်၊ ဘာ ဘာကိုလဲ"

"လျှောက်လွှာထဲက မင်းလေးဓာတ်ပုံ မြင်ကတည်းက ကိုယ် ရင်ခုန်ခဲ့တယ် ပန်တော်ဦးရယ်"

ပန်ပန်မယုံနိုင်အောင် ခေါင်းယမ်းမိလေသည်။ မင်းစည်းစိမ် က ပြုံးမြတဲ့ နှုတ်ခမ်းနဲ့ မေးဖျားလေးဆတ်ကာ –

"အင်း ကိုယ်တောင် ကိုယ့်နှလုံးသားကို မယုံနိုင်ဘူး ကလေး ရယ်၊ ဘယ်မိန်းကလေးကိုမြင်မြင် ဘယ်တုန်းကမှ မလှုပ်ရှားခဲ့တဲ့ ကိုယ့် နှလုံးသားက မင်းလေးကိုမြင်မှ ချစ်စိတ်ဖြစ်တည်တာလေ၊ မင်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ် ပန်ပန်''

ပန်ပန့်မေးဖျားလေးကို ပင့်ကိုင်ရင်း တဖွဖွပြောတဲ့ ကိုစည်းရဲ့ လှိုက်အီသံနောက်မှာ ပန်ပန် ဒေါသတွေ ကြက်ပျောက်ငှက်ပျောက် ဘယ်ဆီရောက်လို့ ရောက်သွားမှန်းမသိတော့ပါ။

ကိုစည်း စိုက်ကြည့်နေတာလည်း မခံစားရဲ၊ မျက်တောင်ပုတ်ခတ်ရင်း အကြည့်လွှဲ၏။ အသက်အောင့်ပြီးလည်း ငြိမ်နေခဲ့မိတာ စက္ကန့်ပေါင်းများစွာ။

''သရဖူထက် ဖွင့်ပြောတဲ့ကိစ္စ အစကတည်းက ကိုယ်သိတယ်''

''ဟင်''

''ဟုတ်တယ်၊ ဂျာနယ်လစ်တွေ လက်လွတ်စပယ် မထည့်ရဲပါဘူး၊ ကိုယ်နဲ့ပတ်သက်နေတဲ့ သတင်းဖြစ်လို့ ကိုယ့်ကို အရင်မေးတယ် ထည့်ရမလား, မထည့်ရဘူးလား၊ သူတို့မေးတော့ ကိုယ် ခေါင်းမခါဘူး အဲဒါ ဘာဖြစ်လို့လဲ သိလား''

''ဘာ ဘာဖြစ်လို့''

ပန်ပန် ထစ်ထစ်နှင့်မေးလျှင် မင်းစည်းစိမ် ကြည်နူးစွာ ရယ်မောလိုက်လေသည်။ ဘာကြောင့်ရယ်မောနေတာလဲ၊ နားမလည်နိုင်ဘဲ ပန်ပန် မော့ကြည့်၏။

မင်းစည်းစိမ် ရယ်မောလက်စနဲ့ ခေါင်းငုံ့ချပြီး နဖူးချင်းထိကာ ချိုမြူးသံလွင်လွင်လေးနှင့်လည်း တစ်ဆက်တည်း ပြောသည်။

''ပန်ပန့်ကို ချစ်လို့ပေါ့ကွယ်''





ပန်တော်ဦး ခတ်လိုက်ခံရသလို ငြိမ်သက်သွားလျှင် အနေ့ကို ဖျတ်ခနဲ သတိရလေသည်။ အနေ ရင်ဖွင့်စဉ်က ပန် ရင်ခုန်လှုပ်ရှားခဲ့သလို အနမ်းစီးကြောင်းထဲ မျောပါသွားခဲ့တာ ချစ်စိတ်ကြောင့်မဟုတ်လား။

ဒါပေမဲ့ ဘဝအတွက် ဆုံးဖြတ်ထားတဲ့ ရည်ရွယ်ချက်ကို အထိပါးမခံနိုင်တဲ့ အသိတရားက အချစ်စိတ်ကို ချိုးနှိပ်ကာ အသည်းနှလုံးလေး မာကျစ်အောင် မောင်းတင်ခဲ့သည်။ အခုက ဆန့်ကျင်ဘက်။

''ပန်ပန့်ကို ချစ်လွန်းလို့ ကိုယ့်နာမည်ကို ကိုယ်ရင်းပစ်လိုက်တာ ပန်ပန်၊ ကိုယ် ပရိဂ္ဂျူဆာလုပ်လာတာ ဆယ့်ငါးနှစ်ရှိပြီ၊ ဘယ်မိန်းကလေးအတွက်မှ ကိုယ့်နာမည်ကို အရင်းအနှီးမလုပ်ခဲ့ဘူး၊ ပန်ပန့်ကို ချစ်လို့သာ ရင်းလိုက်ရတာ၊ ရင်းရတာလည်း အကြောင်းမဲ့ မဟုတ်ဘူး၊ ပန်ပန်ရဲ့အနုပညာလမ်းကြောင်း ဖြောင့်ဖြူးစေဖို့နဲ့ အောင်မြင်စေဖို့ ကိုယ့်နှလုံးသား စေတနာကို ပန်ပန် နားလည်ပေးပါ၊ ခုဆို ပန်တော်ဦးဆိုတာ မီဒီယာတွေကတစ်ဆင့် အနုပညာလောကထဲ ပေါက်ထွက်သွားပြီလေ၊ ပန်ပန်လိုချင်တဲ့ ဘဝအောင်မြင်မှု မကြာခင် ရလာတော့မယ်၊ ယုံလိုက်စမ်းပါ ကလေးရယ်''

မင်းစည်းစိမ်ရဲ့ စကားလုံးတွေနောက်မှာ ပန်ပန့်ရင်ခုန်သံ တဒိုင်းဒိုင်း မြည်ဟည်းသွားသည်။

ပန်ပန့်နှလုံးသားကို ပန်ပန် ပြန်မေးမိ၏။ ထိုအခါ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား၊ ခွဲခွဲခြားခြားမသိတဲ့ ခံစားချက်က မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



များ ဝဲသွားစေသည်။

အချစ်ဆိုတဲ့ခံစားချက်ကို ခုမှ ခံစားသိနဲ့ နက်နက်ရှိုင်းရှိုင်း ဖြစ်မိလေသည်။

အနေရယ် ပန့်ကို ခွင့်လွှတ်ပါနော်။

ရင်ထဲမှာပြောတဲ့ အသံတိတ်စကားလုံးတွေနောက်မှာ ပန်ပန့် နှုတ်ခမ်းသားလေး လှုပ်ခါသွားသည်။

ဝမ်းနည်းမျက်ရည်တို့ ဝေသီလျက် မျက်ဝန်းနောက်မှာ ငိုမချမ် အောင် ပန်ပန် မနည်းကြီး ထိန်းချုပ်လိုက်ရသည်။

လာစဉ်က ရည်ရွယ်ချက်က တခြား။

မာန်မာနနဲ့ ဂုဏ်သိက္ခာအတွက် ဒေါသတကြီး ဖြေဖို့ ရှင်းဖို့

ခုတော့ ဘဝရည်မှန်းချက်ပြည့်ဖို့နဲ့ အောင်မြင်မှုရဖို့အတွက် ဂုဏ်သိက္ခာကိုရင်းကာ။

ချစ်တယ်ဆိုတဲ့ ကိုစည်း ပန့်ခါးကို သိုင်းဖက်လာတာသိသိ ကြီးနဲ့ ငြိမ်နေမိတာ ချစ်တဲ့စိတ်ကြောင့်မဟုတ်မှန်း ပန် ကွဲကွဲပြားပြား သိလေသည်။

ဒါပေမဲ့ အနေနမ်းတုန်းကလို ကိုစည်းရဲ့အနမ်းတွေကြား ပန် ပန့်နှုတ်ခမ်းလှလှလေး မျောပါမသွားခဲ့ဘူး အနေရယ်။

ကိုစည်းနမ်းတာကို ရှောင်လွှဲလိုက်ပေမယ့် ကိုစည်းနှုတ်ခမ်း အစုံက ပန့်ပခုံးဖူးဖူးလေးထက်မှာ တံဆိပ်ကလေးသဖွယ် ငြိလို့သွားလေ ပြီ။





အချစ်နဲ့ဘဝ ထပ်တူမကျနိုင်တဲ့ ခံစားချက်ဟာ မိုးနဲ့မြေလို ပါပဲ။ အလယ်မှာတော့ မိုင်ထောင်ပေါင်းများစွာ လပ်ဟာလို့ နေပါပြီ။

✿

ဇာတ်ကားသစ်ရိုက်ကူးရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေနဲ့ အလုပ်ရှုပ်နေတာ ဒါရိုက်တာ မိုးမြင့်ပါ။

သရုပ်ဆောင်အသစ်က သင်တန်းသူတွေထဲက ဘယ်သူဖြစ် မလဲ။ ဒါတော့ မသိရသေးပါ။

အရည်အချင်းကို အဓိကထားတဲ့ ဒါရိုက်တာဖြစ်တဲ့ သူ့အနေနဲ့ ထုတ်လုပ်သူကို ထင်မြင်ချက်ပေးဖို့ လိုအပ်တယ်မဟုတ်လား။

ရိုက်ပြီးသားဇာတ်ကားတွေထဲက ဝါရင့်သရုပ်ဆောင်တွေရဲ့ ဇာတ်ကွက်တချို့ကို ထုတ်နုတ်ပြီး သရုပ်ဆောင်သစ်တွေကို လက်တွေ့ သရုပ်ဆောင်သင်တန်းပေးခဲ့သည်။

လက်တွေ့သရုပ်ဆောင်ထားတဲ့ အရည်အချင်းတွေကို သေ သေချာချာ စစ်ဆေးနိုင်ဖို့ ရိုက်ကူးထားခဲ့သည်။

ထိုစီဒီခွေကို ထိုင်ကြည့်အကဲခတ်နေတုန်း ဇာတ်ညွှန်းကိုသန်း မင်း ဝင်လာသည်။ မျက်နှာက ချိုအီအီနဲ့မို့ ထူးခြားနေတယ်လို့ထင်ကာ–

"ဘာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



မျက်စနဲ့ မေး၏။ ကိုသန်းမင်း မျက်ခုံးနဲ့ပခုံးနှစ်ဖက် တစ်ပြိုင်နက်ပင့်ကာ ရယ်ချမတတ် ပြုံးလေသည်။

ကိုမိုးမြင့် ချက်မှောင်ကြုတ်ကြည့်မှ ကိုစည်းရုံးခန်းဘက် မေးထိုးပြသည်။ ဘာပါလိမ့်ဆိုတဲ့ သိချင်တဲ့မျက်ဝန်းက ခြေလှမ်းတွေ ပါသွားစေကာ ရုံးခန်းဘက် မသိမသာအကဲခတ်သလို ကြည့်ခါမှ ကိုစည်းနဲ့ ပန်တော်ဦးရဲ့ အချစ်ဇာတ်ကွက်လှလှလေးရယ်။

အချစ်ဆိုတာ လူတိုင်းမှာ ရှိတာပဲ။ အချစ်ရှိတဲ့လူတိုင်း ချစ်သူတွေကို နားလည်သိတတ်စွာ ရှောင်ပေးဖို့ လိုတယ်မဟုတ်လား။ ဒါကြောင့် ဒါရိုက်တာမိုးမြင့် အပြင်ဘက်ထွက်ဖို့ လှည့်ထွက်လျှင် –

"ဟင်" ခနဲဖြစ်ကာ အဝင်အဝတံခါးမှာ ပိတ်ရပ်နေတဲ့ ကောင်လေးနဲ့ကောင်မလေး။

"ဘာကိစ္စလဲ"ဟု ဣန္ဒြေထိန်းပြီးမေးရင်း ထိုနှစ်ယောက်ရှေ့တိုးသွားသည်။ ကောင်မလေးနဲ့ကောင်လေးမျက်နှာဟာလည်း ခံစားမှုတစ်ခုခုကြောင့် ရဲတွတ်နေသည်။

မေးတာမဆုံးခင် ကောင်လေး ဦးစွာဖြေသည်။

"ပန်ပန် ပန်တော်ဦးနဲ့တွေ့ချင်လို့ တစ်ဆိတ် ခေါ်ပေးပါ" တဲ့။

ပန်တော်ဦး ဒီမှာရှိနေမှန်း အတတ်သိနေတဲ့လေသံနဲ့ ကောင်လေးဆိုခြင်း။ ချက်ချင်းခေါ် လိုက်ရင် ရုတ်ရုတ်သဲသဲ ဖြစ်သွားမှာ သေချာကာ။





ဒါရိုက်တာလုပ်စားနေတဲ့ မိုးမြင့်မျက်စိက ဒီလောက်တော့ လျင်ပါသည်။

"သြော် အင်၊ ပန်တော်ဦး မရှိဘူး၊ ပြန်သွားပြီကွဲ့"

အသံခပ်အုပ်အုပ်နဲ့ဆိုလျှင် ကောင်လေးမျက်နှာ တင်းသွားသည်။ ကောင်မလေးက ကောင်လေးလက်ကို ဆွဲကာ သတိပေးသလို ဆုပ်ကိုင်လေသည်။

အထဲက ပန်ပန်နဲ့မင်းစည်းစိမ်တို့အသံတွေ ကြားနေလို့ နှစ်ယောက်သား အံ့သြကာ ခြေလှမ်းတွေ ရှေ့တိုးမဖြစ်အောင် ဒေါသတွေနဲ့ တုန်ယင်နေခြင်းဖြစ်သည်။

ခုတော့ မရှိဘူး ပြန်သွားပြီတဲ့။ ဖြောင်ညာနေတာသိသိကြီးနဲ့ ခံနေရတဲ့အဖြစ်။ အသည်းနှလုံးက တုန်လှုပ်လို့နေသည်။ သခွပ်နီက သတိဒပေးသလို ဆုပ်ကိုင်ပြီး –

"ဘယ် ဘယ်ကို ပြန်သွားတာလဲ ဟင်" လို့ ပါးစပ်ထဲ ထွက်ရာမေးတော့ "အဆောင်ကို" တဲ့။

ကဲ ဘာတတ်နိုင်မလဲ။

ဒီလူကြီးကို ပြဿနာရှာဖို့ မျက်နှာကြောတင်းနေရှာတဲ့ အနေ့ကို သခွပ်နီ ကမန်းကတန်းပဲ ဆွဲထုတ်ခဲ့ရသည်။

နောက်ဆို လွယ်မတဲ့လား။ ပန်ပန်ရယ် နင် သိပ်ရက်စက်တယ်လို့ မှတ်ချက်ပေးရမှာလား။ ပြောပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁၉)

''ပန်တော်ဦး''

အသွင်သစ်ရုပ်ရှင်ကုမ္ပဏီမှ 'နှုတ်ခမ်းဖြင့်ချုပ်သည်' ရုပ်ရှင်ဇာတ်ကားကြီးအတွက် ရွေးချယ်လိုက်သည့် သရုပ်ဆောင်သစ်။

သင်တန်းသား သင်တန်းသူအားလုံး ကြိုသိနေပေမယ့် သင်တန်းသူတွေက မျက်နှာမဲ့ကြသည်။

ဘာကြောင့် ဒင်းကိုရွေးချယ်သလဲဆိုတာ မသိဘူးထင်သလား လို့ မေးငေါ့ကာ။ ဒါတင်မက –

''နှုတ်ခမ်းဖြင့်ချုပ်သည် ရုပ်ရှင်ကြီးအတွက် သရုပ်ဆောင်အသစ်ကလေးကို သရုပ်ဆောင်သစ်အားလုံးထဲက ဇာတ်ကောင်နဲ့လိုက်





ဖက်မှုရှိမယ့်ပုံစံကို အဓိကထား ရွေးတာပါ၊ ဇာတ်ရုပ်နဲ့ တစ်ထပ်တည်းကျနိုင်မယ့် သဘာဝဆန်တဲ့အသွင်အပြင် ရှိရမယ်၊ ကြည့်ရှုံနဲ့ စင်ကြယ်တဲ့ ဂုဏ်ရည် ပေါ်လွင်ရမယ်၊ ဒါ့ပြင် မာန်တစ်မျိုးနဲ့ ထူးခြားနေရမယ့် အနုပညာအရည်အသွေး ရှိတယ်ဆိုတာ ထင်းခနဲ ပေါ်လွင်စေရမယ်ဆိုတဲ့ ကျွန်တော်တို့လိုချင်တဲ့ အရည်အချင်းအားလုံးနဲ့ ပြည့်စုံသော ပန်တော်ဦးကို ဆန်ခါတင် ရွေးချယ်လိုက်တာပါ''

ဒါရိုက်တာမိုးမြင့်က ထုတ်ပြန်ကြေညာပြန်သည်။

ဒီအပတ်ထွက် ဂျာနယ်တိုင်းမှာ ပန်ပန့်ဓာတ်ပုံနဲ့ သတင်းတွေချည်း ပလူပျံလျက်ရှိသည်။

ဒါရိုက်တာက အရည်အချင်းနဲ့ပြည့်မီလို့ ရွေးချယ်တယ်လို့ ဘယ်လိုပဲပြောပြော အနေ လက်မခံနိုင်ပါ။

အံတကြိတ်ကြိတ်နဲ့ တင်းမာနေကာ မင်းစည်းစိမ်အပေါ် အခဲမကြေနိုင်အောင် ခံစားနေရသည်။

ပန်ပန့်အရည်အချင်းဆိုတာထက် ပန်ပန့်ကို လိုချင်နေတဲ့ တပ်မက်စိတ်ကြောင့် ရွေးချယ်လိုက်တာ။ အနေ ထိုသို့မြင်သည်။

နောက်ပြီး ထုတ်လုပ်သူဆိုတာ သူတို့အကျိုးစီးပွားအတွက်ကြည့်မှာပဲ။ အဲဒီရုပ်ရှင်ကားကြီးအတွက် ပန်ပန့်ကိုသုံးလိုက်ရင် သူ ဘယ်လောက်အကျိုးဖြစ်ထွန်းမလဲ အတိုင်းအတာကို တွက်ချက်ပြီး ရွေးမှာပဲ မဟုတ်လား။

သခွပ်နီက အနေ့ထက်ပိုပြီး ပန်ပန့်ကို နားလည်ပေးနေတာက



www.burmeseclassic.com

www.burmeseclassic.com



ခက်လှသည်။

"အနေရယ်၊ နင် စိတ်လိုက်မာန်ပါ ဘာမှမလုပ်ချင်ပါနဲ့ကွယ်"

"ဘာပြောတယ်"

ကိုင်ထားတဲ့ဂျာနယ်ကို နံရံမှာပစ်ပေါက်ပြီး ဝုန်းခနဲ ထရပ်လိုက်လေသည်။ အနေ၏ တင်းမာမှုကိုကြည့်ပြီး သခွပ်နီ မသိမသာ သက်မ,ချလေ၏။

"သဘောကတော့ ပန်ပန်လိုချင်တဲ့အနေအထားရဖို့ ပန်ပန့် ဆုံးဖြတ်ချက်နဲ့ပန်ပန် လျှောက်လှမ်းနေတာလေ"

"ဘာလျှောက်လှမ်းတာလဲ၊ ယောက်ျားတစ်ယောက်ရင်ခွင်ထဲ ခိုလှုံပြီး လျှောက်လှမ်းနေတာ ဘာသဘောလဲကွ"

သခွပ်နီ ခေါင်းတစ်ချက် ယမ်းကာ –

"မင်းစည်းစိမ်က ပန်ပန်ကို ချစ်တာတဲ့၊ နင် နားနဲ့ဆတ်ဆတ် ကြားခဲ့တာပဲ မဟုတ်လား"

"ဟွန်း ဘာချစ်တာလဲ"

သခွပ်နီ ဘာပြောရမှန်းမသိဘဲ ဖြစ်သွားသည်။ စိုက်ကြည့်ရင်း မေးနေတဲ့ အနေ့မျက်ဝန်းကို ငေးကြည့်လျက် –

"ချစ်တာက ချစ်တာပဲပေါ့ အနေ၊ နင်လည်း ပန်ပန့်ကို ချစ်တာပဲ မဟုတ်လား"

"ငါချစ်တာက ရိုးသားစင်ကြယ်တဲ့ ခံစားချက်နဲ့ တစ်ဘဝလုံး အတွက် ရည်ရွယ်ပြီးချစ်တာ"





"သူလည်း နင့်လိုပဲချစ်တာ မဖြစ်နိုင်ဘူးလား"

သခွပ်နီမေးလိုက်လျှင် အနေတော် ပိုပြီး အံ့သြလို့သွားသည်။ သခွပ်နီနား တိုးကပ်လာပြီး –

"နင် ဘယ်လိုပြောလိုက်တာလဲ သခွပ်"

သခွပ်နီ နှုတ်ခမ်းစေ့ပြီး ငြိမ်နေလိုက်သည်။

ဖွင့်ထားတဲ့ ပြတင်းပေါက်မှ အတားအဆီးမဲ့ တဖျောဖျော ပြေးဝင်လာတဲ့ မိုးသက်လေကို စိတ်မငြိမ်သက်စွာ ရှိုက်ရှူ၏။ နီးကပ်နေတဲ့ အနေ့ကိုယ်နားမှရှောင်ကာ ပြတင်းပေါက်နား ရွှေ့ရပ်လျက် –

"နင်ကြားတဲ့အတိုင်းပေါ့ အနေရယ်၊ နင်တို့ယောက်ျားတွေရဲ့အချစ်စိတ်ကို ငါ့ထက် နင် ပိုပြီးနားလည်မှာပါ၊ ပန်ပန့်ကို နင် ဘာကြောင့်ချစ်သလဲ၊ နင့်ကိုယ်နင် သိမှာပဲ၊ နင့်လိုပဲ တခြားယောက်ျားကလည်း ပန်ပန့်ကို ချစ်နေနိုင်တာပဲ မဟုတ်လား"

"ဩော် လက်စသတ်တော့ နင်က ဟိုလူ့အချစ်ကို ငါ့အချစ်နဲ့ ညီမျှခြင်းချကြည့်လိုက်တာပေါ့၊ ဟုတ်လားသခွပ်"

သခွပ်နီပခုံးကို အားမလိုအားမရ ဆွဲကိုင်ရင်း အနေတော် မေးသည်။ သခွပ်နီ လေးပင်စွာ ခေါင်းယမ်းပြီး –

"ညီမျှခြင်းချကြည့်တယ်ဆိုတာထက် ဖြစ်နိုင်မလားလို့ ထင်မိတယ်လေ"

"ဟွန်း ဒီလိုကောင်စားမျိုးလား၊ ပန်ပန့်ကို ငါ့လိုအချစ်နဲ့ ချစ်နိုင်ဖို့ ဝေးသေးတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



အနေ မဲ့မဲ့ရွဲ့ရွဲ့ပြောချသည်က ထိပါးပုတ်ခတ်ခြင်းတွေနဲ့ မဟုတ်ပါ။ ဒါပေမဲ့ ယောကျ်ားချင်းမို့ မင်းစည်းစိမ်ရဲ့အချစ်က ဘာလဲဆိုတာ သိနေသည်။ သိနေလို့ ပန်ပန့်အပေါ် အခဲမကြေနိုင်ခြင်းပါ။

ပိုပြီး အခဲမကြေဖြစ်ရတာက ခုချိန်ထိ ပန်ပန်နဲ့တွေ့ခွင့်မရသေးခြင်းပါ။ ပန်ပန် တွေ့ခွင့်မပေးသေးတာ မင်းစည်းစိမ်ကြောင့်ပဲ မဟုတ်လား။

BURMESE CLASSIC .com

✿

ပန်ပန်တို့ သူငယ်ချင်းသုံးယောက် ငှားနေတဲ့ အဆောင်တိုက်ခန်းကို လိုက်သွားတော့လည်း တွေ့ခွင့်မသာခဲ့ပါ။

"အင်း ရှင်တို့ကို စောင့်ခိုင်းရတာ အားနာလိုက်တာဟယ်၊ ပန်ပန်လာရင် ဖုန်းဆက်ခိုင်းမယ်လေ၊ ဖုန်းနံပါတ်ပေးသွားပေါ့"

စောင့်နေရတဲ့အချိန်တွေလွန်ကာ မိုးချုပ်မှောင်လို့ ညရှစ်နာရီပင် ကျော်နေပါပြီ။

နောက်ဆုံးတော့ ပန်ပန့်သူငယ်ချင်း အလှသစ်ပြောသလို လက်ခံကာ လှည့်ပြန်ခဲ့ရသည်။ သခွပ်နီက ဒေါ်လေးအိမ် ဖုန်းနံပါတ် ပေးခဲ့သော်လည်း ပန်ပန် ဖုန်းဆက်မလာပါ။

ပန်ပန် ဖုန်းဆက်မလာလေ အနေ ပို၍ခံပြင်းလေ။





"နေပါဦး၊ တွေ့လို့ရအောင် ငါကြံပါဦးမယ်"

လို့ သခွပ်နီ ပြောသည်။ ပြောတဲ့အတိုင်းလည်း သခွပ်နီ ကြိုးစားပါသည်။ သင်တန်းက ပြီးသွားပြီမို့ ပန်ပန့်ကို သင်တန်းတက်တာ မတွေ့တော့ပါ။ အဆောင်ကိုလိုက်သွားပြန်တော့ မင်းစည်းစိမ်နဲ့ အပြင်ထွက်သွားသတဲ့။

"ဖာတ်ကားရိုက်တော့မယ် မဟုတ်လား၊ ကိုစည်းက ပန်ပန်ဝတ်ရမယ့် အဝတ်တွေ သွားဝယ်ပေးနေတာ၊ ဒီဖိုင်းအတွက် လိုအပ်လို့ အလှသစ်ကိုပါ ခေါ်သွားတယ်လေ၊ စိတ်မပူပါနဲ့၊ အလှလည်း ပါသွားတာပါ"

လို့ ဝင်းပပ ညက်ညက်လေးပြောပြန်သည်။

သခွပ်နီက ဖွဲ့မလျှော့ဘဲ ပန်ပန်သွားမယ့် စတိုးဆိုင်တွေနဲ့ ရုပါမားကက်တွေကို စိတ်ရှည်ရှည်နဲ့ လိုက်သည်။

လိုက်ပါများတော့ မိပါ၏။ စတားရုပါမားကက်မှာလေ။ ဝင်းပပ ပြောတုန်းကတော့ အလှသစ်ပါသတဲ့။ မြင်လိုက်ရတာ မင်းစည်းစိမ်နဲ့ နှစ်ယောက်တည်း။

မင်းစည်းစိမ်က ပန်ပန့်လက်ကို ဆွဲထားလိုက်တာများ အလွတ်မခံနိုင်တဲ့အတိုင်း။ နှစ်ယောက်သား လက်ချိတ်သွားပုံက ရှက်ရကောင်းမှန်းလည်း မသိစွာ။

မြင်လိုက်တာနဲ့ အနေ ဒေါသထွက်ပြီး ပန်ပန့်ကို မင်းစည်းစိမ်လက်ထဲက ဆွဲထုတ်မလို ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သခွပ်နီ ရိပ်စားမိပါသည်။ ဒါကြောင့် အနေ့ကို ဆွဲထားပြ
သခွပ်နီကိုယ်တိုင် 'ပန်ပန့်' ကို လှမ်းခေါ်သည်။

"ပန်ပန်"

ခေါ်လည်းခေါ်ပြီး ပန်ပန့်လက်မောင်းကို ဆွဲထားလိုက်မှ ပန်ပန်
ဖျတ်ခနဲလှည့်ကြည့်ကာ –

"ဟင်၊ သ သ သခွပ်"

လို့ တအံ့တသြ ရွတ်၏။ ပြီးတော့ မလုံမလဲစိတ်နဲ့လည်း
မင်းစည်းစိမ်လက်ကို ဖြုတ်ချ၏။ မင်းစည်းစိမ်က ဖြုတ်ချမခံ။ တွဲထား
လိုက်တော့ ပန်ပန့်မျက်နှာလေး ရဲတွတ်သွားကာ မင်းစည်းစိမ်ကို ပြုံးရ
မကြည့်တော့ဘဲ ရှက်နေတဲ့မျက်နှာက နီမြန်းထူအမ်းလို့နေသည်။

"နင့်ကို အနေ တွေ့ချင်နေတာဟ၊ အနေပါလာတယ်"

သခွပ်နီ သွက်သွက်လေး ပြောချသည်။ သခွပ်အနား ရောက်
လာတဲ့ အနေ၊ မျက်လုံးက ပန်ပန့်ဆီမှာ။ ပန်ပန် မလုံမလဲစိတ်ကို
ကမန်းကတန်း ထိန်းချုပ်ရင်း –

"အဟင်း"

ရယ်ချဟန်ပြု၍ –

"နင် နင်တို့ ဘယ်တုန်းက ရောက်တာလဲဟင်"

လို့ မေးသည်။

"နင့်အဆောင် ငါတို့ရောက်ခဲ့တယ်၊ နင့်သူငယ်ချင်းတွေ မပြော
ဘူးလား၊ သခွပ်ဒေါ်လေးအိမ်က ဖုန်းနံပါတ်တောင် ပေးခဲ့သေးတယ်





နင်က ဖုန်းတောင်မဆက်နိုင်အောင် မအားမလပ်ဖြစ်နေတာ ဘာကြောင့်
လဲ ပန်ပန်"

မင်းစည်းစိမ်ကို အားမနာ အနေတော် ပြောချလိုက်သည်။

မင်းစည်းစိမ် မျက်နှာပျက်လုမတတ်ဖြစ်ကာ၊ ပန်ပန် မျက်လုံး
လေးပိုင်းကာ အံ့သြသွားသည်။ ပန်ပန့်အဆောင် ရောက်ခဲ့ပြီး ဖုန်း
နံပါတ်တောင် ပေးခဲ့သေးသတဲ့။

ဟုတ်ရဲ့လား၊ အလှသစ်နဲ့ဝင်းပပလည်း ပန်ပန့်ကို မပြောကြ
ဘူး။ ပန်ပန် တကယ်မသိတာမို့ –

"အလှတို့လည်း ဘာမှမပြောကြဘူး"

"ဘယ်ပြောမလဲ၊ နင့်ကို ဘယ်လိုင်းထဲရောက်အောင် တွန်းပို့
နေကြလဲ မသိတာ၊ ဟုတ်တယ်မဟုတ်လား ပန်ပန်"

"ဟဲ့ အနေ၊ နင်"

သခွပ်နီ အနေ့ပါးစပ်ကို ကမန်းကတန်း ပိတ်ထားရလေပြီ။

ပန်ပန်က မျက်နှာပျက်ကာ မင်းစည်းစိမ်က တင်းမာသွား၏။
ပန်ပန်နဲ့အဆောင်နေ သူငယ်ချင်းနှစ်ယောက်သာရှိနေရင် ဒီနေရာမှာ
ပွဲကြမ်းသွားမှာ သေချာသည်။

အနေ ဘာကိုမှ ဆင်ခြင်မနေ၊ ချစ်တဲ့စိတ်က အမြင်အတိုင်း
ပြောမိလေသည်။ ဒါပေမဲ့ နောင်တမရပါ။

သခွပ်နီဟန့်တားလိုက်မှ အားလုံး ဣန္ဒြေပြန်ထိန်းနိုင်ကြသည်။

မင်းစည်းစိမ်က ပန်ပန့်ကို ထိုနှစ်ယောက်နှင့် အချိန်ဖြုန်းနေ



www.burmeseclassic.com

www.burmeseclassic.com



မှာကို မလိုလား။

"မင်းတို့က ပန်ပန့်သူငယ်ချင်းတွေလား"

"ဟုတ်"

သခွပ်နီ သွက်သွက်ကလေး ခေါင်းညိတ်လျှင် -

"သူငယ်ချင်းတွေဆိုရင် နောက်တော့ အေးအေးဆေးဆေး တွေ့ကြတာပေါ့၊ ခု ကိုယ်တို့မှာ ကိစ္စလေးတွေရှိတယ်၊ ခွင့်ပြုဦး"

လို့ပြောပြီး ပန်ပန့်ကို ဆွဲထွက်သွားလေသည်။

ပန်ပန်မှာ မင်းစည်းစိမ်အနောက် မငြင်းဆန်ရဲစွာ ပါသွားသည်။ အနေနဲ့သခွပ်နီကို လည်ပြန်လှည့်ကြည့်ပြီး -

"ငါ ဖုန်းဆက်မယ်နော်အနေ"

ဟု ပြောသွားလေသည်။

ခုချိန်ထိ ဖုန်းဆက်မလာသေးတဲ့ ပန်ပန်။ မင်းစည်းစိမ်နဲ့ အချစ်ဆိုတာထက် မင်းစည်းစိမ်ရဲ့ ထိန်းချုပ်ခြယ်လှယ်ချက်တွေကြောင့်ဆိုတာ ထင်ရှားနေတဲ့အဖြစ်။

ဒီလိုထင်ရှားနေလျက် သခွပ်နီက အနေ့လိုပဲ ချစ်နေတာလို့ ပြောတော့ အနေတော် မခံပြင်းဘဲ မနေနိုင်။ အနေတော် ခံပြင်းနေတာလည်း သခွပ်နီ အပြစ်မဆိုသာပါ။

ပန်ပန့်စိတ်ရင်းက တွေ့ချင်ရှာပေမယ့် မင်းစည်းစိမ်ကို ဂရုစိုက်နေရသည်။ အဲဒါက မင်းစည်းစိမ်ရဲ့ အချစ်ဆိုတာလား။

တွေးရင်း သခွပ်နီ ရင်မှာ မွန်းကျပ်လာသည်။





မင်းစည်းစိမ်အချစ်နဲ့ အနေ့အချစ် တူနိုင်ဖို့မလွယ်။ အဲဒါတော့ သေချာသယောင် ရှိသည်။

"ဘာပဲဖြစ်ဖြစ် ချစ်တာတော့ ချစ်တာပဲ မဟုတ်လား၊ နင့်လို မင်းစည်းစိမ်ချစ်တာ မဟုတ်ပေမယ့် ပန်ပန်က အဲဒီအချစ်ကို မက်တယ်ဆိုတော့"

သခွပ်နီ တွေးရင်း အတန်ကြာတိတ်ဆိတ်နေပြီးမှ အနေ့စကားကို ပြန်၍တုံ့ပြန်လေသည်။ တုံ့ပြန်ပြောသည်ကလည်း အဆုံးအထိ မရောက်ပေ။ တစ်ဝက်တစ်ပျက်နဲ့ ရပ်လိုက်လျှင် -

"မမက်ရဘူးကွာ"

အနေတော် အသံကျယ်ကြီးနဲ့ မာမာပြတ်ပြတ် ပြောချ၏။

အနေတော် ပန်ပန်နဲ့ မင်းစည်းစိမ်ရဲ့အချစ်ကိစ္စကြားမှာ သခွပ်နီနှလုံးသား ပင်ပန်းရလေပြီ။

"အနေရယ်"

ပြင်းထန်နေတဲ့အနေ့ကို ကရုဏာသက်လျက် သခွပ်နီ ခေါ်မိသွားသည်။ ခေါ်ရင်း အနေ့ဘက် မျက်နှာချင်းဆိုင်သည်။

ပန်ပန့်ကို ချစ်တဲ့စိတ်နဲ့ စိုးရိမ်သောက ရောထွေးနေတဲ့ အနေ့နှလုံးသားကို ဖောက်ထွင်းမြင်နေရတော့လည်း သခွပ်နီစိတ်က အနေ့အပေါ် ယိုင်နဲ့ပြန်သည်။

"ပန်ပန့်ကို ငါတို့ ဖျောင်းဖျခွင့်ရရင် သိပ်ကောင်းမှာပဲနော်"

"ဖျောင်းဖျစရာမလိုဘူး၊ တားဖို့ပဲလိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ တားဖို့"

"ဟုတ်တယ် တားရမယ်၊ ဒီလူရင်ခွင်ထဲ ရှေ့ဆက်တိုးမဝင်ဖို့ ငါတားမယ်၊ မရ ရအောင် တားမယ်၊ ပန်ပန်နဲ့ငါ တွေ့ကြရင် နင် တစ်ခွန်းမှ ဝင်မပြောနဲ့ သခွပ်"

"အေးပါဟယ်"

အနေ့အလိုကျ သခွပ်နီ စိတ်လျှော့ချလိုက်ရသည်။

"အခြေအနေပေးလာလို့ တွေ့ခွင့်ရတဲ့အခါ နင် ပန်ပန့်ကို မရ,ရအောင် တားကြည့်ပါဟယ်၊ ငါ ဘာမှ ဝင်မပြောပါဘူး၊ စိတ်ချ ကဲ နင်လည်း ပင်ပန်းလှပြီ၊ နားဦး၊ ငါ ညနေစာချက်ပြုတ်ဖို့ မီးဖိုဆောင် ဝင်လိုက်ဦးမယ်၊ နင့်အကြိုက် ငါးကြင်းသားဝယ်ထားတာ ရှိတယ်၊ နင် ခံတွင်းတွေ့အောင် ချိုချဉ်ကြော်ပြီး ငရုပ်ကောင်းလေး ဖြူးပေးမယ် ဟုတ်ပြီနော်"

ပန်ပန့်ဆီဦးတည်နေတဲ့ စကားလမ်းကြောင်းကို သခွပ်နီ ပြောင်း လဲပြောကာ အနေ့ကို ညှိခန်းမှာထားရစ်ခဲ့လျက် မီးဖိုဆောင်ဆီ ဦး တည်နေတဲ့ ခြေလှမ်းနောက်မှာ သခွပ်နီ သက်မရှည်ကြီးချလေသည်။

ရွာမှာတုန်းကတောင် တားလို့မရတဲ့ကိစ္စ ခုနေခါ တားလို့ရနိုင် မတဲ့လား အနေရယ်၊ သခွပ်စိတ်ထဲမှာ တစ်ကိုယ်တည်းမေးရင်း ရင်ထဲမှာ ကျောက်ပန်းခက်တောင်ကြီးတစ်တောင်လုံး တက်ဖိထားသလို လေးလံလှ လေပြီ။

✿ ✿ ✿



## အခန်း (၂၀)

ကောင်းကင်ဟာ မိုးရိပ်ပါသော တိမ်ညိုတိမ်ပြာတို့ဖြင့် အုံ့အုံ့ ပျပျလေး မှိုင်းညို့ကာ မိုးရန့်ပါတဲ့ လေနုအေးများ ပွေ့ထွေးထားလေ တော့ သခွပ်နီ ကိုယ်ထဲ ချမ်းချမ်းစိမ့်စိမ့် ခံစားရလေသည်။

ကိုယ်မှာ စိမ့်ခနဲ အေးတက်သွားသော်လည်း ရင်ထဲမှာ မနေနိုင်။ အကြောင်းက -

"ဆောရီး အနေ၊ နင်တို့ ငါ့အဆောင်ရောက်လာပြီး ဖုန်း နံပါတ်ပေးသွားတဲ့အကြောင်း အလှပြောဖို့ မေ့သွားတာတဲ့၊ ဒါကြောင့် ငါ မသိတာပါ၊ အဲဒီအတွက် စိတ်မဆိုးပါနဲ့နော်"

နှစ်ယောက်သား ဆုံသည်နှင့် ပန်ပန် တောင်းပန်စကား စပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစကားနောက်မှာ အနေ့ဒေါသ ဆောင့်ထွက်လာကာ ခြေလှမ်းကြဲနဲ့ ပန်ပန့်အနား လျှောက်လာပြီး မျက်နှာကို ရှုံ့မဲ့ရင်း–

"ဟွန်း စိတ်မဆိုးနဲ့၊ ဟုတ်လား ပန်ပန်"

အနေ့စကား ရန်လိုနေမှန်း သိသာနေသည်။ အလှသစ် တကယ် မေ့ချင်ဟန်ဆောင်ပြီး မပြောဘဲနေတာလား။ ဒါတော့ အလှပဲ သိမည်။

ပန်ပန်မေးတော့မှ အလှသစ် မေ့သွားကြောင်းပြောရင်း တောင်းပန်တယ်လေ။ အလှ မေ့လို့တောင်းပန်တော့ စိတ်မဆိုးရက်ပါ။ မေ့ရင်လည်း မေ့မှာပေါ့လို့ တွေးကာ အလှပြောတဲ့အတိုင်း မေ့လို့ဆိုတာပဲ လက်ခံလိုက်ရသည်။

ပန်ပန်လက်ခံတဲ့အတိုင်း ဦးစွာ ဆောရီးပြောပြီး တောင်းပန်ပေမယ့် အနေ လက်မခံ။ အဲဒီကိစ္စက ပန်ပန့်ဘက်က အားနည်းချက်ဖြစ်နေတာမို့ ပန်ပန် စိတ်လျှော့လိုက်သည်။

အနေ ရန်လိုနေပေမယ့် ပန်ပန် ဖက်ပြိုင်ရန်မဖြစ်ချင်ပါ။ စိတ်ကိုလျှော့ခါမှ အနေ့ရန်လိုမှုက အရှိန်တက်လာသည်။

"နင့်သူငယ်ချင်းဆိုတဲ့ ဟိုနှစ်ယောက် နင့်အပေါ် ငါတို့လို သဘောရိုးနဲ့မှ ဟုတ်ရဲ့လားဟင်"

အနေ့မေးခွန်းနောက်မှာ ပန်ပန် မျက်နှာရိပ်မခံချင်စွာ တင်းမာသွားသည်။ ဒါပေမဲ့ ဘာမှတော့ ပြန်မပြော။ သဘောရိုးနဲ့မှဟုတ်ရဲ့လား ဆိုတာကိုတော့ ပြန်တွေးမိသည်။

အလှတို့နဲ့ ဆက်သွယ်မိချိန်ကစပြီး ခုချိန်ထိ ပန့်အပေါ် မရိုး





မသားပြုမူခဲ့တာ မရှိဖူးပါ။ အလှရော ပပပါ အလုပ်ကိုယ်စီနဲ့ ခြေကုပ်မြဲနေပါပြီ။

ပန်ပန် သရုပ်ဆောင်သစ် ရွေးချယ်ခံရတဲ့အပေါ်မှာ ဒီဖိုင်းကိစ္စနဲ့ မိတ်ကပ်အတွက် ကိုစည်းက အလှတို့နှစ်ယောက်လုံးရဲ့ လက်ရာတွေကို စစ်ဆေးကြည့်သည်။

စစ်ဆေးပြီးမှ သဘောကျလို့ ကိုစည်းက အလှတို့နှစ်ယောက်ကိုပါ ဖိတ်ခေါ်ထားသည်။ ကိုစည်းဖိတ်ခေါ်တာခံရလို့ ပန်ပန်ရဲ့ မိတ်ကပ်ဆရာမက ဝင်းပပဖြစ်ပြီး ဒီဖိုင်နာက အလှသစ် ဖြစ်လာသည်။

အဲဒီကိစ္စနဲ့ အလှမေ့သွားတဲ့ကိစ္စ ဘာမှမပတ်သက်ဘူး ထင်ပါသည်။

အနေက ဘယ်လိုအတွေးမျိုးနဲ့ မေးရတာလဲ။

"ပြောလေ ပန်ပန်၊ အဲဒီနှစ်ယောက် နင့်အပေါ် တကယ်ရိုးသားရဲ့လား။ ဒါမှမဟုတ် အခွင့်အရေးတစ်ခုခု ရလိုမှုအတွက် နင့်ကို တွန်းပို့နေကြတာရော မဖြစ်နိုင်ဘူးလား"

"အနေနော်"

သည်းခံနေရာမှ ပန်ပန် စိတ်လွတ်သွားသည်။ နှုတ်ခမ်းကို ခပ်နာနာ ဖိကိုက်ကာ အနေ့ရှေ့က သုံးလေးလှမ်း ရှေ့တိုးလျှောက်ထွက်သွားသည်။

ပန်ပန့်အမူအရာကိုကြည့်ပြီး အနေ နာကျင်မဲ့မဲ့ ရယ်မိ၏။

"အဟွန့်"



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်သစ်လို့ မပြောရဘူး အမူအရာတွေက သိသိသာသာ တိုးတက်လာမှန်း သတိထားမိ၏။

ကိုယ်ပေါ်မှာ အရောင်သုံးမျိုးစပ် ဖက်ရှင်နှင့် ကိုယ်လုံးအလှ ကြော့ကြော့ကြွကြွ ပေါ်လွင်နေကာ မျက်နှာမှာလည်း ဖက်ရှင်သုံးရောင် စပ်အတိုင်းမင်၏။

မျက်ခွံမှာ မရန်းရင့်ရောင်၊ ပါးနှစ်ဖက်မှာ ဝါဝါရောင်ပြေပြေလေးနှင့် နှုတ်ခမ်းမှာ အုတ်ကျိုးနီရဲကာ ပြုပြင်ထားတဲ့ဆံပင်က လှိုင်းရိပ်ရေးရေးထလျက်။

မရန်းရောင်ခဲထောင့်ချွန်က ခြေဖမိုးပေါ်မှာ ရောင်စုံကြိုးတွေနှင့်။ အလှကိုင်အိတ်ကလည်း အရောင်အသွေးစုံကာ လက်ကိုင်ကြိုးထောင့်မှာ ဝါဝါပန်းပွင့်ကြီးတစ်ပွင့် ကပ်ထပ်တဲ့ပုံစံနဲ့ လှနေပါသည်။

ကြည့်လိုက်တာနဲ့ ရုပ်ရှင်မင်းသမီးမှန်း သိသာသလို အမူအရာတွေကလည်း ပီပြင်စွာ။

ကျောက်ပန်းခက်ရွာသူလေး ပန်တော်ဦးပါလို့ ကျိန်ပြောရင် ယုံနိုင်စရာတောင် မရှိပါ။

ဒါကြောင့် အနေ နာကျင်စွာ ရယ်မိခြင်းပါ။ အနေ့ရယ်သံကြောင့် ပန်ပန် ဖျတ်ခနဲ လှည့်ကြည့်၏။ ထိုအကြည့်က ဒါရိုက်တာအလိုကျ ပီပီပြင်ပြင် သရုပ်ဆောင်နေသည့်နှယ်။

ဖွေစောင်းစောင်းငဲ့ကြည့်တဲ့ မျက်ဝန်းလှလှမှာ မာနရောင်လက်ထပြီး စူးရှလို့နေကာ။





"ဘာလဲ အနေ၊ နင့်မျက်လုံးထဲမှာ ပန်က သူများကြိုးဆွဲတိုင်း ကနေတဲ့ ရုပ်သေးရုပ်ဖြစ်နေလို့လား"

"အသက်မဲ့တဲ့ ကြိုးဆွဲရုပ်သေးမဟုတ်ဘူး ပန်ပန်၊ အလမ္ဘာယ်ဆရာရဲ့ ရောက်နေတဲ့ သက်ရှိမြွေမလေးလို ဖြစ်နေတာကွ"

"ဟင်"

ပန်ပန် ဒေါသထွက်သွား၏။ အနားမှာရှိနေတဲ့ အနေ့ရင်ဘတ်ကို ဆောင့်တွန်းလျက် –

"နင် နင် ပန့်ကို စော်ကားလှချည်လားဟင်"

ယိုင်နဲ့သွားတဲ့ကိုယ်ကို အနေထိန်းရင်း –

"စော်ကားတာ မဟုတ်ဘူး ပန်ပန်၊ နင့်အဖြစ်က အလမ္ဘာယ်ဆရာအလိုကျ ကကြိုးဆင်နေရတဲ့ မြွေမလေးဘဝ ရောက်နေတာ၊ အဲဒီဘဝရောက်အောင် နင့်ကိုယ်နင် ထိုးကျွေးနေတာ"

"ဘာ"

ပန်ပန့်မျက်လုံးထဲ ကာလာတွေပြာသွား၏။ နင့်ကိုယ်နင် ထိုးကျွေးနေတာတဲ့။

ယောက်ျားတန်မဲ့ ထိုစကားထွက်လာတဲ့ ပါးစပ်။ အကြိမ်ကြိမ်စကားလုံးတွေနဲ့ စော်ကားခံနေရတော့ ပန်ပန့်ဒေါသက ခေါင်းကျိုးမနေနိုင်တော့ပါ။

ဆတ်ခနဲ ထောင်ထသွားတဲ့ ပေါက်ကွဲမှုနောက်မှာ လက်တစ်ဖက်လည်းပါသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် နင် ငါ့ကိုပြောဦးဟယ်၊ ဖြန်း"

ပြောရင်း ရိုက်ချလိုက်ပေမယ့် အနေက လက်မြန်သွားသည်။ ဖမ်းဆုပ်လိုက်တဲ့ နောက်မှာ လက်ဝါးထိသံ ကျယ်လောင်စွာ ပေါ်ထွက်၏။

ဖမ်းထားတဲ့ ပန်ပန့်လက်ကို အနေ တင်းနေအောင်ဆုပ်ကာ ဆွဲယူလျှင် ပန်ပန် ကိုယ်အရှိန်မထိန်းနိုင်ဘဲ ပါလာသည်။

"တောက်၊ ငါ့လက်ကို လွှတ်စမ်း အနေ"

ပန်ပန် ဒေါသနဲ့ ဆောင့်ရုန်း၏။ အနေတော် မလွှတ်ဘဲ ဆွဲဆုပ်ကာ ပန်ပန့်တစ်ကိုယ်လုံးကို ရင်ခွင်ထဲ ထည့်ဖက်လိုက်သည်။

အတွေ့မှာ နွေးထွေးသွားကာ ယှက်ထားတဲ့လည်တိုင်နဲ့အတူ ပန့်ဆံပင်ရှည်တွေကြား မျက်နှာဝှက်ပြီး နမ်းမွှေးနေတဲ့ အနေ့ခံစားချက်နောက်မှာ ပန်ပန့်ဒေါသက ဥပုသ်သီလ ဆောက်တည်မနေနိုင်တော့ပါ။ အသိတရားမဲ့ ပေါက်ကွဲကာ –

"အနေ"

အသံကုန်အော်ဟစ်ရင်း ဆောင့်တွန်းပစ်၏။ မထင်မှတ်ဘဲ အတွန်းခံလိုက်ရတဲ့အရှိန်က များကာ အနေ့ကျောပြင် နောက်လှန် ယိုင်ကာ ခြေလက်ကားလျားနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်လျှင် သခွပ်နီ ရပ်ကြည့်မနေသာတော့ပါ။

အနေ့နောက်မှ ပြေးဝင်ထိန်းမတ်လိုက်သည်က အနေတော် ပိုးစိုးပက်စက် ကျမသွားစေဖို့ဖြစ်သည်။

သခွပ်နီကိုမြင်တော့ ပန်ပန် ပို၍ပင် တင်း၏။





အနေနဲ့ပတ်သက်ရင် သခွပ်နီက ပန့်အပေါ် ငယ်ငယ်ကတည်းက ထိုးနှက်စကားတွေ ပြောနေကျမဟုတ်လား။

အခုလည်း အနေ့ကို အားပေးအားမြှောက်နဲ့ ပါလာပြန်ပြီ။ ထိုနှစ်ယောက်ကို ကြည့်ရင်း ပန်ပန့်မာနက ပို၍တောက်ပြောင်လာကာ

"ဒီမှာ နင်တို့နှစ်ယောက် မြဲမြဲမှတ်ထားပါ၊ ပန်တော်ဦးဆိုတာ ဘယ်သူ့ဖြားယောင်းမှုအောက်မှ ရှင်သန်နေမယ့် မိန်းမ,မဟုတ်ဘူး"

ပတ်ဝန်းကျင်မှာ မိုးရိပ်တွေနဲ့ မှောင်ပျလာသလို အေးစိမ့်တဲ့ မိုးငွေ့တွေလည်း ပျံ့နှံ့လို့လာသည်။ ရာသီဥတုကို အားလုံးမေ့နေကာ ပန်ပန့်စကားလုံးတွေ အတားအဆီးမဲ့ အန်ကျလွှမ်းမိုးလျက်ရှိ၏။

"ပန်တော်ဦးက နင်တို့တစ်ရွာလုံးမေတ္တာနဲ့ အသက်ရှင်ခဲ့တယ်၊ အဲဒါကို ငါ ဘယ်တော့မှမမေ့ဘူး အနေ၊ ငါ့ရဲ့ချက်မြှုပ် အဲဒီရွာအပေါ်မှာလည်း ငါ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ ငါသေရင်တောင် နင်တို့ရွာမှာပဲ လာသေမယ်၊ မသေခင်စပ်ကြားမှာ လူတစ်ယောက်ရဲ့ ဘဝနေရိုးနေစဉ်အတိုင်း နေဖို့ ငါ့အတွေးအခေါ်က ငါ့ အသိတရားကို ခွင့်မပြုဘူး၊ ဒါကြောင့် ငါဟာ ကျားကုတ်ကျားခဲနဲ့ ဆယ်တန်းကို ထူးထူးချွန်ချွန် အောင်မြင်ဖို့ ကြိုးစားခဲ့တယ်၊ ဆယ်တန်းအောင်ရင် ငါ့ဘဝ ငါလျှောက်လှမ်းမယ်၊ ဘယ်သူ့တားဆီးပိတ်ပင်တာကိုမှ မခံချင်လို့ ငါ့ဆုံးဖြတ်ချက်နဲ့ ငါ ထွက်ခဲ့တာဟဲ့"

သခွပ်နီ မသိမသာ သက်မ,ချလျက် ခေါင်းယမ်းသည်။ အနေက ကိုယ်ရှိန်ထိန်းကာ ပန်ပန့်ကို မမြင်ဖူးသူလို ခပ်စိန်းစိန်းကြီး ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေရှာသည်။

ပန်ပန်က ဟိုးအဝေးဆီမှ လှိုင်းရိပ်နဲ့ထန်နေတဲ့ မြစ်ရေပြင်ကို ငေးကြည့်ရင်း အဆက်မပြတ်တိုက်ခတ်နေတဲ့ မိုးသက်လေတွေလို တဝေါဝေါနဲ့ ဆက်တိုက်ပြောချလေသည်။

"ငါလျှောက်မယ့်လမ်းကို ငါထွင်တယ်၊ ဒါပေမဲ့ အဲဒီထွင်တဲ့ အထဲမှာ ဘဝကိုပုံအပ်ပြီး ထိုးကျွေးရင်း အစတေးခံဖို့မဟုတ်ဘူး၊ ငါ့ အရည်အချင်းနဲ့ငါ လျှောက်တတ်ဖို့ လက်တွဲခေါ်မယ့်သူ လိုအပ်တယ်၊ အဲဒီလူဟာ နင်မှ မဖြစ်နိုင်တာဘဲ အနေတော်ရယ်"

အနေတော် မျက်လုံးကို စုံမှိတ်ချလိုက်သည်။

"နင်မှ မဖြစ်နိုင်တာဘဲ" ဆိုတဲ့ ပန်ပန့်စကားလုံးက အနေ့ နှလုံးသားကို အကြိမ်ကြိမ်ပုတ်ခတ်နေသည်။ ပုတ်ခတ်တိုင်းလည်း နာကျင်လှိုင်းက တဝုန်းဝုန်းထ၏။

"ပန်ပန်"

နှစ်ယောက်ကြားက တင်းမာမှုတွေ လျော့ကျသွားစေချင်တာ သခွပ်နီရဲ့ဆန္ဒဖြစ်သည်။ သခွပ်နီ နှစ်ယောက်ကြားဝင်၍ ပန်ပန့်ဆီ လျှောက်သွားရင်းခေါ်လျှင် ဘေးတိုက်မြင်နေတဲ့သခွပ်နီကို ပန်ပန် မကြည့် ဘဲ ဆိုသည်။

"ငါနဲ့အနေ့ကြား နင့်ပါးစပ်ပေါက် ဟစရာမလိုဘူး သခွပ်"

ဟု အပြတ်ပိတ်ပြော၏။ အပြောခံရတော့ သခွပ်နီ ရှက်ကာ မျက်နှာပျက်ကျသွားသည်။ ဝမ်းနည်းလှသည်။





အနေတော်က စူးစူးရဲရဲ ကြည့်ကာ တောက်ခတ်၏။

"တောက်"

ပန်ပန်က မမှုစွာ မဲ့ကြည့်၏။

"အဟင့်၊ ငါလျှောက်လှမ်းမယ့်လမ်းအတွက် လိုအပ်တဲ့ လက်တွဲဖော်ကို ငါတွဲရမှာပဲ၊ အဲဒါ အချစ်နဲ့မဆိုင်ဘူး။ ဘဝနဲ့ ပတ်သက်တယ်၊ ငါ့ဘဝအတွက် ငါ ဘယ်ယောက်ျားကိုဖြစ်ဖြစ် ရွေးချယ်ခွင့်ရှိတယ်၊ ရွေးချယ်ရမှာက ငါ့အခွင့်အရေး, ငါ့ရဲ့ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ဘယ်သူမှ ဘာကြောင့်မှ ပိတ်ပင်ဆီးကာလို့ မရဘူး၊ သိရဲ့လား"

သခွပ်နီ မျက်ရည်ဝဲလာသည်က စိတ်မချမ်းမြေ့စွာ။ သေချာ တာက ဘယ်သူ့အတွက်လဲဆိုတာ ကိုယ်တိုင်ပဲသိသည်။

"အေး နင်ချစ်နေတာကို ငါ့နှလုံးသားထဲမှာ ဘယ်တော့မှ မေ့ထားလို့ ရမှာမဟုတ်ဘူး အနေ၊ ဒါပေမဲ့ အချစ်ဆိုတာနဲ့ နင် မတားနဲ့၊ နှလုံးသားကြောင့်ဆိုတာနဲ့လည်း ဖြားယောင်းဖို့ မကြိုးစားနဲ့၊ ငါ့လမ်းငါ ဆက်လျှောက်မယ်၊ ဒါပါပဲ"

နိုင်မာပြတ်သားနေတဲ့ စကားလုံးတွေမှာ ကျောခိုင်းသွားတဲ့ ပန်ပန့်ခြေလှမ်းတွေ။ လိုက်ပို့ပြီး ထွက်ခွာမသွားသေးတဲ့ မင်းစည်းစိမ်။ ပါရဒိုကားစက်နှိုးထားလျက်နဲ့ စောင့်နေခဲ့သည် မဟုတ်လား။

ထိုကားပေါ် လှမ်းတက်သွားသည်နှင့် လျောခနဲ မောင်းထွက် သွားတဲ့ မင်းစည်းစိမ်ကားပေါ် ပါသွားတဲ့ ပန်ပန်။

အနေတော် အမြင်တစ်ဆုံး ငေးကြည့်နိုင်စွမ်းမရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သခွပ်နိုက ဝေးသွားတဲ့ကားနဲ့ ဆန့်ကျင်ဘက်ဆီ လျှောက်ထွက်သွားတဲ့ အနေ့ကို တစ်လှည့်စီကြည့်လျှင် အုံ့ဆိုင်းနေတဲ့မိုးက ဝမ်းနည်းခြင်းကြီးစွာ ဟီးခနဲ ရွာချလေသည်။

ဒီမိုးက ဘာမိုးလဲ။

အသည်းကြွေမိုး ဒါမှမဟုတ် အချစ်တွေခြွေတဲ့မိုးလား။

ပြောပါကွယ်။

✿ ✿ ✿



## အခန်း (၂၁)

"ပန့် ငယ်သူငယ်ချင်းတွေက ဘယ်လိုကြီးလဲ"

အလှသစ် အုံ့သြလွန်းလို့ တဲ့မေးလျှင် ပန်ပန် စိတ်လှုပ်ရှားကာ မျက်နှာလှွဲ၏။ လွှဲလိုက်တဲ့မျက်နှာက အလှသစ်မေးခွန်းကို စိတ်ဆိုးလို့မဟုတ်မှန်း သိသာသည်။

ဒါပေမဲ့ ပန့်အပေါ် နားလည်မှုလွဲနေတဲ့ကိစ္စ အလှတို့နားလည်အောင် ရှင်းပြဖို့ ခဲယဉ်းနေတာကြောင့် ဖြစ်သည်။

"ဟုတ်တယ်နော်"

ဝင်းပပကလည်း ပခုံးပင့်ကာ မျက်နှာလေးရှုံ့တွရင်း ဆိုပြန်သည်။ ပန်ပန် တစ်ခုခုပြောဖို့ ဟန်ပြင်သေး၏။ ဘာပြောရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းပန့်ကိုယ်ပန်းပန် ပြန်မေးကာ ခေတ္တနားထားတဲ့ ရိုက်ကွင်းနဲ့ ဝေးရာဆီ ထထွက်ခဲ့မိသည်။ ကိုစည်းက ဒါရိုက်တာနဲ့ စကားပြောနေရာမှ တစ်ချက်လှမ်းကြည့်၏။

ဒါပေမဲ့ နောက်က လိုက်မလာ။ အလှသစ်နဲ့ ဝင်းပပ မနေသာဘဲ လိုက်လာကြသည်။ အသွင်သစ်သရုပ်ဆောင်သင်တန်းခန်းမရဲ့ အနောက်ဘက်မှာ တောအုပ်လေးသဖွယ်ဖန်တီးထားတဲ့ တောတန်းလေးရှိသည်။

တောတန်းဘက် လှမ်းဝင်သွားတဲ့ ပန့်ပန့်စိတ်က ဘယ်ဆီရောက်လို့ ရောက်နေမှန်းမသိ။ တကယ် နောက်ကျိလို့နေပါသည်။

"ပန်ပန်"

အလှသစ်ခေါ်ရင်း အနားလျှောက်လာသည်။

"ပန့်သူငယ်ချင်းတွေကို အလှတို့ ရှုတ်ချတာမဟုတ်ဘူး၊ သူတို့အမြင်က သိပ်များကျဉ်းနေသလားလို့၊ ဒီလိုပြောမိလို့ ပန်ပန် စိတ်ဆိုးလား"

"ဟင့်အင်း"

ပန်ပန် ခြေလှမ်းနှေးလိုက်ရင်း ခေါင်းခါသည်။ တကယ်လည်း ပန်ပန် စိတ်မဆိုးပါ။

အနေ့သဘောနဲ့ အပြုအမူအပေါ် ပန်ပန် တုံ့ပြန်ကာပြောခဲ့တာကို ပြန်ခံစားရင်း ရင်မှာ မကြည်လင်တာမျိုးဖြစ်ကာ –

"စိတ်မဆိုးဘူးဆို အလှဝမ်းသာပါတယ်၊ ဒါပေမဲ့ဟာယ် တစ်ဖက်





သတ် ဒီလိုပြောဆိုတာတော့ အားလုံးရဲ့ကိုယ့်ကျင့်သိက္ခာကို ထိပါးတာအမှန်ပဲလေ"

အလှသစ်စကားအဆုံးမှာ အဝေးဆီ ငေးကြည့်နေတဲ့ ပန်ပန့်မျက်ဝန်းမှာ နာကျင်ရိပ်တို့ ရစ်သိုင်းလာကာ ခေါင်းတစ်ချက် ဆတ်မိသွားသည်။

"ဟုတ်တယ်၊ အနေ့စိတ် အဲဒီလောက် ရိုင်းစိုင်းမယ်လို့ ပန်မထင်ခဲ့ဘူး၊ တကယ်ဟာယ် ပန့်အပေါ်မှာ ရင့်ရင့်သီးသီး စော်ကားတဲ့စကားလုံးတွေနဲ့ ထိုးနှက်ပြောတာ ပန့်အသည်းနှလုံးမှာ ဒဏ်ရာနက်ကြီးတစ်ခု ရသွားသလိုပဲ၊ ဝမ်းလည်းနည်းတယ်၊ ရင်လည်းနာတယ်၊ ဟင့်ဟင့်"

ပြောရင်း နာကျင်ဝမ်းနည်းလာတဲ့ ခံစားချက်က မြိုချခံရသည့်နှယ်။ မျက်ရည်စတို့ အိကျလာသည်။

ဝင်းပပက ရှေ့ဆက်မပြောဖို့ အလှသစ်ကို မျက်ရိပ်ပြသည်။ ခြေလှမ်းကလည်း ပန်ပန့်နားရှေ့ကာ နှစ်သိမ့်ပေးလိုတဲ့ဆန္ဒနဲ့ ပန်ပန့်ပခုံးကို ဖွဖွဖက်လေသည်။

"တစ်ယောက်နဲ့တစ်ယောက် အယူအဆမတူရင်, ဒါမှမဟုတ်လျှောက်တဲ့လမ်းချင်းမတူရင် ဒီလိုပဲ နားလည်မှုလွဲနေကြမှာပဲ ပန်ပန်"

"ဟုတ်တယ်၊ ပန် အဲဒါကို မခံစားနိုင်တာပေါ့၊ ဟင့် ဟင့်ဟင့်"

ပြောရင်း ဝမ်းနည်းစိတ်မထိန်းနိုင်ဖြစ်ကာ နာနာကျင်ကျင်



www.burmeseclassic.com

www.burmeseclassic.com



ငိုချ၏။ အလှနဲ့ဝင်းပပ စာနာစွာ သက်မ,ချလေသည်။

"အင်းပေါ့လေ၊ သူတို့က အဝန်းအဝိုင်းတစ်ခုထဲမှာ စံတုပ်ရိုက် ဘောင်ကန့်ပြီး ရပ်တည်ရမယ်လို့ ခပ်ရိုးရိုးလေးတွေးတာကိုး၊ အဲဒီအတွေး နောက်မှာ နားလည်မှုလွဲတာတွေ ကပ်ပါလာပြီး ပန့်ကို စည်းဝိုင်းထဲ ထည့်ပိတ်ဖို့ ကြိုးစားရုံမက အားလုံးကိုလည်း ဝါးလုံးရှည်နဲ့ရမ်းသွားတာ ခံနိုင်စရာမှ မဟုတ်တာ"

အလှသစ်ရှင်းပြသလို ခပ်အေးအေးပြောလေသည်။ ပန်ပန် နာကျင်စွာ ခေါင်းညိတ်သည်။ ဝင်းပပ သက်မမျှင်းမျှင်း ချလေပြီး –

"အဲဒါပေါ့၊ အလှမေ့သွားတဲ့ကိစ္စ သူတို့လက်မခံဘူး၊ ကိုစည်း ပန့်ကိုချစ်တာကို ခါးခါးသီးသီးဖြစ်ရုံမက ပန့်ကို သရုပ်ဆောင်သစ် ရွေး ချယ်တာကို မရိုးသားဘူးလို့ စွပ်စွဲပြန်တယ်၊ တကယ်ဆို ဘာဆိုင်လို့လဲ ပန့်ကိုရွေးချယ်တာ ဒါရိုက်တာအလိုကျ ရွေးချယ်သွားတာလေ၊ သရုပ် ထက်တို့ မလိုတမာပြောတဲ့ နောက်ကသတင်းတွေ ပွပေါင်းထွက်လာ တာကို ပန်က ပန့်ဘဝပန်ထိုးကျွေးပြီး တက်လမ်းထွင်တယ်လို့ စွဲချက်တင် သွားတာ၊ ပပတော့ အံ့သြလို့မဆုံးဘူး၊ တကယ်ဟယ်၊ နောက်ပြီး ပပ တို့ကလည်း ပန့်ကို ခုတုံးလုပ်ပြီး အခွင့်အရေးယူဖို့ ထိုင်စောင့်နေသလို ကြီး"

ဝင်းပပကလည်း ရင်ထဲ တင်းမာနေသမျှ ထုတ်ပြောလိုက် သည်။ ရင်ထဲမှာ မထားချင်တော့ပါ။ အားလုံးကို သိမ်းကြုံးပြောသွား တာတွေက တကယ့် သည်းမခံနိုင်စရာတွေ မဟုတ်လား။





"ဟော့ ဟိုသုံးယောက် ဘာတွေ ဖြစ်နေကြတာလဲ"

ဒါရိုက်တာနဲ့ စကားပြောနေရင်း လှမ်းကြည့်အကဲခတ်နေတဲ့ မင်းစည်းစိမ် အားမရနိုင်တော့ပါ။ ချက်ချင်း စကားစဖြတ်ပြီး လိုက်ခဲ့ခြင်း ဖြစ်သည်။

မင်းစည်းစိမ်အသံကြားတော့ သုံးယောက်သား လှည့်ကြည့်၏။ ကိုစည်းကိုမြင်သည်နှင့် အလှနဲ့ဝင်းပပ ကိုယ်ရှိန်သတ်နောက်ဆုတ်က–

"ပန်"

မင်းစည်းစိမ် အနားတိုးလာရင်း ခေါ်သည်။

ပန်ပန် မော့ကြည့်လျှင် မျက်နှာကိုတည့်တည့်စိုက်ကြည့်နေတဲ့ ကိုစည်းမျက်ဝန်းနဲ့ ဆုံသည်။

မျက်ရည်တွေ ရွဲနေတာမြင်တော့ မင်းစည်းစိမ် စိတ်ပင်ပန်းစွာ သက်မ,ချပြီး –

"ပန့်ကို ကိုယ်အားမရတာ အဲဒါပဲကွ"

တည်ငြိမ်သံနဲ့ အလေးအနက်ပြောကာ ပန့်မေးဖျားလေးကို ဆွဲယူမေး၏။

"ခုချိန်မှာ ပန် ဘာဖြစ်ချင်လဲ၊ ပြော"

"အဟင့်"

ပန့်ရင်ထဲမှ နာကျင်ဝမ်းနည်းမှုတွေ လှိုက်တက်လာသော ကြောင့် မျက်လွှာချ တစ်ဆက်တည်းလည်း ဟင့်ခနဲ ရှိုက်မိလျှင် အငဲ ခတ် မြင်မိသွားတဲ့ မင်းစည်းစိမ်က –



www.burmeseclassic.com

www.burmeseclassic.com



"ငိုချင်တာလား"

လို့ မေးလျှင် ပန်ပန် ဟန်မဆောင်နိုင်တော့ပါ။

ကိုစည်းစကားဆုံးသည်နှင့် ခေါင်းညိတ်၏။ မင်းစည်းစိမ် မလွယ်ပါလားဟု ခေါင်းယမ်းကာ –

"အင်းလေ၊ ငိုချင်နေရင် ငိုချလိုက်ပေါ့ ကလေးရယ်"

ပြောရင်း ပန်ပန့်ခေါင်းကို ကြင်နာစွာ ပွတ်သပ်ချော့မြူတဲ့ အခါ ငိုချင်ရဲ့လက်တို့ဖြစ်နေတဲ့ ပန်ပန့်နှလုံးသားမှ ဟီးခနဲ ငိုချလိုက်၏။

ပန်ပန် မငိုချင်ဘဲ နေမလား။ တစ်ဆိတ် စဉ်းစားကြည့်လေ။ ပန့်ဂုဏ်သိက္ခာကို စော်ကားရုံတင်မက အနေ နောက်ဆုံးပြောသွားတဲ့ စကားလုံးနဲ့ အပြုအမူ ပြန်မြင်ယောင်ကာ –

✿

အနေနဲ့ပန် သဘောထားမညီမျှတာက တခြားပါ။ သခွပ်နီ ဒေါ်လေးကို ဖုန်းဆက်ကြည့်တော့ အနေတို့ပြန်တော့မယ်မှန်း သိရသည်။ ပြန်တော့မယ်ဆိုလို့ ပန်ပန့်အပေါ် သမီးရင်းလိုချစ်တဲ့ ဒေါ်ဒေါ်မြနဲ့ ဦးလေးအတွက် အဝတ်အစား၊ အားဆေး၊ ကိတ်မုန့်နဲ့ ပန် သရုပ်ဆောင်ခ ရထားတဲ့ ပိုက်ဆံတချို့ စာအိတ်ထဲထည့်သည်။

ကားဂိတ်အရောက် အမီသွားပြီး အနေ့လက်ထဲ ထည့်ပေးတဲ့ အခါ –

"ဟွန်း ဒီမှာပန်ပန်၊ ငါ့အမေနဲ့အဖေလိုချင်တာ နင့်ရဲ့ ပေးစာကမ်းစာ မဟုတ်ဘူး။ နင့်ကို သမီးတစ်ယောက်လို တစ်သက်လုံး ရင်ဘတ်ထဲထည့်ထားချင်တဲ့ ဆန္ဒကွ၊ နင် သိသိကြီးနဲ့ ဒီပစ္စည်းတွေ မျက်နှာပြောင်တိုက်ပြီး လာပေးရဲတဲ့ နင့်သတ္တိကို ငါ ချီးကျူးပါတယ်၊ အဲဒီအတွက် ငါ ဂုဏ်ပြုရမှာပေါ့ ရွှေမင်းသမီးရဲ့"

ပန်ထိုးပေးတဲ့ လက်ဆောင်ပစ္စည်းတွေ ဆွဲယူသည်။ ယူပြီးသည်နှင့် အိတ်ကိုဆွဲဖြဲကာ ပန့်ခေါင်းပေါ်မှ သွန်ချလိုက်၏။

ပန် မြတ်မြတ်နိုးနိုး ကန်တော့လက်ဆောင်ပေးတဲ့ပစ္စည်းတွေက ပန့်ခေါင်းပေါ်ကတစ်ဆင့် ပန့်ခြေဖဝါးအောက် လျှောဆင်းကာ လမ်းမှာ ပြန့်ကြဲသွားသည့်အဖြစ်။

ထို့နောက် အနေ မဲ့လျက် သခွပ်နီလက်ကိုဆွဲကာ ကားပေါ် တက်သွားသည်အထိ ပန်ပန် ကြောင်တက်တက်ကြည့်နေမိသည်။

Express ကားကြီး ဝူးခနဲ ထွက်ခွာသွားမှ ပန်ပန် ဝမ်းနည်းစွာ အသိဝင်လာသည်။

"အနေ"

ပန့်ကို လက်တုံ့ပြန်တာ ပြင်းလှချည်လား အနေရယ်။

ပန်ပန် အသံကုန်အော်ခေါ်မိတာ ရင်ကွဲလုမတတ်ပါ။ ကားပေါ်ပါတဲ့အနေ နောက်လှည့်၍ပင် ငဲ့မကြည့်တဲ့အဖြစ်။

ကားဂိတ်မှာ ပန်ပန့်ခမျာ အရှက်ခွဲခံရတဲ့အဖြစ်။ ခံစားမိတိုင်း







www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမှာ ထိခိုက်မဆုံးတော့ပါ။

"ဟင့် ဟင့် ဟင့်"

အဖြစ်အပျက်အားလုံးက မင်းစည်းစိမ်ရှေ့တင် ဖြစ်သွားတာ မဟုတ်လား။ ပန်တို့ ငယ်သူငယ်ချင်းတွေရဲ့ ဖယားထဲ မပတ်သက်ချင်လို့ မင်းစည်းစိမ် ကောင်း၏ဆိုး၏ ဝင်မစွက်ဖက်ခြင်းပါ။

ခုတော့ လျစ်လျူရှုမနေရက်တော့ပါ။ ဝမ်းနည်းလွန်းကာ နာကျင်မှုတွေရောပြီး တသိမ့်သိမ့်ငိုနေရှာတဲ့ မိန်းကလေးက မင်းစည်းစိမ် ချစ်နေတဲ့သူ။

ကိုယ့်ချစ်သူ ကိုယ့်ရှေ့ မျက်ရည်ကျတာမြင်ရတော့ နှလုံးသားက အကြင်နာတံခါးက ဘယ်သော့နဲ့ ခတ်ထားလို့ ရမှာတဲ့လဲ။

ရင်ခွင်ထဲ ပွေ့ဖက်မိကာ –

✿ ✿ ✿



## အခန်း (၂၂)

ပန်ပန်ဟာ ကျောက်ပန်းခက်တောင်နဲ့တူတယ်လို့ သူငယ်ချင်းအားလုံး ယူဆလျက်။

ကျောက်ပန်းခက်တောင်ဟာ အရှေ့ကြည့်ရင်တစ်မျိုး၊ အနောက်ကကြည့်ရင် တစ်မျိုး၊ တောင် မြောက် ဘယ်ဘက်ကကြည့်ကြည့် အသွင်သဏ္ဍာန် ခြားနားလျက်ရှိသည်။

ဒါတင် မက၊ မြင်နေရတဲ့ အသွင်သဏ္ဍာန်ကိုလည်း ခွဲခြားပြောဆိုဖို့ ခက်လှသည်။ ထို့အတူ ပန်ပန့်စိတ်သည်လည်း ခွဲခြားဖို့ ခက်လှစွာ။

ရွာကထွက်ခွာသွားတာ အောင်မြင်တဲ့အနုပညာရှင်ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားဖို့တဲ့။ ခုတော့ ထုတ်လုပ်သူလက်ကို ဆွဲတွဲထားလေပြီ။

ထိုလက်ကို တွဲလိုက်တာ ဘာရည်ရွယ်ချက်နဲ့လဲ။

ချစ်လို့မဟုတ်တာ ခံစားသိရှိနေလျက် တွဲဖို့ဆုံးဖြတ်လိုက်တဲ့ ပန်ပန့်အယူအဆက ကျောက်ပန်းခက်တောင်လိုပဲ မာယာများလွန်းနေသည် မဟုတ်လား။

"ဟုတ်ရဲ့လား သားရယ်"

ဒေါ်လေးမြက လက်မခံချင်။ မယုံချင်စိတ်နဲ့မေးတော့ အနေ ဘာမှ ပြန်မပြော။ အိမ်ပေါ်ကနေ ဆင်းသွား၏။

စက်ဘီးနင်းကာ ရွာပြင်ဘက် တစ်ရှိန်ထိုး ဦးတည်ထွက်သွားတဲ့ အနေ့ခံစားချက်လည်း ဘာထူးလဲ။ ခွဲခြားရခက်တာပဲ မဟုတ်လား။

"အနေ"

ထွန်းဇေ လှမ်းခေါ်ပေမယ့် လှည့်မကြည့်ပေ။ ဖံမင်းက စိတ်ရှုပ်ထွေးကာ ခေါင်းယမ်းသည်။

"တကယ်ဟုတ်လို့လား သခွပ်ရယ်၊ ယမင်း မယုံချင်ဘူး"

ခွေယမင်း သခွပ်နီနား ကပ်လာပြီးမေးသည်။ သခွပ်နီ ပြန်ပြောဖို့ ခဲယဉ်းလို့နေသည်။

ပြောလိုက်လို့ အားလုံး ဒေါသဖြစ်ပြီး ဘာညာပြောကြမှာလည်း မလိုလားပေ။

ဒေါ်မြရှင်က သားကို အားမရသလို သခွပ်ကိုလည်း နားမလည်စွာ ကြည့်ရင်း –





"တစ်ခုခုကို ရှင်းအောင်ပြောစမ်းပါကွယ်၊ ဒေါ်လေးမြက ပန်ပန့်ကို ဘယ်လောက်ချစ်ပြီး ဘယ်လောက်မျှော်လင့်လဲဆိုတာ သခွပ်လေး သိတယ်မဟုတ်လားဟင်၊ ပန်ပန်က တကယ်ပဲ သားကိုငြင်းပြီး တခြားတစ်ယောက်ကို ရွေးယူလိုက်တာလား"

သခွပ်နီ ချက်ချင်း ခေါင်းညိတ်လိုက်ဖို့ ဝန်လေးသည်။

ခုချိန်မှာ သခွပ် အဖြစ်စေချင်ဆုံးက ပန်ပန်လုပ်ဆောင်သမျှကို အမျက်မပွားဘဲ နားလည်လက်ခံပေးချင်တာပဲ စိတ်အားထက်သန်ရှိတာကြောင့် –

"ပန်ပန်က အသွင်သစ်ရုပ်ရှင်ကုမ္ပဏီက ရွေးချယ်တဲ့ သရုပ်ဆောင်သစ် ဖြစ်သွားပြီမဟုတ်လား၊ မင်းစည်းစိမ်က ထုတ်လုပ်သူဆိုတော့ အလုပ်သဘောအရ ပန်ပန် မင်းစည်းစိမ်နဲ့ လက်တွဲတာမျိုးပါ၊ မင်းစည်းစိမ်ကို ချစ်လို့လက်တွဲတာမျိုး မဟုတ်ဘူး ဒေါ်လေးမြရယ်"

"အဲဒါဆို သားက ဘာဖြစ်လို့ ဘာမေးမေး ပြန်မပြောရတာလဲဟင်"

ဒေါ်လေးမြ ထပ်ဆင့်မေးပြန်သည်။ သခွပ်နီ အဆင်ပြေအောင် ဖုံးဖုံးဖိဖိ ပြောနေရတာ စိတ်ကမလုံချင်။

"ဟိုလေ အနေက ပန်ပန့်ကို ရွာပြန်ခေါ်လို့ရဖို့ ကြိုးစားတယ်၊ ပန်ပန်က ငြင်းတော့"

သခွပ်နီ စကားမဆုံးခင် ဒေါ်လေးမြမျက်နှာမှာ မျှော်လင့်ချက်ကင်းမဲ့စွာ ညှိုးကျသွားလေသည်။ ဒေါ်မြရှင်ရဲ့စိတ်ကလည်း သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထပ်တူ ဖြစ်သည်။

ခုတော့ ဆန္ဒတွေနဲ့လက်တွေ့က ခြားနားနေပါသည်။ မျှော် လင့်ချက်ကင်းမဲ့သွားတဲ့ ဒေါ်လေးမြမျက်နှာက ညှိုးကျနေရာမှ မှိုင်းကာ သားအတွက်လည်း ရင်ထဲ ဝမ်းနည်းလျက်၊ သားထွက်သွားရာဘက်ဆီ ငေးမျှော်ကြည့်ရင်း အသက်ရှူဖို့ မေ့လျော့နေသလို ငြိမ်သက်လို့သွား လေသည်။

ရိပ်မိသိရှိသွားတဲ့ သူငယ်ချင်းတွေလည်း စကားဆက် ပြန် မမေးရက်စွာ။

ဒေါ်လေးမြကို ကရုဏာသက်စွာ ငဲ့ကြည့်လိုက်၊ အနေ့နှလုံး သားကို မှန်းဆသနားလိုက်နဲ့ စိတ်မသက်မသာ ဖြစ်လို့နေကြသည်။

"ပန်ပန့်စိတ်အပြောင်းအလဲက အံ့ဩဖို့ကောင်းတာထက် ပို နေတယ်၊ ယမင်းတော့ အဲလိုပဲ ယူဆတယ်၊ တကယ်ဆို ပန့်စိတ် ပန့် သဘောကျဖြစ်အောင် ပန်လုပ်ခွင့်ရပြီပဲ၊ အနေ့အပေါ်ထားတဲ့ သဘော ထား ဘာမှပြောင်းလဲစရာ မလိုတူးလေ၊ အနေဆိုတာ ဘာလဲ၊ ဒေါ်လေး မြနဲ့ ဦးလေးငွေက ပန်ပန့်ဘဝအတွက် ဘယ်လောက်အရေးပါခဲ့သလဲ၊ အဲဒါကိုတော့ တွက်ဆသင့်တယ်၊ မေတ္တာတရားကို ငဲ့သင့်တယ်၊ ဘာကိုမှ မငဲ့ကွက်ဘဲ မျက်နှာပြောင်တိုက်သလို တုံ့ပြန်တာတော့ ယမင်း သည်း မခံချင်ဘူး၊ ဘာကြောင့်များ ပန်ပန့်စိတ်နှလုံးသားမှာ ခံစားသိနဲ့ သိမြင် ခံစားနိုင်စွမ်း မဖြစ်တည်ရတာလဲ၊ ယမင်းတော့ တွေးကြည့်လို့ကို မရဘူး၊ တကယ်ဟယ်"





ဆွေယမင်း ရှည်လျားစွာပြောချသည်က ရင်ထဲမှာ မွန်းကျပ် လွန်းစွာ။

"ကဲပါဟာ၊ ဒါချည်းပဲ ဖိတွေးနေလို့ ဘာထူးမလဲ၊ အရေး ကြီးတာက ပန်ပန့်စိတ်မှာ မေတ္တာတရားကို ခံစားသိနဲ့ ခံစားလာနိုင် မယ့် အသိတရားရှိဖို့ပဲ၊ ပန်ပန် အသိတရားမရပေမယ့် အသိတရားရ လာအောင် ငါတို့ ကြိုးစားပေးရုံပေါ့၊ မဟုတ်ဘူးလား"

ဖဲမင်းက မတတ်သာတဲ့အဆုံးမှာ ဝင်ပြောသည်။ ဒေါ်လေးမြ က ဘာမှ ဝင်မပြောနိုင်တော့ပါ။ ဝင်ပြောဖို့လည်း ခံစားမှုတွေ အင်အား မဲ့ကာ အိပ်ခန်းထဲ လှုပ်စိလှုပ်စိနဲ့ ခြေဦးလှည့်လျှင် ဝရန်တာလက်ရန်းမှာ မှီရပ်နေတဲ့ သခွပ်နီက ဒေါ်လေးမြနောက် တစ်ပါတည်း ဖေးမသလို လိုက်ပါသွားလေသည်။

"အနေ့နောက် ငါလိုက်သွားဦးမယ်ကွ"

ဖဲမင်း ဒါပဲပြောပြီး ကွပ်ပျစ်ပေါ်က ထသွားသည်။

"ငါလည်း လိုက်မယ်"

ထွန်းဇ မနေသာတော့။ ဖဲမင်းစက်ဘီးနောက် ကယ်ရီယာခုံပေါ် သွားခနဲ တက်ထိုင်ရင်း ပါသွားလေသည်။

ဝရန်တာမှာ ဆွေယမင်းတစ်ယောက်တည်း ကျန်ရစ်ကာ ထွန်း တို့နောက် လိုက်သွားရကောင်းနိုးနိုး၊ ဒေါ်လေးမြနောက်ပဲ ပါသွားရ ကောင်းနိုးနိုးနဲ့ ဘာကိုမှ ဝေခွဲမရစွာ၊ တွေတွေကြီးဖြစ်လျက်။

ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရတဲ့ ကျောက်ပန်းခက်



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးကို ငေးရင်း ပန်ပန့်စိတ်ဟာလည်း ထိုတောင်လိုပါပဲလား။

နှလုံးသားကို လှည့်စားတဲ့ ပညာရည်ပြည့်ဝစွာ ထီးထီးကြီး ရှိနေသည်က မြင့်မားမတ်စောက်စွာ။

ဒါတင်မက ပရိယာယ်တို့နှင့် ထုံမွမ်းလျက်ပဲ မဟုတ်ပါလား။

✿ ✿ ✿



## အခန်း (၂၃)

"ပန်ပန်၊ အနေမရှိဘူးတဲ့"

"ဘယ်သွားတာလဲ မဘုတ်ဆုံ"

"ဦးလေးငွေအလုပ်တွေ ဝိုင်းလုပ်နေတယ်လေ၊ အနေ စပါး ဝယ်ဖို့ လိုက်သွားတာတဲ့"

"အနေမရှိရင်လည်း ဒေါ်လေးမြကို ခေါ်ပေးလေ"

"ဒေါ်လေးမြ နေမကောင်းဘူး၊ ဆေးခန်းသွားနေတယ်"

"ဟင် ဒေါ်လေးမြ နေမကောင်းဘူး၊ ဟုတ်လား မဘုတ်ဆုံ"

ပန်ပန် စိုးရိမ်စိတ်လှုပ်ရှားကာ လက်ကိုင်ဖုန်းကို တစ်ဖက် လက်နဲ့ ပြောင်းကိုင်၍ ပူပန်စွာ မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလိုင်းထဲကတစ်ဆင့် မဘုတ်ဆုံ သက်မ,ချသံသဲ့သဲ့ ကြား ရသည်။ တစ်ဆက်တည်းလည်း ပြော၏။

"ဟုတ်တယ် ပန်ပန်ရေ၊ ပန် ရွာကထွက်သွားပြီးနောက်ပိုင်း ကတည်းက ဒေါ်လေးမြ တရှောင်ရှောင်ဖြစ်နေတာပါ၊ အခုနောက်ပိုင်း မှာ နည်းနည်းပိုဆိုးလာတယ်၊ အသက်ရှူရင် ရင်ဘတ်က အောင့်သလို ခဏခဏလည်း အမောထတယ်၊ ဆရာဝန်က နှလုံးရောဂါဖြစ်တယ်လို့ ပြောတာပဲ"

"စိုး စိုးရိမ်ရလားဟင် မဘုတ်ဆုံ"

"စိုးရိမ်တဲ့အနေအထားမျိုးတော့ မဟုတ်ဘူး၊ မစိုးရိမ်ပါနဲ့"

"မစိုးရိမ်ပါနဲ့လို့ မပြောပါနဲ့ မဘုတ်ဆုံရယ်၊ အနေနဲ့ ဦးလေး ငွေ စပါးဝယ်ထွက်သွားတော့ ဒေါ်လေးမြတစ်ယောက်တည်း ဖြစ်နေ မှာလေ"

"မဟုတ်တာဘဲ ပန်ပန်ရယ်၊ ဒေါ်လေးမြကို ဘယ်သူက ပစ် ထားမလဲ၊ အားလုံး ဝိုင်းကြည့်ကြတာပေါ့ဟဲ့၊ သခွပ်နီက အနားမှာ အဖော်နေပေးပါတယ်၊ အခု ဆေးခန်းသွားတော့လည်း သခွပ်နီပါသွား တာပေါ့"

ပန့်ရင်မှာ အတိုင်းမသိ ဝမ်းနည်းရပါသည်။ သခွပ်နီခေါ်သွား သတဲ့။ တကယ်ဆို ပန်ခေါ်သွားရမှာလေ။ ဒေါ်လေးမြ နေမကောင်းဖြစ် နေတဲ့အချိန်မှာ ပန်ပန် ပြုစုပေးသင့်တယ် မဟုတ်လား။

ပန်ပန့်ကို ငယ်ငယ်ကတည်းက နို့မှုန့်တိုက်ပြီး မွေးလာတာ။





ချေးကလူး သေးကလူး သိမ်းဆည်းပြုစုပေးခဲ့တဲ့ ဒေါ်လေးမြ။

ပန့်ရဲ့ ကျွေးအမေဆိုလည်း မမှားပေ။

ဒီအချိန်မှာ အလှည့်ကျပြုစုပေးဖို့ ပန့်မှာ တာဝန်ရှိတယ်မဟုတ် လား။ တာဝန်ရှိနေတဲ့ ပန်ပန်က အဝေးမှာ၊ သွေးသားမတော်စပ်တဲ့ သခွပ်နီက အနီးကပ် ပြုစုပေးနေတဲ့အဖြစ်။ ဖြစ်သင့်တာနဲ့ ဖြစ်နေတာ ခြားနားနေသည်။

"ဒါပဲ မဟုတ်လား ပန်ပန်"

"ဩော်၊ အင်း မဘုတ်ဆုံ၊ ပန်ပန် ဖုံးထပ်ဆက်ဦးမယ်၊ ဒေါ် လေးမြကို ပြောပေးနော်၊ ပန်ပန် ဖုန်းဆက်တဲ့အကြောင်း၊ အနေ့ကို လည်း ပြောပေးဦး"

"အေးပါ"

မဘုတ်ဆုံ ဦးစွာ ဖုန်းချသွားလေသည်။ ပန်ပန်မှာ လက်ကိုင် ဖုန်းနားမှာ ကပ်လျက်သားနဲ့ ငြိမ်သက်နေတာ အတန်ကြာမှ နားက ဖုန်းကိုခွာရင်း တင်းနေအောင် ဆုပ်ထားမိသည်။

ခုလို နေမကောင်းထိုင်မကောင်းဖြစ်နေချိန်မှာ ဒေါ်လေးမြ ဘယ်လောက်အားငယ်နေမလဲ။ ပြီးတော့ ပန့်ကိုလည်း ဘယ်လောက် တမ်းတနေမလဲ။

ပန် မတွေးရက်နိုင်ဖြစ်ကာ ဝမ်းနည်းသောခံစားချက်က ရင် ထဲမှာ မေတ္တာမိုးတွေရွာလျက်။

ထိုအခါ အရာရာကို သတိလက်လွတ်ဖြစ်လျက် ပန့်ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



က မြက်ခင်းတစ်လျှောက် ဦးတည်ရာမဲ့ လှမ်းနေမိသည်။

✿

ပန်ပန့်ကို စိတ်ရှည်လက်ရှည် စောင့်ကြည့်နေတဲ့ မင်းစည်းစိမ် အားမရနိုင်တော့ပါ။ ရိုက်ကွင်းနားပြီး နေ့လယ်စာ ထမင်းစားချိန်မှာ အားလုံးကိုယ်စီ စားသောက်နေကြပေမယ့် ပန်ပန် မစားသေး။

ရွာကို ဖုန်းဆက်ပါရစေတဲ့။ ခံစားချက်တွေ ရောထွေးကုန်မှာ စိုးတာကြောင့် မင်းစည်းစိမ် တားမြစ်လိုသည်။ သို့သော်လည်း ချစ်တဲ့စိတ်နဲ့ ခွင့်ပြုခဲ့၏။

အဖွဲ့သားတွေနဲ့ဝေးရာ အနောက်တိုင်းဆန်စွာ ဆောက်ထားတဲ့ ခပ်ယိုင်ယိုင်သဏ္ဌာန် အဆောက်အအုံဘက်သွားပြီး တစ်ယောက်တည်း ဖုန်းပြောသည်။

မင်းစည်းစိမ် စိတ်မချနိုင်ပါ။ ဖြစ်နိုင်ရင် ပန်ပန့်ရွာဆိုတဲ့ စကားလုံးတောင် မကြားလိုပါ။ မင်းစည်းစိမ်သိတာ ပန်ပန်ပဲ။

ပန်ပန်ကလွဲပြီး တခြားဘာကိစ္စမှ စိတ်မဝင်စားပါ၊ စိတ်ဝင်စားဖို့လည်း အချိန်မရှိပါ။ ဒါကြောင့် ကိုယ်တိုင်လည်း နေ့လယ်စာ မစားသေး။

ပန်ပန် ဖုန်းဆက်ပြီးရင် အတူတူစားမယ်လို့ ထမင်းပွဲပြင်ပြီး





စောင့်နေခဲ့သည်။ မချောက တော်တော်နဲ့ ပေါ်မလာ။

အဆောက်အအုံနဲ့လည်း ကွယ်နေတာမို့ လှမ်းကြည့်လို့ မမြင်ရပေ။ မြင်သာအောင် ထလာတော့ ပန်ပန့်မျက်နှာက အစိတ်စိတ် အမြွာမြွာ ကွဲကြေနေတဲ့ ဖန်ပန်းအိုးနှယ်။

ဒီလိုမြင်လိုက်ရတော့ ရင်ထဲမောသွားသည်။ ဒီအတိုင်းလည်း လွှတ်ထားလို့ မဖြစ်နိုင်ပေ။

Scene တွေက တစ် Scene ထက် တစ် Scene သက်ဝင်လှုပ်ရှားမှု အားကောင်းနေဖို့ လိုတယ်မဟုတ်လား။

ကိုယ်ရေးကိုယ်တာခံစားချက်တွေ ရောထွေးလာရင် ဇာတ်ကောင်စရိုက် ပီပြင်အောင် Mood သွင်းဖို့ ခက်ခဲသွားမှာသေချာသည်။

ပန်ပန်က သရုပ်ဆောင်အသစ် ဖြစ်သလို စင်တင်ပွဲထုတ်တဲ့ ဇာတ်ကားလည်းဖြစ်တာမို့ နည်းနည်းလေးမှ အချွတ်အချော် အတိမ်းအစောင်း မခံနိုင်ပါ။

ဒါကြောင့် မင်းစည်းစိမ်ကိုယ်တိုင် အချိန်ပြည့် ရိုက်ကွင်းမှာ နေပြီး ပန်ပန့်ကို အရိပ်တကြည့်ကြည့်စောင့်နေခြင်း။

ချစ်တဲ့သူဖြစ်နေတော့ ပိုပြီးဂရုစိုက် ဖေးမတာ ပန်ပန့်အတွက်ပဲ မဟုတ်လား။

ဒါတွေကို လျစ်လျူရှုပြီး ပုဂ္ဂိုလ်ရေးခံစားချက်ကို ရှေ့ရှုနေတာ မင်းစည်းစိမ် သဘောမတွေ့တော့နိုင်ပါ။

"ပန်ပန်"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံက ပုံမှန်နဲ့မတူ။ တင်းမာနေတာ မဟုတ်ပေမယ့် ဟန့်တားလိုသော အရိပ်အဝါတို့ ကပ်ပါလျက်။

ပန်ပန် ဝမ်းနည်းစွာ လှည့်ကြည့်သည်။

ကိုစည်းမျက်နှာပေါ်မှာ ပန်ပန့်ကို တားတော့မယ်မှန်း သိသာနေပါသည်။ သိနေပေမယ့် ပန်ပန် ဟန်မဆောင်နိုင်တော့ပါ။ ကိုစည်းဆီ အားကိုးတကြီး လှည့်ကာ –

"ကိုစည်း"

ခေါ်သံနောက်မှာ ငိုသံပါသွားလေသည်။

"ဟင့် ဟင့် ဟင့်"

"ပန်"

ငိုချရင်း ရင်ခွင်ထဲတိုးဝင်လာတဲ့ ပန်ပန့်ကို မင်းစည်းစိမ် အားမရနိုင်တော့ပါ။

ရင်ခွင်ထဲ ဆွဲသွင်းပြီး ငိုချခွင့် ဒီတစ်ကြိမ် မပေးနိုင်တော့ပါ။ ပန်ပန့်လက်မောင်းနှစ်ဖက်ကို ဖွဖွဆုပ်ကိုင်လျှင် –

"ဒေါ်လေးမြ နေမကောင်းဘူးတဲ့၊ ပန် လိုက်သွားပါရစေ ကိုစည်းရယ်"

ပြောရင်း ရှိုက်ငိုလိုက်တဲ့ ပန်ပန်။ ချစ်သူမျက်ရည်ကြောင့် တွေဝေသွားမယ့် ယောက်ျားထဲမှာ မင်းစည်းစိမ် မပါဝင်။ အတွက်ကြီးလေခြင်းလို့ပဲဆိုဆို ပန်ပန့်ပါးပေါ်က မျက်ရည်စတွေကို တည်ငြိမ်စွာ သုတ်ပေးရင်း –





"မဖြစ်နိုင်ဘူး ကလေးရယ်"

"ဟင့် ဟင့် ဟင့်"

ပန်ပန် ခေါင်းလေးငုံ့ကျသွားကာ အသေအမတတ် ငိုရှာလေသည်။ မင်းစည်းစိမ် ခေါင်းတွင်တွင်ယမ်း၏။ ပန့်လက်ထဲက သူ့ဖုန်းကို ဆွဲယူရင်း ပန်ပန့်လက်ဖဝါးနုနု နှစ်ဖက်လုံးကို ပူးတွဲဆုပ်ကိုင်ပြီး –

"ကိုယ်ရေးကိုယ်တာခံစားချက်ကို ဦးစားပေးနေရင် ဒီဇာတ်ကားတစ်ခုလုံး ပျက်စီးသွားဖို့ရှိတယ် ပန်ပန်၊ ဒီအချိန်မှာ ဘယ်လောက်အရေးကြီးနေသလဲဆိုတာ ပန်ပန် သိနေရဲ့နဲ့ကွာ"

"ဟီး ဟီး ဒေါ်လေးမြက"

ပန်ပန် ရှေ့ဆက်ပြောခွင့် မသာ။ ပန့်နှုတ်ခမ်းပေါ် လက်ညှိုးနဲ့ ကိုစည်းတော့ပိတ်ရင်း ခေါင်းယမ်း၏။

"ကျွတ် ဒါတွေ လျှောက်ပြောမနေနဲ့၊ နေမကောင်းထိုင်မကောင်းက လူတိုင်းဖြစ်တတ်တာပဲ၊ ဒါ အဲဒါကို စိတ်နှစ်ပြီး ခံစားနေလို့ မရဘူး။ ဘယ်သူနဲ့ ဘယ်လိုပဲ ပန် ပတ်သက်ခဲ့ပါစေ၊ ခုချိန်မှာ ပန်ကိုယ့်စကား နားထောင်ရမယ်၊ ဒါပဲ"

"ကိုစည်း"

ပန် ရင်ကွဲမတတ် အော်မိသည်။

အော်ပါစေလေလို့ မင်းစည်းစိမ် လျစ်လျူရှုရင်း –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ပန်ရယ် တငိုငိုနဲ့ ဖြစ်မနေပါနဲ့ကွယ်၊ ထမင်းစားရအောင် နော်"

"ဟင့် ဟင့် ဟင့်၊ မစားဘူး ငိုမယ်၊ ငိုရမယ်လေ၊ ပန် သွားချင်တယ်၊ ပန့်စိတ်က ဒေါ်လေးမြကို စိုးရိမ်နေတယ်လေ၊ အဲဒါကို ကိုစည်းက ဟင့် ဟင့် ဟင့်"

ပြောရင်းငိုရင်း အတောမသတ် စိတ်ထိခိုက်နေရှာတဲ့ ပန်ပန်။ ဝင်းပပ စာနာစွာကြည့်ရင်း ပြောလေသည်။ ဝင်းပပပြောလေ ပန်ပန်က ငိုရင်းပြောလေနှင့်။

အလှသစ် မနေသာတော့ပါ။ ချက်ချင်းထလာပြီး ပန်ပန့်ကို





ဆွဲကာ အဆင်သင့်ပြင်ထားတဲ့ ထမင်းဝိုင်းဆီ ခေါ်သွားဖို့ ကြိုးစားလေ၏။

"ငိုနေလို့ ပြီးတာမှမဟုတ်တာပဲကွယ်၊ လာ အစာလွှန်နေလိမ့်မယ်"

"ဟင့်အင်း မစားဘူး၊ ပန် မစားချင်ဘူး၊ ဟင့် ဟင့် ဟင့်"

ကလေးလိုပဲ ခြေကာလက်ကာ ငြင်းရင်း ငိုနေပြန်သည်။ ချော့မော့ဖျောင်းဖျလို့လည်း မရဖြစ်နေတဲ့ ပန်ပန်။ အလှသစ်နဲ့ ဝင်းပပ ချော့ခေါ်နေရတာ မောလှပြီ။

"အလှနဲ့ပပ လွှတ်ထားလိုက်ကွာ"

မင်းစည်းစိမ် လှမ်းတားဖ၏။ တားတော့ ဆက်လက်ချော့ပြောဖို့ အခြေအနေမသာပေ။

မင်းစည်းစိမ်က ရုပ်ရှင်တစ်ဖွဲ့သားလုံးရဲ့ ဘုရင်တစ်ဆူ မဟုတ်လား။ ဝင်းပပနဲ့ အလှသစ် ပန်ပန့်နားက ခွာခဲ့ရသည်။ အဖွဲ့သားအားလုံး နေ့လယ်စာစားပြီး ခဏနားကြသည်။ မင်းစည်းစိမ်က နေ့လယ်စာလည်း မစား၊ နားလည်းမနား။

ဇာတ်ညွှန်းဆရာကိုသန်းမင်းနဲ့ ဆွေးနွေးနေရင်း ပန်ပန့်ကိုတော့ မလစ်မပေး၊ တကြည့်ကြည့်နဲ့ ရှိနေသည်။

နေ့လယ်စာမစားသေးတဲ့ ပန်ပန့်အတွက် စိတ်လည်းပူသည်။ မကြာခင် ရိုက်ကွင်းက ပြန်စတော့မည်။

ဒင်းလေးက မျက်ရည်မသိမ်းနိုင်သေး။ အရင်လို စိတ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ငိုခွင့်ပေးထားဖို့ အချိန်မပေးနိုင်ပါ။

"ပန် လာဦးကွ"

ခပ်တင်းတင်းပဲ လှမ်းခေါ်လိုက်သည်။

"ဟင့်အင်း" လို့ ပန်ပန် ခေါင်းခါငြင်းဆန်ချင်စိတ် ဖြစ်၏။ လက်တွေ့မှာတော့ ခေါင်းခါငြင်းဆန်မရဲသလိုဖြစ်ကာ မရွေ့ချင်ရွေ့ချင်နဲ့ ရွေ့ခဲ့ရသည်။

မင်းစည်းစိမ် ကိုသန်းမင်းအနားက ခွာထွက်၏။ ထမင်းဝိုင်း အသစ်ပြင်ဆင်ထားတဲ့ အဆောက်အအုံထဲ ဦးဆောင်ဝင်သွားသည်။ ထိုအဆောက်အအုံက အကြည်ရောင်မှန်ချပ်တွေနဲ့ ကာရံထားတာမို့ လေးဖက်လေးတန်မှ အသွင်သစ်ရုပ်ရှင်ခြံကြီးကို ဘယ်နေရာကြည့်ကြည့် မြင်သာနေသည်။

"လာ ထိုင်"

နေးကွေးနေတဲ့ ပန့်ခြေလှမ်းက ရပ်လိုက်ချင်ပါသည်။ ဒါပေမဲ့ သံလိုက်တုံးကြီးလို ဆွဲအားပါတဲ့ ကိုစည်းစကားလုံးတွေနောက် သံမှုန်လေးလို ကပ်ပါလာရတဲ့အဖြစ်။

ထိုင်နိုင်းတော့လည်း ဦးစွာထိုင်ချလျှင် ကိုစည်းနဲ့ မျက်နှာချင်းဆိုင် ဖြစ်လေသည်။

"အချိန်သိပ်မရှိဘူး၊ စားစရာရှိတာ မြန်မြန်စားကွာ"

ပြောနေတာတွေက အသံတိုးပေမယ့် အမိန့်သံဆန်နေသည်။

"အဟင့်"





ပန်ပန် ဒေါသထွက်လာကာ ပန်းကန်ထဲက ဖွန်းခက်ရင်းကို ဖယ်ထုတ်လိုက်သည်။ ရေဇလုံမှာလည်း လက်နှစ်မဆေးတော့ပါ။ ထမင်းပန်းကန် ဆွဲယူ၏။ မင်းစည်းစိမ် အလိုက်သိသိ ထည့်ပေးတဲ့ ပုစွန်ထုပ်ကြော်ကို မစား။ ထမင်းကိုချည်း နယ်ဆုပ်ရင်း ပါးစပ်ထဲ ထိုးထည့်လျှင် –

"ဟာ ပန်"

"မပြောနဲ့၊ စားချင်သလို စားမယ်၊ ဟင့် ဟင့် ဟင့်"

ပြောရင်း ငိုရင်း ထမင်းဖြူတွေချည်း ပါးစပ်ထဲ သွပ်သွင်းနေလေသည်။

သက်သက်ရှုံ့နေတာ။ ရှာပြန်ခွင့်မပေးလို့ ဆန္ဒပြနေတာဆိုရင်လည်း မမှားပေ။ မင်းစည်းစိမ် ဘာမှပြန်မပြောချင်အောင် စိတ်ပျက်လက်ပျက် ဖြစ်လို့သွားသည်။ ကြက်သားဟင်းတုံးတွေ ခပ်ထည့်ပေးတော့လည်း မတို့မထိ။

စားချင်သလို စားစေတော့လို့ လွှတ်ထားရတာ။ ထမင်းဖြူချည်းသက်သက် ခေါင်းမဖော်စတမ်း စားပစ်နေတာ မသိရင် အတော်ဘေးဆိုက်နေတဲ့ နာဂစ်ဒုက္ခသည်မလေးလို။

ကိုယ်တိုင်လည်း ဆာနေပေမယ့် ထမင်းတစ်လုပ်မှ မစားဖြစ်ပါ။ ထမင်းစားပွဲပေါ် လက်နှစ်ဖက်စလုံး ထပ်တင်ကာ ပန်ပန့်ကိုသာ ငေးစိုက်ကြည့်ရင်း မင်းစည်းစိမ် စိတ်ပျက်စွာ ပြုံးမိလျက်သား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဖြူသက်သက် ပန်းကန်ထဲကုန်တော့ ပန်ပန်မော့ကြည့်၏။ အကြည့်ချင်းဆုံလျှင် ပန်ပန် ရန်လိုစွာ မျက်စောင်းထိုး၏။

မင်းစည်းစိမ် အပြုံးမပျက်ပါ။

အလိုက်ဇလုံထဲက ထမင်းဖြူချည်းသက်သက် သုံးလေးဇွန်း ပန်ပန့်ပန်းကန်ထဲ ပြန်ထည့်ပေးသည်။

ထိုအခါ ပန်ပန် ဒေါသလေး ဆောင့်ထွက်လာပြီး –

"ကိုစည်းနော် မရွဲ့နဲ့"

တဲ့။ မင်းစည်းစိမ် အပြုံးမပျက်ဘဲ –

"ကိုယ်ရွဲ့တာလား ပန်ရွဲ့တာလား"

"အိုး သိဘူး၊ ပန့်ကို ချုပ်ကိုင်ထားတာ ပန်ခံစားရတယ်ဒါပဲ"

ပြောရင်း ငိုသံလေးပါတာကို ထိန်းရင်း ယက်ဆေးဇလုံမှာ ပန်ပန် လက်နှစ်ဆေးပြီး ဆိုးဆိုးဆတ်ဆတ် ထထွက်သွား၏။

"ပန်ပန်"

ဟန့်တားသလို ခေါ်ပေမယ့် ပန် မနာခံတော့ပါ။ ပန့်ကို ချုပ်ခြယ်တဲ့အတွက် ပန် ဆန္ဒပြကာ ကျောခိုင်းထွက်ခဲ့၏။

မလွယ်ပါလားလို့ မင်းစည်းစိမ် ခေါင်းယမ်းလျက်။

✿ ✿ ✿



## အခန်း (၂၅)

"ဟယ် ထွန်းနေ့ဖံမင်း"

စေ့ပိတ်သော့ခတ်ထားတဲ့ ဘာဂျာတံခါးဘေး အုတ်ခုံမှာ ထိုင်စောင့်နေရှာတဲ့ သူငယ်ချင်းနှစ်ယောက်။ ပန်ပန် မြင်လျှင်မြင်ချင်း ဟန်မဆောင်နိုင်တော့ပါ။

အုံ့ဩဝမ်းသာကာ ကားရပ်ရုံ ရှိသေးတယ်။ ကမန်းကတန်း ကားပေါ်က ဆင်းသွားလေသည်။

ပန်ပန့်ဖြစ်အင်ကို ကြည့်ရင်း အလှသစ်နဲ့ ဝင်းပပ သက်မ,ချသည်။ ကားမောင်းသူနေရာမှ မင်းစည်းစိမ်က ဘာမှမတတ်နိုင်စွာ ပခုံးတွန့်၏။



www.burmeseclassic.com

www.burmeseclassic.com



အလှသစ်နဲ့ဝင်းပပ အားနာတဲ့မျက်လုံးနဲ့ ကိုစည်းကို လှမ်းကြည့်၏။ ကိုစည်း ဟန့်တားချင်ပေမယ့် မတားတော့ပါ။

လက်ပြကာ ကားမောင်းထွက်သွားလေသည်။ တကယ်ဆို ပန်ပန် ကိုစည်းကိုတော့ အားနာသင့်သည်။ နှုတ်ဆက်စကားပြောပြီးမှ သူငယ်ချင်းနဲ့ တွေ့သင့်တယ်လေ။

ဘာဖြစ်လို့လဲဆိုတော့ ကိုစည်းဟာ ဘယ်တုန်းကမှ သူ့ကား သူကိုယ်တိုင်မောင်းပြီး ဘယ်သရုပ်ဆောင်တစ်ယောက်ကိုမှ ကြိုပို့လုပ်ပေးတတ်တဲ့ ထုတ်လုပ်သူမျိုး မဟုတ်ပါ။

ပန်ပန်တစ်ဦးတည်းသာ ဒီအခွင့်အရေးရခဲ့တာ မဟုတ်လား။ ပန်ပန် သိသိကြီးနဲ့လို့တွေးရင်း နှစ်ယောက်သား စိတ်က ဘဝင်မကျဖြစ်လို့သွားသည်။

နောက်မှပဲ ဒီကိစ္စတွေ ပန်ပန်နားလည်အောင် ဖျောင်းဖျတော့မယ်လို့ တေးမှတ်ကာ ဝင်းပပက ရှေ့ကနေ တိုက်ခန်းဘာဂျာတံခါးဖွင့်လျှင် အလှသစ်က နောက်ကပါသွားသည်။ ပန်ပန်ကတော့ -

"နင်တို့နှစ်ယောက်တည်းလား၊ အနေကော မပါဘူးလား"

"ငါတို့ချည်းပဲ"

"ဟင် နင်တို့ချည်းပဲ၊ ဘာလို့ အနေ့ကို ခေါ်မလာတာလဲ"

ပန်ပန် ဝမ်းနည်းစွာ မေးသည်။ ထွန်းဇေနဲ့ဖမ်းမင်း မသိမသာသက်မ,ချလေသည်။ ထွန်းဇေ သူ့ဖက်ပိုးကို သူ ဆုပ်ကိုင်ပွတ်သပ်ရင်းပြောသည်။





"ခေါ်သားပဲ၊ အနေ မလာတာ"

"ဘာဖြစ်လို့"

"ဒါတော့ ငါတို့လည်းမသိဘူး"

ဖမ်းမင်းပြောသံ မသိမသာတင်းနေမှန်း ပန်ပန် သဘောပေါက်ပါသည်။

"အနေ ပန့်ကို စိတ်ဆိုးနေတာမဟုတ်လား"

ပန်ပန် ဝမ်းနည်းစွာ မျက်လွှာချရင်း မတိုးမကျယ်မေးသည်။

"စိတ်ဆိုးချင်လည်း ဆိုးမှာပေါ့ဟ"

ထွန်းဇေပြောလျှင် ပန်ပန် ဟိုးအဝေးဆီမှာရှိတဲ့ အနေ့ကို စိတ်မှန်းဖြင့် ရှာဖွေကြည့်နေမိသည်။ သုံးယောက်သား မတ်တတ်ရပ် ပြောနေကြတာက ပတ်ဝန်းကျင်ကိုလည်း သတိမရနိုင်။

အပြင်မှာ မှောင်ရိပ်တွေက ကြီးစိုးနေပြီမို့ အလှသစ်က အပြင်မီးလုံး ဖွင့်ပေးလိုက်သည်။

"နင် ရွာကိုပြန်ချင်စိတ် ရှိသေးလား ပန်ပန်"

ဖမ်းမင်း အားမနာတမ်းမေးတဲ့အခါ ပန်ပန့်မျက်ဝန်းမှာ ဝမ်းနည်းရိပ်တို့ ညို့မှိုင်းသွားပါသည်။

"ပြန်တာ, မပြန်တာက နင့်သဘောအတိုင်းပဲ၊ ငါတို့ ဘာမှ မပြောလိုပါဘူး"

ထွန်းဇေက စကားကို အတတ်နိုင်ဆုံး လျှော့ချကာပြောသည်။

"ပန် ပန်လေ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို ပြောချင်စိတ်က ရင်ထဲက ပျို့တက်လာသည်။ ဒါပေမဲ့ စကားသံက ထွက်မလာ။ လည်မျိုမှာ အစ်စို့စို့ဖြစ်ကာ ဝမ်းနည်းစိတ်နဲ့ လှုပ်ရှားပြီး ပန်ပန့်ခြေလှမ်းတွေ အပြင်ဘက် ရောက်လို့သွားသည်။

"မပြောပါနဲ့တော့ဟာ၊ နင်လည်း နင့်မျှော်ကိုးချက်နဲ့နင် မဟုတ်လား"

ဖုံမင်း တဲ့ပြောချလျှင် –

"ပန့်ကို ဒီလိုမပြောပါနဲ့"

ပြောရင်း မျက်ရည်များ စိမ့်ထွက်လို့လာသည်။ ထွန်းနေ့ဖုံမင်းက သရုပ်ဆောင်ပီပြင်လွန်းနေတဲ့ ပန်ပန့်ဆီ ကြွေ့မပျက် ရွေ့လျားပြီး –

"မပြောနဲ့ဆိုလည်း မပြောတော့ဘူး ပန်ပန်၊ အနေကလည်း နင့်ကို ဘာမှမပြောဖို့ သေချာမှာလိုက်တယ်"

"အနေက"

"ဟုတ်တယ်၊ နင့်စိတ် နင့်သဘောပဲ၊ ရွာကိုပြန်မလာရင်လည်း ရတယ်တဲ့၊ ဒေါ်လေးမြကတော့"

"ဟင် ဒေါ်လေးမြ၊ ကြည့်စမ်း ပန် မေ့နေလိုက်တာ၊ ဒေါ်လေးမြ ဘယ်လိုနေလဲဟင်"

ထွန်းဌေ စကားစလိုက်မှ ပန်ပန် သတိရလာသည်။ ဒေါ်လေးမြအတွက် စိုးရိမ်စိတ်နဲ့ တစ်ယောက်တည်း ကျိတ်ငိုခဲ့ရတာတွေ ပန့်ကိုယ်ပန်ပဲ သိတယ်လေ။





အငမ်းမရ မေးလိုက်တော့ ဖုံမင်း ခနဲ့သလို ပြောသည်။

"ဒေါ်လေးမြကို နင် သတိရသေးတာ ကျေးဇူးတင်ပါတယ်"

"အိုး သတိရ,မရ ပန့်ကိုယ်ပန်သိတယ်၊ ကျေးဇူးပြုပြီး ထိုးနှက်တဲ့စကားတွေ မပြောပါနဲ့ ဖုံမင်းရယ်၊ ဒေါ်လေးမြနဲ့ ဝေးနေရမှ ဒေါ်လေးမြရဲ့မေတ္တာကို ပန် ပိုပြီးဝတ်မွတ်လာတယ်၊ တောင့်တတဲ့စိတ်နဲ့ ရင်ထဲမှာ ဆူလောင်ပွက်ထလောင်ကျွမ်းနေခဲ့တယ်၊ ဒါတွေကို ငါ ထုတ်ပြောလို့ နင်တို့ယုံမှာမဟုတ်ဘူး၊ အေး မယုံတာကို ပန် ဖြေရှင်းချက်မပေးဘူး၊ ပန်သိချင်တာပဲ ပြောပါဟာ၊ နော်"

နာကျင်အက်ကွဲတဲ့ ပန့်အသံက အနိမ့်အမြင့် မညီစွာ ခုန်ပေါက်လို့ ထွက်သွားပါသည်။

"အေး သိချင်သပဆို ပြောမယ်၊ ဒေါ်လေးမြကို ဆေးရုံတင်လိုက်ရတယ်"

"ဟင်"

ပန်ပန်ရဲ့ ခိုင်မာပြတ်သားနေတဲ့စိတ် ဂုန်းခနဲ ဖြိုချခံရသည့်နှယ်။

"ဆေးရုံတင်ရတယ်၊ ဟုတ်လား"

ထိနိုက်သွားတဲ့ ပန့်စိတ်က ဖုံမင်းလက်ကို ဆွဲလှုပ်ခါယမ်းရင်း ကြွေ့မဆယ်နိုင်တော့ဘဲ မေး၏။

"ဟုတ်တယ်၊ ဒါပေမဲ့ နင် စိတ်မပူပါနဲ့၊ ဆေးရုံမှာ တစ်ပတ်နေရတယ်၊ သက်သာလို့ ဆေးရုံက ပြန်ဆင်းခဲ့တာ ခုဆို ဆယ်ရက်ကျော်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဧ ဝင်ပြောသံနောက်မှာ ပန်ပန် ရင်ဘတ်ဖိကာ –

"တော်သေးတာပေါ့"

လို့ ရေရွတ်ရင်း အသက်ပြန်ရှူနိုင်တော့သည်။

"နင် စိတ်ပူနေမှာစိုးလို့ ဒေါ်လေးမြက ငါတို့ကို လွှတ်လိုက်တာ၊ ငါတို့လည်း ဆရာတော်မွေးနေ့ကျင်းပဖို့ ရွာကလူတွေ အလှူငွေပေးခိုင်းလိုက်တာနဲ့ ကြုံနေတာနဲ့ နင့်ဆီ ဝင်လာရင်းပြောတာ၊ ဒေါ်လေးမြအတွက် စိတ်မပူပါနဲ့၊ နင်လုပ်ချင်တာ ဆက်လုပ်ပေါ့၊ ဟုတ်ပြီလား၊ ဪ ဒါနဲ့ မေ့နေတယ်၊ အနေ နင့်အတွက် ပေးလိုက်တဲ့စာ"

ဖံမင်းပြောရင်း နောက်မှာလွယ်ထားတဲ့ ကျောပိုးအိတ်ကို ပခုံးကဖြုတ်ယူသည်။

ဇစ်ဆွဲဖွင့်ကာ စာအိတ်ဖြူရှည်ရှည်ကြီး ထုတ်ပေးသည်။ စာအိတ်ကြီးက ဖောင်းကြွလို့ နေသည်။

"အနေပေးခဲ့တာ၊ ဟုတ်လား"

ပန်ပန် လှိုက်ခနဲ ဝမ်းသာကာ အားရပါးရ ဆွဲယူရှာသည်။

"ဟုတ်တယ် အနေပေးခဲ့တာ၊ ကဲ ငါတို့သွားမယ် ပန်ပန်"

"အေး၊ နင်တို့ ဘယ်တော့ရွာပြန်မှာလဲ"

"တစ်ရက်နှစ်ရက်နေပြီး ပြန်မယ်၊ နင် ဘာမှလာမပေးနဲ့နော်၊ အနေ နင့်ကို ပိုစိတ်ဆိုးနေလိမ့်မယ်၊ ဒါပဲဟာ သွားပြီ"

အနေ့သဘောထားကို အကုန်အစင်ပြောကာ ဖံမင်းနဲ့ထွန်းဧ ထွက်ခွာသွားလေသည်။





အနေ့စာအိတ်ရှည်ကြီးကို ရင်မှာပိုက်ထားရင်း တရိပ်ရိပ် ဝေးကွာသွားတဲ့ သူငယ်ချင်းနှစ်ယောက်အရိပ်တွေ ပျောက်ကွယ်သွားသည် အထိ ငေးကြည့်ကာ ပန်ပန် သက်မ,ချလေသည်။

ဖံမင်းနဲ့ထွန်းဧက သူငယ်ချင်းကောင်း ပီသပါပေသည်။ အနေနဲ့ပတ်သက်ရင်လေ။

ညက လမ်းမီးအလင်းရောင်အောက်မှာ တစ်စထက်တစ်စ မှောင်ပျဖို့ ကြိုးစားနေသော်လည်း –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ပန်ပန်

ငါ့အမေအတွက် နင် စိတ်ပူမနေနဲ့။ နင့်အတွက် နင် စိတ်ပူစမ်းပါ။ နင့်ဆုံးဖြတ်ချက်နဲ့ နင်လုပ်နေတဲ့ကိစ္စ အမေ အပြစ်မမြင်ဘူး။

ဒါပေမဲ့ နင် ကျောင်းဆက်မတက်ဘဲနေတဲ့အတွက် အမေ စိတ်မကောင်းဖြစ်နေတယ်။ ဒေးမတက်ရင်တောင် အဝေးသင်ဖြစ်ဖြစ် အချိန်ယူပြီး ကျောင်းတက်ဖို့ ကြိုးစားစမ်းပါ။

ကျောင်းစရိတ်အတွက် နင် ပူစရာမလိုဘူး။ ငါ အမေနဲ့ စပါး ပွဲစားလိုက်လုပ်ပြီး ငွေတွေစုထားတယ်။ နင့်ကျောင်းစရိတ်အတွက် စာ အိတ်ထဲ ပိုက်ဆံတစ်သိန်း ထည့်ပေးလိုက်တယ်။





နောက်ထပ်လည်း ငါ ပို့ပေးဦးမယ်။ အမေက နင် ကျောင်း တက်ပြီး ဘွဲ့ရတာကို မြင်ချင်တယ်။ ဒါမှလည်း နင့်အပေါ် တာဝန်ကျေမယ်လို့ အမေယူဆနေတယ်။

အမေ့ကို စိတ်ချမ်းသာခွင့် ပေးစေချင်တယ်ဆိုရင် နင် ကျောင်း တက်ပေါ့ဟာ။ ဒါပေမဲ့ နင့်သဘောပါ။

အနေ

ငါးထောင်တန်သက်သက် ပိုက်ဆံတစ်သိန်းနဲ့ အနေ့လက်ရေး စာလုံးလေးများကို တစ်လှည့်စီကြည့်ရင်း ဝမ်းနည်းလွန်းလို့ ပန်ပန် မျက်ရည်မထိန်းနိုင်တော့ပါ။

စာအဆုံးမှာ မျက်ရည်တို့ ဝေါခနဲ ပြိုကျသွားသည်။ ကိုင်ထား တဲ့ ပိုက်ဆံအထပ်က လက်ချောင်းတွေထဲမှ တုန်ခါလွင့်ကျကာ –

''ဟင့် ဟင့် ဟင့်''

ပန်ပန် အသံထွက် ငိုချမိလေသည်။ ပန်ပန့်အတွေး၊ ပန်ပန့် ဆုံးဖြတ်ချက်နဲ့ ပန်ပန်လျှောက်တဲ့လမ်းဟာ ဒေါ်လေးမြတ့်ရင်ကို တံတား အဖြစ် ချနင်းသလိုဖြစ်ရုံမက ပန်ပန် ခြေနဲ့ကန်ပြီး လျှောက်လှမ်းနေတဲ့ သဘော သက်ရောက်နေပြီလား။

ထိုသို့တွေးမိရင်း ထိနိုက်သွားတဲ့နှလုံးသားက ကွဲကြေသွားတဲ့ ဖန်ပန်းအိုးနှယ်။

''ဟင့် ဟင့် ဟင့်''



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန် မခံစားနိုင်တော့ပါ။ ဖြစ်နိုင်ရင် ခုချက်ချင်းတောင် ပျံပြေးသွားလိုက်ချင်တယ်။ တောင်ပံတစ်စုံသာ ရှိနေရင်လေ။

ဒီအချိန်မှာ ပန်ပန်ဟာ ပန့်အတွေး ပန့်ဆုံးဖြတ်ချက်နဲ့ တုပ်နှောင်ခံနေရတဲ့ဘဝ ရောက်နေတဲ့အဖြစ်ရယ်။

ပန့်ဆုံးဖြတ်ချက်တွေအတွက် ပန် ထွက်ပေါက်မဲ့နေပါပြီ။

"ဟင့် ဟင့် ဟင့်"

စာကို ဖတ်လိုက် ငိုလိုက်။ ပိုက်ဆံတွေ ကောက်ကြည့်ကာ ရှိုက်လိုက်နှင့် အသောမတတ် ငိုနေရှာတဲ့ပန်ပန်။ အလှသစ်နဲ့ ဝင်းပပ အကဲခတ်စောင့်ကြည့်ရာမှ မနေသာတော့ပါ။ ပန်ပန့်ခုတင်မှာ ဝင်ထိုင်ကြလေသည်။

"ပန်ရယ်၊ ငိုနေလို့ ဘာဖြစ်လာမလဲ၊ ပပထင်တာတော့ အနေတို့သားအမိ ပန် ရှာပြန်ဖြစ်အောင် မေတ္တာနှောင်ကြိုးနဲ့ ဆွဲခေါ်နေသလားလို့ဟယ်"

ပန် ငိုရင်း ခေါင်းတွင်တွင်ယမ်း၏။

"မဟုတ်ပါဘူး၊ ဟင့် ဟင့် ဟင့်၊ ဒေါ်လေးမြက ပန့်ကို သမီးရင်းလို တွယ်မက်တာ၊ အနေ့ထက်တောင် ပန့်ကို အရေးပေးခဲ့တယ်၊ ပန့်ဆုံးဖြတ်ချက်ကိုလည်း မတားခဲ့မြစ်ခဲ့ဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ မတားတဲ့အတူတူ ပန့်ဆုံးဖြတ်ချက်အတိုင်း ပန့်ကို လျစ်လျူရှုထားလို့ရတာပဲ၊ အခုက အဲလို မဟုတ်ဘူး၊ သူလာလိုက် ဟိုလူကိုလွှတ်လိုက်နဲ့၊ ပန့်ရည်ရွယ်ချက်တွေ ခေါင်းကျိုးပြီး နောက်ပြန်





လည်သွားအောင် လုပ်နေတာနဲ့တူတယ်၊ အလှတော့ အဲလိုပဲ ယူဆတယ် ပန်ပန်"

"ဟင့် ဟင့်၊ ပန် တစ်ခေါက်လောက် ရွာပြန်လိုက်ချင်တယ် ဟယ်"

ပြင်းပြတဲ့ဆန္ဒကို ပန်ပန် ထုတ်ပြော၏။ ဝင်းပပနဲ့အလှသစ် တိုင်ပင်စရာမလိုဘဲ ပြိုင်တူ ခေါင်းယမ်းလျက် –

"မဖြစ်နိုင်ပါဘူးဟယ်"

"ဟင့်အင်း၊ ပန် ကြိုးစာကြည့်ချင်တယ်၊ ကိုစည်းနားလည်းအောင် ပန် ပြောပြမယ်၊ ဟုတ်တယ် ပြောမယ်၊ ရှင်တို့လည်း မတားကြနဲ့"

အားမနာတမ်း ပိတ်ပြောလိုက်တဲ့ပန်ပန်။ အလှသစ်နဲ့ဝင်းပပ အကြိတ်အနယ်. ဟန့်တားဖို့ပြင်နေတဲ့ ပါးစပ်တွေ ဟလျက်သားနဲ့ ငြိမ်လို့သွားသည်။

ပန်ပန်ဟာ တစ်ဖွတ်ထိုးနိုင်ပါလားဆိုတဲ့ မျက်ဝန်းနဲ့စိုက်ကြည့်ကာ လက်မခံနိုင်စွာ ခေါင်းယမ်းလေသည်။

ပန်ပန် မမှုတော့ပါ။ တစ်ရွာလုံးနဲ့တစ်ယောက် ဖြစ်တဲ့အထိ ပန်ပန် ခေါင်းမာခဲ့တယ်မဟုတ်လား။ ပန်ပန့်ကို ဘယ်သူတားလို့ ရခဲ့လဲ။

ပန့်ရင်ထဲက အချစ်ခံစားချက်တွေ ရှင်သန်နိုးကြွအောင် ပြုစားနိုင်တဲ့ အနေတောင် နှလုံးသားနဲ့တားလို့ ရခဲ့တာမှမဟုတ်တာ။

ပန်ပန်က ခေါင်းမာတဲ့အထဲမှာ ပြိုင်ဘက်မရှိဘူးဆိုတာ ရှင်တို့ သိလျက်နဲ့ပဲ တားကြခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန်ကတော့ ပန်ပန့်ဆုံးဖြတ်ချက်နဲ့ပန်ပန် ရှက်ကထွက်ခဲ့သလို ပန့်စိတ်နဲ့ပန် ရှာပြန်မယ်တဲ့။

ဘယ်သူ့တားတာကိုမှ ပန် မမှုနိုင်ဘူး၊ သူငယ်ချင်းနှစ်ယောက်ကိုလည်း အားမနာနိုင်ဖြစ်ကာ –

"ပန်သွားမယ်၊ သွားရမယ်၊ ကိုစည်းကိုတော့ ပြောသွားမယ်၊ ရှင်တို့ ဝင်မစွက်ကြနဲ့၊ ကိုစည်းက ပန့်ကိုချစ်တယ်ဆိုတော့ ခွင့်ပြုမှာပါ၊ ပန်သိတယ်"

ရင်ထဲမှာ ထင်မြင်တဲ့အတိုင်း ခိုင်မာစွာပြောချလိုက်သည်။ ထိုအခါ အလှသစ်နဲ့ဝင်းပပ ခေါင်းတွေယမ်းကာ –

"အင်းလေ ပြောကြည့်ပေါ့"

လို့ မတတ်သာတဲ့အဆုံး အလှသစ် တစ်ခွန်းသာပြောတော့သည်။

"ပြောမယ်"

ပန့်ရင်မှာ ခွန်အားပြည့်ပြောကာ အနေ့စာအိတ်လေးကို ရင်မှာပိုက်၏။

အချစ်စိတ်ဟာ အရာရာကို ကျော်ဖြတ်နိုင်တယ် မဟုတ်လားအနေရယ်လို့ ပန့်ရင်ထဲ ဟစ်ကြွေးမိကာ –

✿ ✿ ✿



## အခန်း (၂၇)

နွေဦးမနက်ခင်းက သာယာလှသည်။ ဒီမနက်ပိုင်း စတူဒီယိုထဲမှာ ရိုက်မှာဖြစ်လို့ ပန်နဲ့ တစ်ခါတည်း ပြင်ဆင်လာခဲ့၏။

ဇာတ်ဝင်ခန်းတိုင်း အဝတ်အစားနဲ့ မိတ်ကပ် အချိုးညီအောင် အလှသစ်နဲ့ဝင်းပပ လက်စွမ်းပြထားသဖြင့် ပန့်ပုံစံက ထူးထူးခြားခြား အလှသွေးကြွလို့နေသည်။

ခရမ်းသွေးရောင်ဝတ်စုံနဲ့ ပန်က ဘဏ်လုပ်ငန်းရှင်ကြီးတစ်ဦးရဲ့ အကြံပေးအရာရှိ ပီသစွာ ခံ့ညားလို့နေသည်။

အလိမ်အခွေပုံစံ ဆံထုံးသွဲ့သွဲ့ ဖြစ်အောင် ဝင်းပပ ပြင်ဆင်ပေးတာက မြန်ဆန်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်လှဆို ပန်ဆံပင်ရှည်ကို ကျစ်ကာ ခွေဝှက်ပြီး နောက်မှ ဆံတုတပ်ထည့်ရုံ ပုံဖော်ထားတဲ့ အလိမ်အခွေဆံထုံးကို တပ်ဆင်ပေးလိုက်ရုံနဲ့ ပြီးသည်လေ။

မြန်လည်းမြန်သလို ပန်နဲ့လည်း လိုက်ဖက်၏။ လည်ပင်းနဲ့ အကပ် ပုလဲတစ်ကုံး ဆွဲစေသည်က ပို၍ ဝင့်ကြွသွားစေသည်။

အသွင်သစ်ရုပ်ရှင်ခြံရှေ့ ထိုးရပ်လိုက်တဲ့ တက္ကစီကားပေါ်မှ ပန်ပန် ကြော့မော့စွာဆင်းလျက်၊ ဝင်းပပတို့ ခြံရုံပြီး ရိုက်ကွင်းပြင်ဆင်ထားတဲ့ စတူဒီယိုထဲ ကိုယ်ဟန်မတ်မတ်နဲ့ လျှောက်ဝင်တဲ့အခါ ပန်ပန့်ကို ရုပ်ရှင်အဖွဲ့သားတွေ ငေးကုန်သည်။

ကိုစည်းလည်း ဓာတ်ပုံဆရာချိုမြင့်နဲ့ စကားပြောနေရာမှ လှည့်ကြည့်၏။ ခရမ်းသွေးရောင် နတ်သမီးလေးကိုမြင်တော့ တောက်ပတဲ့ မျက်ဝန်းမှ ကျေနပ်ပြုံးတို့က နှုတ်ခမ်းပါးဆီ ကူးဆက်လို့သွားကာ ခေါင်းလေးဆတ်သယောင်နဲ့ ကျေနပ်အားရ ကြည့်လျက်။

ကိုစည်းနဲ့ပန်ပန် စတူဒီယိုအခန်းဝမှာ မျက်နှာချင်းဆိုင် ဆုံလေသည်။ ဒီမနက် ကိုစည်းကိုမြင်ရတာ ခါတိုင်းထက် တက်ကြွလန်းဆန်းနေတယ်လို့ ပန်ထင်တယ်။

စိတ်ကြည်လင်လတ်ဆတ်နေသောကြောင့် မျက်နှာအရောင် လင်းပနေသည်က သိသာနေသည်။ ကောင်းတာပေါ့။ ကိုစည်း စိတ်ကြည်လင်လန်းဆန်းနေတဲ့အခါ ပန် ပြောဖို့ဆိုဖို့ ခွင့်တောင်းဖို့ အကောင်းဆုံးပဲ မဟုတ်လား။





"လာ ပန်ပန်"

ကိုစည်း ဦးစွာခေါ်သည်။ ပန် ပြုံး၍ ခေါင်းလေးဆတ်ကာ စတူဒီယိုထဲ ဝင်လေသည်။

ပန်းချီပြတိုက်ကြီးသဖွယ် ပြင်ဆင်ထားတဲ့ စတူဒီယိုခန်းကြီးက တကယ့် သရုပ်ပီပြင်သည်။

ဒီဇာတ်ဝင်ခန်းက ဘဏ်လုပ်ငန်းရှင် ဘော့စ်က ကိုးရီးယားသားဘဏ်လုပ်ငန်းရှင်သူဌေးနဲ့ လုပ်ငန်းဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ကြမည်။ မဆောင်ရွက်မီ ကိုးရီးယားဘဏ်သူဌေး မစ္စတာချွန်အာကို ပန်းချီပြတိုက်သို့ ကိုယ်တိုင်လိုက်ပို့မည်။

လိုက်ပို့သည်က အကြောင်းမဲ့ မဟုတ်ပါ။ မစ္စတာချွန်အာက ပန်းချီပညာကို စိတ်ဝင်စားသူ၊ ပန်းချီကားတွေ လိုက်ကြည့်ဖို့ စိတ်အားထက်သန်သူ ဖြစ်သည်။

ဘဏ်လုပ်ငန်းကိစ္စ မဆွေးနွေးရသေးခင် ပန်းချီပြတိုက်ကို မစ္စတာချွန်အာကို အရင်ကြည့်ရှုစေမည်။ ကြည့်ရှုပြီး၍ မစ္စတာချွန်အာ စိတ်သဘော နူးညံ့ပျော့ပျောင်းလာမှ လုပ်ငန်းကိစ္စဆောင်ရွက်လျှင် အလားအလာကောင်းမယ်လို့ ပန်ပန့်ဘော့စ်က တွက်ဆထားတာ။

ထိုဇာတ်ဝင်ခန်းအတွက် ပြင်ဆင်ထားတာ အားလုံးအဆင်သင့်။ ခေတ်ပန်းချီကား၊ ရှေးပန်းချီကားကြီးများ၊ ဗုဒ္ဓဝင်ဆိုင်ရာ ဘုရားရုပ်ပုံကားများနှင့် မော်ဒန်ပန်းချီကားတွေလည်း များစွာ ချိတ်ဆွဲထားပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဇာတ်ဝင်ခန်းမှာ ဘော့စ်နဲ့အတူ ပန်ပန်ပါမည်။ မစွတာ ချွန်အာနဲ့အဖွဲ့ ပါမည်။

ဇာတ်လမ်းသဘောအရ ပန်ပန်က ကိုးရီးယားစကားနဲ့ မစွတာ ချွန်အာနဲ့အဖွဲ့ကို ဘော့စ်ကိုယ်စား ပန်ပန်က ပန်းချီကားတွေအကြောင်း သွက်သွက်လက်လက်နဲ့ အချက်ကျကျ ပြောရမည်ဖြစ်သည်။

"ဘယ်လိုလဲ၊ ဒိုင်ယာလော့ခ်တွေ ပိုင်ပြီးလား ပန်"

ပန်းချီပြတိုက်လို ဖန်တီးထားတဲ့ ဇာတ်ဝင်ခန်းကို ဝေ့ကြည့်နေတဲ့ ပန်ပန့်ကို ကိုစည်းမေးသည်။

"ပိုင်ပြီ ကိုစည်းရဲ့"

ပန်ပန် စိတ်အားထက်သန်စွာပြော၏။ ထိုအခါ ကိုစည်း ကျေနပ်လို့သွားသည်။ ကိုစည်း ကျေနပ်စိတ်နဲ့ ပန့်ကို စိုက်ကြည့်၏။

အားလုံးရှေ့မှာမို့ ပန် မျက်နှာလေး ရှက်သွေးဖြာကာ မလုံမလဲ ဖြစ်ပြီး –

"ဒါနဲ့ ကိုစည်း"

"ပြောလေ"

"ပန် တစ်ခုလောက် ခွင့်တောင်းချင်လို့"

ပန် လက်ကိုင်အိတ်ကို ဟိုဘက်ဒီဘက်ပြောင်းကိုင်ရင်း ပြောလျှင် ဝင်းပပနဲ့အလှသစ် ဖျတ်ဆို ပန့်အနား ရောက်လာကြသည်။

"ဟဲ့ ပန်"

လို့ အလှသစ်က မျက်ရိပ်နဲ့တားသည်။





"အခု ရိုက်ကွင်းစတော့မှာလေ ပန်ပန်၊ ပြီးမှ ခွင့်တောင်းပေါ့လို့"

ဝင်းပပလည်း မနေနိုင်ဘဲ ဝင်ပြောသည်။ ပန်ပန် ရှာပြန်ဖို့ ခွင့်တောင်းမှာကို သူငယ်ချင်းနှစ်ယောက် ကြိုသိနေလို့ မဟုတ်လား။

ကိုစည်းက ဘာမှမရိပ်မိပါ။

"ရပါတယ်၊ ဘာခွင့်တောင်းမလို့လဲ၊ ခွင့်တောင်းပါစေ"

လို့ ကိုစည်း ခွင့်ပေးလိုက်တော့ ဝင်းပပနဲ့ အလှသစ် ရှေ့ဆက်ဟန့်တားဖို့ ခက်သွားသည်။ ပန်ပန်က ကိုစည်းခွင့်ပေးတော့ မျက်နှာလေး ဝင်းခနဲဖြစ်ကာ တအားတက်လို့သွားသည်။

ဒါကြောင့် ပန်ပန် ဟန်တွေပန်တွေ မဆောင်အားတော့၊ အားရဝမ်းသာစိတ်နဲ့ မျှော်လင့်ချက်ကြီးစွာ တောင်းဆိုလိုက်သည်။

ထိုအခါ ပန်ပန် ထင်မှတ်မထားစွာ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဘာ"

မျက်မှောင်ကြုတ်လျက် လက်တစ်ဖက် ခါးထောက်မတတ် တရှန်းကြွကြွဖြစ်လာတဲ့ ကိုစည်းအမူအရာ။

ပန့်ရင်မှာ ထိတ်ခနဲ ဖြစ်ကာ –

"ဟို ဟိုလေ ပန် ရွာ ရွာက ခဏပြန်မလို့၊ အဲဒါ ကိုစည်း ခွင့်ပြုပါလို့"

"ကိုယ် ခွင့်မပြုဘူးဆိုရင်ကော"

"ဟင်"

ပန် မယုံနိုင်အောင် အံ့သြသွားသည်။ ရုပ်ရှင်အဖွဲ့သားအားလုံး





ပန်ပန်နဲ့ ကိုစည်းကိုသာ စိတ်ဝင်တစား ငေးကြကုန်သည်

ဒေါ်လေးမြ နေမကောင်းတဲ့သတင်း ရကတည်းက ပန် ရွာ ပြန်ချင်ခဲ့သည်။ ကိုစည်း ခွင့်မပြုလို့ ပန် အရွဲ့တိုက်သလိုနေပြခဲ့တာ အားလုံးအသိပဲလေ။

ခုတစ်ခါ ရွာပြန်ဖို့ ပြောနေပြန်သည်။ ပြောသည်နှင့် ကိုစည်း ခွင့်မပြုဘူးဆိုရင်ကော ပြောလိုက်တဲ့အခါ ပန်ပန်နည်းတူ အားလုံး အံ့သြသွားသည်။

ကိုစည်းက အလုပ်ကိစ္စနဲ့ပတ်သက်လျှင် နှလုံးသားရေးရာတွေ ဘာတွေကို ငဲ့ကွက်နေမယ့် ခပ်ပျော့ပျော့ ယောကျ်ားမျိုးမဟုတ်ဘူး။

"ကိုယ် လုံးဝခွင့်မပြုနိုင်ဘူး ပန်"

"ကိုစည်းက ပန့်ကိုယ်ရေးကိုယ်တာကို ချုပ်ချယ်ချင်တာ လားဟင်"

ပန် ဟန်ဆောင်မထိန်းနိုင်တော့ပါ။ ရင်ထဲရှိတဲ့အတိုင်း ထုတ်ပြော၏။ မင်းစည်းစိမ် မမှုပါ။သက်မ,ချ

"ပန့်ကိုယ်ရေးကိုယ်တာကို ကိုယ်စိတ်မဝင်စားဘူး၊ ကိုယ် စိတ်ဝင်စားတာက ဟောဒီဇာတ်ကားမှာ ပန် ပေါက်မြောက်အောင်မြင်တဲ့ သရုပ်ဆောင်သစ်တစ်ယောက်ဖြစ်ဖို့ အဖက်ဖက်က ကြိုးစားနေတယ်၊ အဲဒီကြိုးစားမှုအတွက် အချိန်တိုင်း, မိနစ်တိုင်း, စက္ကန့်တိုင်း mood ပြည့်နေဖို့ အရေးကြီးတယ်၊ ကိုယ်ရေးကိုယ်တာကိစ္စ ရောထွေးပြီး လစ်ဟာသွားမှာကို ကိုယ်မလိုချင်ဘူး၊ အခုမှ ဇာတ်ကားတစ်ဝက်ကျိုးရုံ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ ရိုက်ရက်တွေလည်း အများကြီးကျန်သေးတယ်၊ ပန်သွားလိုက်ရင် ဒီမှာ ဘာဖြစ်ကျန်ခဲ့မလဲ စဉ်းစားကြည့်စမ်း ပန်ပန်၊ အားလုံးကိုယ်ဖိရင်ဖိလုပ်နေတဲ့အချိန်မှာ –

"တော်ပါတော့၊ ကိုစည်းက ဒါပဲအကြောင်းပြပြီး ပန့်ကို ချုပ်ချယ်နေတာမဟုတ်လား"

ပန် ခပ်ရဲရဲပဲပြောကာ ကိုစည်းရှေ့မှ ရင်ကော့ထွက်သွားလျှင်–

"နေဦး"

ကိုစည်း လက်ဟန့်တားကာ ခြေလှမ်းရွေ့လာသည်။ ပန်ပန် ခြေလှမ်းရပ်သွား၏။

"ချုပ်ချယ်တယ်လို့ထင်ရင် ထင်လိုက်၊ ဒါပေမဲ့ ပန့်စိတ်နဲ့ပန် သွားမယ်ဆိုရင် ရဲရဲဆုံးဖြတ်"

"ဘာကိုလဲ ကိုစည်း"

"ကိုယ် စင်တင်ထုတ်လုပ်နေတဲ့ ဇာတ်ကားအတွက် ပန် နုတ်ထွက်ရဲတယ်ဆိုရင်"

"ဟင်"

အံ့သြလွန်းလို့ ပန့်မျက်ဝန်း ပြူးထွက်ကာ –

"ဘယ်လို"

မယုံနိုင်တဲ့ခြေလှမ်းနဲ့ ကိုစည်းနား လှည့်လာ၏။ ကိုစည်းလက်မောင်းကိုလည်း ဆုပ်ကိုင်လှုပ်ခါရင်း မေး၏။

"ကိုစည်း ပန့်ကို သရုပ်ဆောင်ခွင့်မပေးနိုင်တော့ဘူးဆိုတဲ့





သဘောလား"

မင်းစည်းစိမ် ခုချိန်မှာ နှလုံးသားကိစ္စကို နောက်တန်းပို့ပစ်၏။ အလုပ်ကိစ္စသည်သာ သူ့ရဲ့ ကြီးလှစွာသော ဂုဏ်သိက္ခာနဲ့ အရှိန်အဝါဖြစ်သည်။

ဒီအစဉ်အလာကို မင်းစည်းစိမ် ဆက်လက်ထိန်းသိမ်းသွားဖို့ပဲ။ ဒါကြောင့် မင်းစည်းစိမ် အလေးအနက် ခေါင်းညိတ်၏။ ပန့်ကိုလည်း စိုက်ကြည့်ပြီး တစ်လုံးချင်းပြောသည်။

"ဟုတ်တယ်၊ ပန့်စိတ်နဲ့ပန် ပြတ်သားရဲရင် အခုပဲ ဒီစတူဒီယိုထဲက ထွက်သွားလိုက်"

"ဘုရားရေ"

ပန်ပန် နောက်ပြန်လန်ကျမတတ် ဖြစ်သွားသည်။ ပန့်ကိုချစ်တယ်ဆိုတဲ့ ယောကျ်ားတစ်ယောက်က ဒီလိုပဲ ပြောသလား။

ခွင့်မပြုရင်တောင် အကျိုးနဲ့အကြောင်း ချော့မော့ဖျောင်းဖျသင့်တယ်လို့ ပန်ထင်တယ်။

ခုတော့ ချော့မော့ဖို့နေနေသာသာ ပြောလိုက်တာက ပြတ်ပြတ်သားသားကြီး။ ဒီလိုပြတ်သားနေတာ ဘာကြောင့်လဲ၊ ဘာရည်ရွယ်ချက်နဲ့လဲ။ ပန် အခုမှ တွေးတောမိကာ –

ချစ်တယ်ဆိုတာနဲ့ သိမ်းသွင်းပြီး ရုပ်ရှင်ဇာတ်ကားအကျိုးအမြတ် မည်မျှထွက်မည်ကို ချိန်ဆွယ်လျက် ပန့်ကို စင်တင်ပေး၏။ စင်တင်ပေးတဲ့ပြယုဂ်နဲ့ ပန့်ကိုယ်ရေးကိုယ်တာကို ဝင်ရောက်ချယ်လှယ်



www.burmeseclassic.com

www.burmeseclassic.com



နေတာမျိုးလား။

ဖြစ်နိုင်တယ်လို့ ပန် သံသယကြီးစွာ ခံစားရလျက် ကိုစည်းကို စိုက်ကြည့်မိ၏။

မင်းစည်းစိမ် မျက်နှာမော့လျက် လက်တစ်ဖက် ခါးထောက်၏။ ပြီးတော့ ပန့်ကိုမကြည့်ဘဲ အရှိန်အဝါကြီးစွာ ဆိုလေသည်။

''ခုချိန်မှာ ပန့်ကိုယ်ရေးကိုယ်တာကို ချုပ်ချယ်တယ်, နားလည်မှုမပေးဘူးလို့ ပန် စွပ်စွဲချင် စွပ်စွဲစမ်းပါ၊ ကိုယ် ဒါတွေကို မမှုလို့ လျစ်လျူရှုပစ်ခဲ့တာ ပန့်ကိုချစ်နေလို့ပဲ၊ ဒါပေမဲ့''

ဘုရားရေ။

ပန်ပန် ရင်ဘတ်ဖိမိပြန်သည်။ ချစ်နေလို့ပဲ့တဲ့။ ဟုတ်ရဲ့လား။ ချစ်နေရင် ချစ်သူစိတ်ကျေနပ်အောင် ခွင့်ပြုသင့်တာပေါ့။

ခွင့်မပြုတဲ့အပြင် ဒါပေမဲ့နောက်က ဆက်တိုက်ပြောချတာက ဘယ်မျက်နှာကိုမှလည်း မထောက်ထား မစာနာစွာ။

''ပန့်ကိုချစ်တာက တခြား၊ အလုပ်ကိစ္စက တခြားပဲ၊ အဖွဲ့သားအားလုံး အားရပါးရ လုပ်ဆောင်နေတဲ့အချိန်မှာ ပန်ပန့်ကြောင့် တစ်ရက်တလေမှ အထိပါးမခံနိုင်ဘူး၊ ဒီဇာတ်ကားမပြီးသရွေ့ တစ်စက္ကန့်မှ အပွန်းအပဲ့ခံဖို့ မရှိဘူး၊ ဒါကို မကျေနပ်လို့ ပန့်စိတ်နဲ့ပန် သွားမယ်ဆိုရင် တစ်ခါတည်း ထွက်သွားပါ၊ ကိုယ်မတားဘူး ပန်ပန်''

ကိုစည်းစကားလုံးတွေဟာ ဒဲ့ဩစေရာမှ ရှက်စိတ်နဲ့ ပန့်မျက်နှာကို ပြာသွားစေသည်။





လူစုံတက်စုံရှိနေသော ရုပ်ရှင်အဖွဲ့သားအားလုံး မျက်တောင်မခတ်တမ်း ကြည့်နေကြတယ် မဟုတ်လား။

ရိုက်ကွင်းပေါ်မှာ သူတစ်ပါးအားကျလောက်အောင် ပန့်ကို အခွင့်အရေးပေးခဲ့တဲ့ ကိုစည်း။ အခု ထိုအခွင့်အရေးတွေကို ရုပ်သိမ်းတော့ဖို့ တိုက်ရိုက်ပြောနေတာ အားလုံးရှေ့တင်လေ။

''ပန် ဆုံးဖြတ်ပေါ့၊ ဟုတ်လား''

ပန် အသက်မရှူရဲတော့ပါ။ ဘာပြန်ပြောရမှန်း မသိအောင် ဆွံ့အသွားကာ။

မင်းစည်းစိမ်က ဆွံ့အမနေပါ။ ပြောစရာရှိတာ ပြောဖို့ အားလုံးကို ပြန်ကြည့်၏။

''ဒီနေ့တစ်ရက် စဉ်းစားလိုက် ပန်တော်ဦး၊ ကဲ အားလုံးပဲ ဒီနေ့ ရိုက်ကွင်းဖျက်တယ်''

''ဟင်''

ထင်မှတ်မထားတာမို့ အားလုံး ကိုယ်တွေတောင့်မတ်ကုန်သည်။ ပြောပြီးသည်နှင့် မင်းစည်းစိမ် ခေါင်းမော့ထွက်သွားဟန်ပြင်လျှင်–

''ကိုစည်း''

ပန် ဝမ်းနည်းသွားသော်လည်း ခံပြင်းစွာ ဖိခေါ်မိ၏။ မင်းစည်းစိမ် လှည့်မကြည့်ပေမယ့် ခြေလှမ်းတော့ တန့်သွား၏။

ပန်ပန် အားကိုးတကြီးနဲ့ ကိုစည်းနား ရွေ့သွားသည်။ ပန်ပန် ပြောမလို့ ပြင်ရုံရှိသေးတယ်။ မင်းစည်းစိမ် ဦးစွာပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန် တစ်ခုခုကို ပြတ်ပြတ်သားသားဆုံးဖြတ်မယ်ဆို ဟောဒီက ဘုရားလောင်းတောထွက်ခန်း ပန်းချီကားကို ကြည့်ပြီးဆုံးဖြတ်"

နံရံမှာချိတ်ဆွဲထားတဲ့ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်ခန်းပန်းချီကား။ ဘုရားလောင်းက ကဏ္ဍကမြင်းကျောပေါ်မှာ၊ မြင်းထိန်းဆန္နအမတ်က ကဏ္ဍကမြင်းတော်အမြီးကို ဆွဲစေလျက် မြို့တံတိုင်းကြီးကို ခုန်ကျော်သွားပုံကို သရုပ်ဖော်ရေးဆွဲထားသည်က အား မာန်ပါသလို ရုပ်လုံးလည်း ကြွလျက်။

ထိုပန်းချီကားကို ဘာကြောင့် ကြည့်နိုင်းတာလဲ။ ကြည့်ပြီးမှ ဆုံးဖြတ်နိုင်းတာ ဘာသဘောလဲ။

ရုပ်ရှင်အဖွဲ့သားအားလုံး ပန်းချီကားကို မော့ကြည့်ကာ သိလို စိတ်နဲ့ မင်းစည်းစိမ်ကို ကြည့်ကြ၏။

ပန်ပန်လည်း သိလိုလှစွာ ကိုစည်းလက်မောင်းကို အားကိုး တကြီး ဆုပ်ကိုင်မေးလျှင် -

"လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်လာတဲ့ ဘုရား လောင်းတောင် တောထွက်ခွင့်ကို အလွယ်တကူမရခဲ့ဘူး။ အပိတ်အဆို့ အဆီးအတား တံတိုင်းကြီးမြင့်လှတယ်၊ အဲဒီတံတိုင်းကို ကျော်ဖြတ်ဖို့ ဘုရားလောင်း၊ ကဏ္ဍကမြင်းနဲ့ မောင်ဆန္နအမတ်တို့ နိုင်မာပြတ်သားတဲ့ ခွန်အားကိုယ်စီသုံးပြီး ကြိုးစားခဲ့ရတာ"

ဘာဆိုင်လဲ။

ပန် နားရှုပ်ထွေးကာ မျက်မှောင်ကြုတ်ကျသွားသည်။ အားလုံး





ကလည်း ဘယ်လိုဆက်စပ်သည်ကို သိလိုလှစွာ စိတ်ဝင်တစားရှိကြသည်။

ပန်ပန်က တောထွက်ခန်းပန်းချီကားကို ယောင်ချာချာ ပြန် မော့ကြည့်၏။

"ကဏ္ဍကရဲ့အမြီးမှာ မောင်ဆန္နကို မြဲအောင်ဆွဲစေမယ်၊ ဘုရားလောင်းကို ကျောပေါ်တင်ပြီးရင် ခမည်းတော်, ဆွေမျိုးတော် တွေနဲ့ ဘယ်သူမှမသိအောင် တံတိုင်းကြီးကျော်ဖြတ်နိုင်ဖို့ အားနဲ့ခုန် ထွက်မယ်ပေါ့၊ ကဏ္ဍကမြင်းလိုပဲ မောင်ဆန္နအမတ်ကလည်း ကဏ္ဍ ကမြင်းကို လက်ဝဲလက်နဲ့ ပိုက်မယ်၊ အလောင်းအလျာကို လက်ယာ လက်နဲ့ မြဲအောင်ပိုက်မယ်၊ ပိုက်မိပြီးတာနဲ့ မြို့စောင့်တွေ မရိပ်မိအောင် အားတက်ုန် ကျော်ဖြတ်မယ်လို့ အားခဲတယ်"

ကိုစည်းက သူ့စကား သူမရပ်။ အရှိန်နဲ့ ဆက်တိုက်ပြော လျက်။ ပန်ပန် ပန်းချီကားကို စူးစိုက်ကြည့်မိလျက်သား ဖြစ်သည်။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသား၊ ဖွားဖက်တော် ကဏ္ဍကမြင်းနဲ့ အထိန်းတော် ဆန္နအမတ်။

"ဖွားဖက်တော် ကဏ္ဍကမြင်းနဲ့ မောင်ဆန်တို့ ခွန်အားပြည့် သုံးမယ်၊ ပြည်သူပြည်သားနဲ့ မိသားစုဝင် ဆွေတော်မျိုးတော်တွေနဲ့ အစောင့်အကြပ်တွေ တားလို့မမီအောင် တံတိုင်းကို ကျော်ဖြတ်ဖို့ မောင်းတင်ထားတာ ဘုရားလောင်းသိတယ်။ ငါတော့ အလိုက်သင့်ပဲ တံတိုင်းကို ဖြတ်ကျော်နိုင်မယ်လို့ စိတ်ကို ပေါ့ပေါ့ဆဆမထားခဲ့ဘူး၊ ငါ အလောင်းလျာသည်လည်း မောင်ဆန်ကို ကဏ္ဍကမြင်းအမြီးမှာ မြဲအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲစေမယ်၊ ငါ့ကိုယ်ကို ကဏ္ဍာမြင်းကျောပြင်ထက် ရှိစေမယ်၊ မြင်းတော်ကိုယ်ကို ကိုယ်တော်ရဲ့ပေါင်နှစ်ဖက်နဲ့ ဖိညှပ်ပြီး အားနဲ့ခုန်ပျံလိုက်မယ်လို့ စိတ်ဓွမ်းအားကို အဆင်သင့်မောင်းတင်ထားတယ်၊ ဘုရားလောင်းရဲ့ စိတ်အကြံအစည်အတိုင်း မောင်ဆန္နက ကဏ္ဍာကမြင်းအမြီးမှာ ဆွဲစေတယ်၊ ကဏ္ဍာကကျောပေါ်မှာ အလောင်းအလျာ နေရာယူတယ်၊ အချိန်အခါရောက်တာနဲ့ သုံးပါးစလုံး တက်ညီလက်ညီနဲ့ ခွန်အားထုတ်သုံးပြီး တစ်ပြိုင်နက်တည်း ခုန်ကျော်လိုက်ခါမှ တံတိုင်းကြီးကို ကျော်ဖြတ်နိုင်ခဲ့လို့ တောထွက်ခြင်းအရေးကိစ္စကြီး ပေါက်မြောက်အောင်မြင်ခဲ့တာပဲ ပန်ပန်''

ပန်ပန့်တစ်ကိုယ်လုံး တုန်ကာ ကိုစည်းလက်မောင်းကို ကိုင်ထားမိတဲ့ ပန့်လက်ချောင်းတွေ ကြာကျသွားသည်။

ကိုစည်း ဘာကိုပြောချင်တာလဲဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ ပန်းချီကား ပန့်မျက်လုံးထဲ စွဲနစ်လို့သွားကာ –

''အကယ်၍ တစ်ပါးပါးသာ ခွန်အားကို လျှော့လိုက်ရင် ပေါက်မြောက်အောင်မြင်ဖို့အလားအလာ ကောင်းနိုင်မလား၊ တွေးခေါ်ကြည့်လို့ ရပါတယ် ပန်ပန်''

ထိုအခါ ပန်ပန့်အတွေးက ပန်းချီကားထဲက ပုံရိပ်တွေထဲ စိမ့်ဝင်လို့သွားသည်။ မင်းစည်းစိမ်က တွေးခေါ်ယူဆတဲ့အတိုင်း တရပေါ ပြောချလိုက်သည်။

''ဒီလိုပါပဲ၊ ဘာကိစ္စဖြစ်ဖြစ် ပေါက်မြောက်အောင်မြင်ဖို့ဆိုတာ မလွယ်ဘူး၊ အထူးသဖြင့် ကိုယ်တို့အနုပညာလောကမှာကွ၊ တစ်နေရာ





ရဖို့တောင် သာမန်အနေနဲ့ ကျားကုတ်ကျားခဲ ကြိုးစားနေကြရတာ၊ အောင်မြင်မှုရဖို့ဆိုတာ အင်မတန် ခဲယဉ်းပါတယ်၊ ဒါကို ပန်ပန် နားမလည်သေးဘူး၊ ကိုယ်သိတယ်၊ ကိုယ်က အဖက်ဖက်က ခွန်အားသုံးပြီး ပေါက်မြောက်အောင် ကြိုးစားနေသလောက် ပန်က ကိုယ်ရေးကိုယ်တာကို ရှေ့တန်းတင်နေတာ လုံးဝအချိုးမညီဘူး၊ ဒီဇာတ်ကားအောင်မြင်ဖို့ ကိုယ်တစ်ယောက်တည်းနဲ့ မပြီးဘူး၊ ဟောဒီတစ်ဖွဲ့သားလုံး အနုပညာခွန်အားအပြည့်နဲ့ တက်ညီလက်ညီ ကြိုးစားနေကြတယ်၊ အဲလိုကြိုးစားနေတာကို သိသိကြီးနဲ့ ကိုယ်ရေးကိုယ်တာကို ပန်ပန် ဦးစားပေးမယ်ဆိုရင် ရှေ့ဆက်မဖြစ်နိုင်တော့ဘူး''

တံတိုင်းကြီးကို ခုန်ကျော်သွားနိုင်တဲ့ပုံစံ တောထွက်ခန်း ပန်းချီကားကိုကြည့်နေရင်း ပန်ပန် မျက်ရည်ဝဲသွားကာ –

''ကိုယ် အခုပြောနေတာ မန္တိုင်းအပ်တဲ့ ဘုရားလောင်းနဲ့ နှိုင်းယှဉ်ပြောနေတာ မဟုတ်ဘူး၊ ပန် မြင်သာအောင် ပြောပြနေတာပါ၊ ကိုယ်တို့က ပါရမီရင့်သန်တဲ့ အလောင်းအလျာလို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ မဟုတ်ဘူး၊ သာမန်လူပါ၊ သာမန်လူသားအနေနဲ့လည်း ကိုယ့်ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်ဖို့ ပါရမီရှင် အလောင်းအလျာရဲ့ နည်းကောင်းကို အတုယူပြီး ကြိုးစားရမှာပဲ၊ ကြိုးစားဖို့လည်း လိုအပ်တယ်၊ အဲဒီလိုကြိုးစားတဲ့ဆီမှာ တစ်ဦးကောင်း တစ်ယောက်ကောင်း ကြိုးစားလို့ မရတာ ကိုယ်တို့အနုပညာအလုပ်ပါ၊ အားလုံး တက်ညီလက်ညီ ကြိုးစားမှကွ၊ ဒီမှာ ကိုယ် နောက်ဆုံးပြောလိုက်မယ်၊ ကိုယ့်ဝါဒက ပြတ်သား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီဇာတ်ကားအတွက် အဖွဲ့သားအားလုံးနဲ့ကိုယ် လေဝင်ပေါက်မရှိအောင် ကြိုးစားနေလျက်နဲ့ ပန်က ကိုယ်ရေးကိုယ်တာကိစ္စ ရှေ့တန်းတင် အချိန်ဖြုန်းမယ်, နောက်တတွန့်တွန့်ဖြစ်နေမယ်ဆိုရင် ကိုယ် လက်မခံနိုင်ဘူး၊ ဒါကြောင့် ပန် စိတ်ကြိုက်ဆုံးဖြတ်ပါ၊ ကိုယ် မတားဘူးဒါပါပဲ''

လေးနက်ခိုင်မာစွာ ပြောပြီး ထွက်သွားသော ကိုစည်းကျော်ပြင်ကို ပန် ငေးစိုက်မကြည့်ဝံ့စွာ မျက်လွှာအလိုလို စင်းကျသွားလေသည်။

အသက်ရှူမြန်ကာ ဝဲနေသောမျက်ရည်စက ပြိုအိကျလာတော့မတတ် ဖြစ်၏။ မျက်တောင်ခတ် သိမ်းသွင်းလိုက်ပေမယ့် မျက်ရည်တို့က လျှောကျသည်လေ။

ထို့နောက် ဂူးခနဲ မောင်းထွက်သွားတဲ့ ကိုစည်းကားသံနောက်မှာ သာယာလှစွာသော အားလုံးရဲ့မနက်ခင်းက ရိုက်ကွင်းတစ်ခုလိုပဲ အကျည်းတန်စွာ ပျက်သွားရလေပြီ။

✿ ✿ ✿



## အခန်း (၂၉)

တစ်ဆောင်းသစ်လေပြီ၊ ဒီဆောင်းရာသီသစ်မှာ ပန်ပန် မရှိပါ။ ဘဝတစ်လျှောက်လုံး လက်တွဲကျော်ဖြတ်လာတဲ့ ဆောင်းရာသီတွေနဲ့မတူ၊ ဒီဆောင်းဟာ ပန်ပန်ရှိမနေတဲ့ ပထမဦးဆုံးသော ဆောင်းရာသီ။

တစိမ့်စိမ့်အေးသော အထီးကျန်ဆန်မှုက သိသိသာသာ။ ပြင်းပြတဲ့ဆန္ဒနဲ့ ထွက်ခွာသွားကတည်းက လှည့်ပြန်ငဲ့မကြည့်နိုင်တဲ့ ပန့်ခံစားချက်ဟာ ကျောက်စိုင်ကျောက်ခဲလို မာကျစ်ကာ အနေ့နှလုံးသားက ဖယောင်းလေးလို ပျော့ညက်လှပေ၏။

ဒါကြောင့်မို့ ပန်ပန် ပြန်လာခဲ့နိုးနိုးနဲ့ မျှော်နေခဲ့သည်။ အမေကတော့ မျှော်ခြင်းဆိုတာထက် ကျေနပ်လက်ခံစိတ် သွပ်သွင်းကာ သွေး



www.burmeseclassic.com

www.burmeseclassic.com



အေးအေး ဆိုတတ်နေပေပြီ။

"သား"

ဖုန်တွေနဲ့ မှိုင်းနေတဲ့ ပန်ပန့်စက်ဘီးကို တယုတယ ရေဆေးနေတဲ့ အနေ့နား ခေါ်သံနဲ့အတူ အမေရောက်လာသည်။

"ပြော အမေ"

ဒေါ်မြရှင် နှစ်သိမ့်ပေးချင်စိတ်နဲ့ အုတ်ကန်နား ကပ်ရပ်လေသည်။

"သားစိတ်ကို လျှော့ထားလိုက်ပါကွယ်၊ ပန်လည်း ပန်လမ်းကြောင်းကို ပန်ကိုယ်တိုင် ရွေးချယ်လျှောက်သွားတယ်၊ သားလည်း သားဘဝလမ်းကြောင်းပေါ် လွတ်လွတ်လပ်လပ် လျှောက်ပါကွယ်"

"သား အလုပ်တစ်ဖက်လုပ်ပြီး ကျောင်းတက်နေတာပဲ အမေရယ်၊ ကျောင်းပြီးရင်တော့ စပါးအရောင်းအဝယ်အလုပ်ကို ဇောက်ချလုပ်တော့မယ်၊ ကျောင်းတစ်ဖက်နဲ့မို့ ပွဲစားအလုပ်က သိပ်တွင်တွင်ကျယ်ကျယ်မလုပ်နိုင်ဘူး၊ မလုပ်လို့လည်း မဖြစ်ဘူး၊ ပန် ကျောင်းစရိတ်ကြိုရှာနေရတာ အမေသိရဲ့သားနဲ့"

ဆပ်ပြာမှုန့် ဖျန်းထားတဲ့ စက်ဘီးကို ဖော့ဘရပ်နဲ့ လိုက်ပွတ်ရင်း အနေ့ပြောသည်။ ဒေါ်မြရှင် ခေါင်းတစ်ချက် ယမ်းလေပြီ။

"အမေပြောတာက အဲဒီသဘော မဟုတ်ဘူး၊ သမီးလေးကို ဘွဲ့ရစေချင်တာ အမေ့အလိုချင်ဆုံးဆန္ဒပဲ။ ဒါကြောင့် သား ငွေရှာပြီး ပို့နေတဲ့အတွက် အမေ ဝမ်းသာတယ်၊ ဘာပဲဖြစ်ဖြစ် ပန့်ကို တစ်သက်





လုံး မဟုတ်ရင်တောင် တတ်နိုင်တဲ့ဘက်က ဖြည့်ပေးဖို့က အမေ့တာဝန်၊ သားရဲ့ဝတ္တရား။ အခု အမေပြောနေတာက ပန့်အပေါ် စိတ်နှစ်မထားပါနဲ့ သားရယ်၊ သားကိုကြည့်ပြီး အမေ ရင်မောတယ်"

ပြောနေရင်း ဒေါ်မြရှင်မျက်ဝန်းမှာ ထိခိုက်ခံစားရရှာတဲ့ မျက်ရည်တို့ ဝဲသွားလေသည်။

သားနှလုံးသားမှာ ပန်ပန်က အချိန်ပြည့်စိုးမိုးနေတော့ သားအဖြစ်က ပင်ပန်းလှသည်။ ကျောင်းတစ်ဖက်၊ ပွဲစားအလုပ် တစ်ဖက်နဲ့ အားရတယ်လို့ မရှိပါ။

မအားတဲ့ကြားထဲက ဖုန်တက်နေတဲ့ ပန်ပန့်စက်ဘီးကို ဆေးကြောနေပြန်သည်။ သားက စွဲစွဲနစ်နစ် ခံစားနေသလောက် သမီးလေးက စိတ်လည်မလာတာ ဒေါ်မြရှင် ခံစားရဆုံး မဟုတ်လား။

"အမေ အဲလိုတွေးနေလို့ ရောဂါဆိုးနေတာပါ၊ ဘာမှ မတွေးပါနဲ့ဗျာ၊ နော် အမေ"

နှလုံးရောဂါကြောင့် အချိန်မှန် ဆေးစားနေရသေးတဲ့ အမေ့အပေါ် အနေ ပို၍ကရုဏာသက်မိပါသည်။ စက်ဘီးကို ရေဖလားနဲ့ ပက်ဆေးရင်းပြောတော့ –

"ဟုတ်တယ်၊ အမေ့မှာ ဒါကြောင့်ပဲ ရောဂါတိုးနေတာ၊ ရှေ့ဆက် ရောဂါတိုးအောင် မခံစားချင်ပါဘူး၊ ဒါကြောင့် သားကို ပြောနေတာပေါ့"

အနေ့ရဲ့ဆံပင်တွေကို ပွတ်လိုက်၊ ပခုံးစွန်းကို ပုတ်လိုက်နဲ့ ပြောနေရှာတဲ့ အမေ။ အမေဟာ အရင်ကနဲ့ မတူတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်အဖြူတွေ များလာသလို မျက်နှာလည်း ချောင်ကျလျက်၊ အားပြည့်မာန်ပြည့်နဲ့ အရင်လို သွားလာလှုပ်ရှားလို့ မရနိုင်သလို၊ ပန်းပန်အကြောင်းတွေ ယခင်ကလို တစ်အိမ်တက်တစ်အိမ်ဆင်း ပြေးပြော နိုင်စွမ်းလည်း မရှိတော့ပါ။

ညှိုးချုံးကျနေတဲ့စိတ်နဲ့ ရောဂါတစ်ဖက် ခံစားနေရတဲ့ အမေ့ကို အနေ သနားလှသည်။

"စိတ်ချပါ အမေရယ်၊ အမေပြောသမျှ သား နားထောင်ပါ့မယ်၊ အဓိက အမေ ကျန်းမာဖို့လိုတယ်၊ အမေကျန်းမာမှ သားတို့မိသားစု ရတက်အေးမှာ၊ နောက်ဆို အမေ့အတွက် စိတ်ပူနေရတယ်၊ ပြီးတော့ အမေ့ကို လာလာပြုစုပေးနေရတဲ့ သခွပ်နီကိုလည်း အားနာရနဲ့"

သခွပ်နီဆီ စကားလမ်းကြောင်း အလိုလို ဦးတည်သွား၏။ ထိုအခါ ဒေါ်မြရှင် သက်မမောလေးချကာ ဝိုင်းလုလုမျက်နှာလေးနဲ့ အေးချမ်းလှတဲ့ သခွပ်နီလေးကို မြင်ယောင်လာသည်။

ကိုယ်လုံးလေးလည်း လှသလို အသားအရေလည်း ပြည့်ဖြိုး စိုဝင်းနေသည့်က ဇနီးကောင်းပီသမယ့် မိန်းမကောင်းလက္ခဏာတစ်ရပ် မဟုတ်လား။

ပြီးတော့ သူမကိုလည်း မိခင်သဖွယ် ပြုစုယုယနေတာလေး တွေက ဒေါ်မြရှင်နှလုံးသားအတွက် ကြည်နူးပီတိ ဖြစ်ရသည်လေ။

အရင်တုန်းက သမီးပန်ပန်အပေါ် အမြဲတမ်း ငြူစူစောင်းချိတ် ပြောနေကျမို့ ဒေါ်မြရှင်စိတ်ထဲ မကြည်လင်ခဲ့ပါ။





အခုတော့ ကျောက်ပန်းခက် တောင်ကျစမ်းရေလို ကြည်လင်အေးမြတဲ့ စိတ်နှလုံးရှိကြောင်း လက်တွေ့ခံစားရတော့ ဒေါ်မြရှင် သခွပ်နီအပေါ် အမြင်ကြည်လင်လာသလို ချစ်ခင်စိတ်ဝင်လာသည်။

"သခွပ်နီလေးက လိမ္မာရှာတယ် သားရယ်၊ အမေ့ကို တကယ် မေတ္တာနဲ့ ဂရုစိုက်တာလေ"

သခွပ်နီနာမည် ထုတ်ပြောမိသည်နှင့် အမေ့မျက်နှာလေး ကြည်နူးသွားလေသည်။

"သားအဖေကတောင် သခွပ်နီကို ချီးမွမ်းနေတာအေ့"

အနေတော် ကိုယ်လေးမတ်သွားသည်။ အဖေ ချီးကျူးမယ် ဆိုလည်း သခွပ်နီက ချီးကျူးလောက်ပေတယ်။ အမေ ဆေးရုံတက်ရတဲ့တစ်လျှောက် အနေနဲ့အတူ နေ့မအိပ်ညမအိပ် ကူညီကြည့်ရှုပေးသလို ဆေးရုံက ဆင်းလာတော့လည်း ချက်ပြုတ်လျှော်ဖွပ် ဘာညာ ကအစ လုပ်ကိုင်ပေးသည်။

အမေ့ကို ပန်းလေးတစ်ပွင့်လိုထားပြီး ဆေးပါ အချိန်မှန်တိုက်၏။

နေ့အိပ် ညအိပ် အမေ့အနားမှာ နေထိုင်ပြုစုပေးတာ နည်းတဲ့မေတ္တာမှ မဟုတ်တာ။

ဒါကြောင့် သခွပ်နီကို အနေအားနာရတယ်လေ။ ပန်နဲ့ပတ်သက်ရင်လည်း သခွပ်နီက အနေ့ကို ကူညီနှစ်သိမ့်ပေး၏။ ပန့်အပေါ်လည်း အပြည့်အဝ နားလည်မှုပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သခွပ်နီဟာ အနေ့အတွက်၊ ပန်နဲ့အမေ့အတွက် တကယ့်ကို အလေးထားခဲ့တဲ့ သူငယ်ချင်းကောင်းဆိုလည်း ဟုတ်နေသည်။

အနေ မငြင်းသာပါ။

"ဟုတ်ပါတယ်၊ သခွပ်နီကို အမေတင် ချီးကျူးတာ မဟုတ်ဘူး၊ တစ်ရွာလုံးက ချီးမွမ်းကြတယ် အမေရဲ့"

အနေပြောလိုက်တော့ အမေ့မျက်နှာက လပြည့်ဝန်းလို အေးမြတောက်ရှန်းသွားလေသည်။

"ကဲ အမေ အိမ်ပေါ်တက်တော့၊ အပြင်မှာ လေစိမ်းချည်းပဲ၊ တော်ကြာ အအေးမိနေလိမ့်မယ်"

ပန့်စက်ဘီး ရေဆေးပြီးသွားပြီမို့ အိမ်ရှေ့ဘက်မှာ ထောင့်ထောက်ရပ်ထားလိုက်သည်။ စက်ဘီးပေါ်ကရေတွေ ခြောက်သွေ့မှ အိမ်ပေါ်တင်မယ်လို့ စိတ်ကူးသည်။

အမေက သားစကား နားထောင်ရှာသည်။ အိမ်ပေါ်တက်က အိမ်ရှေ့ကထိုင်ခုံမှာ သက်သောင့်သက်သာ ဝင်ထိုင်သည်။ အနေက –

"သား အပြင်ခဏထွက်ဦးမယ်"

ပြောပြီး အိမ်ရှေ့မျက်နှာစာနံရံမှာ မှီရပ်ထားတဲ့ အနေ အသစ်ဝယ်ထားတဲ့ ပြိုင်ဘီးကို ဆွဲယူသည်။ အမေ ခေါင်းတဆတ်ဆတ် ညိတ်လေပြီး –

"အေး သွားကွယ်၊ သခွပ်နီလေးကို အမေ့ဆီလာခဲ့ဖို့ ဝင်ပြောသွားဦး"





"ဟုတ်"

အနေ ခေါင်းညိတ်ပြီး စက်ဘီးနင်းထွက်ခဲ့လေသည်။ သခွပ်နီကို သွားခေါ်ဖို့တော့ မဟုတ်ပါ။ အမေ စိတ်ချမ်းသာအောင် ဖံမင်းနဲ့ အခေါ်လွှတ်ခိုင်းလိုက်သည်။

အနေကတော့ ဒီဆောင်းမှာ ကျကျနန လွမ်းဆွတ်ခွင့်ရချင်သည်။ ရွာပြင်ဘက် ခရေပင်တန်းဆီ ဦးတည်ခဲ့သည်က ပန်ပန့်ကို တမ်းတစိတ်နဲ့ မျှော်နေချင်သောကြောင့် ဖြစ်သည်။

ဆောင်းနှင်းတွေ မပြယ်သေးတဲ့ ခရေပင်တောကြီးက ခရေပန်းတွေကတော့ မပွင့်သေး။ ခရေပင်သစ်ခွကြားမှာတော့ ကြက်ခွပ်ပန်းခိုင်တွေ တွဲရရွဲ ပွင့်လန်းနေကာ ပန်းခိုင်တွေ မမီတမီ လှမ်းခူးနေတဲ့ မိန်းကလေး။

ပန်ပန်သာ ဖြစ်လိုက်ပါတော့လို့ ရင်ထဲမှာ တောင့်တမိပါသည်။ သို့သော်လည်း ပန်းခိုင် တကယ်ခူးနေတာက သခွပ်နီရယ်။

နှလုံးသားက တွေ့ချင်စိတ်ဆာနေသည်က ပန်ပန့်ကို။ မြင်လွှာမှာ တကယ်တွေ့ရသည်က သခွပ်နီ။

ပန်ပန့်အစား သခွပ်နီကို မြင်နေသော်လည်း အနေ ကျောခိုင်းမသွားရက်ပါ။ မမီမကမ်းဖြစ်နေတဲ့ ကြက်ခွပ်ပန်းတစ်ခိုင်ကို သခွပ်နီကို ခူးပေးခဲ့၏။

ပန်းခိုင်လေး ခူးပေးတော့ သခွပ်နီ ကြည်နူးဆွတ်ပျံ့သွားသော ခံစားချက်နှင့် မျက်နှာလေးနီမြန်းလျက် ယူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနေ စိုက်ကြည့်နေတာကို ရှောင်လွှဲဖို့ မျက်သွာစင်းချကာ ပန်းခိုင်ကိုပဲ သခွပ်နီ ကြည့်မိတဲ့အခါ ရင်ခုန်သံတို့မြန်ကာ။

ဒီဆောင်းဦးသစ်ရာသီက သခွပ်နီနှလုံးသားနဲ့ဘဝကို ကပြောင်းကပြန်ဖြစ်စေလို့ ဖန်တီးနေရော့သလား။

ပြောပါ အနေရယ်။

✿ ✿ ✿



## အခန်း (၃၀)

"ကဒ်"

ဒါရိုက်တာ ကျေနပ်အားရ ကဒ်အော်လိုက်၏။ ထိုအသံနောက်မှာ ပန် လွတ်လပ်ပေါ့ပါးစွာ ခံစားလိုက်ရသည်နဲ့ တစ်ပြိုင်နက် ဝမ်းသာအူမြူးသွားသည်။

အားလုံးလည်း ဝမ်းသာကြကာ အဖွဲ့သားအားလုံး ဟေးခနဲ အော်မိသွားလေပြီ။

ပန်လည်း ဟေးခနဲ အော်မိမတတ် ဖြစ်၏။

ဘာဖြစ်လို့လဲဆိုတော့ ဒီအသံက ပန် သရုပ်ဆောင်တဲ့ ဇာတ်ကားသစ်ရဲ့ နောက်ဆုံးဇာတ်ဝင်ခန်း ပြီးသွားတဲ့ ဒါရိုက်တာရဲ့ အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အသံဖြစ်လို့ပဲ မဟုတ်လား။

ဝင်းပပနဲ့ အလှသစ်က ပန့်ဆီ အားရဝမ်းသာ ပြေးလာကြသည်။ ပန်က ဝါရင့်သရုပ်ဆောင်မင်းသားအပါးမှ ခွာလျက် အလှသစ်တို့ကို အားရပါးရ ဖက်ထားမိလေသည်။

မော်နီတာမှာ ကြည့်နေရာမှ စိတ်ကျေနပ်သွားတဲ့ ကိုစည်းက အားရရွှင်မြူးသောမျက်နှာနဲ့ လက်မ,ထောင်ပြသည်။

ပန်လည်း လက်မ,ထောင်ပြလျှင် –

''ပင်ပန်းသွားလား ပန်''

ဟု ကိုစည်း လှမ်းမေးသည်။ ပန် နဖူးထက်က ချွေးစလေးတွေ တို့သုတ်ရင်း ပြုံးပြုံးလေးပဲ ခေါင်းယမ်းလေသည်။

''ဟင့်အင်း''

တကယ်တော့ ဒီဇာတ်ဝင်ခန်းက ပင်ပန်းလှပါသည်။ ပင်ပန်းနေမှန်းလည်း တစ်ဖွဲ့လုံးသိကြသည်။ မွန်းတည့်ချိန်မှာ ဇာတ်သိမ်းခန်းကို ရိုက်ရတာလေ။

ရီဟာဇယ်ပဲ သုံးကြိမ်လုပ်ရသည်။ လုပ်ငန်းခွင်မှာ ထိုင်ရာရပြီး နေရာတွင် သေဆုံးရှာတဲ့ချစ်သူဆီ ပန်ပန်က ပြေးလာရတဲ့ အခန်း။

နာကျင်သောကနဲ့ လောင်မြိုက်တဲ့ဝေဒနာ ပရိသတ်ရင်ထဲ တကယ်ရောက်ဖို့ နေပူပူ သံပြင်ပေါ် ဖြတ်ပြေးလာပုံက တစ်ကဒ်။

ပြီးတော့ ဆောက်လက်စအဆောက်အအုံ၏ အောက်ကျကျ





သေဆုံးနေတဲ့ချစ်သူကို ပွေ့တဲ့အချိန်က နှစ်ဦးသားခေါင်းပေါ် တက်နေလုံးကြီး ဖြာကျနေတာကို သေချာချိန်ရိုက်ခြင်း။

ချွေးတွေနဲ့ မျက်ရည်တွေ သဘာဝကျကျ စိမ့်ထွက်ယိုကျနေသော ခံစားချက်ပေါ်အောင် Mood အပြည့်သွင်းပြီး ရိုက်ရသည်က စိတ်ပန်းလူပန်း ဖြစ်လှပါသည်။

မပင်ပန်းဘူးပြောလိုက်ပေမယ့် ပင်ပန်းလှပေမယ့် ပြီးသွားပြီဆိုတဲ့အသိနဲ့ ဝမ်းသာနေခြင်းဖြစ်သည်။

''ဟွန်း မပင်ပန်းတဲ့ရုပ်လေးတဲ့၊ ကြည့်ပါလား မျက်နှာတွေ ရဲမှည့်နေပြီ''

ကိုစည်း အနားရောက်လာပြီး ချစ်စနိုးအမူအရာနဲ့ ပြောသည်။

ပွနေတဲ့ ဆံပင်တွေကို ပန် ဖိသပ်၏။ နီမြန်းနေတဲ့ ပါးပြင်နှစ်ဖက်ကိုလည်း လက်ဖဝါးနဲ့ ဖိအုပ်နေလျှင် –

''လာ ပန်''

ပန့်လက်တစ်ဖက်ကို ကြင်နာစွာ ဆွဲခေါ်သည်။ ဝင်းပပနဲ့ အလှသစ်က ချွေးသုတ်ပေး၊ ယပ်ခပ်ပေးနေရာမှ အလိုက်သိသိ နောက်ဆုတ်လေသည်။

အဖွဲ့သားတွေ ရိုက်ကွင်းသိမ်းဆည်းနေချိန်မှာ ပန်က ကိုစည်းဆွဲခေါ်ရာနောက် ပါရလေပြီ။

ကိုစည်းရယ် ပန့်ကို နားလည်ပေးပါနော်။

✿



www.burmeseclassic.com

www.burmeseclassic.com



နားနေခန်းထဲ ဝင်လိုက်သည်နှင့် တစ်ကိုယ်လုံး အေးစိမ့်ကာ ပင်ပန်းသမျှ အမောအနွမ်းလည်း ပြေလို့သွားသည်။

အဲယားကွန်းက အေးလှသလို စားပွဲတင်ပန်းအိုးထဲမှ ရောင်စုံနှင်းဆီပန်းရနံ့တွေလည်း မွှေးမြမြသင်းလျက်။ နှင်းဆီနံ့မွှေးကြောင့် မောပန်းနေသော ပန် စိတ်လန်းဆန်းသွားသည်။

"လာလေ ပန်"

ပန် ခေါင်းအသာဆတ်၍ မှန်ချပ်တွေကာရံထားတဲ့ ပြတင်းပေါက်နားမှာပဲ ရပ်နေမိသည်။

အရှိန်အဝါ ကြီးမားမှုတွေနေရာမှာ အလိုလိုက် အကြိုက်ဆောင်ဖို့ အသင့်ဖြစ်နေဟန်နှင့် ကိုစည်းမျက်ဝန်းအစုံက တောက်မြူးလို့နေသည်။

ပန့်ကို စဉ်းစားဆုံးဖြတ်ခိုင်းတုန်းက ကိုစည်းမျက်ဝန်းက တည်တံ့နေသည်။ ပန် စဉ်းစားဆုံးဖြတ်ပြီး ရိုက်ကွင်းပေါ် ခြေလှမ်းလာတဲ့နေ့က ကိုစည်းမျက်ဝန်းဟာ ခုလိုပဲ တောက်တောက်ပပလေး မြူးနေခဲ့ကာ။

"ပန်ရယ်၊ ပန့်ကို ကိုယ် လက်လွှတ်ဆုံးရှုံးသွားမှာ အကြောက်ဆုံးပဲ၊ ပန့်ကို အမိန့်ပေးတာလို့ မရမှန်းသိလို့ ကိုယ် ပြတ်သားပြတာကို ပန် စိတ်နာပြီး နောက်ကြောင်းပြန်လှည့်သွားရင် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လို့ဆုံးတော့မှာ မဟုတ်ဘူး၊ ပန် နောက်ကြောင်း





ပြန်လှည့်မသွားတဲ့အတွက် ပန့်ကို ကိုယ် တကယ် ကျေးဇူးတင်တယ်၊ သိလား"

ပန့်လက်ဖျားလေးကို ဆွဲယူကာ ဣန္ဒြေမဆည်နိုင်စတမ်း စိုက်လှုပ်ရှားလျက် ကိုစည်း ပြောရှာလေသည်။ ပန့်မှာ မျက်ရည်များပင် လည်လာသည်။

"ပြီးတော့ ပိုပြီးတော့လည်း ချစ်မိသွားတယ် ကလေးရယ်"

ပန်းစွန်းလေးဖွဖွဖက်ရင်း ဆိုသည်က မြတ်နိုးတဲ့စိတ် အပြည့်နဲ့ဖြစ်မှန်း ပန်ပန် ခံစားမိပါသည်။

တစ်ခုခုကို လိုချင်ရင် တစ်ခုခုကိုတော့ စွန့်လွှတ်ရမှာပဲလေ။

ပန်ဖြစ်စေချင်တာ ဖြစ်ခွင့်ရဖို့အနေနဲ့ ဒေါ်လေးမြအပေါ် တာဝန်မကျေနိုင်တော့ပါ။ ကိုယ့်လမ်းကိုယ်ဖောက်ပြီး စတင်လျှောက်လှမ်းခဲ့ကတည်းက နှလုံးသားကို ရင်းခဲ့ရတာပဲ မဟုတ်လား။

ခွင့်လွှတ်ပါ ဒေါ်လေးမြရယ်လို့ ရင်ထဲမှာပဲပြောရင်း ရိုက်ကွင်းပေါ် ခြေဦးလှည့်ခဲ့မိတဲ့အဖြစ်။

"ပြီးဆုံးသည်အထိ Mood အပြည့်နဲ့ ပန် သရုပ်ဆောင်ပေးတဲ့အတွက် ပန့်ကို ကိုယ်ကျေးဇူးတင်တယ် ပန်ပန်"

အနားလျှောက်လာရင်း ပြော၍ ပန် အသိဝင်လာသည်။

စိတ်မကောင်းခြင်း၊ ဝမ်းနည်းဝမ်းသာဖြစ်ခြင်းတွေနဲ့ ဝဲလာတဲ့ မျက်ရည်တွေကို ပန် လက်ညှိုးလေးနဲ့ မသိမသာ တို့သုတ်ဇာ။

"ပန့်ကို ကျေးဇူးတင်တယ်လို့ မပြောပါနဲ့ ကိုစည်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ဘာဖြစ်လို့"

စူးစိုက်ကြည့်ရင်း ပြုံးအီအီလေးဖြင့် ကိုစည်းမေးလျှင် –

"ကိုစည်းကျေးဇူးက ပန့်အပေါ် ကြီးလှပါတယ်၊ ကိုစည်းသာ ပန့်ကို ဆုံးဖြတ်ခွင့်မပေးခဲ့ရင်"

ပန့်စကား မဆုံးသေးခင် မင်းစည်းစိမ် ပြုံးပြုံးလေး ခေါင်းယမ်းလေပြီး –

"အဲလို မဟုတ်ဘူး ပန်ပန်ရဲ့၊ လူတိုင်းမှာ ဆုံးဖြတ်ပိုင်ခွင့် ရှိတယ်၊ အဲဒီဆုံးဖြတ်ခွင့်ဟာ အကြောင်းကြောင်းကြောင့် ဖွတ်တိုး မဆုံးဖြတ်မိစေဖို့ အရေးကြီးဆုံးပဲ၊ တစ်ဖွတ်ထိုးဆုံးဖြတ်လိုက်တာနဲ့ ဘဝအတွက် ရည်ရွယ်တဲ့လမ်းကြောင်း ပြောင်းပြန်ဖြစ်သွားဖို့ ရာခိုင်နှုန်းများသွားလိမ့်မယ်၊ ဒါကြောင့်ပါ ကလေးရယ်၊ ကိုယ်ကတော့ ပန့်ရည်မှန်းချက်ကို ပေါက်မြောက်စေချင်တယ်၊ ပေါက်မြောက်အောင်မြင်စေဖို့ ကိုယ်နဲ့ ကိုယ့်အဖွဲ့သားတွေ အားအပြည့်နဲ့ စုစုစည်းစည်း ကြိုးစားနေကြသလို ပန့်ကိုလည်း ထပ်တူထပ်မျှကြိုးစားစေချင်တယ်၊ ဘုရားလောင်း ကဏ္ဍကမြင်းနဲ့ မောင်ဆန္နအမတ်တို့ တက်ညီလက်ညီ ခွန်အားသုံးပြီး အဆီးအတားတံတိုင်းကြီးကို ခုန်ကျော်ပြီး တောထွက်တဲ့အရေး အောင်မြင်ပေါက်မြောက်သွားသလို ဒီဇာတ်ကားတစ်ကားနဲ့ ပန့်ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်မှုရသွားစေချင်တာ ကိုယ့်ရဲ့ အကြီးမားဆုံး ဆန္ဒ၊ အမြတ်နိုးဆုံးချစ်ခြင်းဆိုလည်း မမှားပါဘူး။ ဒါကြောင့်ပါ ပန်ပန်ရဲ့"

ရှည်လျားစွာ ကိုစည်းပြော၏။ တစ်ဆက်တည်းလည်း ပွနေ





သော ပန့်ဆံပင်တွေကို ကြင်နာစွာ ပွတ်သပ်ပေးလေသည်။

ပန် ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား။

ထိုကြားထဲမှ နက်ရှိုင်းစွာ ကြည်နူးစိတ်တို့ ဝင်လာကာ–

"ကိုစည်းရယ်၊ ပန်လေ ဘာပြောရမှန်းတောင်မသိတော့ဘူး၊ တကယ်ပါ"

"ဘာမှ ပြန်မပြောပါနဲ့ ပန်ရဲ့၊ ကိုယ် ရည်ရွယ်ထားတဲ့အတိုင်း ပန် ကြိုးစားခဲ့တယ် မဟုတ်လား"

ပန် ခေါင်းညိတ်လျှင် ကိုစည်း လှိုက်လှိုက်လှဲလှဲပြုံး၍ ဆိုသည်။

"ပန် ကြိုးစားခဲ့လို့ အခု ပြီးစီးသွားပြီလေ၊ ပန့်ကြိုးစားမှုအတွက် ပန်လိုချင်တဲ့အောင်မြင်မှု မကြာခင် ရတော့မှာပါ၊ ဒါကြောင့် ကိုယ် ကျေးဇူးတင်တယ်။ ချစ်တဲ့စိတ်နဲ့လည်း ပိုပြီး တန်ဖိုးထားတယ်၊ အဲဒီအတွက် ကိုယ် တစ်ခုတောင်းဆိုမယ်"

"ဘာလဲ ဟင်"

ပန် မျက်လုံးလေးပြူးကာ အံ့ဩဟန်မူယာနှင့် မေးသည်။ ကိုစည်းက တုံးရန်ကောဆိုတဲ့ မျက်ဝန်းနဲ့ကြည့်ကာ မျက်နှာလေးမော့၍ ရယ်မြူး၏။

ဘာဖြစ်လို့ပါလိမ့်။

ပန် မော့ကြည့်လျှင် ကိုစည်းက ပန့်ပခုံးမို့မို့နှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ကာ –

"ပန်ကလေ သိပ်ချစ်ဖို့ကောင်းတယ်၊ တကယ်"



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ပန် မျက်မှောင်ကြုတ်ကြည့်တော့ ပန့်မေးဖျားလေးကို ဖိကိုင်ပြီးဆိုသည်။

"ဟုတ်တယ်၊ ပန်က သိပ်ချစ်ဖို့ကောင်းတယ်၊ ပန့်ကို ကိုယ် တစ်သက်လုံး ချစ်ချင်တယ်၊ ပိုင်ချင်တယ်၊ ပန်လိုချင်တဲ့ ဘဝအောင်မြင်မှုကို ရာသက်ပန် ပံ့ပိုးပေးချင်တယ်၊ ဒါကြောင့် ပန့်ကို ကိုယ်လက်ထပ်ချင်တယ်၊ ခွင့်ပြုမယ် မဟုတ်လား"

"ဘုရားရေ"

ပန် မယုံချင်အောင် အံ့သြကာ –

"ကိုစည်းက ပန့်ကို"

"ဟုတ်တယ်လေ၊ ပန်က ဘယ်လိုထင်နေတာလဲ၊ ကိုယ် ချစ်နေတယ်ဆိုတာ သာမန်သဘောမျိုး ယူဆထားလို့လား"

ပန် နှုတ်ခမ်းစေ့ကာ ခေါင်းယမ်းမတတ် ဖြစ်လေသည်။ ကိုစည်း ချစ်တယ်ဆိုတာ ပန်သာမက အားလုံးက လက်ခံပြီးသား ဖြစ်သည်။ ဒါပေမဲ့ လက်ထပ်ဖို့အထိ တောင်းဆိုမယ်လို့ မယူဆမိပါ။

ဘာဖြစ်လို့လဲဆိုတော့ မင်းစည်းစိမ်ဆိုတာ အသိုင်းအဝိုင်းကြီး၏။ ထိုအသိုင်းအဝိုင်းထဲ သာမန်မိန်းကလေးတစ်ယောက် ဝင်ခွင့်ရဖို့ လုံးဝ အလေးမသာနိုင်ပေ။

အလေးမသာဆို ဂုဏ်ရည်တူ အသိုင်းအဝိုင်းမတူတဲ့ မိန်းကလေးတစ်ယောက်မှ ကိုစည်းတို့အသိုင်းအဝိုင်းထဲ ဝင်ခွင့်ရခဲ့သူတစ်ယောက်မှမရှိတဲ့ သာဓကရှိ၏။





ထို့ပြင် မိဘ မောင်နှမ ဆွေမျိုးအသိုင်းအဝိုင်း၏ အမိန့်သြဇာကို ဘယ်သားမှ လွန်ဆန်လို့မရအောင် သြဇာပါဝါကြီးလွန်းသည်။

အလုသစ်ပြောပြလို့ ပန်ပန် အနည်းအကျဉ်း သိနှင့်သည်။ ကိုစည်းက သူ့မိဘအသိုင်းအဝိုင်းရဲ့ အစဉ်အလာကို သိလျက်နှင့် ပန့်လိုတောသူမလေးကို လက်ထပ်ခွင့်တောင်းနေတာ မယုံနိုင်စရာ။

"ပန်က ကိုယ် လက်ထပ်ခွင့်တောင်းတာကို မယုံတာလား"

"ထင်မထားလို့ပါ ကိုစည်းရယ်"

ပန်ရင်မှာ ပူရှိန်ဖြစ်လာကာ ပန် မျက်နှာလေး အသာလွှဲ၍ ပြောသည်။ အပြင်မှာ ရိုက်ကွင်းသိမ်းပြီး ဖြစ်နေလေပြီမှန်း ပန် သတိထားကြည့်မိ၏။

မင်းစည်းစိမ်က ဘာကိုမှ သတိမထားနိုင်ပါ။ သူလိုချင်တာ ရရှိဖို့ပဲ နှလုံးသားဆန္ဒက ထက်သန်လှသည်။

"ကိုယ့်မိဘအသိုင်းအဝန်းက ကြီးတယ်၊ ဂုဏ်မြင့်တယ်၊ တော်တန်ရုံ လက်မခံနိုင်ဘူးဆိုတာလည်း ကိုယ်သိတယ်၊ ပန် ကိုယ့်ကို လက်ခံရင် ကိုယ့်မိဘကို ကိုယ် ရဲရဲကြီးရင်ဆိုင်သွားဖို့ ပြင်ဆင်ပြီးသားပါ၊ ကိုယ့်အတွက် အရေးကြီးဆုံးက ပန် ခေါင်းညိတ်ဖို့ လက်ခံပေးဖို့ပဲ"

ပန် သက်မမောလေးချရင်း –

"ဒီကိစ္စလည်း ပန့်ကို စဉ်းစားဆုံးဖြတ်ခွင့်ပေးပါ ကိုစည်းရယ်"

ပန် ဒါပဲပြောပြီး ကိုစည်းလက်တွေကို ပခုံးပေါ်မှ ဖယ်ချလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုစည်းက နားလည်ပေးစွာ ခေါင်းညိတ်ပြီး လက်တွေကို ဖယ်ပေး၏။

"ပန် ဆုံးဖြတ်ခွင့် ရှိပါတယ်၊ ဆုံးဖြတ်ခွင့်လည်း ပေးပါတယ်၊ လေးလေးနက်နက် ဆုံးဖြတ်ပေါ့၊ ဒါပေမဲ့ အချိန်ဆွဲသလိုကြီး မလုပ်နဲ့ နော်"

ပန် ခေါင်းညိတ်မိ၏။

အဲယားကွန်းအရှိန်ကြောင့် တစ်ကိုယ်လုံး အေးစိမ့်ကာ အမောအန္တမ်းပြေစေပေမယ့် ရင်ထဲမှာ ပူလာသည်။

နှလုံးသားမှာ နွမ်းနယ်ပန်းလျကျ၏။ အနေ့ကို မြင်ယောင်သလို ဘဝရှေ့ရေးကို မှန်းဆပြီးလည်း ငေးလျလို့သွားသည်။

"ကိုယ်ကတော့ ဒီရက်ပိုင်းအတွင်း ပန့်ဆီက အဖြေလိုချင်တယ်၊ လောတယ်လို့တော့ မဆိုပါနဲ့ ကလေးရယ်၊ နော်"

ပါးပြင်နုနုမို့မို့လေးကို ဖျစ်ညှစ်ကိုင်ရင်း ကိုစည်း လှိုက်လှိုက်လှဲလှဲ ဆိုပြန်သည်။

ပန့်ပါးပြင်နုနုလေး နွေးလှုပ်သွားပါသည်။ သို့သော် သာယာမှုတွေ ဖြစ်တည်မသွားပါ။

ပန်က အခုမှ ဆယ်ကျော်သက်ရယ်။ တိတိကျကျပြောရရင် ဆယ့်ခုနစ်နှစ်ကျော် ဆယ့်ရှစ်နှစ်ပြည့်ခါနီးပဲ ရှိသေးသည်။

ကိုစည်းက ပန့်ထက် ဆယ့်ငါးနှစ်နီးပါး ကြီးလှသည်။ အသက်အရွယ်အရ ကိုစည်းဘက်က လောတယ်လို့ မဆိုချင်ပါ။ ပန်ကသာ





အရာရာကို စဉ်းစားချင့်ချိန်ပြီး ဆုံးဖြတ်ရမှာ ဖြစ်သည်။

"ပန့်ကို ပြောစရာရှိသေးလား"

"ဒါပါပဲ ပန်ရဲ့"

"အဲဒါဆို ခွင့်ပြုဦးနော်၊ ပန် နားချင်နေပြီ"

"အိုကေ၊ ကိုယ်လိုက်ပို့မယ်၊ လာ"

စကားပင် မဆုံးလိုက်ပါ။ ကိုစည်းက ပန့်လက်ဖျားလေးကို မြတ်မြတ်နိုးနိုး ဆွဲခေါ်လေသည်။

ကိုစည်းခေါ်ရာနောက် ပါရကာ အဲယားကွန်းခန်းထဲမှ ထွက်လာခဲ့လျှင် အပြင်မှာ မွန်းလွဲနေက ပူပြင်းစွာ သာနေသည်လေ။

ပန့်ရင်ခွင်၊ ပန့်နှလုံးသားသည်လည်း ထိုသို့ ပူပြင်းစွာ သာနေသည်ဟု ထင်မိကာ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ပန်ပန်

ပန့်ကို အနေ ဘယ်လောက်ချစ်လဲဆိုတာ ငါတို့တစ်ရွာလုံး သိသလို နင်လည်းသိတာပဲ။ ဘယ်အချိန် ဘယ်အခါရောက်ရောက် နင့်ကို အနေချစ်နေမှာပဲ။ နင့်စိတ်နဲ့ နင့်ရည်ရွယ်ချက်တွေ ပြည့်တဲ့အခါ ဒါမှမဟုတ် နင် လှည့်ကြည့်ချင်တဲ့အချိန် အနေ့အချစ်ကို လည်ပြန် ငဲ့ကြည့်လိုက်လေ။

အနေ့နှလုံးသားတံခါး ဘယ်အချိန်ဘယ်အခါဖြစ်ဖြစ် နင့် အတွက် အဆင်သင့်ဖွင့်ထားတယ်ဆိုတာ မြင်ရလိမ့်မယ်။

အရှင်းဆုံးပြောရရင်ဟာ နင့်ဘဝနဲ့နှလုံးသားအတွက် အပြင်း





ဖျားလို့ စဉ်းစားစရာမရှိရင်တောင် အနေ့အချစ် နင့်အနားမှာ ရှိနေ တယ်ဆိုတာ နင် ဘယ်တော့မှ မမေ့ပါနဲ့။

ဘယ်အချိန် ဘယ်အခါ ဘယ်ရာသီနဲ့နှစ်တွေ ဘယ်လောက် နှောင်းနှောင်း အနေ့ရင်ခွင်ထဲ နင်လှမ်းခဲ့လေ။

နင့်ကို အနေ စောင့်နေတယ်လို့ ငါတို့ပြောပါရစေ။

ရွာဝင်လမ်းက ခရေပင်တန်းမှာ နေ့တိုင်း အနေ နင့်ကို ထိုင် စောင့်နေတယ်။ မယုံရင် နင် တစ်ခါလောက် လာကြည့်လှည့်ပါ။

သူငယ်ချင်းများ

(ဖုံမင်း၊ ထွန်းငေ၊ ဆွေယမင်းနဲ့သခွပ်နီ)

"ပန် ရွာပြန်ဖို့ တကဲကဲလုပ်နေတဲ့အချိန်က အဲဒီစာ ရောက်ခဲ့ တာပေါ့၊ ပန် စဉ်းစားဆုံးဖြတ်တဲ့ဆီမှာ ပန့်သူငယ်ချင်းတွေရဲ့စာက ပန့် အတွက် အနှောင့်အယှက်ဖြစ်နိုင်တယ်လို့ အလုနဲ့ပပ ယူဆတယ်၊ ဒါ ကြောင့် ပန့်ကို မပေးဘဲ သိမ်းထားခဲ့တယ်၊ လက်ရှိ ဇာတ်ကားတစ်ခုလုံး အပြီးသတ်သွားပြီ မဟုတ်လား၊ ဒါကြောင့် ဒီစာ ပန့်လက်ထဲ ထုတ်ပေး တာ၊ နောက်ကျမှပေးလေခြင်းဆိုပြီး ပန် စိတ်ဆိုးရင်လည်း အလုခံမယ် ပန်ပန်"

စာဖတ်ပြီးသွားသည်နှင့် အလှသစ် ရှင်းပြသလို ပြောလာသည်။ ပန်ပန် ဘာတတ်နိုင်မှာလဲ။

ပန်ပန်ကိုယ်၌က ဘဝလမ်းကို ရွေးချယ်ပြီး အချစ်ကို ကျောခိုင်း ခဲ့တာ မဟုတ်လား။ ဒီအချိန်ရောက်လာမှ စိတ်ဆိုးနေဖို့ မလိုတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန် အဲလိုပဲယူဆကာ စာကိုခေါက်ကြောင်းအတိုင်း ပြန်ခေါက်၍ ဖောက်ထားတဲ့ ပန်းရိုပ်ပါတဲ့ အဝါနုရောင်စာအိတ်လေးထဲ တိတ်ဆိတ်စွာ ပြန်ထည့်သည်။

"အချစ်ကိစ္စက ပန့်နှလုံးသားနဲ့ပန် ရွေးချယ်ဆုံးဖြတ်ပါ၊ ပပတို့ ဘယ်သူ့ဘက်ကိုမှ ဖိအားမပေးဘူး"

ပပ အနားမှာ လာဝင်ထိုင်ရင်း တည်တည်ငြိမ်ငြိမ် ပြောလေသည်။ ပန်ပန် သက်မမောလေးချကာ ငိုင်တွေလို့သွားသည်။

"တစ်ခုတော့ ရှိတာပေါ့၊ ပန့်သူငယ်ချင်းတွေက အလုနဲ့ပပ အပေါ် အတော်လေး အမြင်စောင်းနေကြတယ်၊ ပန်ပန်နဲ့ပတ်သက်ပြီး အလုတို့ ဘာမျှော်လင့်ချက်မှမရှိဘူး၊ အေး အလုတို့မျှော်ကိုးတာ တစ်ခုပဲ ရှိတယ်"

ဘာပါလိမ့်ဆိုတဲ့ မျက်ဝန်းနဲ့ ပြတင်းပေါက်နားက မတ်ရပ်ပန်းအိုးကြီးနား ထိုင်နေတဲ့အလုသစ်ကို လှမ်းကြည့်၏။

အလုသစ် စိတ်ထဲရှိတဲ့အတိုင်း ပြောလေသည်။

"အလုတို့ မျှော်ကိုးတာက အနုပညာပဲ"

ပန်ပန် နားလည်စွာ ခေါင်းတစ်ချက်ဆတ်၏။ မျက်တောင်လေးလည်း ပုတ်ခတ်မိကာ –

"ပန် နားလည်ပါတယ် အလုရယ်"

"ပန်က နားလည်ပေမယ့် ပန်တို့တစ်ရွာလုံးကတော့ ပပတို့ကို အမြင်လွဲနေတာ ပပတို့ စိတ်မကောင်းဖြစ်ရပါတယ်"





ပပက ခံစားရတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောလေသည်။

"ကဲပါ၊ ပြီးတာတွေ ပြီးပြီပဲ"

အလုသစ်က စိမ်းတောက်နေတဲ့ပန်းပင်ကို လှုပ်ကိုင်ကစားရင်း ကိစ္စအားလုံး လျှော့ပစ်သလို ပြောရှာသည်။

"ဟုတ်တယ်၊ အလုပြောသလိုပဲ၊ ပြီးတာ ပြီးပြီ၊ ရှေ့ဆက်ဖို့ ပန်ပန့်စိတ်နဲ့ပန်ပန်ကိုယ် မဟုတ်ဘူးလား"

ဝင်းပပကလည်း ပြေရာပြေကြောင်းဆီ ဦးတည်လျက်ဆိုလေသည်။ နားလည်မှုရှိတဲ့ သူငယ်ချင်းနှစ်ယောက်ကို ပန်ပန် တစ်လှည့်စီကြည့်၍ –

"အလုနဲ့ပပကို ပန်ပန် ကျေးဇူးတင်ပါတယ်၊ တကယ်ပါ၊ ဘယ်သူတွေ ဘယ်လိုမြင်မြင်ပေါ့၊ ပန့်အပေါ် အလုတို့ ဘယ်လောက်ကောင်းကြသလဲဆိုတာ ပန်ပန်ကိုယ်တိုင် သိနှင့်တာပဲ၊ ပန့်အပေါ် အလုတို့ စိတ်သဘောမပြောင်းလဲတာသိရလို့ ပန်ပန် တအားတက်ပါတယ်၊ နောက်ပြီး ပန့်နှလုံးသားကိစ္စကို ဝင်မစွက်ဖက်တဲ့အတွက် ပိုလည်းလေးစားပါတယ်ကွယ်"

"မလိုပါဘူး ပန်ပန်ရယ်၊ အလုတို့စိတ်ရင်း ဘာဆိုတာ သိနှင့်ပြီပဲ၊ အရေးကြီးတာက ခုချိန်မှာ ပန့်နှလုံးသားကိစ္စ ပန်ဆုံးဖြတ်"

အလုသစ် တိုက်တိုက်တွန်းတွန်း ပြောသည်။ ကိုင်ထားတဲ့ စာအိတ်ကို ပန် ငုံ့ကြည့်ရင်း –

"ပန်တော့ ဘယ်လိုဆုံးဖြတ်ရမှန်းမသိဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ပန်ရင်ထဲ ရှုပ်ထွေးနေတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပဲ ထုတ်ပြောမိ၏။ ရင်ထဲမှာ ထိုက်စွ တကယ်မွန်းကျပ်ကာ ပူလောင်လွန်းလှတယ် မဟုတ်လား။

ပပတို့လည်း ပန့်ရင်ထဲ ပူလောင်မှုကို ခံစားသိရှိနေတာကြောင့်

"ပန် ဆုံးဖြတ်ရခက်မယ်ဆိုလည်း ခက်လောက်ပါတယ်၊ နော် အလှ"

ဝင်းပပ အခြေအနေကို သုံးသပ်ပြသလို ဆိုသည်။ အလှသစ် ချက်ချင်း ခေါင်းညိတ်ပြော၏။

"ဟုတ်တယ်၊ ပန့်ဘဝအတွက် ကိုစည်းက အဖက်ဖက်က ဖြည့်ဆည်းပေးနိုင်မယ့်သူ၊ ရှေ့ဆက်ပြီး ပန်ပန် တက်လှမ်းသွားဖို့ ကိုစည်းက ပန်နဲ့လိုက်ဖက်မယ့် ဇာတ်ရုပ်မျိုးကို နာမည်ကြီးစာရေးဆရာမှာ ရေးခိုင်းထားတယ်လေ၊ ပန် ဇာတ်ကားတွေ အဆက်မပြတ် ရိုက်ရတော့မယ်၊ ဇာတ်ကား ဆက်တိုက်ရိုက်ခွင့်ရလေ ပန့်ဘဝအောင်မြင်မှု တိုးတက်လေပဲလေ၊ ကိုစည်းအချစ်က ပန့်ရည်ရွယ်ချက်ကို လှပစေမယ့်အချစ်မျိုး"

ဟုတ်တာပေါ့လို့ ပန် အလိုက်သင့် အသံတိတ် ခေါင်းညိတ်မိသည်။

"အင်း ကိုစည်အချစ်က မက်စရာကောင်းသလိုပေါ့၊ အနေ့ အချစ်ကလည်း တွယ်ငြိစေတယ် မဟုတ်လား၊ အလှက အနေတော့အချစ်ကို ပန့်နှလုံးသား ကွန်းခိုနိုင်မယ့် ချစ်ဗိမာန်သဘောဆောင်တဲ့အချစ်လို့ ယူဆတယ်ပေါ့ဟယ်၊ ဘဝနဲ့အချစ် အချစ်နဲ့ဘဝ ထပ်တူကျဖို့ မလွယ်တဲ့





အခြေအနေမှာ မိန်းကလေးတစ်ယောက်ရဲ့ ရွေးချယ်ခွင့်က အင်မတန် ကျဉ်းကျပ်စေတယ် မဟုတ်လား၊ ပန်ပန် ခေါင်းအေးအေးထားပြီး စဉ်းစားပေါ့"

ပန်ပန် လေပူငွေ့ငွေ့လေးမှုတ်ထုတ်ကာ ထိုင်ရာမှထလေသည်။ လေတိုးလို့ တလူလူလွင့်နေတဲ့ ပြတင်းပေါက်နား သွားရပ်မိလေသည်။

လိုက်ကာစသိမ်းဖယ်ပြီးလည်း ပန်ပန် မိုးကောင်းကင်ကို မော့ကြည့်လျှင် ဖြူလဲ့သောကောင်းကင်က သာယာတဲ့အသွင်ကို ဆောင်နေသည်။

ကောင်းကင်သည် အချိန်တိုင်း၊ ရာသီတိုင်း ပြာလဲ့လဲ့အရောင်ဆိုးပြီး သာယာမှုဇာပဝါအလှ ခြုံလွှမ်းထားမည် မဟုတ်ပါ။

သဘာဝတရားကို ပန်ပန် နားလည်ပါသည်။ ထို့အတူ အချစ်နဲ့ဘဝကိုလည်း နားလည်ကာ အကောင်းဆုံးနဲ့ ရင်ခုန်စရာအရှိဆုံး အခွင့်အရေးကို ရွေးချယ်ဖို့ ခွန်အား သို့မဟုတ် တွန်းအားတစ်ခုတော့ လိုအပ်ပါသေးသည်။

ထိုခွန်အားနဲ့ တွန်းအားက ဘာပါလိမ့်။

ပန်ပန် တွေးနေဆဲပင် ရှိသေးတယ်။

"တီ တီ တီ"

လက်ကိုင်ဖုန်း ထမြည်လေသည်၊ ထိုလက်ကိုင်ဖုန်းက ကိုစည်း ပေးထားတဲ့ ဖုန်းပါ။ ဖုန်းသံကြောင့် ပန်ပန် ငုံ့ကြည့်မိသည်။

အလှသစ်နဲ့ ဝင်းပပလည်း ပြိုင်တူကြည့်ကာ အနီးဆုံးမှာ ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ဝင်းပပက စားပွဲပေါ်တင်လျက်ရှိသော လက်ကိုင်ဖုန်းကို ကောက်ကိုင်လေသည်။

"ဟဲလို"

ဝင်းပပ ဖုန်းထူးတာကို ပန်ပန် အငေးသားကြည့်မိလျက်သားဖြစ်၏။

"ဘယ် ဘယ်သူ"

တစ်ဖက်က ဘာပြောသည်မသိပါ။ ဝင်းပပ အထစ်ထစ် အငေါ့ငေါ့နဲ့ မျက်နှာအရောင်ပြောင်းသွားလေသည်။

"ဟုတ် ဟုတ်ကဲ့"

ဝင်းပပ မျက်နှာပျက်နဲ့ ဟုတ်ကဲ့လိုက်ရသည်။ ချက်ချင်း ဖုန်းပိတ်ကာ ပန်ပန့်ဘက် ဆတ်ခနဲလှည့်ပြီး –

"ကိုစည်းမာမီတဲ့"

"ဘုရားရေ"

ပန် ထင်မှတ်မထားပါလား၊ ဘာကိစ္စနဲ့ ကိုစည်းမာမီ ဆက်တာလဲ"

"ဘာတဲ့လဲ ပပ"

အလုသစ် ထလာရင်း သိချင်တာကို မေးလေသည်။ ဝင်းပပ မဆိုင်းမတွ ပြောရလေပြီ။

"ပန်နဲ့ တွေ့ချင်လို့တဲ့၊ အခု တိုက်ရှေ့မှာ ရောက်နေတယ်တဲ့လေ၊ ပန် ထွက်တွေ့ပါတဲ့"





ပန်ပန် အသက်ရှူဖို့ ခေတ္တမေ့သလိုဖြစ်လျက် ငြိမ်သက်ကာ ကိုယ်ခန္ဓာ တောင့်မတ်သွားသည်။

"ထွက် ထွက်တွေ့လိုက်လေ ပန်"

ဝင်းပပ မျက်နှာပျက်နေတာ မပြင်အားဘဲဆိုသည်။ ကိုစည်းမာမီရဲ့ ဖုန်းလိုင်းထဲကအသံက ဘယ်လောက် ပါဝါပြင်းသည်မသိပါ။ ဝင်းပပမျက်နှာလေးဟာ သွေးရောင်ဖျော့လို့သွားတာ သတိထားမိသည်။

ပန် ငြင်းလို့ရမတဲ့လား။

ပန် လက်ထဲက စာအိတ်လေးကို ပြန်ငုံ့ကြည့်သလို အပြင်မှာရှိနေတယ်ဆိုတဲ့ ညွှန်းသည်ကို စိတ်မှန်းနဲ့ မှန်းဆကြည့်မိကာ။

ရှေ့ဆက် ဘာတွေဖြစ်လာမလဲ။

ပန်ပန် စိတ်ထဲက မေးရင်း –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ကြမ်းခင်းနဲ့ တိုက်လုလုဖြစ်နေသော တိုက်ခန်းအဝင်ဝရှိ ခလယ်ခွဲလိုက်ကာစအိအိကြီးကို ပန် လက်နှစ်ဖက်နဲ့ သိမ်းဖယ်ကြည့်၏။

အဆောင်တိုက်ခန်း ရှေ့တည့်တည့်မှာ ပရာဒိုကားလုလုကြီး ရပ်ထားတာ မြင်ရသည်။ ထိုကားကြီးက ခါးလယ်မှာ ခဲပြာရောင်အပတ်စင်းနှင့် လှလျက်။ ထို့ပြင် အနက်ရောင်ကားမှန်လိုပဲ ကိုယ်ထည် လက်ပြောင်ကာ ဖိတ်ဖိတ်မည်းမှောင်လို့နေသည်။

ကားကြီးသာ ရပ်ထားပြီး လူလည်းမမြင်ရတော့ ပန်ပန် မျက်မှောင်ကြုတ်ကြည့်လျှင် ရုပ်ရည်သန့်သန့်နဲ့ ဒရိုင်ဘာဖြစ်ဟန်တူသည့် လူကြီး ဦးစွာဆင်းလာသည်။





ကားခေါင်းရှေ့က ထိုလူကြီး ပတ်ကွေ့လာကာ ရှေ့ခန်းကားတံခါးကို တရိုတသေ ဖွင့်လေသည်။

ကားတံခါးဖွင့်ပေးခါမှ ခဲစိမ်းရောင်အဖိုးတန် လက်ပွေ့အိတ်ကြီး ပိုက်ထားတဲ့ အမျိုးသမီးကြီး ဆင်းလာသည်။

အသက်ခြောက်ဆယ် စွန်းနေပြီးဖြစ်တဲ့ ထိုအမျိုးသမီးက ကျောက်စိမ်းရောင်တောက်ပသော ဝတ်စုံကို ဖက်ရှင်ကျကျ ချုပ်ဝတ်ထားသည်။

ကျောက်စိမ်းပွင့်ကြီးကို စိန်ပွင့်သေးဝန်းရံထားတဲ့ ရတနာကို တစ်ကိုယ်လုံး ညွှတ်အိမတတ်ဆင်ကာ ဆံပင်အတိုကောက်နဲ့ ခေတ်မီလျက်၊ မျက်နှာကျပုံက ကိုစည်းရဲ့မိခင်ပါလို့ မပြောဘဲ သိသာနေသည်။

သို့သော် မျက်ဝန်းက ကျောက်စိမ်းလို မှောင်လဲ့တောက်ပ၏။ မော့ထားတဲ့မျက်နှာထားက စိန်သားလိုမာကာ ဂုဏ်ရောင်တို့ တဖျပ်ဖျပ် ခါလူးလျက်။

ပန့်ကိုမြင်သည်နှင့် ကိုယ်လုံးကိုတောင့်ကာ ခါးမတ်လိုက်သည်။

''ပန်တော်ဦး''

ဟု ဩဇာအာဏာသံပါပါ တစ်လုံးချင်း ပြတ်တောင်းစွာ ခေါ်လေသည်။ ထိုအသံစိမ်းက ကြက်သီးထဖွယ်ကောင်းလောက်အောင် အရှိန်အဝါတို့ ရိုက်ခတ်နေလေသည်။

ပန်ပန့်စိတ်ကို ပန်ပန် တင်းပစ်လိုက်သည်။ ပန်ပန်ဟာ ဘယ်သူ့ကိုမှ ရွံ့ကြောက်နေတတ်သူ မဟုတ်။ ပန့်ကို ငယ်ငယ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကျွေးမွေးပြုစုပျိုးထောင်လာတဲ့ ဒေါ်လေးမြကိုတောင် မကြောက်ရွံ့ခဲ့ပါ။

ပန့်ရည်ရွှယ်ချက်၊ ပန့်ဘဝလမ်းကြောင်းအတွက် ရဲရဲကြီးပဲ ပန် ရင်ဆိုင်ခဲ့တယ် မဟုတ်လား။ ခုလည်း ရင်ဆိုင်ဖို့ သတ္တိတွေ ဖြည့်တင်းလိုက်သည်။

အထူးသဖြင့် ပန့်ကို ထိပါးချိုးနှိမ်လာရင် ပန်တော်ဦးဆိုတာ အဆိပ်တွေရှိကြောင်း ထုတ်နုတ်ရင်ဆိုင်သွားဖို့ မောင်းတင်ပြီးသား ဖြစ်သည်။

"ဟုတ်တယ်၊ ကျွန်မ ပန်တော်ဦးပဲ"

ခြေလှမ်းရှေ့တစ်လှမ်းတိုးကာ ပန် ရင်ဆိုင်လိုက်သည်။ ထို အမျိုးသမီးကြီး ခြေလှမ်းတိုးလာပြီး ပန့်ကို လက်ညှိုးထိုးပြောမလို့ ဟန်ပြင်လျှင် –

"နေဦး ကလေးငါး"

အရှိန်ပြင်းပြင်းသော ဟန့်တားသံ ထပ်ထွက်လာသည်။ ထိုအသံကြောင့် အမျိုးသမီးကြီး အသံရှင်ကိုမလွန်ဆန်ဘဲ ကိုယ်ရှိန်သတ်ကြည့်လေသည်။

ပန်လည်း ကြည့်လိုက်တော့ အသက်ရှစ်ဆယ်နီးပါးရှိတဲ့ အဘွားအိုတစ်ဦး။ ဒရိုင်ဘာဖွင့်ပေးတဲ့ ကားနောက်ခန်းမှ ဆင်းလာတာ ပို၍ပင် မာန်ထလို့နေသည်။

အသက်အရွယ်ကြောင့် အဘွားအိုလို့ ပြောရပေမယ့် သာမန် အဘိုးအိုလို တုန်ယင်ချည့်နဲ့မနေ။





ဆေးကောင်းဝါးကောင်းတွေရဲ့အစွမ်းကြောင့် သန်မာတက်ကြွကာ ခေတ်မီအပြင်အဆင်နဲ့ ထည်ဝါနေသည်။

ကုပ်ထောက်ဆံပင်တိုကို ခပ်ပွပွလေး ပုံသွင်းထား၏။ ခြေသလုံးလယ်လောက်ရှိတဲ့ အသားပျော့ပျော့နဲ့ ဂါဝန်လိုအင်္ကျီရှည်ကို ရွှေခါးပတ်လှလှကြီး ပတ်လျက်။

ရွှေသားနဲ့ဘောင်ကွပ်ထားတဲ့ ပတ္တမြားဆွဲကြိုးက ခါးလောက်ထိ ရှည်ကျလျက် ဆင်စွယ်ရောင်အင်္ကျီပေါ် ထင်ရှားကာ လှုပ်ရှားတိုင်း မျက်စိကျိန်းသွားအောင် အရောင်ကွန့်မြူးသွားလေသည်။

လေဒီရှူးနောက်ပိတ်ဖိနပ်နဲ့ လက်ကိုင်အိတ်ကြီးကိုလည်း ပတ္တမြားလက်ကောက်တွေ ထည့်ထားတဲ့လက်မှာ ချိတ်ထား၏။

ကိုစည်းမာမီထက် ရှေ့တိုးလျှောက်ပြီး ပန်ပန့်ကို ပြုံးမဲ့မဲ့ ကြည့်၏။

"ညည်းက ပန်တော်ဦး ဟုတ်သနော်"

"ဟုတ်တယ်"

ပန် ခပ်ဆတ်ဆတ် ခေါင်းညိတ်လိုက်သည်။ ပန့်ကို မခေပါလားဆိုတဲ့ မျက်ဝန်းနဲ့ စိုက်ကြည့်ပြီး –

"ဟုတ်တယ်ဆိုရင် ညည်းကို ငါ့မြေးအတွက် မလိုချင်ဘူး"

ကျွတ်။ ကျောက်ခဲနဲ့အထုခံရသလို အဘွားကြီးစကားလုံးက ပန့်ရင်ကို နာလှစေသည်။ ပန် ပြန်ပြောဖို့ ပြင်တာနဲ့ –

"ညည်းပါးစပ် ပိတ်ထား၊ ငါဆက်ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီး ထပ်ဆင့်အမိန့်ပေးသလို ပြော၏။ အမျိုးသမီးကြီးက စိမ်းသက်သက်နဲ့ ခါးသီးစွာ မာန်နဲ့ကြည့်သည်။ ထိုသားအမိနှစ်ယောက်ကို ပန် ကြည့်ရင်း ခံပြင်းလို့လာသည်။

"မပြောနဲ့"

ပန် အသံကုန် အော်ထည့်၏။ ထိုနှစ်ယောက် မာန်မာနတွေထောင်တက်ကာ ဆွေ့ဆွေ့ခုန်သွားသည်။ မလောက်လေးမလောက်စားတောသူမက ပြန်အော်လေခြင်းဆိုတဲ့ ခံပြင်းစိတ်နဲ့ပါ။

"မပြောနဲ့လို့ မအော်နဲ့၊ ညည်းဟာ ငါတို့မွေးထားတဲ့ မျောက်အဆင့်ပဲ ပန်တော်ဦး"

ကိုစည်းမာမီ ချိုးဖဲ့နှိမ့်ချလျက်ပြောလိုက်သည်က ပန့်အသားများပင် တုန်ပေသည်။

"ဟုတ်တယ်၊ ညည်းအဆင့်ဟာ ငါတို့အသိုင်းအဝိုင်းအတွက်မျောက်မွေးထားတဲ့အဆင့်ပဲ၊ ငါတို့ အသွင်သစ်ရုပ်ရှင်ကုမ္ပဏီက သရုပ်ဆောင်သစ်တစ်ယောက်ဆိုတာ ခုမှ မဟုတ်ဘူး၊ ညည်းတို့ ဖျပ်ဖျပ်လူးမက်မောနေတဲ့ သရုပ်ဆောင်ဘဝဆိုတာ ငါတို့အကျိုးစီးပွားအတွက်မွေးထုတ်လိုက်တဲ့ ပြယုဂ်ပဲ၊ ညည်းတို့ ကြွေးကြော်နေတဲ့ အနုပညာဆိုတာငါတို့ငွေကြေးအောက် ပိပြားနေတဲ့ ဖားလိုပဲ၊ ဒါကြောင့် ညည်းကို ရှင်းရှင်းပဲ ပြောမယ်၊ ဒီနေ့ ဒီအချိန်ကစပြီး အသွင်သစ်ရုပ်ရှင်ကုမ္ပဏီကို ငါတို့သားအမိလက်အောင် ပြန်ချုပ်ထိန်းလိုက်ပြီ၊ ငါ့မြေးကို မျှော်ကိုးနေတဲ့ ညည်း ခုချိန်ကစပြီး ကလေကလွင့် ထွက်သွားပေတော့၊ ငါ့မြေး မင်းစည်း





ကို ငါကိုယ်တိုင် လက်ဆုပ်လက်ကိုင်မိအောင် ထိန်းထားပြီးပြီ၊ ညည်းမမျှော်နဲ့တော့၊ ဒါပဲ"

မိုးခြိမ်းသံလို ဟိန်းသွားတဲ့ အဘွားကြီးရဲ့အရှိန်အဝါ ပေါက်ကွဲသံကြီး ပန့်နားထဲ ပဲ့တင်ထပ်လို့သွားသည်။

ပြန်ပြောဖို့၊ ချေပဖို့ ရင်ထဲမှာ စကားလုံးတွေ အညှောက်ထွက်နေပါလျက်နဲ့ တုန်ခါနေတဲ့ ဒေါသနောက်မှာ အသံတွေ မြုပ်ကျသွားတဲ့ ပန်ပန့်အဖြစ်ရယ်။

ဒါပဲဆိုပြီး အားနဲ့ဖိပြောလျက် ကျောခိုင်းသွားတဲ့ အဘွားကြီးသားအမိ။ တခြားအဆောင်တိုက်ခန်းတွေက ထွက်ကြည့်နေတာပန်သိနေတော့ ရှက်စိတ်နဲ့ ထုံဝေလို့သွားတာ။

မောင်းထွက်သွားတဲ့ကားသံနောက်မှာ ဆားပက်ခံရတဲ့ ငါးပြေမလို ပန် ဆတ်ဆတ်ခါ လူးလွန့်သွား၏။

ရှက်စိတ်ကြောင့် မျက်ရည်လည်းဝဲကာ အသက်မဲ့သွားသလိုအောက်မေ့ရ၏။ တစ်ကိုယ်လုံး တောင့်တင်းလျက် မျက်တောင်မခတ်တမ်း ကားပြေးထွက်ရာဆီ လိုက်ကြည့်နေတဲ့ ပန်ပန်။

အသက်လည်း မရှူ၊ လှုပ်လည်း မလှုပ်။

အလှသစ်နဲ့ ဝင်းပပလည်း ဝင်မပါရဲကာ ငြိမ်သက်လျက်၊ အဖြစ်အပျက်ကို ငေးမောကြည့်နေခဲ့တဲ့အဖြစ်။

ထိုကားရိပ်ပျောက်သွားမှ ဖျတ်ခနဲ အသိဝင်လာသည်။ ပန်ပန့်အပါး ချက်ချင်းပြေးကပ်လာပြီး စာနာစွာ ပန့်ပခုံးစွန်းပေါ် လက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တင်ရင်း အသံတိတ် နှစ်သိမ့်ပေးမိသည်။

အလုတို့ နှစ်သိမ့်ပေးခါမှ ပန်ပန် ဒေါသနဲ့ရှက်စိတ်က ပို၍ အုံကြွလာသည်။ ဘာမှ ပြောခွင့်မသာလိုက်သည်က နာကျင်ခံခက်လေသည်။

ထိုစိတ်နဲ့ ပန်ပန် အံတင်းတင်းဖိကြိတ်ကာ မာနနဲ့ ယတိပြတ် ဆုံးဖြတ်လိုက်၏။

"ဟွန်း ဒင်းတို့က ပန့်ကို ပြောကြသလား၊ တွေ့မယ်၊ ဒင်းတို့ရဲ့ သားရတနာ, မြေးရတနာ ပန့်လက်ထဲ ဆုပ်ကိုင်ပြစမ်းချင်စမ်းရဲ့"

ဆူပွက်နေတဲ့ ပန့်သွေးသားနဲ့ မာနတွေ ရောကာ ပန် အံကြိတ်လိုက်တဲ့နောက်မှာ တစ်ကိုယ်လုံးရှိ အသားစိုင်တွေ တုန်သွားသည်က အားပြင်းတဲ့ငလျင် လှုပ်ခါသွားသည့်နှယ်။

ထို့နောက် ဝင်းပပလက်ထဲ ဆုပ်ကိုင်လျက်သား ပါခဲ့တဲ့ လက်ကိုင်ဖုန်းကို ပန်ပန် လှျပ်ပြက်သလို မြန်ဆန်စွာ ဆွဲယူလေသည်။

"ဟဲ့ ဘာလုပ်မလို့လဲ ပန်"

ဝင်းပပ အထိတ်တလန့် မေးသည်။ ပန်ပန် ဘာမှမဖြေ။ ဖုန်းနံပါတ်လေး ကိုးလုံးကို တရစပ် နှိပ်လေသည်။

သူငယ်ချင်းနှစ်ယောက်လည်း ဘာမှမပြောသာ။ ငေးကြည့်နေရှာသည်။ ငေးကြည့်မနေနိုင်လေသည်က ဒေါ်စိုးစပယ်ပါ။

ဒေါ်စိုးစပယ်ဆိုတာ အဆောင်တိုက်ခန်းပိုင်ရှင်။ သဘောသကာ ရပြည့်ဝသော အမျိုးသမီးကြီးပါ။ စိတ်ထားဖြူစင်သလို သားသမီးချင်း





လည်း ကိုယ်ချင်းစာစိတ် အပြည့်ရှိသူဖြစ်သည်။

ပန်ပန့်စိတ်ထဲမှာ မာနနဲ့ ခံပြင်းကိတ်ကြောင့် ဘယ်လိုဆုံးဖြတ်လိုက်သည်ဆိုတာ ဒေါ်စိုးစပယ် ဂန့်မှန်းသိနေသလို ပန်ပန် ဘယ်သူ့ဆီ ဖုန်းခေါ်နေလဲဆိုတာလည်း ရိပ်မိတာကြောင့်-

"သမီးလေး ပန်ပန်"

လို့ ဟန့်တားသလို ခေါ်ရင်း သွက်သွက်လေး ရွှေ့လာသည်။

ခုချိန်မှာ ပန်ပန့်ပုံစံက ဘာကိုမှ မစဉ်းစားမဆင်ခြင်ဖြစ်တဲ့ မျက်နှာပေးနဲ့ ခက်ထန်မာသရော်နေသည်။

ဒေါ်စိုးစပယ် ဖတ်တတ်တာမို့ -

"သမီးကို အန်တီစိုး တစ်ခုပြောမယ်"

"မပြောပါနဲ့ အန်တီစိုး"

လို့ ပန် မျက်နှာထားနဲ့တုံ့ပြန်လျှင် ဒေါ်စိုးစပယ် မပြောသာအောင် ဖြစ်ရလေသည်။ သို့သော်လည်း ပြောချင်တာတွေ ရင်ထဲမှာ မွှန်နှောင့်နေလေသည်။

တန်းခနဲ ဝင်သွားတဲ့ဖုန်းသံကြောင့် ပန့်သွေးတွေ ပို၍ဆူပွက်လာလေသည်။

"ပန် ပြောလေ၊ ကိုယ် နားထောင်နေတယ်"

ကိုစည်းအသံ ချက်ချင်းကြားရသည်နှင့် -

"ကိုစည်း အခုချက်ချင်း လာခဲ့စမ်းပါ"

"ဒီကေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုစည်းအသံအဆုံးမှာ ပန် အံကြိတ်လျက် ဖုန်းပိတ်လိုက်သည်။ တွေ့ကြသေးတာပေါ့ ဒင်းတို့သားအမိ။

လက်ကိုင်ဖုန်းကို ဆုပ်ကိုင်လျက် တိုက်ထဲ ပန်ပန် တစ်ရှူးထိုးဝင်သွားလေသည်။

"ပန်ပန်"

အလှသစ်နဲ့ဝင်းပပ ခေါ်ရင်း နောက်ကပါလာသည်။ ဒေါ်စိုးစပယ်လည်း မနေသာ။ တိုက်ခန်းထဲ သွက်သွက်လေးဝင်လာခဲ့ရသည်။

ဘာဖြစ်လို့လဲဆိုတော့ အတ္တကဝေသားအမိကြားထဲ ပန်ပန် ဘဝ နုနုလှလှလေး အမှုန့်ခြေ အကြေခံရမှာ စိုးရိမ်တဲ့ စိတ်စေတနာနဲ့ပါ။

ပန်ပန်လေးရယ်

ဒင်းတို့သားအမိအတ္တက ဘယ်လောက် ပြင်းထန်တယ်ထင်လဲ၊ အန်တီစိုးပြောပြမယ်။ နားထောင်စမ်းပါ ကလေးရယ်။

✿ ✿ ✿



## အခန်း (၃၃)

"မောင်စည်းအဘွားနဲ့ မောင်စည်းမာမီ ဒေါ်ကြူနွဲ့ဏီရဲ့ အတ္တကြီးမားပုံက သိပ်ကြောက်စရာကောင်းတာပဲ၊ အန်တီစိုးတို့ ကိုယ်တွေ့သိခဲ့ရတာလေ၊ သူတို့သားအမိ ဘယ်လောက်အတ္တကြီးလဲဆိုရင် အန်တီစိုးရဲ့ ကျောင်းနေဖက်သူငယ်ချင်း မောင်စည်းရဲ့ဦးလေးအဖြစ်က သက်သေခံတယ်ကွယ်"

ဒေါ်စိုးစပယ်ရင်မှာ အနှစ်နှစ်အလလက ခံစားရတဲ့ ဝေဒနာတစ်ရပ်ကို ထုတ်ဖော်ပြနေသည့်နှယ်၊ နက်နက်နဲနဲ ခံစားရလျက် ပြောနေသည်။

"ဟုတ်လား။ ဘယ်လိုလဲဟင်၊ ကိုစည်းဦးလေးအဖြစ်က"



www.burmeseclassic.com

www.burmeseclassic.com



အလှသစ် စိတ်ဝင်တစားလေသံက ကျယ်လှသည်။ ဒေါ်စိုးစပယ်လည်း စိတ်အားထက်သန်စွာ ဆိုလျက်။

“ဒီလိုကွဲ့၊ အန်တီစိုးသူငယ်ချင်းက သူတို့သားအမိလို မဟုတ်ဘူး။ စိတ်သဘောထား သိပ်ပြည့်ဝတာပဲ၊ ဂုဏ်တွေ ပကာသနတွေပေါ်မှာလည်း တွယ်မက်မှု မရှိဘူး။ ဘယ်သူ ဘယ်အဆင့်အတန်းကဖြစ်ဖြစ် သူငယ်ချင်းအားလုံးနဲ့ ပတ်သက်ရာပတ်သက်ကြောင်း လူတွေအပေါ်မှာ ညီတူမျှတူ ဆက်ဆံတယ်၊ နောက်ပြီး စီးပွားရေး ဘာညာကို သူငယ်ချင်းက စိတ်မဝင်စားဘူး၊ ဘူမိဗေဒပညာရပ်အပေါ်မှာ အတော်နက်နက်နဲနဲ လေ့လာလိုက်စားတယ်။ သုတေသနပညာရှင်ဖြစ်အောင် ကြိုးစားတယ်လေ၊ ဒီလိုနဲ့”

ပြောနေရင်း ဒေါ်စိုးစပယ် သက်မလေးလေးကြီးချလေသည်။ အလှသစ်က သိလိုစိတ်ထက်သန်စွာ –

“ဒီလိုနဲ့ ဘာဖြစ်ကြလဲဟင်”

“အင်း အကျဉ်းချုပ်ပြောရရင်တော့ ရိုးမဘက်က ကျောက်တောင်ကြီးမှာ သွားပြီး သုတေသနပြုရင်း အဲဒီရွာသူမနဲ့ ညားတာပေါ့ကွယ်၊ သူတို့သားအမိ မရ ရအောင်ခွဲတာပေါ့၊ အန်တီ့သူငယ်ချင်းက အကွဲမခံဘူး၊ ဒါနဲ့ သူတို့သားအမိ သေခန်းဖြတ်စွန့်ပစ်လိုက်တာ ပြောတဲ့အတိုင်းလေ၊ အန်တီ့သူငယ်ချင်း ကျောက်တောင်ပေါ်က မတော်တဆကျပြီး ဆုံးသွားတာ သိရက်နဲ့တောင် လှည့်မကြည့်ဘူး၊ လှည့်မကြည့်ဆို သူငယ်ချင်းလင်မယားနှစ်ယောက်ဆုံးလို့ သမီးလေးတစ်ယောက် ကျန်ခဲ့





တာ သိသိကြီးနဲ့ မြေးဆိုပြီးလည်း သွားမခေါ်ဘူး၊ သားကို ပစ်နိုင်သလို မြေးကိုလည်း နောက်ကြောင်းပြန်လှည့်မကြည့်တဲ့အထိပဲ၊ ဒင်းတို့သားအမိမှာ ဒီလိုအတ္တနတ်ဆိုးကြီး မင်းမူခဲ့တဲ့အဖြစ်က လက်ဖျားခါလောက်တယ်လေ”

“ဒီလိုဆို ပန်တို့ကိုလည်း ဒီလိုပဲ လုပ်သွားမယ်ဆိုတဲ့သဘောပေါ့ ဟုတ်လား အန်တီမိုး”

“အိုး အဲဒီထက် ပိုနိုင်တယ်၊ သားနဲ့တုန်းက စွန့်ပစ်နိုင်ပေမယ့် မြေးကိုတော့ သားတုန်းကလို စွန့်ပစ်မှာမဟုတ်ဘူး၊ ချုပ်ကိုင်ခြယ်လှယ်ပြီး ပန့်ဘဝကို အညွန့်ချိုးပစ်ဖို့ ဝန်လေးမှာမဟုတ်ဘူး၊ ဒါကြောင့် ပန်ပန်လေးကို စဉ်းစားဆင်ခြင်စေချင်တယ်၊ ပြီးတော့ အန်တီ့သူငယ်ချင်း မျိုးရာဇာလို”

ထိုနာမည်နောက်က စကားတွေကို ပန်ပန် ဆက်ကြားနိုင်စွမ်း မရှိတော့ပါ။ နားနှစ်ဖက် ကန်းသွားလေရော့သလားကွယ်။

အန်တီစိုးရွတ်ပြတဲ့ ထိုနာမည်က ကမ္ဘာလောကကြီးထဲ ပဲ့တင်ထပ်သွားကာ။

‘မျိုးရာဇာ’ တဲ့။ ပန်ပန် စိတ်အလိုအတိုင်း အဝတ်အစားတွေ လက်ဆွဲအိတ်ထဲ ထည့်နေရာမှ ခေါင်းထောင်ကာ ဝုန်းခနဲ ထရပ်၏။ ဘယ်သူမှ ဝင်လာပြီး ဖျောင်းဖျလို့မရအောင် ဆောင့်ပိတ်ထားတဲ့ တံခါးချပ်ကို ဒရောသောပါး ဆွဲဖွင့်၍ ဧည့်ခန်းထဲ ပန်ပြေးဝင်လျှင် –

“ပန်ပန် အန်တီစိုးပြောတာကြားလား၊ ကျောက်ပန်းခက်ရွာ



www.burmeseclassic.com

www.burmeseclassic.com



ကတဲ့၊ အဲဒီရွာသူနဲ့ အကြောင်းပါတဲ့ ဦးမျိုးရာဇာကို သူတို့သားအမိ စွန့်ပစ်သတဲ့၊ သေတာတောင် လှည့်မကြည့်ဘူးတဲ့လေ၊ အဲဒီရွာက ပန်တို့ရွာ မဟုတ်ဘူးလား၊ ပန် မကြားဖူးဘူးလား သူငယ်ချင်းရယ်''

အလှသစ် စိုးရိမ်စိတ်လှုပ်ရှားကာ ဆီးပြောလေသည်။ ထိုအခါ ပန့်နှလုံးသား ဆွဲလွှဲဖြိုချခံရသလို နာကျင်ကာ မျက်ရည်တွေ တဝေါဝေါ ပြိုကျလို့သွားသည်။

''ပန်ရယ်၊ ဒီလို အတ္တအစဉ်အလာကြီးခဲ့တဲ့ ဒင်းတို့သားအမိကို ပန် ဖက်ပြိုင်မနေပါနဲ့ကွယ်၊ ကိုစည်း ဘယ်လောက်ပဲချစ်ချစ် မစွန့်စားချင်ပါနဲ့၊ ပန်က အသက်ငယ်ငယ်လေး ရှိသေးတယ်၊ ပန့်မှာ အနုပညာအရည်အချင်းလည်း ရှိတယ်၊ ကြိုးစားရင် အောင်မြင်မှာပဲ၊ ဒင်းတို့ ပစ်ပစ်ခါခါ ပြောသမျှကို အနုပညာမာနနဲ့ ခေါင်းမော့ရင်ဆိုင်ကြရအောင်နော် သူငယ်ချင်း''

ဝင်းပပကလည်း အနားလာပြီး တရစပ်ပြောလေသည်။ ပန် ဘာမှ ပြန်မပြောနိုင်ဖြစ်ကာ ရင်ခေါင်းထဲ အလုံးကြီး ဆို့နစ်သလို မချိမဆံ့ နင်လျက်။ တဖျောဖျောစီးဆင်းနေတဲ့ မျက်ရည်တွေကိုလည်း မသုတ်နိုင်ရှာ။

''အန်တီစိုးက သမီးချင်းကိုယ်ချင်းစာပြီး ပြောတာပါကွယ်၊ ပိတ်ပင်တယ်, ဟန့်တားတယ်ဆိုပြီး အပြစ်မတင်ပါနဲ့၊ ဒင်းတို့သားအမိ ရင်ထဲက အတ္တမီး ဘယ်လောက်ပြင်းလဲဆိုတာ အန်တီစိုးသိနေလို့ ပြောပြရတာပါ ကလေးရယ်''





ဒေါ်စိုးစပယ်လည်း ရှင်းပြပြောလေးနဲ့ ပြောကာ ဖျောင်းဖျရှာလေသည်။ ပန့်ရင်ထဲ အသည်းထဲမှာ ကျောက်ပန်းခက်တောင်ခြေက အုတ်ဂူနှစ်ခုကို ပြေး၍ မြင်ယောင်လာသည်။

ဒါတင်မက ထိုသားအမိကြီးနှစ်ယောက်ရဲ့ ပူလောင်နေတဲ့ ဂုဏ်မာန မျက်နှာနှစ်ခုနဲ့ ကိုစည်း။

''ပန်''

နှလုံးသားထဲတင်မက အပြင်မှာပါ တကယ်ပေါ်လာတဲ့ မျက်နှာတစ်ခု။ ခေါ်သံနဲ့အတူ ပန့်ဆီ ပြေးဝင်လာတဲ့ မင်းစည်းစိမ်။

''ပန် မာမီတို့ ဘာပြောပြော ပန့်ကို ကိုယ် မစွန့်လွှတ်နိုင်ဘူး၊ ဘယ်ဘဝရောက်ရောက် ပန်နဲ့ကိုယ် လက်တွဲမဖြုတ်ဘူး၊ ပန် လာ ကိုယ်တို့ ထွက်ပြေးရအောင်''

မင်းစည်းစိမ် အလောတကြီးပြောရင်း ပန့်လက်ကို လာဆွဲသည်။ ပန့် လန့်ဖျပ်ကာ –

''မပြေးဘူး၊ သွား၊ လာမခေါ်နဲ့၊ ဘယ်သူ့လက်ကိုမှ မတွဲဘူး''

ပန် အရူးတစ်ယောက်လို အော်ဟစ်သလို မင်းစည်းစိမ်ကိုလည်း တွန်းပစ်၏။

ဒီတော့မှ အလှသစ်၊ ဝင်းပပနဲ့ ဒေါ်စိုးစပယ် သက်မ,ချနိုင်သည်။ သူတို့မျှော်လင့်တာနဲ့ ပန်ပန် နားလည်သွားပြီဆိုတဲ့ အတွေးနဲ့ သက်မ,ချကာ။

မင်းစည်းစိမ် နားမလည်နိုင်အောင် ဖြစ်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ပန်"

"မခေါ်နဲ့၊ ရှင် ထွက်သွား သွား"

ပန်ပန် အော်ဟစ်နှင်ထုတ်သလို ရှက်ရွံ့တဲ့ ခံစားချက်နဲ့လည်း စားပွဲပေါ် အလှတင်ထားတဲ့ ပန်းအိုးစနဲ့လည်း ကောက်ပေါက်၏။ ထိုစဉ်

"ဟင် တောသူမ၊ ကလေကချေမ၊ ငါ့မြေးကို ရိုက်လားနှက်လားနဲ့၊ လွှတ်လိုက်စမ်း ခုချက်ချင်း ငါ့မြေးကို"

မင်းစည်းစိမ်ကို အခန်းထဲ သော့ခတ်ပိတ်လှောင်ထားခဲ့သည်။ ပြန်ရောက်ရောက်ချင်း တံခါးဖွင့်ကြည့်တော့ မင်းစည်းစိမ်ကို မမြင်။

"ခွင့်လွှတ်ပါ မာမီနဲ့ဘွားမေ၊ ပန့်ကိုပဲ သားလက်တွဲသွားမယ်" လို့ စာတိုတစ်စောင်ရေးပြီး ပြတင်းပေါက်က ခုန်ဆင်းလွှတ်မြောက်အောင် ကြိုးဆောင်သွားတဲ့မြေး။

သေချာတယ်။ ဒီတောသူမဆီပဲ သွားမယ်ဆိုတာ။ ဘွားအေကော မိခင်ပါ ဒက်ခနဲ သိလေသည်။ ဒါကြောင့် ပန်တော်ဦးဆီ ပြန်ပြေးလာ၏။

ထင်တဲ့အတိုင်း မြေးက တောသူမကို မရမကဆွဲပြီး ထွက်ပြေးမလို့ ဖြစ်နေသည်။ တောသူမက သားဆွဲတာကို လက်မခံ။ ရိုက်ပုတ်နေတာမြင်ရတော့ သားအမိကြီးနှစ်ယောက် အသည်းနှလုံး ကွဲခတ်ခံရသည့်နှယ်။

အဆောင်တိုက်ခန်းရှေ့မှာ ကားပင် ရပ်မခင် သားအမိနှစ်





ယောက် အူယားဖားယား ပြေးဆင်းကြသည်။ ဘွားအေက ချီးဖွဲ့ပြောသလို မိခင်ပါးစပ်ပေါက်ကလည်း ဥပုသ်မစောင့်ပါ။

"တောကြိုအုံကြားက အလေ့ကျပေါက်တဲ့ ကောင်မ၊ အမျိုးမစစ်မ၊ ငါ့သားကို ရိုက်ရသလားဟင်"

ပန်ပန့်ကို သားအမိနှစ်ယောက် အမဲဖျက်ဖို့ ပြေးဝင်လာသည်။ ဒေါ်စိုးစပယ်တို့က အခြေအနေကို စောင့်ကြည့်ရင်း ပန့်ဘက်က ဝင်ပါဖို့ အဆင်သင့်ဖြစ်နေကြသည်။

ဒေါ်က္ကနွတီ ပြောရင်း ပန့်ဆံပင်ကို လှမ်း၏။

"မာမီ"

မင်းစည်းစိမ် အော်ဟစ်တားတာ နောက်ကျလေသည်။ ပန်ပန့်ဆံပင်အုံဆီ ရောက်လာတဲ့ ဒေါ်က္ကနွတီလက်ကို ပန်ပန် ဦးစွာဖမ်းကိုင်၍

"ဟုတ်တယ်၊ ကျွန်မက တောကြိုအုံကြားက အလေ့ကျပေါက်တဲ့မိန်းမ၊ မျိုးရာဇာနဲ့ ပန်းအလှမွေးခဲ့တဲ့ အမျိုးမစစ်တဲ့ကောင်မ၊ အဲဒါ ဘာဖြစ်လဲ၊ ရှင်တို့ ထမင်းတစ်နပ်မှ မကျွေးခဲ့ပေမယ့် အသက်ရှင်ခွင့်ရခဲ့တဲ့ အောက်တန်းစား၊ အဲဒီအောက်တန်းစားမိန်းမကို ရှင်တို့ ဘာဖြစ်လို့ မျက်နှာချင်းလာဆိုင်နေရတာလဲ၊ အေး တစ်ခုတော့ ပြောလိုက်မယ်၊ ငွေမရှိ ကြေးမရှိ မျက်နှာမွဲ တစ်ကောင်ကြွက်ဆိုပြီး နှိုင့်ထက်စီးနင်းပုံစံအသားကို လာမထိနဲ့၊ ကျောက်ပန်းခက်ရွာသူ ကျွန်မအသားထဲက မီးပွင့်သွားစေရမယ်၊ ဘာထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန်ပြောပြီး ဒေါ်ကုန္တဏီလက်ကို ဆုပ်ကိုင်ထားရာမှ ဆောင့်တွန်းပစ်၏။

ဒေါ်ကုန္တဏီ နောက်လန်ကျမတတ် ဖြစ်သွားတာမို့ ဒေါ်စိန်ရတနာ နောက်က ထိန်းလိုက်မိသည်။

သို့သော်လည်း သားအမိနှစ်ယောက် ချောက်ချားတဲ့မျက်နှာနဲ့ အသက်မဲ့ကာ မျက်လုံးပြူးပြူးပြဲပြဲနဲ့ ပါးစပ်အဟောင်းသားဖြစ်လို့ သွားသည်။

ဝင်းပပတို့လည်း ထိတ်လန့်အံ့ဩစွာ ဆွံ့အလျက်၊ မင်းစည်းစိမ်နှလုံးသား မခံစားနိုင်တော့ပါ။ ထိခိုက်ကြေကွဲတဲ့မျက်ရည်တွေ တဝေါဝေါပြိုကျကာ လည်ပင်းအညှစ်ခံရသလို အစ်စို့စို့ ဖြစ်သွားလေပြီး။

အားလုံးကိုယ်စီ ရင်ထဲမှာ ပြောချင်တဲ့စကားလုံးတွေက မွှေ့သရမ်းလို့နေသည်။ မျက်လုံးထဲက လူရိပ်တွေ မှောင်လိုက် လင်းလိုက်နီးလိုက် ဝေးလိုက်နဲ့ အသိတရားက ဆောက်တည်ရာမရ ဖြစ်လို့သွားသည်။

မျိုးရာဇာ၊ တောသူမ ပန်းအလှ၊ ကျောက်ပန်းခက်ရွာတဲ့။ ထိုသားအမိကြီးမျက်နှာ ဖြူဖျော့လို့သွားတာ သေဆုံးသူရဲ့မျက်နှာအလား။

အသက်လည်း မရှူ၊ တစ်ကိုယ်လုံးလည်း လှုပ်ရှားလို့မရ ဖြစ်ကာ ပြူးကြောင်နေတဲ့မျက်ဝန်းက ပန်တော်ဦးဆီမှာ စိုက်စိုက်မတ်မတ်ကျလျက်။

"ရှင်တို့မိသားစု ကျွန်မကို ချိုးနှိမ်စော်ကားတာ ဒါ နောက်ဆုံး





အကြိမ် ဖြစ်ပါစေ၊ နောက်ထပ် ချိုးဖဲ့စော်ကားလာရင် ပန်တော်ဦးဘယ်လိုမိန်းမစားဆိုတာ သိသွားစေရမယ်၊ ဟင့် ဟင့် ဟင့်"

ပြောရင်း ပန်ပန့်မျက်ဝန်းထဲက မျက်ရည်လုံးကြီးတွေ အဆက်မပြတ် ကြွေသက်၏။ ထို့နောက် နှလုံးသားထဲမှာ တောင့်တနေသည့်အတိုင်း –

"ဒေါ်လေးမြဲ"

"အနေ"

ဆိုတဲ့ ခေါ်သံနက်ကြီးက ကမ္ဘာလောကကြီးကို လွှမ်းမိုးလျက်နှလုံးသားနံရံတွေကို ပဲ့တင်ထပ်သွားလေသည်။ အော်ခေါ်သံနောက်မှာ ပန်ပန့်ကိုယ်လုံးလေးက လေသယ်ဆောင်ရာပါသွားတဲ့ သစ်ရွက်လို လွင့်မျောသွားလေပြီ။

ဘယ်သူကမှ တစ်ခုခုပြောဖို့ အသံမထွက်နိုင်ရှာ။ တားမြစ်ဖို့လည်း သတိမရနိုင်တော့ပေ။

ဆွံ့အမင်းကြောင်ကာ မျက်ရည်ဝေနေတဲ့ မျက်ဝန်းနဲ့ ပြေးထွက်သွားလေသော ပန်တော်ဦးကို ငေးရင်း –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

နွေဦးလေက ရှူးလှစွာ ဝှေ့သရမ်းလို့နေသည်။ ကောင်းကင်ပေါ် လှုပ်လှုပ်ရှားရှား လွင့်မျောနေတဲ့ တိမ်တွေဟာ ပြာသစ်ပြာလွင်လှပလို့ မနေပါ။

ဝါမှိုင်းမှိုင်းတချို့ နီကြောင်ကြားတစ်ကွက်နဲ့ စိတ်နှလုံးသားနောက်ကျိုပူလောင်အောင် ဖြားယောင်းလို့နေပေသည်။

ရွှာဝင်လမ်းတစ်လျှောက်သည်လည်း ခြောက်သွေ့လျက် နေပူရှိန်ကြောင့် လောင်မြိုက်မြိုက်ဖြစ်ကာ ထွေးပွေ့ကြင်နာလှည့်မယ့် ရင်ခွင်ဆီ ပန်ပန် အားသွန်ဦးတည်နေတဲ့ ခြေလှမ်းက သွက်လှပေသည်။

စိမ်းမှောင်အုံ့မြနေတဲ့ ခရေပင်တန်းကိုမြင်လျှင် ပန်ပန် တအား





တက်လေပြီး –

ရွှာဝင်လမ်းက ခရေပင်တန်းမှာ နေ့တိုင်း နင့်ကိုစောင့်နေတယ်။

ဖံမင်းလက်ရေးနဲ့ရေးပေးခဲ့တဲ့ ထိုစာကြောင်းကို ပြန်သတိရကာ အားတက်လေသည်။ ပန့်ကို စောင့်ကြိုနေမယ့် အနေ။ ဒီခရေပင်တန်းက မျှော်နေကောင်းရဲ့။

ပန့်မျက်ဝန်းထဲမှာ အနေ့ပုံရိပ်တွေ ကြီးစိုးလျက်။

"ပန်ရေ ငါ ဒီမှာဟေ့"

လို့ ငယ်ငယ်တုန်းက တောပုန်းတမ်းကစားသလို ချုံနဲ့ကွယ်ပုန်းအောင်းနေရာမှ ခေါင်းလေးပြူကာ အော်ပြောနေသလို ကြားယောင်ကာ ခရေအိုပင်စည်ကြီးတွေကို တစ်ပင်ပြီးတစ်ပင် ပတ်လို့ရှာမိသည်။ ခရေပင်တန်းကြီး ကုန်သည်အထိ အနေ့ကို မတွေ့ရပါ။

အနေ ပန့်ကို ဘာဖြစ်လို့ စောင့်ကြိုမနေတာလဲကွယ်။ ပန့်ကို စိတ်ဆိုးနေလို့လား။ စိတ်ဆိုးနေတယ်ဆိုလည်း ပြေပါဟယ်။ နင်လိုချင်တဲ့အချစ်တွေ ပေးဆပ်ဖို့ ပန် တကယ်ပြန်လာခဲ့ပြီးလေ။

နင့်ရဲ့အနမ်းတွေကို ပန့်အချစ်နဲ့ တုံ့ပြန်ပေးဆပ်ဖို့ ပန် တကယ်လာခဲ့တာပါကွယ်။ ခရေပင်ကြီးများ အနေ့ကို ပြောပေးကြပါ။

လေရူးကလေးများ ဝှေ့သရမ်းပြီး အနေ့ဆီ သတင်းပို့ပေးပါနော်။ ပန်ပန် ခရေပင်တန်းကို ရောက်နေပါပြီလို့။ သို့သော်လည်း ဘယ်လေရူးမှလည်း ဝေ့ယမ်းပြေးလွှားပြီး အနေ့ကို သွားပြောမပေးချေ။

ခရေပင်တန်းမှာ အနေ့ကို မမြင်ရတော့ ပန့်ခြေလှမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အနေတို့အိမ်ဆီ ဦးတည်ကာ။ ရွာလမ်းတစ်လျှောက် တိတ်ဆိတ်လှသည်။

နွေနေ့လယ်ခင်းဖြစ်လျက် အိမ်တိုင်း တိတ်ဆိတ်နေတာ ဆန်းလှသည်။ ပန်ပန် ဖြတ်သွားရာလမ်းတစ်လျှောက် ခွေးတွေအူလို အူ၊ ဟောင်လိုဟောင်နဲ့ ကြောထဲ စိမ့်ခနဲ အေးသွားကာ ကြက်သီး ဖြန်းခနဲ ထချေသည်။

အိမ်တိုင်းမှာ လူကြီးသူမတွေလည်း မမြင်ရ။ ကလေးတွေ ဆော့ကစားနေတာလည်းမဟုတ်ဘဲ ရွာပြင်ဘက်ဆီ တငေးငေးနဲ့ မျှော်နေကြသည်။ ဘာဖြစ်တာပါလိမ့်။ ထူးခြားလှတဲ့ ဒီလိုနွေနေ့လယ်ခင်းမျိုး ပန်ပန့်တစ်သက်မှာ တစ်ခါမှ မမြင်ဖူး၊ မကြုံဖူးပါ။

အရင်ကဆို ပန် ရွာထဲဖြတ်လျှောက်သွားရင် ပန့်ကို ဟိုကခေါ် ဒီကခေါ်နဲ့ စကားသံတွေစီလျက်၊ တစ်ရွာလုံးက ပန်ပန့်ကို ချစ်ကြသည်။

တစ်ရွာလုံးမှာ အလှဆုံးသမီးပျိုမို့လည်း ပန်ပန့်ကို အရေးတယူ ရှိလှသည်။ ရွာကပွဲလမ်းသဘင်မှန်သမျှ ပန် မပါရင်မပြီးနိုင်ခဲ့ပါ။ ခုတော့ ပန် ကြုံဆုံခဲ့သမျှနဲ့ ဆန့်ကျင်လို့ နေသည်။

ဘာဖြစ်လို့ပါလိမ့်။ သိချင်စိတ်တွေ ဘောင်ဘင်ခတ်ကာ-

"ဒေါ်လေးမြရေ"

ပန်အော်ခေါ်သော်လည်း ထူးသံထွက်မလာ။

"အနေ ငါလာပြီဟေ့"

အနေတို့ခြံဝိုင်းနားရောက်သည်နှင့် ပန် ရင်ကွဲမတတ် အော်မိသည်။ သို့သော် ထူးသံလည်း မကြားရပေ။ အိမ်ထဲက ပြေးထွက်





လာတာလည်း မမြင်ရပေ။

တံခါးပေါက်တွေ ဖွင့်ထားလျက် လူရိပ်သူရိပ်လည်း မတွေ့ရ။ ခြံဝိုင်းထဲ လှမ်းမလို့ ခြေလှမ်းပြင်လျှင် ဘာနဲ့မှလည်း မတိုက်မိဘဲ ခလုတ်တိုက်သလို ဖြစ်ကာ ကိုယ်ကယိုင်သွား၏။

ခြံစည်းရိုးကို အားပြုကိုင်ထိန်းကာ ငုံ့ကြည့်လိုက်၏။ ရွှံ့သားမြေဝါပေါ် ရေစိုကွက်ကြီးနဲ့ အိုးကွဲရာတွေ ပြန့်ကြဲနေတာ မြင်ရလျှင်

"ဒါ ဒါက"

ပန် ဆက်မတွေးရဲတော့ပါ။ ရင်ထဲမှာ ဒိန်းခနဲ ဆောင့်တက်ကာ ဒေါ်လေးမြလို့ အာခေါင်ခြစ်အော်မိသွားလေသည်။ ခြံပြင်ဝမှာ ရေအိုးခွဲလေ့ရှိတာက အသုဘအိမ်မှလေ။ ဒီအိမ်က ဘယ်သူဘာဖြစ်ပြီလဲ။

ဘုရားရေ။ နှလုံးရောဂါဖြစ်နေရှာတဲ့ ဒေါ်လေးမြ ပန့်ကို တွေ့ချင် မြင်ချင်နေတဲ့ ဒေါ်လေးမြ။ ပန့်ကို သားရင်းထက် ပိုချစ် ပိုအခွင့်အရေးပေးတဲ့ ဒေါ်လေးမြ။ တစ်ခုခု ဖြစ်သွားပြီလား။

"ဟီး ဟီး ဟီး"

ပန် ဟီးခနဲ ငိုချလျက် –

"ဒေါ်လေးမြ"

ပန် တကြော်ကြော် အော်ဟစ်ခေါ်ကာ ခြေလှမ်းတွေ ရွာပြင်ဆီ ဦးတည်သွားတာ ပြေးလျက်ဖြစ်သည်။ ရွာထဲမှာ တိတ်ဆိတ်နေတာ ဒါကြောင့်လားဟင်။ ပြောကြစမ်းပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

နေကလည်း ပြင်းလှသည်။ ပြေးလာရလွန်းလို့ ပန်ပန် အမောလေးပင် ဖိုချင်လာသည်။ ဒါပေမဲ့ ခြေလှမ်းတွေကို ပန် ရပ်မပစ်သေးပါ။

တစ်ကိုယ်လုံး ချွေးတွေရွှဲကာ ဟောဟဲဖြစ်လျက် သွပ်ဆူးကြိုးနဲ့ ဝင်းခတ်ထားတဲ့ ရွာပြင်ရှိ သချိုင်းအဝင်အဝရောက်လျှင် ပွင့်လျက်ရှိတဲ့ ဝင်းတံခါးကို ကိုင်မှီ၍ ခြေလှမ်းရပ်လိုက်မိ၏။

မြင်ချင်စိတ်ထက်သန်နေသော မျက်ဝန်းက သချိုင်းဝင်းကြီးထဲ မျက်လုံးဝေ့ကြည့်လျှင် သချိုင်းဝင်း၏ ညာဘက်ထောင့်တွင် မှိုင်းမှုန်လျက်ရှိနေသော ရွာသူရွာသားအားလုံး။

ပန့်ကို ကျောပေးလျက် တွေ့ရလေသည်။ သေချာပါပြီ။ ဒေါ်





လေးမြ တစ်ခုခုဖြစ်သွားပြီ။ ပန် ဘယ်လိုဖြေရမလဲ။

ဟင့်အင်း ပန် မဖြေနိုင်ပါ။

မိဘနှစ်ပါးလုံး တစ်ပြိုင်တည်း သေဆုံးကြလေပြီဆိုတာ ပန် သိတတ်စအရွယ်မှ သိရပေမယ့်လည်း ပန်ရင်မှာ နက်နက်နဲနဲ မခံစားခဲ့ရပါ။ အကြောင်းက ဒေါ်လေးမြရင်ခွင်နွေးထဲ မှီတွယ်ရှင်သန်ခွင့် ရနေလို့ပဲ မဟုတ်လား။

ခုတော့ မှီတွယ်ရမယ့်ရင်ခွင် မရှိတော့ပြီ။ ထိုအသိကြောင့် ပန် မခံစားနိုင်တော့ပါ။ ပန် အသည်းကွဲရင်ကွဲဖြစ်ကာ အသိတရားတို့ လွတ်ထွက်သွားလေပြီ။

"ဒေါ်လေးမြ"

ပန် အော်ဟစ်ခေါ်ဆိုရင်း လူအုပ်ကြီးဆီပြေးလေသည်။

"ဟီး ဟီး ဟီး ဒေါ်လေးမြ၊ ဟီး ဟီး၊ ပန့်ကို ထားရစ်ခဲ့ပြီလားဟင်၊ ပန် ဒေါ်လေးမြရဲ့ရင်ခွင်မှာ ခိုဖို့ ပြန်လာခဲ့တာပါ ဒေါ်လေးမြရယ်၊ ဟီး ဟီး ပန့်ကို ထားမသွားနဲ့၊ ပန့်ကို ထွေးပိုက်လှည့်ပါ ဒေါ်လေးမြရယ်၊ ပန် ပြန်လာပြီလေ၊ ဟီး ဟီး"

ငိုသံနဲ့ အော်ဟစ်ခေါ်ဆိုသံကြီးက သချိုင်းဝင်းတစ်ခုလုံးသာမက ကျောက်ပန်းခက်တောင်မှာပင် ပဲ့တင်ထပ်သွားလေပြီ။ ထိုပဲ့တင်သံကြောင့် အားလုံးသောမျက်လုံးတွေ နောက်ပြန်လှည့်ကြည့်လျှင် ပြေးလာနေတဲ့ ပန်ပန့်ကို မြင်ရလေသည်။

ပန်ပန့်ကိုမြင်ရတော့ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်ကာ တင်း



www.burmeseclassic.com

www.burmeseclassic.com



မာသူများလည်းရှိ သနားငဲ့ညှာသူများလည်း ပါ၊ ဝမ်းသာဝမ်းနည်းစိတ်နဲ့ တလှိုက်လှိုက် ရှိုက်မိသူများလည်း မနည်းတော့ပါ။

"ဒေါ်လေးမြ ဒေါ်လေးမြ ဘယ်မှာလဲဟင်"

ပန် ဒါပဲမေးကာ လူအုပ်ကြီးထဲ ပြေးဝင်လေသည်။

"သမီး"

ခေါ်သံ။ အစ်စို့စို့ တုန်ခါနေသော နှလုံးသားထဲက ရှန်းထွက်လာသောခေါ်သံ။ ထိုခေါ်သံကြောင့် ပန်ပန် မျက်လုံးကိုပြူးပြဲကာ ကြည့်သည်။

လူအုပ်ကြီးကြားမှာ တိုးဝှေ့ထွက်လာတဲ့ ဒေါ်လေးမြ။ ဘယ်လောက်တောင် ငိုထားသည်မသိပါ။ မျက်လုံးကြီးများ ပြူးထွက်ကာ ရဲတွတ်နေရှာသည်။ မျက်နှာချောင်ကာ အသားအရေတွေ ရှုံ့ပြီး ဆံပင်တွေပင် ဖြူရော်လျက်။

ဒေါ်လေးမြရုပ်ကို မနည်းကြီး ဖမ်းကြည့်ရသည်။ ပန့်အပေါ် မပြောင်းလဲတဲ့မေတ္တာရိပ် လွှမ်းခြုံထားတဲ့ ဒေါ်လေးမြကိုယ်ကို ပန် ဝမ်းသာအားရ ဖက်လိုက်မိသည်။

"ဒေါ်လေးမြရယ်၊ ဟင့် ဟင့် ပန် ပန်က ဒေါ်လေးမြ တစ်ခုခု ဖြစ်သွားပြီး ထင်နေတာ၊ ဟင့် ဟင့် ဟင့်"

ပန့်ကိုဖက်ထားရင်း ဒေါ်လေးမြ ဘာမှမပြောနိုင်ရှာ။

"ဦးလေးငွေကောဟင်"

ဒေါ်လေးမြကို မြင်ရပြီးမို့ ဦးလေးငွေ တစ်ခုခုဖြစ်ပြီလားဆိုတဲ့





အတွေးနဲ့ ပန် မေးခြင်းပါ။ ပန်မေးလျှင် ဒေါ်လေးမြ ခေါင်းငုံ့ကြည့်သည်။ ဒေါ်လေးမြအကြည့်နောက်မှာ ပန့်မျက်လုံးတွေ ပါသွားသည်။

ဆံပင်တွေနဲ့ မျက်ခုံးပါ အဖြူတွေရောနေတဲ့ ဦးလေးငွေက အတော်ကြီး အိုစာကာ တစ်စုံတစ်ခုအတွက် ယူကျုံးမရမျက်နှာနဲ့ ယိုစီးနေတဲ့ မျက်ရည်တွေကို လက်မောင်းနဲ့ ပွတ်သုတ်ရင်း –

'ဦးလေးငွေ ရှိ ရှိပါတယ်ကွယ်'

လို့ ပြောတဲ့အသံနောက်မှာ ယောက်ျားတန်မဲ့ ဟီးခနဲ ငိုချလေသည်။ ဦးလေးငွေနဲ့ဒေါ်လေးမြ ဘာမှမဖြစ်ပါလား။

ထိုအသိနဲ့ ပန်ပန် ဝမ်းသာလုံးဆို့ကာ နှလုံးသားထဲ တစ်ယောက်သောသူကို မျှော်လင့်တကြီး မေး၏။

"အနေကောဟင်၊ အနေလေ"

ပန်ပန်မေးသံနောက်မှာ ပန့်ကိုကြည့်ရင်း ဒေါ်လေးမြ ငိုချ၏။ ဦးလေးငွေကလည်း ရှိုက်၏။ ဘာကိုမှ ပြောမထွက်နိုင်ဘဲ ငိုရှာနေတဲ့ ဒေါ်လေးမြနဲ့ဦးလေးငွေကို ပန် နားမလည်စွာ တစ်လှည့်စီကြည့်ရင်း

"ပြောလေ၊ အနေဘယ်မှာလဲ၊ အနေ့ကို ပန် သိပ်တွေ့ချင်တာ၊ အနေ့ဆန္ဒကို ဖြည့်ပေးဖို့ ပန်ပန် ပြန်လာခဲ့တာပါ၊ အနေ ဘယ်မှာလဲဟင်"

ပန်မေးလေ ဒေါ်လေးမြနဲ့ ဦးလေးငွေ ငိုလေ။ ဝိုင်းအုံနေကြတဲ့ ရွာသားတွေလည်း ဝမ်းနည်းခြင်းကြီးစွာ ငိုကြ ရှိုက်ကြနဲ့။ ဘယ်သူမှ အနေ ဘယ်မှာရှိနေတယ်ဆိုတာ ထုတ်ပြောဖို့ ဆွံ့အလို့ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနေ့ကိုမေးနေတဲ့ ပန်ပန့်ကို ထွန်းဝေ့်သူငယ်ချင်းတစ်သိုက် ရင်နာစွာကြည့်သည်။ တင်းမာတဲ့မျက်နှာနဲ့ ကိုယ်တွေတောင့်မတ်ကာ မျက်ရည်ကိုယ်စီ သုတ်ကြ၏။

ရင်နဲ့မဆံ့နိုင်အောင် ခံပြင်းနေတဲ့ ဖံမင်း၊ ဆွေယမင်း၊ သခွပ်နီ နဲ့ထွန်းဝေတို့ကြားမှ ထွက်လာကာ –

"အနေကော အနေဘယ်မှာလဲ"

လို့ တစာစာမေးနေတဲ့ ပန်ပန့်ကို နာကျင်မဲ့မဲ့ စိုက်ကြည့်လျက်။

"အနေ အနေဘယ်မှာလဲ၊ ဟုတ်လား။ အနေ့ကို နင် သိပ်တွေ့ ချင်လား ပန်ပန်"

ဟု နာကြည်းစွာ မေး၏။

"တွေ့ချင်တာပေါ့၊ တွေ့ချင်လို့လာတာလေ ဖံမင်းရဲ့"

ပန်ပန် ခေါင်းညိတ်ပြောနှင့်ပြောလျှင် –

"တွေ့ချင်ရင် ကြည့်လေ၊ ဟိုမှာ အနေ"

ဟု ဖံမင်း အက်ကွဲသံနဲ့ လက်ညှိုးညွှန်လေသည်။ ပန်ပန် အားရဝမ်းသာကြည့်လိုက်တော့ မြေတွင်းထဲ ကြိုးနဲ့ချထားတဲ့ ခေါင်း တလားထဲမှာ လဲလျောင်းနေတဲ့ လူငယ်။

ပန် မျက်လုံးပြူးကာ မယုံနိုင်အောင် ခေါင်းယမ်းရင်း –

"ဟင့်အင်း ဟင့်အင်း၊ အနေမဟုတ်ဘူး၊ ဟင့် ဟင့်၊ အဲဒါ အနေမဟုတ်ဘူးနော် ဒေါ်လေးမြ၊ အဲဒါ အနေမဟုတ်ဘူး။ ဟုတ်တယ်နော် ဒေါ်လေးမြ၊ အဲဒါ အနေမဟုတ်ဘူး"





"ဟုတ်တယ်၊ နင့်ရဲ့အနေ၊ နင့်ကိုသိပ်ချစ်ခဲ့တဲ့ အနေတော် လေ၊ နင် ကျောင်းဆက်တက်ဖို့ အနေ နေ့နေ့ညည အလုပ်ကြိုးစား နေတာ၊ ဟင့် ဟင့်၊ ဟိုးမြစ်ဝကျွန်းပေါ်အထိလိုက်ပြီး ရေတစ်တန် ကုန်းတစ်တန် စပါးပွဲစားလုပ်ပြီး ပိုက်ဆံရှာရင်း ဟင့် စပါးသမ္ဗန် မှောက်ရာက ရေနစ်ပြီးဆုံးသွားတာ"

သခွပ်နီ ကြိတ်မနိုင်ခဲမရ ပြောချ၏။ ပန်ပန် ခေါင်းယမ်းရင်း လက်မခံနိုင်ဖြစ်ကာ မျက်ရည်တွေ တလွှင့်လွှင့် ကြွေလေသည်။

"အနေ နင့်ကို ပြောဖူးတယ် မဟုတ်လား၊ နင့်ကို အနေက အနေ့အသက်ထက် ချစ်တယ်ဆိုတာလေ"

ဆွေယမင်း ရှိုက်ငိုနေရာမှ မခံစားနိုင်စွာ ပြောချ၏။

"အခု နင့်အတွက် အနေ တကယ်ပဲ အသက်ပေးသွားပြီ ပန်ပန်ရဲ့"

ထွန်းဝေလည်း အံကြိတ်ပြောချလေသည်။ သူငယ်ချင်းတွေရဲ့ နာကျင်အက်အက် ခံပြင်းပြီးပြောနေသော အသံတွေနောက်မှာ ပန်ပန် မည်သို့ ဖြစ်သွားသည် မသိပါ။

"အနေ" လို့ ခေါ်လိုက်တဲ့အသံနောက်မှာ ဆူပွက်နေတဲ့ ပန်ပန့်ကိုယ်ထဲရှိသွေးများ အရည်ပျော်ကာ ဒေါ်လေးမြကို ဖက်တွယ် ထားတဲ့ ပန်ကိုယ်က ရိုက်ချိုးခံရသလို ခွေခေါက်ပုံကျသွားလေပြီ။

ပန့်ရင်ခွင်သည် မြေတွင်းနှုတ်ခမ်းနဲ့အပ်လျက်သား ဖြစ်ကာ သွေးရောင်ကင်းမဲ့ပြီး ဖြူဖျော့နေသော အနေ့မျက်နှာ အေးတိအေးစက်



www.burmeseclassic.com

www.burmeseclassic.com



ကို တစိုက်မတ်မတ်ကြည့်လျက်။

မျက်ခွံစေ့ပိတ်၍ ပြာနေသော အနေ့နှုတ်ခမ်းနှစ်လွှာဟာဟာ လေး ဖြစ်နေရှာသည်ကို ပန်ပန် လက်ချောင်းများဖြင့် တယုတယ တို့ထိရင်း

"အနေ ပန့်ကို ထကြည့်ပါဦး၊ ပန် ပြောစရာတွေ အများကြီး ပဲ အနေရယ်၊ ပန် ပြောပါရစေ ဟင့် ဟင့်"

ခေါင်းတလားထဲ မလှုပ်မယှက် လဲလျောင်းနေတဲ့ချစ်သူ။ ပန်ပန် ဘယ်လိုခေါ်ခေါ် မကြားနိုင်တော့တဲ့ အဖြစ်ဆိုး။

ပန်ပန့်နှလုံးသားလေး မခံစားနိုင်တော့ပါဘူးကွယ်။

"အနေ"

ပန့်ခေါ်သံက မြေပြင်ကြီးကိုပါ ခွက်ဝင်လို့ သွားလေပြီ။

✿ ✿ ✿



## အခန်း (၃၆)

"ညီမလေး ပန်ပန်"

မင်းစည်းစိမ်ရဲ့ခေါ်သံက နူးညံ့သိမ်မွေ့လို့နေပါသည်။ ပန်ပန် လေးကို မြင်ကတည်းက မင်းစည်းစိမ် ကလေးတစ်ယောက်လို တယုတယ ချစ်ပါသည်။ တောက်ပြောင်လာမယ့် ဒုနုပညာအရည်အချင်းကို မြင်လို့ လည်း မြေတောင်မြှောက်ပေးဖို့ ရွေးချယ်ခဲ့သည်။

တကယ်တော့ ပန်ပန်လေးဟာ သူ့ဝမ်းကွဲညီမလေးမှန်း သိ လိုက်ရတော့ အသည်းနှလုံးထဲက အချစ်က အရောင်ပြောင်းလဲကာ စင်ကြယ်လို့သွားသည်။

ပန်လေးရဲ့ဘဝကို ဆက်လက်မြေတောင်မြှောက်ပေးဖို့ ဘွား



www.burmeseclassic.com

www.burmeseclassic.com



အေနဲ့မာမီလည်း သဘောတူလျက်။ ကျောက်ပန်းခက်ရွာမှာ ရှိနေတဲ့ ပန်ပန့်ဆီ မာမီတို့ကိုပါ တစ်ပါတည်း ခေါ်လာပြီး ပန်ပန့်ကို မြို့ပြန်ခေါ်ဖို့ စီစဉ်ကြသည်။

တစ်ရွာလုံးက ပန်ပန့်သဘောဟု ဆိုသည်။ ပန်ပန့်စိတ်အတိုင်းသာ။ ပန်ပန်သွားလိုက သွားပါဟု ဒေါ်လေးမြနဲ့ ဦးလေးငွေ ဆိုတယ် မဟုတ်လား။

ဒါကြောင့် စိတ်အားထက်သန်စွာ ပန်ပန့်ကိုခေါ်ခြင်း။ ပန်ပန်က လှည့်ကိုမလှည့်ပါ။ လည်နေရှာတဲ့ မျက်ရည်များကို မျက်တောင်ခတ်ကာ သိမ်းသွင်းဖို့ ကြိုးစားနေရင်း တစ်ချက်ရှိုက်၏။

"မြေးလေး ပန်ပန်"

ဒေါ်စိန်ရတနာ ငိုသံဝဲကြီးနဲ့ အနားကပ်ခေါ်ပြန်သည်။

"သမီးလေးရယ် အန်တီတို့ သမီးလေးကို ပစ်မထားရက်တော့ပါဘူး။ အန်တီတို့ရဲ့ ကြီးမားတဲ့အတ္တတွေကို သင်ပုန်းချေခွင့်ပေးပါကလေးရယ်"

ဒေါ်ကုန္တာဏီလည်း ပန်ပန့်လက်မောင်းလေးကို ခဲယယ လှုပ်ခါရင်း ဆိုလေသည်။

သူတို့သားအမိ သုံးယောက်စလုံးရဲ့ တစ်ခုတည်းသောဆန္ဒက ပန်ပန်လေးကို ပြန်ခေါ်သွားဖို့ဖြစ်သည်။

ပန်ပန်လိုချင်တဲ့ဘဝ ရရှိဖို့ ဘက်စုံထောင့်စုံက အင်အားသုံးပြီး အောင်မြင်မှုတလွှားလွှားဖြစ်အောင် ကူညီပံ့ပိုးသွားဖို့ ဖြစ်သည်။



BURMESE CLASSIC .com



ဒါကြောင့် ပန်ပန်လေးကို ချော့မော့ခေါ်နေခြင်း။

ဆွေယမင်းတို့က ပန်ပန်ရဲ့ တစ်ဖွတ်ထိုးစိတ်ကို သိနှင့်နေသည်။ ပန်ပန်က သူ့ဘဝ သူ့အောင်မြင်မှုအတွက် ဘယ်သူ့မျက်နှာကိုမှ မထောက်ဘဲ ရွာကထွက်သွားတဲ့ သာဓက ရှိခဲ့တယ်မဟုတ်လား။

ပန်ပန် ဒီအခွင့်အရေးကို အရယူမယ်။ ပြီးရင် ကျောက်ပန်းခက်ရွာကို ကျောခိုင်းသွားမယ်လို့ သူငယ်ချင်းအားလုံး ယူဆပြီးသားဖြစ်သည်။

ဒါကြောင့် ဒေါ်လေးမြနဲ့ ဦးလေးငွေလည်း ဆွဲတားခြင်းမရှိ။ ပန်ပန့်သဘောအတိုင်းဖြစ်စေကာ တစ်ရွာလုံး စောင့်ကြည့်နေကြသည်။

ပန်ပန်က စီးကျနေတဲ့ မျက်ရည်တွေကို သုတ်ကာ ဘယ်သူ့ကိုမှ ငဲ့စောင်းမကြည့်ဘဲ ပြောလေသည်။

"ပန်လေ ပန့်ဝါသနာ, ပန်ဖြစ်ချင်တဲ့ဆန္ဒ, ပန်လျှောက်ချင်တဲ့လမ်းကို ဘယ်သူ့တားမြစ်ပိတ်ပင်တာကိုမှ မမှုဘဲ လျှောက်ခဲ့ပြီးပြီ၊ ပန့်ရည်ရွယ်ချက်ဟာ တစ်ပါးသူအတွက် သိပ်နစ်နာခဲ့တယ်၊ ပန်လိုချင်တဲ့ အောင်မြင်မှုဟာ ပန့်နှလုံးသားကို သတ်ပစ်လိုက်သလိုပဲ၊ ခုချိန်မှာ ပန် ဘာမှမလိုချင်တော့ဘူး။ ဟောဒီရွာမှာလေ ပန့်ကို ပြုစုစောင့်ရှောက်ပေးတဲ့ ဦးလေးငွေနဲ့ ဒေါ်လေးမြရှိတယ်၊ ပန့်ကိုနားလည်တဲ့ သူငယ်ချင်းတွေရှိတယ်၊ ဘေးမသီရန်မခအောင် ဂရုစိုက်တဲ့ ရွာသူရွာသားတွေ အများကြီးရှိတယ်၊ ဒါတင်မကဘူး ပန့်ဖေဖေနဲ့ မေမေ ရှိတယ်၊ နောက်ပြီး အနေလည်းရှိတယ်လေ၊ ဟင့် ဟင့် ဟင့်၊ အနေ ဟင့် ဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



ပန် ရှေ့ဆက်မပြောနိုင်တော့ ငိုရှိုက်ရင်း ခြေလှမ်းတွေက ရှာပြင်ဘက် လွင့်သွားချေပြီ။

''ပန်ပန်လေး''လို့ မင်းစည်းစိမ်တို့မိသားစု၏ တားမြစ်သံတွေ ကျောက်ပန်းခက်တောင်တစ်ကြော ပျံ့လွင့်လို့သွားလေပြီ။

ပန်ပန်ကတော့ ကျောက်ပန်းခက်ရွာကို ဘယ်တော့မှ စွန့်ခွာ မသွားတော့ပါဘူးဟု အဓိဋ္ဌာန်ကာ –

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၃၇)

ကောင်းကင်ပြာ နောက်ခံတွင် တိမ်ရောင်စုံတို့ လွှင့်လွင့်လေး မြူးဆော့ကာ မေတ္တာထုထည်ကြီးလို ခိုင်တည်ပြီး မားမတ်ကြီးရှိနေတဲ့ ကျောက်ပန်းခက်တောင်ပေါ်မှ တလွင့်လွင့် ရွှေ့ဆင်းလာသော လတ်ဆတ် တဲ့လေပြည်ဟာ ပန့်ဘဝအတွက် အားမာန်သစ်ကို မွေးဖွားလို့ပေးသည်။

ရေတံခွန်က ရေဖြာကြသံနဲ့ စမ်းရေစီးသံ ငြိမ့်ငြိမ့်လေးက အနေ့ရဲ့စကားလုံးတွေအဖြစ် အတောမသတ် စီးဆင်းလို့နေသည်က ပန် နားသောတဆင်လို့ မရိုးနိုင်အောင်ပါဘဲ။

ထိုအခါ ပန့်နှလုံးသားက နွေးကာ ပန့်အချစ်တွေ အစဦမြူး လို့။ ချစ်သူလျှောင်းစက်ရာဆီ ပန်တော်ဆက်ရတာက ဘာနဲ့မှမတူ။



www.burmeseclassic.com

www.burmeseclassic.com



အနေရဲ့ အနမ်းဦးစီးကြောင်းဆီ ပန် နှုတ်ခမ်းပါးအစုံ မျှောပါသွားစဉ်ကလို ရင်တသိမ့်သိမ့်ဖိုကာ –

"အနေရယ် ဘဝဆက်တိုင်း ချစ်ကြပါစို့ကွယ်"
လို့ နှလုံးသားနဲ့ သစ္စာတိုင်စိုက်လျက်။

**ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ**

**ပိန်းကလေး**
အမှတ် ၄၅ (6-A)၊
ဦးလွန်းလမ်း၊ အရှိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉၈၀၂၁၁၃၇

www.burmeseclassic.com